Burmese Edition

မြန်မာနိုင်ငံ-
ငြိမ်းချမ်းရေးအတွက်
အမျိုးသမီးများ၏ အသံများ

သနပ်ခါးအဖွဲ့မှ စီစဉ်တည်းဖြတ်သည်။

ဤစာအုပ်တွင် ဖော်ပြထားသော ဆောင်းပါးများသည် စာရေးသူတဦးချင်းစီ၏ အမြင်၊ ခံယူချက်၊ အယူအဆများသာဖြစ်ပြီး **Alternative Asean Network on Burma (Altsean-Burma)** ၏ အမြင်သဘောထား၊ မူဝါဒများနှင့် အခြားပါဝင်ကူညီသူများ၏ အာဘော်များမဟုတ်ပါ။

ALTSEAN
BURMA
ALTERNATIVE ASEAN NETWORK ON BURMA

‘မြန်မာနိုင်ငံ– ငြိမ်းချမ်းရေးအတွက် အမျိုးသမီးများ၏အသံများ’ စာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့်လည်း ပုံနှိပ်ထုတ်ဝေထားပါသည်။ ဤစာအုပ်နှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ထုတ်ဝေသူများထံသို့ အီးမေးလ်ဖြင့် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

စာအုပ်အပြင်အဆင်– မသန္တာ

စာအုပ်မျက်နှာဖုံးဒီဇိုင်းတွင် Free Burma Rangers (FBR) အဖွဲ့မှ ရိုက်ကူးထားသော မြန်မာနိုင်ငံစစ်အာဏာရှင်ဖြစ်သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) မှကျူးလွန်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းဓာတ်ပုံကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ www.freeburmarangers.org

ပုံနှိပ်ထုတ်ဝေသူ–

Alternative Asean Network on Burma (Altsean-Burma)
P O Box 296
Lardprao Post Office
Bangkok 10310
Thailand

Tel: 66 1 850 9008
Fax: 66 2 227 4261
Email: altsean@altsean.org
Website: www.altsean.org

မူပိုင် စာရေးသူများ

သနပ်ခါးအဖွဲ့သည် ဘာသာနှစ်မျိုးပါ ‘အမျိုးသမီးများ၏အသံများ’စာအုပ်တွဲများကို ထုတ်ဝေရန်အတွက်သာ ဖွဲ့စည်းထားခြင်းဖြစ်ပြီး ကမ္ဘာပေါ်နှင့် မြန်မာနိုင်ငံရှိဒေသများမှ အမျိုးသမီးများနှင့် အမျိုးသားများ အတူတကွစုပေါင်းဆောင်ရွက်ကြသောအဖွဲ့တခုဖြစ်ဖြစ်သည်။ ယခင်ထုတ်ဝေပြီးသော စာအုပ်များမှာ ‘မြန်မာနိုင်ငံ– တိုက်ပွဲဝင်အမျိုးသမီးများ၏အသံများ’ (၁၉၉၈)၊ ‘မြန်မာနိုင်ငံမှအမျိုးသမီးများ၏အသံ’(၂၀၀၀)၊ ‘မြန်မာနိုင်ငံ– ပြောင်းလဲမှုအတွက် အမျိုးသမီးများ၏အသံများ’ (၂၀၀၂)၊ ‘Burma – Women’s Voices Together’ (၂၀၀၃)၊ ‘မြန်မာနိုင်ငံ– လွတ်လပ်ခြင်းအတွက် အမျိုးသမီးများ၏အသံများ’(၂၀၀၅)၊ ‘မြန်မာနိုင်ငံ– မျှော်လင့်ချက်အတွက် အမျိုးသမီးများ၏အသံများ’ (၂၀၀၇) တို့ဖြစ်သည်။ ယခုထုတ်ဝေမည့်စာအုပ်အတွက် အယ်ဒီတာအဖွဲ့တွင်ပါဝင်သူများမှာ မီးသော်တာ၊ ခင်ဖြူ ထွေး၊ ရွှေဇင်၊ ပိုပို၊ Janie Conway-Herron နှင့် မသန္တာတို့ဖြစ်ပါသည်။ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် စာအုပ်ပါဆောင်းပါးများ၊ ကဗျာများကို ဝိုင်းဝန်းကူညီဘာသာပြန်ဆိုပေးခဲ့ကြသူများအားလုံးကို သနပ်ခါးအဖွဲ့မှ လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

ISBN 978-616-90547-0-3

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ပုံနှိပ်ထုတ်ဝေသည်။ ဇွန်၊ ၂၀၁၀ ခုနှစ်။

မာတိကာ

(iv) **အမှာစကား**
Debbie Stothard

(၁) **အနာဂတ်မျှော်လင့်ချက်**
ပန်းရိုင်းငယ်

(၃) **ပြောင်းလဲမှုအတွက် ခရီးတိုက်ပွဲ**
ခမ်းလေး

(၉) **စစ်ပွဲ**
မိညို

(၁၁) **ရှင်သန်ရေးအတွက် ပြေးလမ်းပေါ်မှာ**
ပရဲမို

(၁၃) **အေးရှ**
ရခိုင်ပရောဂျက်

(၂၀) **ကျမဘဝ တိုက်ပွဲအတွေ့အကြုံ**
နေခြည်

(၂၄) **မမေ့နိုင်တဲ့ဘဝပုံရိပ်**
ရှား

(၂၆) **အရည်အချင်းနဲ့ အဆင့်အတန်း**
အေးပိုး

(၃၀) **ဆန္ဒမပါသော ရွေးချယ်မှု**
လမင်းလေး

(၃၄) **မွေးရပ်မြေနှင့်ကျမ**
ကေဇီလင်း

(၃၈) **အိမ်ဦးနတ်မရှိတဲ့ တနေ့ကျရင်**
လွေးရွှေကျယ်

(၄၁) **ထိုင်သူကင်းမဲ့နေသော ညစာစားတဲ့ စားပွဲလေး**
ကွန်ချမ်းဂကို

(၄၅) **ကျန်ရစ်လေသော မိုးရာသီ**
ဆောင်း

(၄၉) **ကြက်တူရွေးဘဝ တစိတ်တဒေသ**
ကြက်တူရွေး

(၅၅) **အနာဂတ်အလင်းတန်း**
ယုကလစ်

(၅၇) **ကျမရဲ့အောင်မြင်မှု**
ရခိုင်ပရောဂျက်

(၆၆) **ဆူးပေါ်ကျလို့ မပေါက်သောဖက်**
နေကြာရိုင်း

(၆၉) **တိတ်ဆိတ်မျက်ရည်များနှင့် နှလုံးသွေးယိုခြင်း**
လက်ဆန်းပေ့ါထော်

(၇၄) **မိန်းမသား**
ရောင်ပြန်

(၇၇) **မေမေ့ခြေရာနောက်သို့**
ရခိုင်သူ

(၈၂) **ပါရမီဖြည့်ဖက်တစ်ယောက်၏မှတ်တမ်း**
ခရေဖြူ

(၈၇) **ခွက်ကွဲ**
လွဲ့လွဲ့

(၉၃) **မြန်မာပြည်လို့ခေါ်တဲ့နေရာ**
ဟန်သူလွင်

(၉၅) **အေးချမ်းပါစေ အမိမြေ**
ကြက်တူရွေး

(၁၀၀) **ပျံ့နှံ့နေသော ပြည်သူများ**
စေးဘလူးမူး

(၁၀၃) **အကြွေးနဲ့စတဲ့ ကိုယ့်ဘ၀– သုံညဲ၊ အနှုတ်**
ကိကိ

(၁၀၇) **နဂါးမှန်းသိအောင် အမောက်ထောင်ပြ**
ကိကိ

(၁၁၁) **အမျိုးသမီးများ၏ မျှော်လင့်ချက်**
စိုးမယ်

မှတ်ချက်။ ။ 'မြန်မာနိုင်ငံ–ငြိမ်းချမ်းရေးအတွက် အမျိုးသမီးများ၏အသံများ' စာအုပ်အတွက် ရေးသားပေးပို့ကြသောစာရေးသူများ၏ လုံခြုံရေးနှင့် ပုဂ္ဂလိကအခွင့်အရေးများကို ကာကွယ်သည့်အနေဖြင့် ဖန်တီးထားသောနာမည်များကိုသာ အသုံးပြုရန် ရွေးချယ်ထားပါသည်။ စာအုပ်တွင်းမှ အချို့အကြောင်းအရာပါ ဇာတ်ကောင်များ၏အမည် များကိုလည်း ၎င်းတို့၏လုံခြုံရေးနှင့် ပုဂ္ဂလိကအခွင့်အရေးများ မဆုံးရှုံးစေရန်အတွက် အမည်ရင်းများအစား အခြားအမည်သစ်များကိုအစားထိုးအသုံးပြုထားပါသည်။

အမှာစကား

“မြန်မာနိုင်ငံ ငြိမ်းချမ်းရေးအတွက် အမျိုးသမီးများ၏ အသံ”စာအုပ်ဟာ သနပ်ခါးအဖွဲ့ရဲ့ (၇) ကြိမ်မြောက်စုစည်းမှုဖြစ်ပြီး မြန်မာနိုင်ငံက အမျိုးသမီးတွေကနေ ရေးသားထားတဲ့ စာအုပ်ဖြစ်ပါတယ်။ ပထအကြိမ်မှာ အင်္ဂလိပ်မြန်မာနှစ်ဘာသာနဲ့ စုစည်းထုတ်ဝေခဲ့တဲ့ မြန်မာနိုင်ငံ– တိုက်ပွဲဝင် အမျိုးသမီးများ၏အသံများစာအုပ်ကို ၁၉၉၈ ခုနှစ်မှာ ထုတ်ဝေခဲ့ပေမယ့်လည်း ဒီကနေတဆင့်ရရှိလာတဲ့ ညီညွတ်မှုတွေ၊ စိတ်အားထက်သန်မှုတွေနဲ့ စွမ်းအားတွေက ကျမတို့ကို အခုလိုမျိုး နောက်ဆက်တွဲ ပုံမှန်နှစ်နှစ်တကြိမ် ရေရှည်စုစည်းထုတ်ဝေနိုင်ဖို့အတွက် စွမ်းဆောင်နိုင်လိမ့်မယ်လို့မထင်ခဲ့ပါဘူး။

ကျမတို့ရရှိထားတဲ့ အများအားဖြင့် အမျိုးသမီးတွေရေးသားထားတဲ့ အကြောင်းအရာတွေကို စာအုပ်ထုတ်ဝေဖို့စဉ်းစားတဲ့အခါမှာ အမျိုးသမီးတွေရဲ့ ဖိနှိပ်မှုခံရမှုတွေ၊ ပဋိပက္ခအခက်အခဲတွေနဲ့ အတင်းအဓမ္မနေရာပြောင်းရွှေ့ခံရမှုတွေကို ထုတ်ဖော်ပြောဖို့ ဆန္ဒရှိတဲ့အမျိုးသမီးတွေ ဘယ်လောက်များနေလဲဆိုတာကို ကျမတို့သတိမထားမိခဲ့ပါဘူး။ ဒါပေမဲ့ အဲဒီလိုလုပ်ရင်းနဲ့ တချို့က သူတို့ရဲ့ကိုယ်ပိုင်ပုံစံနဲ့ရေးသားလာပြီး အဲဒီရေးသားနည်းတွေက မြန်မာနိုင်ငံက ရေးလေ့ရေးထရှိတဲ့ပုံစံတွေနဲ့အသွင်မတူတဲ့ ပုံစံတမျိုးနဲ့ ရေးသားလာခဲ့ကြပါတယ်။

ဆယ်စုနှစ်နှစ်ခုလောက်အထိ မြန်မာ့အရေးတက်ကြွလှုပ်ရှားသူအဖြစ် ပါဝင်နေပေမယ့်လည်း မြန်မာနိုင်ငံကအမျိုးသမီးတွေရဲ့ သူတို့ဘဝအကြောင်းတွေကို ဒီလိုဖလှယ်ပေးနိုင်ဖို့အတွက် သူတို့တွေရင်းနှီးခဲ့ကြရတဲ့ သူတို့ရဲ့သတ္တိတွေနဲ့ ဆန္ဒတွေဟာ ဒီနေ့အချိန်အထိ ကျမအတွက် လေးစားအံ့သြနေရဆဲပါဘဲ။ သူတို့တွေရဲ့ နှလုံးသားကွဲအက်သံတွေနဲ့ ဆက်လက်လျှောက်လှမ်းနေဆဲဖြစ်တဲ့ဘဝအခြေအနေတွေက ကျမကို မြန်မာနိုင်ငံမှာ လူ့အခွင့်အရေး၊ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးတွေပေါ်ပေါက်လာဖို့အတွက် ထောက်ခံလှုပ်ရှားဖို့ ဆုံးဖြတ်ချက်တွေကို ပိုခိုင်မာစေခဲ့ပါတယ်။

စာဖတ်ပရိသတ်တွေနဲ့အတူ သနပ်ခါးအဖွဲ့အပါအဝင် ကျမတို့အားလုံးအနေနဲ့ ဒီအမျိုးသမီးတွေရဲ့နာကျင်မှုတွေ၊ ကိုယ်ချင်းစာမှုတွေ၊ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချဆက်ဆံတတ်တဲ့စိတ်ဓာတ်တွေအပါအဝင် ဟာသလွှမ်းပြီး စာဖတ်သူတွေရဲ့စိတ်ကို လှုံ့ဆော်နိုးကြားပေးနိုင်တဲ့တွေ့အကြုံတွေကိုမျှဝေပေးဖို့ ဆန္ဒရှိကြတဲ့အပေါ် အထူးလေးစားဂုဏ်ယူမိပါတယ်။ တကယ်ဆိုရင် သူတို့တွေအနေနဲ့ စစ်အာဏာရှင်ရဲ့ လူသားဖြစ်မှုကိုဆန့်ကျင်တဲ့ပြစ်မှုတွေ၊ စစ်ရာဇဝတ်မှုတွေနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီမံခန့်ခွဲမှုညံ့ဖျင်းတဲ့ အခြေအနေတွေအောက်မှာ တဦးချင်းစီအလိုက် နေ့စဉ် ဘယ်လိုရုန်းကန်ဖြေရှင်းနေရလဲဆိုတာကို အားလုံးသိအောင်ပြောပြဖို့အတွက် အချိန်ယူရပါတယ်။ အသက်အရွယ်စုံ၊ နောက်ခံမတူညီတဲ့

အမျိုးသမီးတွေအားလုံး အကြမ်းဖက်မှုတွေ၊ မလုံခြုံမှုတွေနဲ့ သူတို့ဘဝရဲ့လိုအပ်ချက်တွေအတွက် ကြိုးစားရုန်းကန်နေရဆဲပါပဲ။

၂၀၁၀ မှာတော့ စစ်အာဏာရှင်အနေနဲ့ သူတို့အတွက် နေရာတိုင်း၊ ရှုထောင့်တိုင်းကနေအနိုင်ရဖို့ အထူးအရေးကြီးတဲ့ ရွေးကောက်ပွဲကြီးကိုလုပ်ဖို့ ပြင်ဆင်နေတဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ တကယ့်ကိုဆိုးဝါးတဲ့ ဖိနှိပ်မှုတွေ၊ စစ်ပွဲတွေနဲ့ ခြိမ်းခြောက်ခံနေရပါတယ်။ ၂၀၁၀ အတွက်ပြင်ဆင်တဲ့အနေနဲ့ စစ်အစိုးရက (၁၈) လ စီမံကိန်းအဖြစ် ပြုလုပ်နေတဲ့ မြန်မာနိုင်ငံအရှေ့ဘက်က စစ်ရေးလှုပ်ရှားမှုတွေကြောင့် လူဦးရေပေါင်း (၁၁၈၀၀၀) ကျော် နေရာရွှေ့ပြောင်းခံရပါတယ်။ ခန့်မှန်းခြေလူဦးရေ (၁၆၈၀၀) ကတော့ စစ်အစိုးရရဲ့ လူသား ဖြစ်မှုကို ဆန့်ကျင်တဲ့ပြစ်မှုတွေနဲ့ စစ်ရာဇဝတ်မှုတွေကို ကျူးလွန်ခံရသူတွေဖြစ်ပါတယ်။ တချိန်တည်းမှာဘဲ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ (၄၇၇) ဦးဟာ အကျဉ်းချခံနေရပြီး ထောင်ဒဏ် ၁၀၄ နှစ်အထိ အပြစ်ပေးခံရတဲ့သူတွေလည်းရှိနေပါတယ်။

အမျိုးသမီးသူရဲကောင်းတွေဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်၊ မနီလာသိန်းနဲ့ မစုစုနွေးတို့လို အမျိုးသမီးတွေဟာလည်း အမှန်တရားအတွက် အရှုံးပေးဖို့ငြင်းဆန်တဲ့အတွက် အခုချိန်ထိ အထိန်းသိမ်းခံနေရဆဲပဲဖြစ်ပါတယ်။ သူတို့တွေရဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးအတွက် စစ်အစိုးရက အပေးအယူလုပ်လို့တောင်မရတဲ့ ခိုင်မာတဲ့ခံယူချက်တွေက မြန်မာနိုင်ငံကအမျိုးသမီးတွေ ပိုပိုပြီး အသက်ရှင်ရပ်တည်ဖို့နဲ့ တွန်းလှန်တိုက်ပွဲဝင်ဖို့ နည်းလမ်းသစ်တွေရှာတဲ့နေရာမှာ အားပေးထောက်ပံ့မယ့် မျှော်လင့်ချက်တွေနဲ့ ဆန္ဒတွေရဲ့ သက်သေတွေပဲဖြစ်ပါတယ်။

အခုဆိုရင် ကျမတို့အနေနဲ့ သူတို့ရဲ့ နိုင်ငံ၊ သူတို့ရဲ့ပတ်ဝန်းကျင်၊ သူတို့ရဲ့အိမ်၊ သူတို့ရဲ့ရင်ထဲမှာ ငြိမ်းချမ်းရေးတွေပေါက်ဖွားလာဖို့အတွက် ရုန်းကန်တိုက်ပွဲဝင်နေကြတဲ့ အမျိုးသမီးတွေဘက်ကနေ အရင်ကထက်ပိုပြီး ရပ်တည်ကြရမယ့်အချိန်ကိုရောက်နေပါပြီ။ သူတို့တွေရဲ့ တွန်းလှန်ရဲတဲ့သတ္တိတွေနဲ့အတူ ကျမတို့မှာရှိနေတဲ့ စွမ်းအားတွေကို အတူတကွပူးပေါင်းကြရပါမယ်။

Debbie Stothard
Altsean-Burma အဖွဲ့တာဝန်ခံ

အနာဂတ်မျှော်လင့်ချက်

ပန်းရှိုင်းငယ်

ကျမတို့ဟာ မြန်မာနိုင်ငံက အမျိုးသမီးတွေဖြစ်တယ်။

ကျမတို့မှာ နိုင်ငံရေးနဲ့ လူထုခေါင်းဆောင်မှုတွေမှာပါဝင်နိုင်တဲ့ အခွင့်အရေးတွေမရှိဘူး။ နိုင်ငံသားနဲ့ နိုင်ငံရေးဆိုင်ရာအခွင့်အရေးမရှိတာဟာ အမျိုးသမီးတွေကို နိုင်ငံရေးနယ်ပယ်ကနေ ဖယ်ကြဉ်လိုက်တာပဲဖြစ်တယ်။

ကျမတို့ယဉ်ကျေးမှုရဲ့ ဖခင်ကြီးစိုးတဲ့စနစ်နဲ့ ရက်စက်ကြမ်းကြုတ်တဲ့ စစ်တပ်ဖိနှိပ်မှုတွေဟာ အမျိုးသမီးတွေကို ခွဲခြားဆက်ဆံနေတယ်။

ကျမတို့မြန်မာနိုင်ငံက အမျိုးသမီးတွေဟာ စစ်အစိုးရက ဥပဒေမဲ့ကျူးလွန်နေတဲ့ မုဒိမ်းကျင့်မှု၊ လိင်ပိုင်းဆိုင်ရာချိုးဖောက်မှု၊ လူကုန်ကူးမှုနှင့် နိုင်ငံရေးအကျဉ်းသားအဖြစ် ဖမ်းဆီးမှု စတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ခံစားနေကြရတယ်။ အမျိုးသမီးတွေဟာ ပြည်တွင်းစစ်ရဲ့ သားကောင်တွေလည်းဖြစ်ကြရတယ်။

စစ်အစိုးရက တိုင်းရင်းသူအမျိုးသမီးတွေအပေါ် မုဒိမ်းကျင့်မှုကို နိုင်ငံရေးလက်နက်အဖြစ် အသုံးပြုနေတယ်။

စစ်အာဏာရှင်စနစ်မချုပ်ငြိမ်းသရွေ့ အမျိုးသမီးတွေအပေါ် ခွဲခြားဆက်ဆံမှုက အဆုံးသတ်ဦးမှာ မဟုတ်ဘူး။

ကျမတို့အမျိုးသမီးတွေ စစ်မှန်တဲ့ဒီမိုကရေစီ မြန်မာနိုင်ငံကို လိုအပ်တယ်။

ကျမတို့အမျိုးသမီးတွေအနေနဲ့ မြန်မာပြည်ရဲ့ ၂၅ သန်းလောက်ရှိတဲ့ အမျိုးသမီးထုရဲ့ နိုင်ငံရေးတွင်း ကိုယ်စားပြုခွင့်ကိုလိုအပ်တယ်။

ကျမတို့ရဲ့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ခုချက်ချင်းလွှတ်ပါ။

သူမကို ထပ်မံထိန်းသိမ်းထားခြင်းကို အလိုမရှိ။
သူမဟာ ကြယ်တပွင့် ...
သူမဟာ မျှော်လင့်ချက် ...
သူမဟာ အရာရာတိုင်းပဲဖြစ်တယ်။

မြန်မာပြည်ရဲ့ အနာဂတ်ဖက်ဒရယ် ဒီမိုကရက်တစ်အစိုးရအဆင့်မှာ အမျိုးသမီးတွေကို အာမခံပေးထားတဲ့ အခန်းကဏ္ဍကို ကျမတို့ လိုအပ်တယ်။ ကြယ်မရှိတဲ့ မိုးကောင်းကင်ဟာ ဘယ်တော့မှ အပြည့်အဝ လှပလိမ့်မှာမဟုတ်ပါဘူး။

ပြောင်းလဲမှုအတွက် ခရီးတိုက်ပွဲ

ခင်းလေး

ဒီခရီးဟာ ကျမအတွက်တော့ အခက်အခဲတွေ၊ အန္တရာယ်တွေအများကြီးကြားကနေသွားခဲ့ရတဲ့ ပထမဆုံးခရီးတခုပါပဲ။ ကျမရဲ့ အချစ်ဆုံးသူငယ်ချင်းနဲ့အတူ မြန်မာပြည်တွင်းက ပဋိပက္ခဖြစ်နေတဲ့နေရာတွေက တိုင်းရင်းသားပြည်သူတွေကို ငြိမ်းချမ်းရေးနဲ့ အမျိုးသမီးကျန်းမာရေးဆိုင်ရာ ဗဟုသုတတွေဖြန့်ဝေဖို့အတွက် သင်တန်းသွားပေးဖို့ဆုံးဖြတ်ပြီးတော့ သွားခဲ့ကြတာပါ။ အဲဒီတော့ ပဋိပက္ခဖြစ်နေတဲ့ တားမြစ်နေရာတွေကို တိတ်တဆိတ် သွားရောက်ကူညီတာဆိုတော့ ကျမတို့ရဲ့ သွားရေးလာရေးလုံခြုံရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေရဲ့အကာအကွယ်နဲ့ သူတို့နောက်ကနေ လိုက်ရပါတယ်။ ကျမတို့တတွေ စစ်တိုက်ဖို့အတွက် ပဋိပက္ခတွေဖြစ်နေတဲ့ ရှေ့တန်းစစ်မြေပြင်ကို ထွက်ခဲ့ကြတာမဟုတ်ပါဘူး။ မြန်မာနိုင်ငံပြင်ပမှာ ဒီမိုကရေစီရေးလှုပ်ရှားနေကြသူတွေနဲ့သာမက ပြည်တွင်းက ကျမတို့ရဲ့ ဒေသခံပြည်သူတွေနဲ့ ချစ်ကြည်ရင်းနှီးမှု ပိုပြီးတည်ဆောက်နိုင်ဖို့၊ သူတို့လိုအပ်တဲ့ သင်တန်းတွေ ကူညီပို့ချပေးဖို့သွားခဲ့တာပါ။ ထိုင်း–မြန်မာနယ်စပ်ကနေ ကျမတို့ စပြီးခရီးထွက်တဲ့နေ့က ကျမနဲ့ ကျမသူငယ်ချင်းအပါအဝင် ကျမတို့အဖွဲ့မှာ လူစုစုပေါင်း အယောက် ၃၀ ရှိတယ်။ အမျိုးသမီးဆိုလို့ ကျမတို့သူငယ်ချင်းနှစ်ယောက်ပဲပါတယ်။ ကျန်တာကတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ မဟာမိတ်အဖွဲ့တွေကသူတွေပါ။

ခရီးစဉ်က ခက်ခဲကြမ်းတမ်းလိမ့်မယ်ဆိုတာ ကျမတို့သိပြီးသားပါ။ စထွက်လိုက်တယ်ဆိုရင်ပဲ တောထဲကနေ ခြေလျင်ခရီးနှင်ရတယ်၊ တောင်တန်းအမြင့်ကြီးတွေကို တက်ရတယ်။ ညပိုင်းမှာ လက်နှိပ်ဓာတ်မီးမထွန်းပဲ လမ်းသွယ်ကျဉ်းကျဉ်းလေးကနေ ခက်ခက်ခဲခဲနဲ့ အန္တရာယ်ကြားကသွားရတာပါ။ စစ်အစိုးရတပ်တွေကလည်း အနီးအနားမှာရှိနေတော့ အရမ်းသတိထားရတယ်။ ကျမတို့အားလုံး အားအင်မရှိတော့လောက်အောင် ပင်ပန်းနွမ်းနယ်ခဲ့ကြတယ်။ အထူးသဖြင့် ကျမနဲ့ ကျမသူငယ်ချင်းက အဆိုးဆုံးပါပဲ။ မနက်စောစော လေးနာရီလောက်ကျတော့ တောင်ထိပ်တခုကို ကျမတို့ရောက်တယ်။ အဲဒီမှာပဲ ခဏအနားယူပြီး ခဏအိပ်ကြတယ်။ ကံဆိုးချင်တော့ မိုးကလည်း အသည်းအသန်ရွာနေတဲ့အချိန်၊ လူတွေအားလုံး မိုးရေစိုစိုရွှဲရွှဲနဲ့ပဲ မိုးရွာကြီးထဲမှာ အိပ်ကြရတယ်။ ကျမကတော့ တကိုယ်လုံး ရေစိုနေတဲ့အဝတ်တွေကြောင့် မအိပ်နိုင်ခဲ့ပါဘူး။

အနီးအနားမှာ နအဖစစ်တပ်တချို့ရှိတာကြောင့်မို့လို့ ရောင်နီပျိုးလာပြီဆိုတာနဲ့ ကျမတို့ ခရီးဆက်ရပြန်ပါတယ်။ ခြေသံအကျယ်ကြီးမထွက်အောင်ထိန်းပြီး လမ်းကို အမြန်ဆုံးလျှောက်ရတယ်။ ကျမတကိုယ်လုံးလည်း ညက မိုးရေစိုထားတဲ့ဒဏ်နဲ့ ပင်ပန်းလွန်းတာ

ကြောင့်လည်း ခြေတလှမ်းလှမ်းနိုင်ဖို့ကိုတောင် မနည်းအားတင်းပြီး လျှောက်ခဲ့ရပါတယ်။ အနီးအနားကျေးရွာတွေမှာ နအဖစစ်တပ်တွေ အများအပြားရှိတဲ့ကြားကနေ ခုလို တောထဲမှာ လမ်းလျှောက်ခရီးထွက်ရတဲ့ကိစ္စက အရမ်းအန္တရာယ်များပါတယ်။ ရွာပတ်ဝန်းကျင်နဲ့ လယ်ကွင်းတွေ၊ စမ်းချောင်းတွေ၊ လူသွားလမ်းတွေမှာ မြေမြှုပ်မိုင်းတွေ အမြောက်အမြားချထားတယ်ဆိုတာ ကျမတို့သိတယ်။ ခုလို တောတွင်းလမ်းတွေကို ရွာသားတွေနဲ့ တခြားလက်နက်ကိုင်အဖွဲ့တွေပဲသုံးတာပါ။ နအဖစစ်တပ်တွေက ဒီလို လက်နက်ကိုင်အဖွဲ့တွေ မဝင်လာနိုင်အောင်၊ ပြီးတော့ ရွာသားတွေ ရွာထဲကနေ အပြင်ကိုမထွက်အောင်တားဖို့ တောထဲမှာ မိုင်းတွေကို မြှုပ်ထားကြတယ်။

ခရီးစဉ်လေးရက်မြောက်နေ့မှာတော့ စမ်းချောင်းတခုဘေးမှာ ကျမတို့ အနားယူကြတယ်။ အဲဒီအချိန်မှာပဲ တောင်ကုန်းထိပ်ကနေ ကျောက်တုံးကြီးတတုံး ကျမတို့ရှိရာဖက်ကို ရုတ်တရက်ပြုတ်ကျလာတာနဲ့ ကြုံရတယ်။ ကျမတို့ကို ဦးဆောင်ခေါ်သွားတဲ့ အဖွဲ့ခေါင်းဆောင်က နိမိတ်မကောင်းဘူး၊ သတိထားကြဆိုပြီး အားလုံးကို သတိပေးတယ်။ ခဏနေတော့ ပေါက်ကွဲသံတခုကြားရတယ်။ အစကတော့ နအဖစစ်တပ်တွေ ကျမတို့ကို တိုက်ခိုက်တာလို့ ထင်လိုက်တယ်။ ဒါပေမဲ့ မဟုတ်ဘူး။ ကျမတို့အဖွဲ့ထဲက ဆေးအိတ်ထမ်းတဲ့သူ လမ်းမိုင်းနင်းမိလို့ ပေါက်ကွဲတယ်ဆိုတာကို စိတ်မကောင်းစွာနဲ့ပဲ သိလိုက်ရတယ်။ ကျမသူငယ်ချင်းနဲ့ တခြားတပ်သားတွေက သူ့ကို အပြေးသွားခေါ်ကြတယ်။ သူ့ရဲ့ခြေထောက်တဖက်က အကြီးအကျယ်ဒဏ်ရာရပြီး သွေးတွေ ဒလဟောထွက်လို့ ညည်းတွားရင်း ငိုနေရှာတယ်။ ကျမသူငယ်ချင်းကတော့ သတ္တိကောင်းတယ်။ ဒဏ်ရာကို ကူညီသန့်စင်ပြီး ဆေးထည့်ပေးတယ်။ ကျမကတော့ သူ့ခြေထောက်တဖက် ပြတ်ထွက်သွားတာကိုတွေ့ပြီး အရမ်းလန့်ပြီး ရုတ်တရက် မှင်သေနေတယ်။ အကြောက်လွန်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့ဘူး။ အဲဒီညက တညလုံးလည်း ကျမ အိပ်မပျော်ခဲ့ဘူး။ ကျမရဲ့ ပထမဆုံးအတွေးကတော့ မိဘနှစ်ပါးကို သွားပြီးသတိရမိပါတယ်။ မိဘတွေနဲ့ ဒီဘဝ ပြန်ဆုံခွင့်မှ ရပါဦးမလားလို့တွေးမိတယ်။ ဒီနေ့ပေါက်ကွဲတဲ့အသံကို စစ်အစိုးရတပ်တွေကြားပြီး ကျမတို့ရှိရာကို နောက်ယောင်ခံလိုက်လာလေမလား၊ လိုရာခရီးမရောက်ခင် အခုလို လမ်းမိုင်းအန္တရာယ်နဲ့ ဘယ်နှကြိမ် ထပ်ပြီးကြုံရဦးမှာလဲ။ လမ်းမိုင်းတွေက ဘယ်လောက်တောင်များလဲဆိုတာတွေကို တွေးပြီး ကြောက်ရွံ့စိုးရိမ်နေမိတယ်။

နောက်ပိုင်းမှာတော့ ဒဏ်ရာရတဲ့ရွာသားကို ထိုင်းနိုင်ငံမှာ ဆေးကုသဖို့၊ တပ်သားတချို့က သူ့ကိုပြန်ခေါ်သွားကြဖို့ အဖွဲ့ခေါင်းဆောင်က ဆုံးဖြတ်လိုက်တယ်။ ကျန်တဲ့သူတွေကတော့ မြန်မာပြည်အတွင်းပိုင်းထဲထိ ဆက်ပြီး ခရီးဆက်ကြတယ်။ လမ်းမိုင်းတက်နင်းမိလေမလား၊ ဒါမှမဟုတ် နအဖတပ်တွေနဲ့များ ဆုံမလားတွေးပြီးတော့ ကျမ ကြောက်လန့်နေခဲ့တယ်။ နေရာတိုင်းက အန္တရာယ်တွေချည်းပဲ။ အသက်အန္တရာယ်အတွက် ဘယ်နေရာမှ စိတ်မချရဘူးဆိုတာကိုလည်း ကျမ နားလည်လိုက်တယ်။

နအဖစစ်တပ်တွေကို ရှောင်ရှားနေနိုင်သေးပေမယ့် ဘာဆက်ဖြစ်မယ်ဆိုတာကို မသိတာကြောင့် အမြဲတမ်း သတိနဲ့ အဆင်သင့်အနေအထားမှာ နေနေရပါတယ်။ တခါတလေဆို နအဖစစ်တပ်တွေနဲ့ တော်တော်ကိုနီးသွားရင် နောက်တနေရာကို ချက်ချင်းရွှေ့ရတယ်။ ညဥ့်သန်းခေါင်ချိန်ပဲဖြစ်ဖြစ် ရွှေ့ရတယ်။ တခါတလေ ဗိုက်ဟောင်းလောင်းနဲ့လျှောက်ကြရတယ်။ ခုနစ်ရက်စာ ဆန်၊ ဆား၊ ငြုတ်သီးနဲ့ ဆီ စတာတွေကို လူတိုင်းသယ်ကြရတယ်။ ဒါပေမဲ့ တခါတလေ ကျမတို့မှာ စားစရာမလောက်ဘူး။ ဆန်နဲ့ ဟင်းရွက်ပြုတ်ကိုပဲ မကြာခဏစားရတယ်။ အားအင်မရှိသလောက်ဖြစ်နေပေမယ့်လည်း ခရီးဆက်မြဲဆက်ကြရတယ်။ နအဖစစ်တပ်တွေက ကျမတို့ကို အမြဲတမ်း နောက်ယောင်ခံလိုက်နေတာကြောင့်လည်း တနေရာထဲမှာ နှစ်ရက်ထက်ပိုပြီး မနေရဘူး။

နအဖဆီမှာလက်နက်ချသွားတဲ့ တိုင်းရင်းသားအဖွဲ့တွေကြောင့် လူထုကြားထဲမှာ မကောင်းတဲ့အကျိုးသက်ရောက်မှုတွေ ဖြစ်စေပါတယ်။ နအဖဟာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို တကွဲတပြားဖြစ်အောင်လုပ်နေသလို တိုင်းပြည်ကို စစ်အာဏာရှင်နိုင်ငံဖြစ်အောင် လုပ်နေတာပါ။ ပြည်သူတွေအနေနဲ့ လက်နက်ကိုင်အဖွဲ့မျိုးစုံကစစ်သားတွေနဲ့ ဆက်ဆံကြရတယ်။ ကျမငယ်ငယ်က ကြုံခဲ့ရတဲ့အဖြစ်တွေနဲ့ အခုခရီးစဉ်မှာ ကြုံတွေ့ရတာတွေက စစ်အာဏာရှင်လက်အောက် ကြုံတွေ့ရတဲ့ ပြည်သူတွေရဲ့ဘဝတွေကို ဖော်ပြနေပါတယ်။ အစိုးရတပ်တွေ ရွာတွေကိုလာတိုင်းလာတိုင်း ရွာသူရွာသားတွေရဲ့ ကြက်၊ ဝက်၊ နွား၊ စတဲ့ တိရိစ္ဆာန်တွေနဲ့ တွေ့သမျှပစ္စည်း ဘာမှမချန် အကုန်ယူကြတယ်။ တခါတလေဆို ရွာသားတွေကို နှိပ်စက်သတ်ဖြတ်တာတွေအပြင် အမျိုးသမီးတွေကိုလည်း မုဒိမ်းကျင့်တတ်ကြတယ်။ ဒါကြောင့် မြန်မာစစ်သားတွေကို ရွာသားတွေက ကြောက်နေကြတာပေါ့။

နအဖစစ်သားတွေလာတဲ့အခါဆိုရင် အမျိုးသားတွေဟာ ရွာကနေ အဝေးဆုံးပြေးနိုင်သမျှပြေးပြီး ပုန်းကြရတယ်။ အမျိုးသမီးတွေကတော့ စစ်သားတွေကို ကြောက်ပေမယ့်လည်း သားသမီးတွေကို ကြည့်ရှုစောင့်ရှောက်ဖို့ အိမ်မှာပဲ ကျန်ရစ်တတ်ကြတယ်။ ဒီလိုကျန်ရစ်တတ်ကြလို့လည်း အမျိုးသမီးတွေဟာ အန္တရာယ်အခက်အခဲတွေအမျိုးမျိုးနဲ့ ကြုံကြရတော့တာပါပဲ။ စစ်သားတွေရဲ့ မေးခွန်းတွေအမျိုးမျိုးမေးတာကိုလည်းခံရတယ်။

‘နင်တို့ရဲ့ယောကျ်ားတွေ ဘယ်ရောက်နေလဲ …’

‘တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို တွေ့မိသလား …’

‘အဲဒီအဖွဲ့တွေ ဘယ်မှာရှိသလဲ …’စတဲ့ မေးခွန်းတွေပါပဲ။ လိမ်ပြီးဖြေရင် အပြစ်ပေးမယ်လို့လည်း စစ်သားတွေက ခြိမ်းခြောက်ပြန်တယ်။ အဲဒီလိုအခြေအနေမျိုးမှာ အမျိုးသမီးတွေဟာ ဓါးစာခံတွေပါပဲ။ နောက်ဆက်တွဲဖြစ်သမျှကိုလည်း ခံကြရတယ်။ ပဋိက္ခဖြစ်နေတဲ့နေရာတွေမှာ အမျိုးသမီးတွေဟာ အကြမ်းဖက်မှုအမျိုးမျိုးကိုလည်း ခံကြရတယ်။ နအဖ

စစ်သားတွေက ခြိမ်းခြောက်ထားတာကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ ရွာထဲဝင်လာမှာကိုလည်း ကြောက်ကြရတယ်။ အရပ်သားပြည်သူတွေရဲ့ဘဝဟာ ကျမ ငယ်ငယ်တုန်းကအချိန်ထက်တောင် ပိုပြီးတော့ ဆိုးလာပါလားလို့လည်း နားလည်လိုက်တယ်။

ဒီခရီးစဉ်က စစ်ပွဲတွေကြားမှာနေရတဲ့ ပြည်သူတွေရဲ့ဘဝကို ပိုပြီးတော့ စာနာနားလည်စေခဲ့တယ်။ နအဖစစ်တပ်တွေက ရွာသားတွေကို နှိပ်စက်သတ်ဖြတ်တဲ့အကြောင်း၊ အမျိုးသမီးတွေကို မုဒိမ်းကျင့်တဲ့အကြောင်းတွေကို ခရီးထွက်ရင်းနဲ့ နားနဲ့မဆံ့ကြားသိရတယ်။ တကယ့်ကို ဆိုးရွားတဲ့အခြေအနေတွေပါ။ ဒီအကြောင်းတွေကို နေ့စဉ်နေ့တိုင်း ကျမ ကြားခဲ့ရတယ်။ တခါတော့ ဗိုလ်ကြီးတစ်ယောက်အပါအဝင် စစ်သား ၁၃ ယောက်က ၁၅ နှစ်အရွယ် မိန်းကလေးကို ဝိုင်းပြီးမုဒိမ်းကျင့်တဲ့အကြောင်း ကြားခဲ့ရတယ်။ အဲဒီလို မုဒိမ်းကျင့်ခံရပြီးကတည်းက အဲဒီမိန်းကလေးဟာ တောင်ကြီးဆေးရုံမှာ အချိန်အကြာကြီး ဆေးကုသမှုခံယူခဲ့ရတယ်။ ဒါ့အပြင် ဒီသတင်းကို မပေါက်ကြားစေနဲ့ဆိုပြီး မိသားစုနဲ့ရွာသားတွေကိုလည်း နအဖဗိုလ်ကြီးက သေနတ်နဲ့ထောက်ပြီး ခြိမ်းခြောက်ခဲ့တယ်။ ဒီလို မုဒိမ်းကျင့်တဲ့ဖြစ်ရပ်တွေဟာ တိုင်းရင်းသားဒေသအတော်များများမှာ ဖြစ်နေတာပါ။ ကျမမြင်ခဲ့ရတာ ကြားခဲ့ရတာတွေကိုကြည့်ရင် မြန်မာစစ်အစိုးရဟာ မုဒိမ်းကျင့်တာကို စစ်လက်နက်တခုသဖွယ် အသုံးပြုနေတယ်ဆိုပြီး ထောက်ပြရေးသားကြတဲ့ အစီရင်ခံစာတွေ မမှားဘူးဆိုတာ ပြနေပါတယ်။

ပဋိပက္ခတွေကို ဖန်တီးနေတဲ့ ရက်စက်တဲ့စစ်အစိုးရအုပ်ချုပ်နေတဲ့အတွက် မြန်မာနိုင်ငံဟာ အခက်အခဲအမျိုးမျိုး ဆင်းရဲမှုပေါင်းစုံနဲ့ ကြုံတွေ့နေရတာပါ။ စစ်ဖြစ်တဲ့ဒေသတွေမှာဆိုရင် စာသင်ကျောင်းတွေ၊ ဆေးပေးခန်းတွေဆိုတာ မရှိသလောက်ပါပဲ။ ကျမရောက်ခဲ့တဲ့ နေရာမျိုးတွေမှာဆိုရင် လူတွေရဲ့ လုံခြုံရေးနဲ့ အသက်အာမခံချက်ဆိုတာတောင် မရှိပါဘူး။ နအဖတပ်တွေ ရွာထဲဝင်လာတဲ့အခါ အသက်အန္တရာယ်ကနေလွတ်အောင် တောထဲကို ထွက်ပြေးကြရတယ်။ အခက်အခဲအမျိုးမျိုးကြားမှာ အသက်ရှင်ဖို့ကြိုးစားရင်း၊ နောက်ထပ်အခက်အခဲတွေနဲ့ ဆက်ကြုံရရင်းနဲ့ပဲ ပြည်သူတွေဟာ ဘဝကို မနားတမ်းပြေးလွှားရုန်းကန်နေကြရတယ်။ အစားအစာ၊ ဆေးဝါးနဲ့ တကိုယ်ရည်ကျန်းမာရေးအတွက် သူတို့မှာဘာမှ လုံလုံလောက်လောက်မရှိကြဘူး။ ဖျားနာနေတဲ့ ရွာသားတွေနဲ့ ကလေးတွေအများကြီးကို ကျမ တွေ့ခဲ့ရတယ်။ တချို့ဟာ အတော်လေး ရောဂါဆိုးရွားနေတယ်။ ဒါပေမဲ့ သူတို့အနေနဲ့ နယ်စပ်အထိ ခက်ခက်ခဲခဲ ခရီးမသွားနိုင်သရွေ့တော့ ဆေးဝါးကုသမှု တစုံတရာမရှိပဲ ဒီအတိုင်းသာနေကြရတယ်။

စာသင်ရမယ့်အရွယ် ကျောင်းတက်နေရမယ့်အစား လယ်ထဲမှာ အလုပ်လုပ်နေကြတဲ့ လူငယ်တွေ၊ ကလေးငယ်တွေကိုလည်း ကျမမြင်ခဲ့ရတယ်။ သူတို့တွေဟာ မိသားစုအသက်ရှင်ရပ်တည်နိုင်ဖို့ အလုပ်လုပ်ကြရတယ်။ အနီးအနားမြို့တွေမှာ စာသင်ကျောင်းတချို့

ရှိပေမယ့် မိသားစုတွေက ဆင်းရဲတဲ့အတွက် သူတို့ကို ကျောင်းမထားနိုင်ကြဘူး။ မြန်မာစစ်အစိုးရရဲ့ စီမံခန့်ခွဲမှုညံ့ဖျင်းမှုတွေကြောင့် သူတို့လေးတွေ အခုလိုမျိုး ဖြစ်နေကြရတယ်။ ယောကျ်ားလေးတွေအတွက် ဘုန်းကြီးကျောင်းမှာ သွားနေပြီး စာပေတချို့သင်ကြားနိုင်ပေမယ့် မိန်းကလေးတွေအတွက်ကတော့ ဘာသာတရားနဲ့ ဓလေ့ထုံးတမ်းတွေရဲ့ တားမြစ်ချက်တွေကြားမှာ အဲဒီလို ဘုန်းကြီးကျောင်းသွား ပညာသင်လို့လည်း မရပြန်ပါဘူး။ ဒါကြောင့်မို့လို့ အမျိုးသမီးတွေဟာ အသိပညာဗဟုသုတ ပိုပြီးနည်းကြရတယ်။ မြန်မာစစ်တပ်တွေရဲ့ မုဒိမ်းကျင့်ခံရမှာကိုလည်း ကြောက်နေရသလို မုဒိမ်းကျင့်ခံရပြီဆိုရင် သူတို့မှာ အိမ်ထောင်ပြုလိုက်ဖို့ကလွဲပြီး တခြားရွေးစရာလမ်းမရှိကြတော့ဘူး။ ကျမရောက်ခဲ့တဲ့ ကျေးလက်ဒေသက လူငယ်အများစုဟာ မြန်မာစာမတတ်သလို သူတို့ရဲ့ မိခင်ဘာသာစကားကိုလည်း မရေးတတ်၊ မဖတ်တတ်ကြဘူး။ ကျမတို့နိုင်ငံသားတွေ အခုလိုမျိုး ဒုက္ခဆင်းရဲမှုတွေကို ခံစားနေရပြီး ပညာမတတ်ဖြစ်နေရတာတွေကို မြင်တွေ့ရတာ အရမ်းကို စိတ်ထိခိုက်စရာကောင်းလှပါတယ်။

မြန်မာနိုင်ငံတွင်းမှာ သွားပြီးအလုပ်လုပ်ခဲ့တဲ့ ကျမရဲ့ ခရီးစဉ်ဟာ စိန်ခေါ်မှုမျိုးစုံနဲ့ ကြုံခဲ့ရတဲ့ခရီးပါပဲ။ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရေးအတွက်လုပ်ဆောင်နေတဲ့ လှုပ်ရှားသူတွေအတွက် လုံခြုံရေးဆိုတာ အဓိက စိန်ခေါ်မှုပါ။ ဒေသခံတွေနဲ့ တွေ့ဆုံတဲ့အခါမှာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအကြောင်းတွေကို ကြိုးစားပြီးတော့ သူတို့နားလည်အောင် ရှင်းပြပါတယ်။ ကျမတို့ရဲ့နိုင်ငံမှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုတာ မရှိပါဘူး။ ဒါကြောင့် ကျမအနေနဲ့ ပစ္စည်းတစုံတရာ သူတို့ကို ကူညီထောက်ပံ့နိုင်တာမျိုးမရှိပေမယ့် ကျမသိသမျှ ဗဟုသုတတွေကို သူတို့ကိုမျှဝေပေးပါတယ်။ မြန်မာစစ်အစိုးရကကျင်းပတော့မယ့် ၂၀၁၀ ရွေးကောက်ပွဲကို မထောက်ခံဖို့ သူတို့ကို ကျမတိုက်တွန်းတယ်။ ဘာကြောင့် မထောက်ခံသင့်တာလဲဆိုတာကိုလည်း ရှင်းပြတယ်။ ပေါ်တာဆွဲ၊ မုဒိမ်းကျင့်၊ ပြည်သူတွေရဲ့ လယ်မြေတွေနဲ့ တခြားပိုင်ဆိုင်မှုတွေကို လုယူ၊ လူတွေကို အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်ပြီး အတင်းအဓမ္မရွှေ့ပြောင်းတာတွေလုပ်နေတဲ့ မြန်မာစစ်အစိုးရရဲ့ မတရားမှုတွေအောက်မှာ သူတို့တွေဟာ ကြောက်ကြောက်လန့်လန့်နဲ့ နေ့စဉ်နေထိုင်နေကြရတာပါ။ နေ့စဉ် အသက်ဆက်နိုင်ရေးဟာ သူတို့အတွက် အဓိက အခက်အခဲကြီးပါပဲ။ ဘယ်လိုအခက်အခဲတွေပဲတွေ့တွေ့ လက်လျှော့အရှုံးမပေးဖို့လည်း သူတို့က ကျမကို အားပေးခဲ့ကြပါသေးတယ်။ ကျမတို့ရဲ့ ခရီးဟာ အခက်အခဲတွေ၊ အကြပ်အတည်းတွေနဲ့ ပြည့်နှက်ကောင်းပြည့်နေပါလိမ့်မယ်။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ကြမ်းတမ်းတဲ့မုန်တိုင်းတွေ၊ ဆာလောင်မွတ်သိပ်မှုတွေ၊ လမ်းမိုင်းတွေနဲ့ ပြည့်နေတဲ့ လယ်ကွင်းတွေကိုဖြတ်ပြီးတော့ပဲ ကြမ်းတမ်းတဲ့တောလမ်းကနေ ကျမတို့တွေ ဆက်ပြီးတော့ လျှောက်ကြရဦးမှာပါ။ ကျမတို့ရဲ့ ရည်မှန်းချက်ပန်းတိုင်ဖြစ်တဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေ ရရှိလာတဲ့အချိန်အထိ ကျမတို့တွေ ခရီးဆက်ကြရပါလိမ့်မယ်။ ■

စာရေးသူသည် မြန်မာနိုင်ငံ၌ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးရရှိရေးအတွက် လှုပ်ရှားဆောင်ရွက်နေသော ပအို့ဝ်အမျိုးသမီးငယ်တစ်ယောက်ဖြစ်ပါသည်။

စစ်ပွဲ

မိညို

ငယ်စဉ်ကအကြောင်းတွေကိုပြန်လည်တွေးမိတိုင်း ကျမအတွက် အလွန်ထိတ်လန့်စရာလည်းဖြစ်ခဲ့ပါတယ်။ ဒီလိုစိုးရိမ်ထိတ်လန့်စိတ်တွေနဲ့အတူ စစ်တပ်နဲ့စစ်ဆိုတဲ့အရာကိုလည်း အရမ်းမုန်းတီးပါတယ်။ စစ်ပွဲကြောင့် ကျမဟာ မွေးကင်းစကလေးဘဝကတည်းက လူသားတစ်ယောက်အနေနဲ့ ရရှိရမယ့်အခွင့်အရေးတွေကို ဆုံးရှုံးခဲ့ရတဲ့အတွက်ကြောင့်ပဲဖြစ်ပါတယ်။

ကျမငယ်ငယ်တုန်းက ကျောင်းမှာ ပညာသင်ယူချင်စိတ် အရမ်းပြင်းပြခဲ့ပါတယ်။ ဒါပေမဲ့ ကျမနေထိုင်တဲ့ရွာလေးက နယ်စပ်နဲ့အရမ်းနီးပြီး နအဖစစ်တပ်တွေက မကြာခဏ စစ်ဆင်ကြတဲ့အတွက် တိုက်ပွဲမကြာခဏဖြစ်ပွားခဲ့တဲ့နေရာလေးတခုလည်းဖြစ်ပါတယ်။ ဒါကြောင့် ကျမတို့ဟာ ကျောင်းမှာစာသင်နေရင်းနဲ့လည်း စာသင်ခန်းထဲကနေ မကြာခဏ ထွက်ပြေးတိမ်းရှောင်ခဲ့ရပါတယ်။ တခါတခါ သေနတ်ကျည်ဆံက ကျမတို့စာသင်ခန်းဘက်ကို ဦးတည်လာတဲ့အတွက် အသက်အန္တရာယ်စိုးရိမ်ပြီး ဘယ်ကိုပြေးရမလဲဆိုတာတောင် မသိဖြစ်ရပါတယ်။ ကျမဘေးမှာ ကလေးငယ်အချို့ရဲ့ သူတို့မိဘကိုအော်ခေါ်ပြီးငိုယိုနေတဲ့ အသံတွေကိုလည်း ကြားနေရတတ်ပါတယ်။ အဲဒီငိုယိုသံတွေကို ထွက်ပြေးရာ လမ်းတလျှောက်လုံးအနှံ့ ကြားနေခဲ့ရပါတယ်။ ကျမတို့ထွက်ပြေးတဲ့အချိန်မှာလည်း ကျောင်းကနေ ဒါမှမဟုတ် ရန်သူလာမယ်လို့ထင်ပြီး ရောက်ရာအရပ်ကနေ မမျှော်လင့်ဘဲ ထွက်ပြေးရတဲ့အတွက် တခါတလေ ကျမတို့ အစာရေစာငတ်ပြတ်တဲ့အချိန်လည်းရှိခဲ့ဖူးပါတယ်။ အစာရေစာပြတ်လပ်တဲ့အခါ စားစရာပါလာတဲ့သူတွေက ကလေးငယ်တွေအတွက်ကိုပဲ အဓိက ဦးစားပေးပြီး ကျွေးခဲ့ကြရတယ်။ မိဘတွေမှာတော့ အငတ်ခံပြီး ရပ်ရွာအခြေအနေ ပြန်ကောင်းလာတဲ့အချိန်နဲ့ ရန်သူတပ်ခေါက်မယ့်အချိန်ကိုသာ မျှော်နေရပါတယ်။ ကျမတို့နေတဲ့ရွာဟာ ထိုင်းနိုင်ငံအတွင်းမှာရှိတဲ့ ထိုင်းရွာတွေနဲ့နီးတဲ့အတွက် ကျမတို့ထွက်ပြေးတိမ်းရှောင်မယ်ဆိုရင် အထူးသဖြင့် ထိုင်းရွာဘေးမှာရှိတဲ့ တောနက်ထဲမှာ ရှောင်ပုန်းနေထိုင်ရပါတယ်။ ဒါပေမဲ့ ထိုင်းရွာသားတွေကလည်း ကျမတို့ကို သူတို့ရဲ့ရွာထဲကို လုံးဝဝင်ခွင့်မပေးတာကြောင့် ကျမတို့စစ်ပြေးဒုက္ခသည်တွေမှာ နွေး၊ မိုး၊ ဆောင်း သုံးရာသီပတ်လုံး နေပူမိုးရွာမရှောင် တောထဲမှာရှိတဲ့ သစ်ရိပ်ဝါးရိပ်အောက်တွေမှာသာ အိပ်ခဲ့ရပါတယ်။ တောထဲမှာနေထိုင်တဲ့ အချိန်အတောအတွင်းမှာလည်း ဆေးဝါးမရှိတာကြောင့် တချို့လူတွေမှာ ငှက်ဖျားနဲ့ ဝမ်းလျှောတဲ့ဝေဒနာကိုခံစားခဲ့ကြရပါတယ်။ တောထဲမှာ တခါတလေ (၁) ပတ်လောက် နေရတတ်ပါတယ်။ တစ်ပတ်နေပြီးလို့ ရန်သူတပ်တွေပြန်ဆုတ်တဲ့အချိန်ကျမှ ကျမတို့အိမ်ရှိရာရွာကို ပြန်လာခဲ့ရပါတယ်။ ရွာပြန်ရောက်တဲ့အခါမှာလည်း တချို့သူတွေ

ရဲ့နေအိမ်ကို ရန်သူက မီးနဲ့ရှို့လိုက်တာမျိုးလည်းရှိပါတယ်။ တခါတခါ ရန်သူ့စစ်ကြောင်း ထိုးတဲ့အခါ ကျမတို့ရွာမှာရှိတဲ့ အိမ် (၅–၁၀) လုံးထိ အမြဲမီးရှို့ခဲ့ကြတာကိုလည်း ကျမ သတိရမိပါတယ်။ အိမ်မီးရှို့ခံရတဲ့သူတွေဟာ တခြားမီးမလောင်တဲ့အိမ်တွေမှာ ခဏသွားနေ ရတာလည်းရှိပါတယ်။

ဒီအဖြစ်အပျက်တွေဟာ ကျမငယ်စဉ်ဘဝတုန်းက မကြာခဏကြုံတွေ့ခဲ့ရတဲ့အ တွက် ကျမအရွယ်ရောက်လာတဲ့အချိန်မှာ ကျမ စာမသင်ရမှာကို အရမ်းစိုးရိမ်မိပါတယ်။ စစ်ကိုရှောင်ရင်းနဲ့ပဲ ပညာသင်ကြားရမယ့်အချိန်တွေ နှောင်းခဲ့ရပါတယ်။ လူသားတစ် ယောက်ရဲ့ရပ်တည်နိုင်မှုဟာ အခြေခံပညာဗဟုသုတပေါ်မှာ အများကြီးမူတည်တယ်လို့ ကျမနားလည်ထားပါတယ်။ ကျမငယ်ငယ်တုန်းက ပညာသင်ရမယ့်အရွယ်မှာ ပညာ သင် ကြားခွင့်မရခဲ့ပဲ စစ်ပွဲတွေကြောင့် တောတောင်အတွင်းမှာပဲ ရှောင်ပုန်းရတာ၊ ထွက်ပြေး တိမ်းရှောင်ရတာ စတဲ့အဖြစ်မျိုးတွေကြောင့် ကျောင်းအရမ်းနေချင်လှတဲ့ ကျမတို့ဟာ သစ် ပင်ရိပ်အောက်၊ ဝါးရုံအောက်တွေမှာသာ မူလတန်းအဆင့်ပညာကို လေ့လာဆည်းပူးခဲ့ရ တယ်။

အခုချိန်မှာတော့ ကျမနေလာခဲ့တဲ့ရွာတွေဟာ သူတို့တည်ရှိခဲ့တဲ့နေရာတွေကနေ လုံးဝ ပျောက်ကွယ်သွားခဲ့ပါပြီ။ အဲဒီကျေးရွာတွေအစား နအဖစစ်တပ်တွေရဲ့ ကျက်စားရာ နယ်မြေအဖြစ်ကို ပြောင်းလဲခဲ့ပြီဖြစ်ပါတယ်။ ကျမမွေးလာခဲ့တဲ့ ဇာတိမြေကို ပြန်မရောက်နိုင် ခဲ့တာလည်း နှစ်ပေါင်းများစွာကြာခဲ့ပါပြီ။ အဲဒီရွာမှာ နေလာခဲ့တဲ့ကလေးတွေဟာလည်း အ ခုချိန်မှာတော့ ဒုက္ခသည်စခန်းတွေထဲမှာ အားလုံးနေထိုင်နေကြပါပြီ။ ဒါပေမဲ့လည်း အခုချိန် ထိ ကျမတို့ငယ်စဉ်ဘဝနဲ့ဆင်တူတဲ့ ပြည်တွင်းရွှေ့ပြောင်းနေထိုင်တဲ့ ဒုက္ခသည်တွေလည်း ရှိ နေတုန်းပါပဲ။ အဲဒီအခြေအနေတွေကြောင့် ကျမဟာ စစ်ဆိုတဲ့အရာကို လုံးဝမနှစ်သက်ပါ ဘူး။ စစ်ဆိုတာ ကျမအတွက် အင်မတန်မှ မနှစ်မြို့တဲ့အရာဖြစ်နေတာ အခုချိန်ထိပါပဲ။ ■

ရှင်သန်ရေးအတွက် ပြေးလမ်းပေါ်မှာ

ပရဲမို

ကျမနာမည် “ငါးမြာနိုင်” ပါ။ ကရင်နီလူမျိုးတဦးဖြစ်ပါတယ်။ ကျမထိုင်းနိုင်ငံကိုရောက်တာ ၆ နှစ်ရှိသွားပါပြီ။ ၂၀၀၉ ခုနှစ်မှာ ကျမအသက် ၂၃ နှစ်ပြည့်ခဲ့ပါတယ်။ ကျမရဲ့ ငယ်စဉ်ဘဝကနေ ယခုချိန်အထိဖြတ်သန်းလာခဲ့ရတဲ့ ဘဝအတွေ့အကြုံတွေကို စာဖတ်သူတွေကို ပြောပြချင်ပါတယ်။ စာဖတ်သူတို့အနေနဲ့ ကျမလိုဘဝမျိုးနဲ့တိုက်ဆိုင်ခဲ့မယ်ဆိုရင် ကျမနဲ့ ထပ်တူမျှဝေခံစားနိုင်ပါတယ်။

လွန်ခဲ့တဲ့အနှစ် ၂၀ တုန်းက ကျမတို့မိသားစုဟာ ကယားပြည်နယ်မှာရှိတဲ့ တောင်ပေါ်ရွာကလေးတရွာမှာ နေထိုင်ခဲ့ပါတယ်။ ကျမတို့မိသားစုဟာ အလွန်ဆင်းရဲပါတယ်။ တနေ့လုပ်မှ တနေ့စားရတဲ့ဘဝပါ။ တခါတလေ ထမင်းတောင်မှ နပ်မှန်အောင်မစားရဘဲ ဆန်ပြုတ်ပဲသောက်တဲ့အခါလည်းရှိခဲ့ပါတယ်။ ကျမတို့မိသားစုဝင် ၆ ယောက်ရှိပါတယ်။ ကျမအဖေဟာ ကျေးရွာဥက္ကဋ္ဌတယောက် ဖြစ်ခဲ့ဖူးပါတယ်။ ကျမတို့နေတဲ့ရွာတွင်းကို နအဖတွေ မကြာခဏဝင်ရောက်လေ့ရှိပါတယ်။ ကျမတို့နေတဲ့ရွာအနီးမှာလည်း နအဖစစ်တပ်နဲ့ ကရင်နီစစ်တပ်တွေ မကြာခဏ စစ်ပွဲများဖြစ်ပွားလေ့ရှိပါတယ်။ နအဖတွေဟာ ကရင်နီစစ်တပ်နဲ့ပတ်သက်ပြီး ရွာသူရွာသားတွေကို မကြာခဏ မေးမြန်းလေ့ရှိပါတယ်။ ကျေးရွာဥက္ကဋ္ဌဖြစ်တဲ့ ကျမအဖေကိုလည်း သူပုန်အကြောင်း မကြာခဏမေးမြန်းလေ့ရှိပါတယ်။ နအဖစစ်တပ်တွေဟာ ရွာသူရွာသားတွေပိုင်ဆိုင်တဲ့ ကြက်၊ ဝက်တွေကို ပိုင်ရှင်ထံခွင့်မတောင်းဘဲ ဖမ်းစားတတ်ကြသလို ပေါ်တာလိုရင်လည်း ရွာသားတွေကိုပဲ ဆွဲခေါ်လေ့ရှိပါတယ်။ ပေါ်တာခေါ်တဲ့အချိန်မှာဆိုရင် ရွာသားတွေဟာ မိသားစုစားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေကြရတာကြောင့် ခွေးပြေးဝက်ပြေး ပြေးပုန်းခဲ့ရပါတယ်။ ကျမအစ်ကိုလည်း ပေါ်တာလိုက်သွားဖူးပါတယ်။ စစ်တပ်ဟာ အမျိုးသားတွေကို ပေါ်တာဖမ်းလို့မမိရင် နောက်ဆုံး အမျိုးသမီးတွေကိုပါ ဆွဲခေါ်ခဲ့ပါတယ်။

တနေ့မှာ နအဖစစ်တပ်ဟာ ကျမတို့အိမ်ပေါ်တက်လာပြီး ကျမအဖေကို သူပုန်နဲ့အဆက်အသွယ်လုပ်တယ်ဆိုပြီး မတရားစွပ်စွဲပြီးတော့ ရက်ရက်စက်စက် ပစ်သတ်သွားခဲ့ပါတယ်။ အဲဒီအချိန်က ကျမအသက်ဟာ ၄ နှစ်လောက်ပဲ ရှိပါသေးတယ်။ ကျမ အရမ်းငယ်သေးပေမယ့် ကျမအဖေသေသွားခဲ့တဲ့မြင်ကွင်းကိုတော့ ကျမရဲ့မျက်စိထဲမှာ အခုချိန်ထိ မေ့ပျောက်လို့မရသေးပါဘူး။ ကျမအမေလည်း အဲဒီအဖြစ်အပျက်ကို ပြောပြထားဖူးတယ်။

ကျမအဖေသေပြီးတဲ့နောက်တနှစ်မှာ နအဖတွေရဲ့နှိပ်စက်မှုအောက်ကနေ လွတ်ကင်းအောင် ကျမတို့မိသားစု မြို့နဲ့နီးတဲ့တခြားရွာတရွာမှာ ပြောင်းရွှေ့အခြေချနေထိုင်ခဲ့ပါတယ်။ ဒါပေမဲ့ စစ်အာဏာရှင်တွေရဲ့ အုပ်ချုပ်မှုစနစ်အောက်မှာနေရတဲ့ မြန်မာနိုင်ငံကပြည်

သူတွေရဲ့ဘဝဟာ ဘယ်နေရာပဲနေနေ နအဖစစ်တပ်တွေရဲ့ရန်နဲ့ မလွတ်ကင်းခဲ့ပါဘူး။ ဆိုးသထက်ပိုပြီး ဆိုးရွားလာတာဘဲတွေ့ရပါတယ်။ ကျမတို့ပြောင်းရွှေ့လာတဲ့ ရွာရဲ့အပြင်မှာဆိုရင် စစ်တပ်ဂိတ်တွေချထားပါတယ်။ ရွာရဲ့အပြင်ဘက်မှာရှိတဲ့ တောင်ပေါ်တောင်ထိပ်တိုင်းမှာ စစ်တပ်ဂိတ်တွေချထားပါတယ်။ ရွာသူရွာသားတွေ တောင်ယာခြံထဲကိုသွားမယ်ဆိုရင် သွားခွင့်လက်မှတ်လုပ်ကြရတယ်။ တောင်ယာသွားဖို့ ထမင်းထုပ်သွားရင်လည်း အပိုထုပ်မသွားရပါဘူး။ တော်ကြာ သူပုန်တွေကို သွားကျွေးတာဖြစ်မယ်လို့သူတို့က ပြောပါတယ်။ နအဖစစ်တပ်တွေဟာ သူတို့ရဲ့ရိက္ခာနဲ့ သောက်သုံးဖို့သောက်ရေတွေကို ရွာသားတွေကို အမြဲပို့ခိုင်းခဲ့တယ်။ နောက်ပြီး ရွာသားတွေကို သူပုန်တွေနဲ့အဆက်အသွယ်လုပ်တယ်၊ သူပုန်တွေကို အစားအသောက်တွေ အကူအညီပေးနေတယ်လို့အမြဲစွပ်စွဲပါတယ်။ ဒီလိုအဖြစ်မျိုးတွေကို ကျမတို့မိသားစု အမြဲကြုံရပါတယ်။

တနေ့မှာ နအဖစစ်တပ်က စစ်သားစုဆောင်းရေးပြုလုပ်ခဲ့ပါတယ်။ မိသားစုတစုမှာ အမျိုးသားနှစ်ယောက်ရှိရင် တယောက်ကို စစ်တပ်ထဲဝင်ခိုင်းပါတယ်။ ကျမတို့မိသားစုမှာ ယောကျာ်းနှစ်ယောက်ရှိတဲ့အတွက် တယောက်က စစ်တပ်ထဲဝင်ရမယ်လို့ဆိုပြီး ကျမအစ်ကိုကို လာခေါ်ပါတယ်။ ဒါပေမဲ့ ကျမအစ်ကိုက မဝင်ချင်တဲ့အတွက် ငြင်းဆိုခဲ့ပါတယ်။ ဒီလိုအကြောင်းတွေကြောင့်ပဲ ကျမအစ်ကိုဟာ တော်လှန်ရေးထဲကိုဝင်ရောက်ခဲ့ရပါတယ်။ ကျမအစ်ကိုတော်လှန်ရေးထဲဝင်ရောက်ပြီး တနှစ်အကြာမှာ ကျမအစ်ကိုနဲ့ပတ်သက်ပြီး နအဖစစ်တပ်က ကျမအမေကို နအဖအခြေစိုက်တဲ့ ဒကစရုံးကို မကြာခဏ ခေါ်သွားစစ်ဆေးမေးမြန်းပါတယ်။ ညညဆိုရင်လည်း ကျမတို့အိမ်ကို တခြားသောအိမ်တွေထက် ဩ့စာရင်း မကြာခဏလာစစ်ဆေးပါတယ်။ ကျမအမေက စာလည်းမတတ်၊ ဗမာစကားလည်းမတတ်တဲ့အတွက် ဘယ်လိုပဲလုပ်လုပ် သူတို့အတွက် ဘာမှအကြောင်းမထူးခဲ့ပါဘူး။ ဒါပေမဲ့ ကျမတို့မိသားစုဟာ သူများတွေထက် အခွင့်အရေးပိုနည်းသွားခဲ့ပါတယ်။ အထူးသဖြင့် ကျောင်းမှာဆိုရင် ဗမာမဟုတ်တဲ့ တိုင်းရင်းသားလူမျိုးတွေဆိုရင် ပိုပြီးခွဲခြားဆက်ဆံမှုခံရပြီး အနှိမ်လည်းခံခဲ့ရပါတယ်။ အဲဒါကြောင့် မြန်မာနိုင်ငံမှာသာ ဆက်နေမယ်ဆိုရင် ရှေ့ဆက် ကျမဘဝအတွက် ဖွံ့ဖြိုးတိုးတက်မှုဘာမှရှိမှာမဟုတ်ဘူးလို့ ကျမယူဆပြီး ဒီထိုင်းနိုင်ငံထဲကို ရောက်ရှိလာခဲ့တာပဲဖြစ်ပါတယ်။

ဒီလို လူမဆန်တဲ့လုပ်ရပ်မျိုးတွေကို ခံစားခဲ့ကြရတာ၊ ခံစားနေကြရတာဟာ ကျမတို့မိသားစုတစ်စုတည်းသာမဟုတ်ဘဲ မြန်မာပြည်တွင်းမှာရှိတဲ့ တိုင်းရင်သားတော်တော်များများလည်း ကျမတို့မိသားစုနည်းတူ ခံစားရလိမ့်မယ်လို့ ကျမယူဆပါတယ်။ ဒါကြောင့် ကျမတို့ တိုင်းရင်သားတွေ အကြီးမားဆုံးမျှော်လင့်ချက်တွေဟာ ကျမတို့နိုင်ငံအတွင်းမှာ လူ့အခွင့်ရေးရရှိဖို့၊ ကျမတို့ဒေသမှာ ကိုယ်ပိုင်အုပ်ချုပ်ရေးကျင့်သုံးခွင့် ထွန်းကားဖို့ပဲဖြစ်ပါတယ်။ ■

အေးရှ
ရခိုင်ပရောဂျက်

ကျမနာမည်အေးရှပါ။ ကျမအသက် ၂၇ နှစ်ရှိပြီး ကလေး ၆ ယောက်အမေပါ။ သားသုံးယောက်နဲ့ သမီးသုံးယောက်ရှိပါတယ်။ ကျမယောကျ်ားဟာ ရွာမှာလယ်လုပ်ပါတယ်။ ကျမကတော့ သာမန်အိမ်ရှင်မတစ်ယောက်ပါပဲ။ ကျမတို့ရွာဟာ မောင်တောမြို့ မြောက်ဘက်မှာရှိတဲ့ သဲချောင်းရွာဖြစ်ပါတယ်။ ကျမယောကျ်ားမှာ လယ် ၈ ကာနီး (၃ ဧက) ရှိပြီး တခြားရွာသားတွေနဲ့အတူ နစကဆီကငှားလုပ်တဲ့ ပုဇွန်လုပ်ငန်းမှာလည်း ရှယ်ယာဝင်ထားခဲ့တယ်။ နစကက ကျမအိမ်ကိုသိမ်းတဲ့အခါမှာ အိမ်ကစတိုခန်းမှာ စပါးတင်း ၇၀၀ အပြင် ခိုတွေ၊ ကြက်တွေနဲ့ ဘဲတွေလည်းပါဝင်ခဲ့တယ်။ ကျမတို့မှာ ကျွဲနွား ၈ ကောင်နဲ့ ဆိတ်ငါးကောင်လည်းရှိပါတယ်။ ခြံဝန်းထဲမှာကြည့်လိုက်ရင် လှပတဲ့အိမ်လေးတလုံးနဲ့ သစ်ခွတွေကလည်း အိမ်ပတ်လည်မှာဝေလို့ပေါ့။ ပြောရရင် ကျမတို့ဟာ ဆင်းရဲတဲ့မိသားစုတော့ မဟုတ်ခဲ့ပါဘူး။

ကျမတို့ဟာ ၁၉၇၈ မှာရော ၁၉၉၁ ခုနှစ်လောက်မှာ ဒုက္ခသည်မဖြစ်သေးပါဘူး။[1] ဒါပေမဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုတော့ ဆေးကုသခံဖို့နဲ့ သူငယ်ချင်းဆွေမျိုးတွေထံသွားလည်ဖို့ သုံးလေးကြိမ်ရောက်ဖူးခဲ့ပါတယ်။ တနေ့နေ့မှာ ဒီလိုပုံစံမျိုးနဲ့ထွက်ပြေးလာရပြီး ဆင်းရဲတကာ့အဆင်းရဲဆုံးလူတွေလို ရှင်သန်ရလိမ့်မယ်လို့ တခါမှမတွေးခဲ့မိဘူး။ ကံအကြောင်းမလှစွာပဲ ကံတရားက ကျမတို့ကို ဒီလိုအခြေအနေမျိုးထဲကျရောက်စေခဲ့ပါတယ်။

မြန်မာစစ်တပ်က ကျမတို့ဒေသမှာ နယ်စပ်နယ်နမိတ်စည်းရိုးအတွက် ဆောက်လုပ်ရေးပစ္စည်းတွေနဲ့အတူ ရောက်လာခဲ့တုန်းက ကောလဟာလမျိုးစုံထွက်ပေါ်ခဲ့တယ်။ ရုတ်တရက်ဆိုသလို တပ်နေရာချမှုတွေကို ကြောက်လန့်ခဲ့ပြီး ဆန်တွေ၊ လတ်လတ်ဆတ်ဆတ်ဟင်းသီးဟင်းရွက်တွေနဲ့ ကြက်တွေကို သူတို့တောင်းသလောက်ပေးနိုင်ဖို့အတွက် ကျမတို့ကိုယ်တိုင် စိတ်ပိုင်းဆိုင်ရာအရ တခါတည်းပြင်ဆင်ထားခဲ့တယ်။ ဒါပေမဲ့ ကျမတို့ ပုဇွန်ကန်တွေကို ဆုံးရှုံးလိုက်ရလိမ့်မယ်လို့တော့ တခါမှ မထင်ထားမိခဲ့ဘူး။ ကျမတို့က နစကဆီက မြေငှားပြီး မြေငှားခလည်း ပေးထားပြီးဖြစ်တဲ့အတွက်ကြောင့်လေ။

[1] ဤခုနှစ်ကာလ နှစ်ခုအတွင်းတွင် ရိုဟင်ဂျာလူမျိုးများသည် နအဖ၏ နှောက်ယှက်မှုများမှ လွတ်မြောက် ရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့ကြရသည်။ ၁၉၉၀ ခုနှစ်များအတွင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့ကြသူပေါင်း ၂ သိန်းခွဲနီးပါးခန့်ရှိသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရက နယ်စပ်မှာ နယ်စပ်ရိုးကာတဲ့အပေါ် ဆန္ဒပြမှုဖြစ်တဲ့အခါ မြန်မာအာဏာပိုင်တွေဟာ သူတို့အစီအစဉ်ကိုပြောင်းခဲ့ပြီး နယ်စပ်နဲ့ အကွာအဝေးတူတူလောက်မှာ ခြံတိုင်တွေကို စတင်ဆောက်လုပ်ခဲ့တယ်။ သူတို့စိုက်တဲ့ခြံတိုင်တွေကတော့ ပုဇွန်ကန်တွေရဲ့ အလယ်တည့်တည့်မှာပဲဖြစ်တယ်။ လယ်လုပ်သားတွေဟာ ဒီပုဇွန်ကန်တွေအတွက် ငွေအမြောက်အမြား ရင်းနှီးထားခဲ့ရတယ်ဆိုတာကို သူတို့အလေးမထားခဲ့သလို လယ်သမားတွေ အကြွေးပင်လယ်ဝေရလိမ့်မယ်ဆိုတာကိုလည်း ဂရုမစိုက်ခဲ့ကြဘူး။ ကျမတို့ပုဇွန်ကန်တွေဟာ အတွင်းပိုင်းထဲမှာရှိတဲ့အတွက် ကျမတို့ကံကောင်းတယ်၊ မြေ ဒါမှမဟုတ်ပုဇွန်တွေကို ဆုံးရှုံးတော့မှာမဟုတ်ဘူးလို့ ထင်ခဲ့မိတယ်။ ဒါပေမဲ့လည်း ကျမတို့ရဲ့ကံက ကြာရှည်မခံခဲ့ပါဘူး။ ရုတ်တရက်ဆိုသလို အခြေအနေတွေက အဆိုးဘက်ကို ပြောင်းလဲကုန်တယ်။ ကျမတို့ပိုင်ဆိုင်သမျှ၊ ရွာမှာ ဘဝတလျှောက်လုံးစုဆောင်းရှာဖွေခဲ့သမျှ ဥစ္စာပစ္စည်းတွေ ဆုံးရှုံးသွားပြီးတဲ့နောက်မှာတော့ ဒုက္ခသည်ဘဝရောက်ခဲ့ရပါတော့တယ်။

၂၀၀၉ ခုနှစ် ဧပြီလလယ်လောက်မှာ စစ်သား ၁၅ ယောက် ကျမတို့ ပုဇွန်ကန်ဆီကိုရောက်လာခဲ့ပြီး ပိုင်ရှင်တွေဆီက ခွင့်လည်းမတောင်း၊ အကြောင်းလည်းမကြားဘဲနဲ့ ပုဇွန်နဲ့ တခြားငါးတွေကိုဖမ်းယူခဲ့တယ်။ အဲဒီလိုဖမ်းယူခဲ့ပေမယ့် ကျမအမျိုးသားနဲ့ တခြားရှယ်ယာဝင် ၁၁ ဦးတို့ဟာ ဘာတခွန်းမှမပြောနိုင်ခဲ့ဘူး။ စစ်သားတွေဟာ ပုဇွန်နဲ့ တခြားငါး ၇၅ ကီလိုလောက်ကို ယူပြီး ပြန်သွားခဲ့တယ်။ အဲဒီ ၇၅ ကီလိုဆိုတာ ၁ ကီလိုမှာ ကျပ် ၅၀၀၀ (သို့) ၆၀၀၀ လောက်တန်တဲ့အတွက် ကျမတို့အတွက်တော့ ဆုံးရှုံးမှုကြီးတခုပါပဲ။ ဒါဟာ တကြိမ်လောက်ပဲ ဖြစ်တာဖြစ်မှာပါလို့ ကျမတို့အမျိုးသားတွေက ထင်ခဲ့ကြတယ်။ နောက်တခါ ဒါမျိုးထပ်မလုပ်လောက်ဘူးလို့လည်း ထင်ခဲ့ကြတာပေါ့။

ဒါပေမဲ့ နောက်တရက်မှာလည်း ဒီစစ်သားတွေပဲ ကျမတို့ကန်ဆီပြန်လာပြီး တခါငါးပြန်ဖမ်းပြန်တယ်။ ဒီတကြိမ်မှာလည်း ကျမအမျိုးသားနဲ့ လုပ်ဖော်ကိုင်ဖက်တွေဟာ သူတို့ကို ဘာမှမပြောခဲ့ပါဘူး။ ပုဇွန်နဲ့ငါးတွေကို သူတို့ကြိုက်သလောက် စိတ်ကြိုက်ဖမ်းသွားခဲ့ကြတယ်။ ကီလို ၁၀၀ ကျော်လောက်ရှိနိုင်တယ်။

တရက်ကြာပြီးတဲ့နောက်မှာ ကျမတို့ကန်ဆီကို သူတို့ နောက်တခေါက် ထပ်လာပြန်တယ်။ ဒီတခါမှာတော့ စစ်သား ၂၅ ယောက်ဖြစ်ပြီး ဓါးကြီးတွေ၊ လောက်လေးခွနဲ့ ဆူးချွန်တွေအပြင် ပုဇွန်တွေငါးတွေသယ်ဖို့ ခြင်းကြီးကြီးနဲ့ အိတ်တွေလည်း ယူလာခဲ့ကြတယ်။ ဒီလို သူတို့ယူဆောင်လာတဲ့ပစ္စည်းတွေကိုကြည့်ရင် သူတို့ပြဿနာဖန်တီးချင်လို့ပဲဆိုတာ ပြနေတယ်။ ပြီးတော့ သူတို့ ငါးပုဇွန်တွေ စဖမ်းပါတော့တယ်။

စစ်သားတွေမှာ လက်နက်တွေလည်းပါလာတာဖြစ်လို့ ပြဿနာဖြစ်လာနိုင်တယ်လို့ထင်တဲ့အတွက်ကြောင့် ကျမတို့ယောကျ်ားတွေလည်း ဒီတကြိမ်မှာ ရွာထဲမှာရှိတဲ့ တခြားလူတွေကိုအကြောင်းကြားခဲ့တယ်။ ရွာသားတွေအားလုံး ပုဇွန်ကန်တွေဆီ ဦးတည်

ပြီးလာခဲ့တယ်။ ကန်ဆီကို လူအများအပြားလာနေတာကိုလည်းတွေ့ရော စစ်သားတွေဟာ ရွာသားတွေကို လေးခွနဲ့ စတင်ပစ်ခတ်ပြီး စော်စော်ကားကားအော်ဟစ်ပြောဆိုပါတယ်။ လေးခွနဲ့ပစ်လိုက်တဲ့ကျောက်ခဲက ခေါင်းကိုမှန်တဲ့အတွက် ရွာသားနှစ်ဦးဒဏ်ရာရခဲ့ပြီး မြေကြီးပေါ်လဲကျသွားခဲ့တယ်။ ဒီတော့ ရွာသားတွေစိတ်ဆိုးလာကြပြီး စစ်သားတွေကို ဝိုင်းထားလိုက်ကြတယ်။ စစ်သားနှစ်ယောက်ကလွဲလို့ အားလုံးထွက်ပြေးကုန်ကြတယ်။ ရွာလူထုကြီးက သူတို့ကိုဖမ်းပြီး သတိလစ်တဲ့အထိ ဝိုင်းရိုက်ခဲ့ကြတယ်။

ထွက်ပြေးသွားတဲ့စစ်သားတွေက လိတ်ရမှာရှိတဲ့ နစကတွေကို အကြောင်းကြားခဲ့တဲ့အတွက် လက်နက်ကိုင်နစက ၃၀ လောက် အခင်းဖြစ်ပွားရာကို အပြေးရောက်လာခဲ့တယ်။ နစကတွေက သေနတ်သုံးချက်မိုးပေါ်ထောင်ပစ်ခဲ့တယ်။ ရွာသားတွေလည်း လူအုပ်ခွဲလိုက်ကြတယ်။ နစကကလည်း သတိလစ်နေတဲ့ စစ်သားနှစ်ဦးကို ပြန်ခေါ်သွားခဲ့တယ်။

နစကရောက်လာပြီး သေနတ်ပစ်လိုက်လိုက်ချင်းပဲ ရွာသားတွေအားလုံး နီးစပ်ရာတောထဲကို ဝင်ရောက်ရှောင်ပြေးခဲ့တယ်။ စစ်သားနှစ်ယောက်သေသွားပြီလို့ သူတို့ထင်လိုက်ကြတယ်။ ရွာထဲမှာ အမျိုးသားတယောက်မှမကျန်တော့ဘူး။ အမျိုးသမီးတွေကလေးတွေ၊ ရွာသူကြီးနဲ့ နစကနဲ့နီးစပ်တဲ့ လူတချို့သာကျန်ခဲ့တယ်။ နစကအရာရှိက ရွာသူကြီးကိုခေါ်ပြီး ဒဏ်ရာရနေတဲ့စစ်သားနှစ်ယောက်ကို လိတ်ရမှာရှိတဲ့ သူတို့ရုံးဆီကို ပို့ဖို့အမိန့်ပေးခဲ့တယ်။ ရွာသူကြီးလည်း ချက်ချင်းပဲ သူ့မြေမှာအလုပ်လုပ်နေတဲ့ အလုပ်သမားခြောက်ယောက်ကိုခေါ်လိုက်ပြီး ဒဏ်ရာရစစ်သားနှစ်ဦးကို ပုခက်နှစ်ခုနဲ့ ထမ်းခေါ်စေခဲ့တယ်။

ဒဏ်ရာရစစ်သားနှစ်ဦးကို ပို့ပြီးတဲ့နောက်မှာတော့ နစကက ရွာထဲမှာရှိတဲ့အိမ်တိုင်းကို လိုက်လံစစ်ဆေးပါတော့တယ်။ ဒါပေမဲ့ အမျိုးသားတွေဆိုလို့ တစ်ယောက်ကိုမှ သူတို့ရှာမတွေ့ခဲ့ဘူး။ အမျိုးသမီးတချို့နဲ့ ကလေးတွေကိုပဲ သူတို့တွေ့ခဲ့တယ်။ အမျိုးသမီးငယ်တွေဟာလည်း တောထဲကိုထွက်ပြေးသွားခဲ့တယ်။ အမျိုးသားတွေကိုမတွေ့တော့ အမျိုးသမီးတွေကိုခေါ်ပြီး ရိုက်နှက်ပါတော့တယ်။ ကျမလည်း တခြားအမျိုးသမီးကိုးယောက်နဲ့အတူအဖမ်းခံခဲ့ရတယ်။ ကျမမှာ ကိုယ်ဝန်ငါးလရှိနေတဲ့အတွက် ကျမထွက်မပြေးနိုင်ခဲ့ဘူး။ တခြားအမျိုးသမီးတွေလည်း မထွက်ပြေးနိုင်ခဲ့တာက နစကတွေက ရွာထဲကိုဝင်လာတုန်းက သူတို့တွေရဲ့အိမ်ဘက်ကဝင်လာတဲ့အတွက်ဖြစ်ပါတယ်။

နစကလူတွေဟာ ကျမတို့ကို အကြင်နာတရားကင်းမဲ့စွာ ရိုက်နှက်ခဲ့ကြတယ်။ ကျမတို့ထဲကနှစ်ယောက်ဆို သူတို့တတောင်ဆစ်တွေကျိုးခဲ့ကြပြီး တယောက်ကတော့ သွားတွေကျိုးပဲ့ကုန်တယ်။ အခင်းဖြစ်တဲ့ပုဇွန်ကန်တွေဆီကို ကျမတို့ကိုဆွဲခေါ်သွားခဲ့တယ်။

ကျမတို့ယောကျ်ားတွေကိုပြန်ခေါ်ဖို့ နစကက အမိန့်ပေးတယ်။ သူတို့ဘယ်မှာ ရှိနေလဲဆိုတာ ကျမတို့မသိဘူးလို့ ပြန်ပြောခဲ့တယ်။ အဲလိုပြောတော့ ကျမတို့ကို လိမ်ညာ

နေတယ်ဆိုပြီးရိုက်ပြန်တယ်။ အဲဒီနောက် ကျမတို့ကို ပုဇွန်ကန်က ရေဆီရောက်အောင် သွားပြီး ကျမတို့ခေါင်းတွေကို ရေထဲအတင်းနှစ်ခိုင်းတယ်။ ကျမတို့ အသက်မအောင့်နိုင်တော့လို့ ခေါင်းတွေရေပေါ်ပြန်ပေါ်လာတယ်။ အဲဒီအချိန်မှာ ကျမတို့ကို ရှံ့နဲ့ပေါက်တဲ့အတွက် ခေါင်းတွေရေထဲချက်ချင်းပြန်နှစ်ခဲ့ရပြန်တယ်။ ကျမတို့ကို ရေနက်ထဲထိဆင်းပြီး ရေကူးဖို့လည်း အမိန့်ပေးတယ်။ မနက် ၁၀ နာရီကနေ ညနေ ၅ နာရီအထိ ၇ နာရီလောက် ကျမတို့အမျိုးသမီးတွေ ပုဇွန်ကန်ရေထဲမှာ နေခဲ့ရတယ်။ ကျမတို့ယောကျ်ားတွေတောထဲကပြန်ထွက်လာပြီး ကျမတို့ကို လာကယ်လေမလားဆိုပြီး နစကက စောင့်ကြည့်နေခဲ့တယ်။ အမျိုးသမီးတယောက်ဆိုရင် သူ့မှာ ၁ နှစ်ခွဲအရွယ်ကလေးပါတဲ့အတွက် ရေထဲမှာနေရတဲ့အချိန်အတောအတွင်းမှာ သူ့ကလေးကို ကျောမှာပိုးပြီးချီထားရတယ်။

နစကတွေဟာ အုပ်စုနှစ်ဖွဲ့ခွဲလိုက်တယ်။ တစုက ကျမတို့ကို နှိပ်စက်ဖို့ ပုဇွန်ကန်နားမှာကျန်ရစ်ခဲ့တယ်။ တစုကတော့ ရွာထဲကိုသွားပြီး အိမ်တွေက အဖိုးတန်ပစ္စည်းတွေ ပိုက်ဆံတွေကို လုယူဖို့သွားခဲ့ကြတယ်။

ညနေငါးနာရီလောက်အချိန်ရောက်တော့ လူငယ်နှစ်ယောက်ကို ရွာရတဖက်ခြမ်းမှာ နစကက ဖမ်းမိသွားခဲ့တယ်။ သူတို့ကို ပုဇွန်ကန်တွေဆီခေါ်လာခဲ့တယ်။ သူတို့ခြေထောက်တွေကို ကြိုးနဲ့ချည်ထားပြီး တိုင်တခုမှာ ဇောက်ထိုးဆွဲထားတယ်။ အဲဒီလူငယ်နှစ်ယောက်ကို ဖမ်းမိပြီးတဲ့အခါမှာ ကျမတို့ကို ရေထဲကထွက်လာခိုင်းပြီး နေဘက်လှည့်ပြီး တန်းစီဖို့ နစကက အမိန့်ပေးခဲ့တယ်။ နေကိုကြည့်နေဖို့ ကျမတို့ကို အမိန့်ပေးတယ်။ နေဝင်သွားတဲ့အထိ ကျမတို့ နေကိုကြည့်နေခဲ့ရတယ်။

အဲဒီနောက် ကျမတို့တင်ပါးတွေကို တုတ်နဲ့ရိုက်ပြီး ကျမတို့ကို အိမ်ပြန်ခိုင်းတယ်။ ကျမတို့ယောကျ်ားတွေကို မနက်ဖြန်မနက်မှာ မခေါ်လာနိုင်ဘူးဆိုရင် ကျမတို့ကို ဖမ်းမယ်၊ ထောင်ထဲထည့်မယ်လို့လည်း ခြိမ်းခြောက်ခဲ့တယ်။ ဖမ်းမိထားတဲ့ ကောင်လေးနှစ်ယောက်ကိုလည်း ကြိုးဖြေပေးလိုက်တယ်။ ဒါပေမဲ့ အိမ်ကိုတော့ ပေးမပြန်သေးဘူး။ သူတို့ကို သူတို့နဲ့အတူခေါ်သွားဖို့စီစဉ်ခဲ့ပေမယ့်လည်း နစကတွေ လှေပေါ်ကို တက်နေတဲ့အချိန်မှာပဲ ကောင်လေးနှစ်ယောက်လွတ်ပြီး တောထဲကို ထွက်ပြေးသွားခဲ့ပါတယ်။ နစကက သူတို့ကို လိုက်ဖမ်းဖို့ကြိုးစားပြီး ကျည်နှစ်တောင့်ပစ်လိုက်တယ်။ သူတို့မရပ်ဘဲ ဆက်ပြေးသွားတော့ လွတ်သွားခဲ့တယ်။

ညဘက်မှာ ရဲရှစ်ယောက် ရွာထဲရောက်လာပြီး အိမ်တွေမှာ လိုက်လံရှာဖွေပြန်တယ်။ ရွာထဲမှာ ကျန်နေခဲ့တာ ကျမတို့ အမျိုးသမီး ၁၀ ဦးပဲဖြစ်တော့ ကျမတို့ အလွန်ပဲကြောက်နေမိတယ်။ ဒါကြောင့် တခြားရွာသားတွေပုန်းနေတဲ့ တောင်ကုန်းတွေဆီကို ကျမတို့လည်းပဲ ထွက်ပြေးလာခဲ့ကြတယ်။

ပုဇွန်ကန်ရေထဲမှာ တနေကုန် ညှဉ်းပန်းနှိပ်စက်ခံရတာရယ်၊ ညဘက်ပြေးရတာတွေရယ်က ကျမနဲ့ မမွေးရသေးတဲ့ကျမကလေးကို အများကြီး ဆိုးကျိုးသက်ရောက်စေခဲ့ပါတယ်။ နောက်ဆုံးတော့ ကျမကလေးပျက်ကျခဲ့ရတယ်။ သွေးတွေသွန်တာလည်း မရပ်ဘူး။ ရွာသားတချို့က ကျမကိုကူညီပြီး ဆရာဝန်ရှိတဲ့တခြားရွာကိုပို့ပေးခဲ့တယ်။ ဆရာဝန်လည်း ကျမတို့ရွာမှာ ဘာတွေဖြစ်တယ်ဆိုတာသိတယ်၊ ပြီးတော့လည်း ကျမကိုစောင့်ရှောက်ဖို့အာမခံပေးခဲ့တယ်။။။ ကျမ အားပြန်ပြည့်လာနိုင်လောက်တဲ့ နောက်သုံးရက်လောက်ထိ ကျမကိုကုသပေးပြီး နေစရာလည်းပေးခဲ့တယ်။ ကျမကလေးတွေကတော့ တခြားရွာသားတွေနဲ့အတူ တောင်ကုန်းကပုန်းတဲ့နေရာမှာ ကျန်နေခဲ့တယ်။

ကျမတို့ထွက်သွားပြီးတဲ့နောက်မှာတော့ ရဲတွေ ရွာမှာ ကြာကြာမနေသွားဘူးလို့ ကျမသူငယ်ချင်းက ကျမကို ပြောပြခဲ့တယ်။ သူတို့ထွက်သွားသွားချင်းပဲ ပုန်းနေတဲ့အမျိုးသမီးတွေ ပြန်လာခဲ့တယ်။ ဒါပေမဲ့ နောက်မနက်မှာ ရဲနဲ့ နစကတွေ အိမ်တိုင်းကို စစ်ဖို့ပြန်လာခဲ့တယ်။ အမျိုးသားတွေကို သူတို့ရှာမတွေ့တော့ အမျိုးသမီးနဲ့ ကလေးတွေကို အိမ်ထဲကထွက်လာဖို့အမိန့်ပေးတယ်။ အမျိုးသမီးအများစုက ထွက်လာဖို့ ငြင်းဆိုတဲ့အတွက် နစကနဲ့ရဲတွေ သူတို့ကို အိမ်ထဲကဆွဲထုတ်လာပြီး သူတို့အိမ်တံခါးတွေကို သစ်သားနဲ့ကပ်ရိုက်ထားလိုက်တယ်။ ဒီတော့ ဘယ်သူမှ အိမ်ထဲပြန်ဝင်လို့မရတော့ဘူး။ အမျိုးသမီးတွေကို သူတို့ကလေးတွေအတွက် အဝတ်တို့ ထမင်းအိုးတို့စတာတွေယူဖို့ ခွင့်မပြုခဲ့ဘူး။ အိမ်တွေကို ပိတ်ထားခဲ့ပြီး သူတို့ယောကျ်ားတွေ ပြန်ခေါ်လာမှသာ အိမ်ထဲပြန်ဝင်ခွင့်ပြုမယ်လို့ သတိပေးတယ်။

ကျမလမ်းပြန်လျှောက်နိုင်တဲ့အချိန် သုံးရက်လောက်ကြာမှ ကျမရွာကို ပြန်လာခဲ့တယ်။ ကျမအိမ်တံခါးမှာ ကပ်ရိုက်ထားတဲ့သစ်ပြားကို ခွာလိုက်ပြီး ကျမကလေးအင်္ကျီနဲ့ ချက်ပြုတ်စရာအိုးခွက်တွေကို ယူခဲ့တယ်။ နောက်ပြီး ရွာသားတွေပုန်းနေတဲ့ တောင်ကုန်းတွေဆီ ပြန်လာပုန်းနေခဲ့တယ်။ တောထဲမှာ ၂၁ ရက်လောက် ကျမတို့နေခဲ့ရတယ်။ ရွာထဲမှာ ရဲ ဒါမှမဟုတ် နစကတွေမရှိဘူးလို့သိတဲ့အခါမှာ ရွာထဲကို တိတ်တိတ်လေးပြန်ဝင်သွားပြီး ချက်ပြုတ်စားဖို့ ဆန်နဲ့ စားစရာတွေသွားယူခဲ့တယ်။

အဲဒီအချိန်မှာက ကျမတို့ယောကျ်ားတွေ ဘင်္ဂလားဒေ့ရှ်ကို ထွက်သွားနှင့်နေပြီ။ ကျမတို့က တောထဲမှာကျန်နေပြီး အခြေအနေတွေ ငြိမ်သက်သွားတဲ့အခါ ကျမတို့ရွာဆီ လုံလုံခြုံခြုံနဲ့ ပြန်နိုင်မလားဆိုပြီး စောင့်ကြည့်နေခဲ့ကြတာ။ သုံးပတ်လောက်ကြာပြီးတဲ့နောက်မှာ ရွာသူကြီးက နစကဟာ အမျိုးသမီးနဲ့ကလေးတွေ တောထဲမှာ ပုန်းနေတာသိတယ်၊ မထွက်လာရင် သူတို့မီးရှို့ကြလိမ့်မယ်လို့ ကျမတို့ကိုသတိပေးခဲ့တယ်။ ပြီးတော့ ပုန်းတဲ့တောင်ကုန်းကနေ ထွက်သွားဖို့လည်းအကြံပေးခဲ့တယ်။

ဒီလို သတိပေးချက်ရပြီးနောက်မှာ ကျမတို့ ဘင်္ဂလားဒေ့ရှ်ကိုထွက်ပြေးဖို့ ဆုံးဖြတ်ခဲ့တယ်။ ကျမတို့ဟာ ဘင်္ဂလားဒေ့ရှ်မှာရှိတဲ့ ကျမတို့ ယောက်ျားတွေနဲ့ ဖုန်းဆက်အသွယ်ရှိကြတဲ့အတွက် အခြေအနေတွေအားလုံးကိုလည်း သူတို့ဆီ မပြတ်အကြောင်းကြားခဲ့တယ်။ အဲဒီအခါမှာ အားလုံးကိုစွန့်ပြီး ဘင်္ဂလားဒေ့ရှ်ကိုထွက်ပြေးလာဖို့ ကျမတို့ ယောက်ျားတွေကပြောခဲ့တယ်။

ကျမတို့ကလေးနဲ့ အမျိုးသမီးတွေ အုပ်စုလေးတွေအများကြီးဖွဲ့ပြီး နယ်စပ်ကိုဖြတ်ခဲ့တယ်။ ဒါမှသာ နစကက ကျမတို့အားလုံးကို မဖမ်းမိမှာလေ။ တောထဲမှာ ၂၂ ရက်နေခဲ့ရပြီးတဲ့နောက် ကျမနဲ့ ကျမကလေးတွေရယ်၊ ပြီးတော့ တခြားမိသားစု ခြောက်စုလောက်ဟာ နက်ဖ်မြစ်ကမ်းကို ညဘက်ရောက်သွားခဲ့တယ်။ တံငါသည်တချို့ကို ငါးဖမ်းလှေ၊ ပိုက်တွေနဲ့အတူ ကျမတို့တွေ့တယ်။ ကျမတို့ရွာက အဖြစ်အပျက်တွေကို သူတို့သိတဲ့အတွက် ပိုက်ဆံမပေးရဘဲ မြစ်ကိုဖြတ်ပြီး ဘင်္ဂလားဒေ့ရှ်ကိုသွားဖို့ သူတို့ကူညီပေးခဲ့တယ်။ ကျမတို့ မြစ်ကိုမဖြတ်ခင် ကျမတို့အမျိုးသားတွေကို ဖုန်းဆက်ခေါ်ထားတဲ့အတွက် သူတို့လာကြိုခဲ့တယ်။

ကျမတို့ ရွာနဲ့အဆက်အသွယ်လုပ်ထားတဲ့အတွက် ကျမတို့ အိမ်တွေပိတ်ထားခံရတုန်းပဲဆိုတာ သိခဲ့ရတယ်။ အာဏာပိုင်တွေဟာ လူ ၁၅၀ လောက်ကို အမှုဖွင့်ထားပြီး ဖမ်းမိန့်ထုတ်ပြန်ထားတယ်လို့လည်း သိရတယ်။ ခြောက်ယောက်ကတော့ အဖမ်းခံရပြီးပြီ။ ကျမတို့ရွာမှာ မိသားစုပေါင်း ၂၅၀ လောက်ရှိပြီးတော့ အခုတော့ မိသားစု ၁၅၀ လောက်က အမှုရင်ဆိုင်နေရပါတယ်။

မိသားစု ၇၆ စုဟာ ကုတုပလောင်ယာယီစခန်းရဲ့ ဒီဘက်ခြမ်းမှာလာနေခဲ့ကြတယ်။ ကျန်တဲ့သူတွေကတော့ နောက်တခြမ်းမှာနေတယ်။ တချို့လည်း တခြားနေရာတွေမှာ သူတို့ဆွေမျိုးတွေနဲ့နေကြတယ်။ ဒီယာယီစခန်းမှာ ကျမတို့ခိုလှုံခဲ့ကြတာက ဒီနေရာက ကျမတို့ရွာနဲ့နီးတယ်။ ပြီးတော့ ကျမတို့မှာ တခြားမှာအိမ်ငှားနေဖို့ ပိုက်ဆံမရှိဘူး။ တရားဝင်စခန်းနဲ့လည်း နီးတယ်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးကလည်း ကူညီပေးပါတယ်။

နိုင်ငံခြားမှာ ဆွေမျိုးရှိတဲ့ ချမ်းသာတဲ့ရွာသားတွေ ဒါမှမဟုတ် ဘင်္ဂလားဒေ့ရှ်မှာ အဆက်အသွယ်ရှိတဲ့ စီးပွားရေးသမားတွေကတော့ ကော့ဇ်ဘဇာမှာ အိမ်ငှားနေကြတယ်။ ကျမယောက်ျားကလည်း တခြားသူတွေဆီမှာ အလုပ်မလုပ်ခဲ့ဖူးတော့ ဒီမှာလည်း ဘာအဆက်အသွယ်မှမရှိဘူး။ သူဟာ လယ်သမားတယောက်ပဲဖြစ်ခဲ့တယ်။ အခုလည်း နေ့စားအလုပ်ရဖို့ရှာနေတယ်။ ကျမတို့ဘဝဟာလည်း မသေချာမရေရာဖြစ်နေပါတယ်။ ကျမတို့ ရွာမှာနေဖို့ကြိုးစားခဲ့တယ်။ တိုက်ခိုက်ခံရတဲ့ ရွာသားနှစ်ယောက် ပြန်သက်သာလာတယ်ဆိုတာသိပြီးတဲ့နောက် ကျမတို့အတွက် အန္တရာယ်မရှိတော့ဘူးလို့ ကျမတို့ ထင်ခဲ့

တယ်။ ဒါပေမဲ့ ဖမ်းဝရမ်းရှိနေတဲ့အတွက်ကြောင့် အဲဒီကထွက်ပြေးဖို့မှတပါး ကျမတို့မှာ အခြားရွေးစရာမရှိခဲ့ဘူး။ ကျမတို့ဘဝတွေ နောက်ဘာဆက်ဖြစ်လာဦးမလဲဆိုတာလည်း ကျမတို့ မသိပါဘူး။ ■

ဆိုးဝါးသောဖြစ်ရပ်များဖြစ်ပြီးနောက် မောင်တောမြို့နယ် သဲချောင်းရွာမှ ထွက်ပြေးလာခဲ့သော လူ ၁၀ ဦးအုပ်စုမှ ရိုဟင်ဂျာအမျိုးသမီးတဦးနှင့် တွေ့ဆုံမေးမြန်းပြီး ရေးသားထားသော ဆောင်းပါးဖြစ်သည်။ ထိုတွေ့ဆုံမေးမြန်းချက်ကို ၂၀၀၉ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် ကုတုပလောင်ယာယီစခန်းတွင် ပြုလုပ်ခဲ့သည်။ ဤဖြစ်ရပ်ဆောင်းပါးကို The Arakan Project မှ ၁၀၊ ၁၂၊ ၂၀၀၉ တွင် ALTSEAN-BURMA သို့ ပေးပို့ခဲ့သည်။

ကျမဘာဝတိုက်ပွဲအတွေ့ အကြုံ

နေခြည်

ကျမတို့နေတဲ့ ရွာကလေးမှာ အိမ်လေးသုံးလေးအိမ်နဲ့ မထင်ရှားပေမယ့်လည်း ကျမတို့ငယ်ငယ်လေးကတည်းက ကျမတို့ အမိုးနဲ့အပါးက ရွာတရွာလို့ခေါ်ခဲ့ကြပါတယ်။ တကယ်တော့ ကျမရဲ့ မိုးမိုးက ဒီရွာကမဟုတ်ဘူးတဲ့။ ဒါဆိုရင် ဘယ်ရွာကလဲ။ ကျမလည်း ကျမမိုးမိုးရွာကိုတော့သိချင်တယ်လေ။ မိုးမိုးပြောပြချက်အရ မိုးမိုးက တခြားရွာကတဲ့။ ကျမပါပါးနဲ့ အိမ်ထောင်ကျမှ ဒီနေရာကိုလာနေရတာတဲ့။ ကျမ ဒီနေရာကိုသိပ်မုန်းတာပဲ။ အိမ်ကလည်း အားလုံးပေါင်းမှလေးအိမ်ဘဲရှိတာ။ လူတွေကလည်း အားလုံးမှ အယောက်နှစ်ဆယ်တောင်မပြည့်ဘူး။ သစ်ပင်တွေက ကျမတို့ရွာတခုလုံးကို ပိန်းထူအောင် ကာရံထားပါတယ်။ မနက်ဆိုလည်း မနက်လို့မထင်ရဘဲ အလင်းရောင်သိပ်မရသလို ညပိုင်းရောက်တော့ မှောင်မည်းပြီးပိုဆိုးတာပေါ့။

ခြင်တွေ၊ ဖြုတ်တွေဆို ပေါမှပေါ။ ဒါကို မိုးမိုးက ဒီရွာမှာ နေချင်တယ်တဲ့။ ပါပါးကို သိပ်ချစ်တဲ့ မိုးမိုးကတော့ နေချင်မှာပေါ့လေ။ ကျမကတော့ ဒီရွာကို စိတ်ကုန်လှပါပြီ။ ရွာမှာရှိတဲ့လူတွေက ညဖက်ဆိုရင် ရွာထဲမှာ မအိပ်ကြဘူး။ မိုးကာတွေ၊ စောင်တွေယူပြီးတော့ တောထဲမှာ သွားအိပ်ကြတယ်။ ကျမဘယ်လိုလုပ် သွားအိပ်ချင်မှာလဲ။ ကိုယ့်အိမ်ရှိလျက်နဲ့ မအိပ်ရတဲ့ ဘဝကို ကျမလည်း မလိုလားသလို ကျမသူငယ်ချင်းတွေကလည်း လိုလားလိမ့်မယ်လို့မထင်ပါဘူး။ ဘာလို့အပြင်မှာ သွားအိပ်ရသလဲလို့ မိုးမိုးကိုမေးတော့ – အော် ဖိုးမူရယ်၊ မိုးမိုးတို့ရွာက သူများရွာတွေလို မဟုတ်ဘူးလေ။ ရန်သူလာရင် ပြေးရမှာဘဲမဟုတ်ဘူးလား။ ပြေးရရုံတင်မကဘူး၊ သူတို့လာရင် မိုးမိုးတို့အကုန်လုံးကို သေနတ်နဲ့ ပစ်သတ်မှာ၊ တယောက်ကိုမှ ညှာမှာမဟုတ်ဘူး။ အဲဒါကြောင့် လုံခြုံတဲ့နေရာကို သွားအိပ်ရတာပေါ့။ မိုးမိုးလည်း ဘယ်အိပ်ချင်မှာဘဲ။ သူတို့ကိုကြောက်လို့တော့ မဟုတ်ပါဘူး။ မိုးမိုးတို့မှာ ပြန်ခုခံနိုင်မယ့် လက်နက်ဆိုတာလည်း မရှိဘူး။ ဘာဆိုဘာမှ ရှိတာမဟုတ်ဘူးလေ။ အဲဒါကြောင့်ပါ။ တနေ့ကျရင် ဖိုးမူနားလည်လာမှာပါတဲ့။ မိုးမိုးပြောဆိုသမျှကိုဘဲ နားထောင်နေရတော့တယ်။ တကယ်တော့ ကျမအသက်အရွယ်နဲ့ဆိုရင် ဘာမှမသိ၊ နားမလည်ပေမယ့်လည်း ရှင်းပြရင်တော့ အားလုံးကို နားလည်ပါတယ်။ အဲဒီအချိန် ကျမအသက် (၈) နှစ်အရွယ်လေးဘဲရှိသေးတာကိုး။

နောက်ထပ် ကျမ အများကြီးကျော်ဖြတ်ရဦးမှာပါလားလို့ တွေးမိတယ်။ မိုးမိုးပြောပြချက်အရ ကျမမောင်လေး (၁) နှစ်သားအရွယ်မှာ ကျမရဲ့ ပါပါးက ဆုံးသွားတာတဲ့။ ကျမက (၈) နှစ် သမီးအရွယ်ဆိုပေမယ့်လည်း ကျမရဲ့ ပါပါးကို သိပ်မမြင်မတွေ့ခဲ့ရပါဘူး။ အကြောင်းကတော့ ကျမရဲ့ပါပါးက အမြဲတမ်း ရှေ့တန်းသွားနေတာတဲ့။ သြော် ကျမရဲ့

ပါပါးက တကယ်တော့ နိုင်ငံ့တာဝန်ကို တစိတ်တဒေသက ထမ်းရွက်နေတာဘဲလို့တွေးပြီး ဝမ်းသာမိတယ်။ မိုးမိုးပြောပြချက်အရ ပါပါးဟာ ရန်သူ့လက်ချက်နဲ့ ဆုံးသွားတာတဲ့။ ဖြစ်မှ ဖြစ်ရလေ ပါပါးရယ်။ တရက်မှာ ပါပါးဟာ အိမ်ကို ပြန်လာရင်း မိသားစုနဲ့ ပျော်နေတဲ့နေ့လေးတစ်နေ့မှာပေါ့။ အဲဒီနေ့လေးဟာ ကျမတို့ရဲ့ မိသားစုအသိုက်အမြုံကို ဖျက်သိမ်းလိုက်သလိုပါပဲ။ ကံဆိုး၊ မိုးမှောင်ကျတဲ့နေ့ပဲလို့ ကျမ ခံယူလိုက်ပါတယ်။

ကျမရဲ့ တစ်ဦးတည်းသော မောင်လေးဟာ ပါပါးပြန်လာတဲ့နေ့မှ ငှက်ဖျားနဲ့ အိပ်ယာထဲမှာ ခွေခွေလေး ဖျားနေတာက စတာပါဘဲ။ ပါပါးက သူ့သားလေးဖျားနေတာကို မကြည့်ရက်တဲ့အတွက် မိုးမိုးကို ဆူတော့တာပဲ။ သိတဲ့အတိုင်းပဲ ဒီအိမ်လေး သုံးလေးအိမ်ရှိတဲ့ရွာမှာ ဘယ်လိုလုပ် ဆေးဝါးအပြည့်အစုံရှိမှာလဲ။ အိမ်နီးချင်းအိမ်တွေဆီမှာ လိုက်တောင်းတော့လဲ သူတို့ဆီမှာ မရှိတော့ဘူးတဲ့။ မနေ့ကမှ ကုန်သွားတယ်လို့ ပြောလိုက်တော့ ပါပါးဟာ စိတ်မကောင်းစွာနဲ့ အိမ်ကို ပြန်လာတော့တာပဲ။ မိုးမိုးကတော့ တောရဲ့ ဓလေ့ထုံးတမ်းအစဉ်အလာအရ အရွက်တွေကို ထောင်းပြီးတိုက်တယ်။ ဒါပေမဲ့ ကျမရဲ့ မောင်လေးဟာ အခြေအနေထူးခြားမှု ရှိမလာပါဘူး။

အိမ်နီးနားချင်းတွေကလည်း လာပြီးတော့ ကြည့်ပေးကြတယ်။ သူတို့အပြောအရ ဒီနေ့မှ ဆေးမသောက်ရရင် အခြေအနေ ဆိုးလာနိုင်တယ်တဲ့။ ဒါကြောင့်မို့ အပါးဟာ တခြားမှာ ဆေးကိုရအောင် ရှာချင်နေတယ်လေ။ မိုးမိုးကိုမေးတော့ မိုးမိုးက ဟိုဘက်က ရွာမှာတော့ ရှိတယ်တဲ့။ မိုးမိုးက ဆက်ပြီး ‘ဒါပေမဲ့ မိုးချုပ်နေပြီး ဘယ်လိုလုပ်မလဲ။ အခုသွားမှ ရှင်မနက်စောစော ပြန်ရောက်လာမှာ။ မသွားပါနဲ့၊ ဒီဆေးတွေနဲ့ တိုက်ကြည့်ပါဦးမယ်။ ရွာရဲ့အခြေအနေကလည်းမကောင်းဘူး။ ရန်သူရှိတယ်လို့ ပြောသံတွေ မနေ့ကကြားနေရတယ်။ သူတို့ဘယ်တော့ ရောက်လာမလဲဆိုတာ ကျမတို့မသိဘူး။ တိုးတိုးတိတ်တိတ်နေကြရအောင်’လို့ ပြောပါတယ်။

ဒါပေမဲ့ ပါပါးဟာ သားကိုချစ်တဲ့ဇောနဲ့ မရရတဲ့နည်းနဲ့ ဆေးကိုရှာချင်တယ် လေ။ ဒါနဲ့ မိုးမိုးဆီမှာ ခါတ်မီးတောင်းပြီး ထွက်သွားတော့တာပါပဲ။ ဘယ်ကိုထွက်သွားလဲဆိုတာကိုတော့ မိုးမိုးကို ပြောမသွားပါဘူး။ မိုးမိုးမသိအောင် သွားတယ်။ မိုးမိုးသိရင် သူ့ကို မလွှတ်မှာစိုးသတဲ့။ ဒီလိုနဲ့ ပါပါးဟာ သူ့သားလေးကျန်းမာဖို့အတွက် သောက်ရမယ့်ဆေးကို ရအောင်ယူမယ်ဆိုပြီး တခြားရွာဘက်ကို ခြေဦးလှည့်ထွက်ခွာသွားပါတယ်။ အဲ့ဒီရွာဟာ ကျမတို့ရွာနဲ့ အဝေးကြီးပါ။ ဒါပေမဲ့ ရဲဘော်တွေရဲ့ ခြေလှမ်းနဲ့တော့ နာရီပိုင်းပဲ လျှောက်ရပါတယ်။ မိုးမိုးကတော့ သူ့သားကို ကုရင်းနဲ့ ပါပါးအတွက် စိုးရိမ်နေတာပဲ။ မိုးမိုးဟာ မအိပ်မနေပဲ ပါပါးကို ပြန်လာနိုး၊ ပြန်လာနိုးနဲ့ မျှော်နေခဲ့တယ်။ ဒါပေမဲ့ ပါပါးဟာ အချိန်အတန်ကြာတဲ့အထိ ပေါ်မလာခဲ့ပါဘူး။ အဲဒီအချိန် ပါပါးထွက်သွားတဲ့ရွာဘက်က သေနတ်သံတွေကို အဆက်မပြတ်ကြားနေရတယ်။

ကျမတို့ရွာမှာရှိတဲ့ ရွာသူရွာသားတွေလည်း အထုပ်ဆွဲပြီး တောထဲကို ပြေးတော့တာပါပဲ။ မှတ်မှတ်ရရ မိုးမိုးက ကျမကို သမီးလေး မိုးမိုးလက်ကို ကိုင်ထားနော် မလွှတ်စေနဲ့ ကြားလားဆိုပြီး သူ့လက်ကို ကျမကိုမြဲမြဲစွာ ကိုင်စေခဲ့တယ်။ မိုးမိုးဟာ ကျမကို အထုပ်တခုပေးပြီး သူ့သားငယ်ကိုချီလျှက် တောထဲကို ဝင်ပြေးရတော့တာပဲ။ ကျမလည်း မိုးမိုးတို့ပြေးတော့ ငိုပြီးလိုက်ပြေးသွားတယ်။ မိုးမိုးက ‘မငိုပါနဲ့သမီးရယ်။ မောင်လေးနိုးနေဦးမယ်။ သမီးမောင်လေးကနေမကောင်းဘူးမဟုတ်လား။ သမီးငိုရင် သမီးမောင်လေးနိုးမှာပေါ့’ လို့ ပြောတော့ ကျမလည်း မောင်လေးနိုးရင် ငိုမှာစိုးလို့ မငိုတော့ပဲ နေလိုက်ရတယ်။ အဲဒီအချိန် မိုးမိုးမှာ ပူပန်သောက မြောက်မြားစွာနဲ့ တောထဲမှာ ပုန်းနေရတော့တယ်။ မိုးမိုးက အိမ်နီးနားချင်းတွေကို ပြောတာ ကျမကြားတယ်။ ပါပါးအတွက် သူစိုးရိမ်တယ်တဲ့။ ပြန်လည်းမလာသေးဘူးတဲ့။

မိုးမိုးဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းတောင်မစဉ်းစားတတ်တော့ပါဘူးတဲ့။ အပါးအတွက် စိုးရိမ်ရတာတမျိုး၊ မောင်လေးကျန်းမာရေးမကောင်းတာက တဖုံ၊ တောထဲစစ်ပြေးရတာကလည်း တမျိုးဆိုတော့ မိုးမိုးဟာ ရူးမတတ်အောင် ခံစားရတယ်။ တောထဲကို ရောက်တော့လည်း တိတ်ဆိတ်စွာနဲ့ပဲ တောရဲ့အကာအကွယ်ကို ယူရတယ်။ ဖြုတ်တွေကလည်းကိုက်၊ ပြေးတုန်းက ဆူးနင်းမိမှန်းမသိသော်လည်း နားတဲ့အချိန်ရောက်လာတော့ ခြေထောက်နာလာတာကို ခံစားရတယ်။ မိုးမိုးကိုပြောပြတော့ မိုးမိုးက စကားမပြောရဘူး ငြိမ်ငြိမ်နေတဲ့။ ကျမလည်း ကြောက်လွန်းလို့ ဘာမှကို မပြောရဲတော့ဘဲ တိတ်တိတ်လေးထိုင်နေလိုက်ပါတယ်။

ပါပါးပြန်လာမယ်ဆိုတာကို ကျမမိုးမိုး မျှော်လင့်သလို ကျမလည်း ပါပါးကို စောင့်မျှော်နေမိပါတယ်။ အဲ့ဒီနေ့ညက ကျမတို့မိသားစု တောထဲက ချုံပုတ်လေးထဲမှာ အိပ်ခဲ့ရတာကို ကျမအခုထိ မှတ်မိနေတုန်းပါပဲ။ မနက်လည်းလင်းရော ကိုယ့်အိမ်ကိုယ်ပြန်မရဲသေးတဲ့ ကျမတို့ရွာသူ၊ ရွာသားတွေရဲ့အဖြစ်ဟာ ဘယ်လောက်များ ကြေကွဲစရာကောင်းသလဲ။ ဒါပေမဲ့ ဦးလေးတယောက်ကို ရန်သူတွေရှိသေးလားဆိုတာကို ပြန်စုံစမ်းခိုင်းတယ်။ ပြီးမှ ကျမတို့ရွာထဲကို အားလုံးအတူတူ ပြန်လာကြတယ်။ အိမ်ရောက်တော့ ရန်သူတွေမွှေထားတာ ရစရာတခုမှ မရှိတော့ပါဘူး။ ဒါပေမဲ့ တောထဲမှာ ဖွက်ထားတဲ့ဆန်လေးတွေကို ထောင်းပြီး တစ်မနက်စာကို ရှိတာလေးနဲ့ ကျမတို့မိသားစု စားသောက်ခဲ့ရတယ်။ ဘာဘဲဖြစ်ဖြစ် ကျမကတော့ ပါပါး ဘယ်တော့ပြန်လာမလဲဆိုတာကို မျှော်နေဆဲပါပဲ။

ကျမ ပါပါး ပြန်မလာတာကြာလို့ မိုးမိုးကို သွားမေးတော့ မိုးမိုးက ကျမကိုဖက်ပြီး ငိုတော့တာပဲ။ မိုးမိုးက ဖိုးမူရယ်၊ ဖိုးမူ ပါပါးက ရန်သူသတ်လို့ သေသွားပြီတဲ့။ အဲ့ဒီအချိန်တုန်းက ကျမငိုရမှာကိုလည်း မသိသေးပါဘူး။ မိုးမိုး ငိုနေတာကိုမြင်လို့ ကျမ မျက်ရည်ကျပြီး ငိုခဲ့ရတာကို သတိရနေတုန်းပါပဲ။ ပါပါးမရှိတော့တဲ့နောက်ပိုင်း မိုးမိုးဟာ ကျမတို့မောင်နှမကို ရှာကျွေးခဲ့ရပါတယ်။ ရာသီ၊ နှစ်၊ လတွေပြောင်းလို့ ကျမလည်း ကျောင်းနေလို့ရတဲ့အရွယ်

ရောက်တော့ မိုးမိုးက ကျမကို ကျောင်းတက်စေဖို့ တခြားရွာကို ပြောင်းရွှေ့ခဲ့ပါတယ်။ အဲဒီရွာမှာလည်း ကျောင်းက လေးတန်းအထိဘဲရှိတာပါ။ ကျမတို့ရွာထက်တော့ နည်းနည်းကြီးတာပေါ့။

ဒါပေမဲ့လည်း အဲဒီရွာမှာ ရန်သူလာရင် ကာကွယ်ဖို့အတွက် ကျောင်းအောက်၊ အိမ်အောက်တွေမှာ ကတုတ်ကျင်းတွေတူးထားတာကို ကျမတွေ့မြင်သိခဲ့ရတယ်။ သြော် သူတို့ရွာလည်း ငါတို့ရွာလိုဘဲ ရန်သူကြောက်ရတာပဲလို့ ကျမတွေးမိတယ်။ ကျောင်းစသွားတဲ့အချိန်မှာ ကျမ ကျောင်းသွားရတာကို မုန်းတယ်။ ဒါပေမဲ့ မိုးမိုးက ကျမကို အမျိုးမျိုးချော့မော့ဖြေသိမ့်ခဲ့တယ်။ တကယ်လို့ ကျမကြီးလာပြီး ပညာမတတ်ရင် ကျမကို သူများခိုင်းတာလုပ်ရမယ်တဲ့။ သမီးလုပ်ချင်သလားတဲ့။ ကျမလည်း မလုပ်ချင်ဘူးလို့ ပြန်ဖြေတာပေါ့။ နောက်ပြီး သမီးရဲ့ပါပါးကို ချစ်သလားတဲ့။ ကျမ ပါပါးကို ချစ်တာသိလျက်နဲ့ မိုးမိုးက ကျမကို တမင်မေးခဲ့တာ။ ချစ်တာပေါ့လို့ ပြန်ဖြေခဲ့တယ်။ မိုးမိုးက – အေး သမီး သူများခိုင်းတာ မလုပ်ချင်ရင်၊ ပါပါးကိုချစ်ရင် ကျောင်းတက်နော်။ စာကြိုးစားရမယ်တဲ့။ ကျမလည်း အဲဒီနေ့ကစပြီး ကျောင်းကောင်းကောင်းတက်ခဲ့ပါတယ်။ ကျမ မိုးမိုးပို့ပေးတဲ့ ရွာမှာဘဲ လေးတန်းအထိ အောင်မြင်စွာဖြေဆိုခဲ့တယ်။ အဲဒီနောက်မှာတော့ မိုးမိုးဟာ ကျမပညာဆက်လက်သင်ယူနိုင်ဖို့အတွက် ကျမအနာဂတ်ကိုကြည့်ပြီး ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းတခုကို ပို့ပေးခဲ့ပါတယ်။

ကျမလည်း ပညာဆက်လက်သင်ယူနိုင်ဖို့အတွက် ထိုင်းနိုင်ငံမှာရှိတဲ့ ဒုက္ခသည်စခန်းကို ၂၀၀၁ ခုနှစ်မှာ ရောက်လာခဲ့ပါတယ်။ ကျမပညာသင်ယူနေတဲ့အချိန်မှာ ရွာမှာကျန်ခဲ့တဲ့ ကျမမောင်လေးနဲ့ ကျမမိုးမိုးကို နေ့တိုင်းသတိရလွန်းလို့ မျက်ရည်ကျခဲ့ရတဲ့ ညတွေလည်း ရှိခဲ့ပါတယ်။ ဒါပေမဲ့ မိုးမိုးဟာ ကျမမျက်နှာငယ်မှာစိုးလို့ ကျမအတွက် မုန့်ဖိုးကို စာအိတ်ထဲထည့်ပြီး လူကြုံနဲ့ ပို့ပေးလိုက်တဲ့အခါမှာတော့ ကျမ အလွန်လည်း ဝမ်းသာမိပြီး၊ အလွန်လည်း ဝမ်းနည်းမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျမမိသားစုရဲ့ အခြေအနေကို ကျမသိလို့ပဲလေ။ ဒါပေမဲ့ ကျမစိတ်ထဲမှာတော့ ကျမမိုးမိုးဖြစ်စေချင်တဲ့ ဆန္ဒကို ဖြည့်ဆည်းပေးပြီး စာတွေကြိုးစားမယ်လို့ ဆုံးဖြတ်ချက်ချမိပါတော့တယ်။ ■

စာရေးသူနေခြည်ကို ပြည်တွင်းစစ်ဖြစ်ပွားရာ ကရင်ပြည်နယ်အတွင်း မွေးဖွားခဲ့ပါသည်။ သူမသည် အထက်တန်းပညာကို မယ်လအူး ဒုက္ခသည်စခန်းရှိ ရောင်နီဦးအထက်တန်းကျောင်း၌ ပညာသင်ကြားခဲ့သည်။ ယခုလက်ရှိတွင် ပြင်ပသတင်းဌာနတခု၌ အလုပ်သင်အဖြစ် တာဝန်ထမ်းဆောင်လျှက်ရှိပါသည်။

မမေ့နိုင်တဲ့ ဘဝပုံရိပ်

ရှား

ကျမနေခဲ့ဖူးတဲ့ရွာ၊ မွေးရပ်ဇာတိရွာနဲ့ မေ့လို့မရတဲ့ ငယ်စဉ်ဘဝတုန်းက အဖြစ်အပျက်တွေကို စာဖတ်ပရိသတ်များကို ပြောပြချင်ပါတယ်။ နေရာဒေသ၊ ရပ်ရွာ၊ ကိုယ်ကြုံတွေ့ဖြတ်သန်းနေရတဲ့ဘဝတွေ တူချင်မှတူပါလိမ့်မယ်။ ဒါပေမဲ့ အခြေအနေအမျိုးမျိုးကြောင့် ခက်ခဲတဲ့ဘဝကို ဖြတ်သန်းခဲ့ရတဲ့ ကျမရဲ့ဘဝအစိတ်အပိုင်းလေးတွေကို မျှဝေချင်ပါတယ်။ ငယ်ငယ်တုန်းက ပူပန်မှုကင်းတဲ့ ကလေးဘဝကို ဒဏ်ရာဒဏ်ချက်တွေနဲ့ ထိခိုက်နစ်နာစေခဲ့တာကို အပြစ်မရှိသလိုဘဲ လစ်လျူရှုနေတဲ့ နအဖစစ်အစိုးရအကြောင်း ကျမ သိလိုက်ရတော့ အရမ်းမုန်းခဲ့ပါတယ်။

ကျမ ကျောင်းသူဘဝတုန်းက သူငယ်ချင်းတွေနဲ့ ကျောင်းအတူတက်ပြီး အတူတူသွားလာခဲ့ကြတယ်။ တစ်ရက်မှာတော့ မနက်စောစော ကျောင်းကွင်းမှာ သွားကစားနေတဲ့အချိန်မှာ နအဖက စစ်ကျောထိုးခဲ့တယ်။ အဝေးရောက်နေတဲ့ ကျောင်းသူ၊ ကျောင်းသားတွေအပါဝင် ကျောင်းသူ၊ ကျောင်းသားတွေအားလုံးနဲ့ ရွာသားတွေအားလုံး တောထဲထွက်ပြေးကုန်ကြတယ်။ နာရီဝက်လောက်ကြာခဲ့ပါတယ်။ ရွာကနေ ဝေးဝေးကိုထွက်ပြေးခဲ့ရတယ်။ ချောင်းထဲဖြတ်ရတဲ့အခါ ဒဏ်ရာရခဲ့ပေမယ့်လည်း နာကျင်မှုတွေ၊ ဒဏ်ရာတွေကို အဲဒီအချိန်က ကျမ မသိတော့ဘူး။ မျက်စိမှိတ်ပြီးပြေးလိုက်သလို ခံစားလိုက်ရပါတယ်။ အဲဒီအချိန်ဟာ အင်မတန်မှ ကြောက်စရာကောင်းပါတယ်။ ဘာဖြစ်လို့လည်းဆိုရင် နအဖစစ်တပ်တွေက သူတို့ဘာတွေစိတ်တိုလာမှန်းမသိပါဘူး။ ရွာထဲကိုဝင်လာပြီး လူတွေ၊ တိရိစ္ဆာန်တွေကို ဘာကြောင့် သေနတ်နဲ့လိုက်ပစ်လဲဆိုတာလည်း ကျမတို့မသိပါဘူး။ လူတွေ အိမ်ရှင်တွေအားလုံး အိမ်ပေါ်ကနေ အိမ်အောက်ကိုအကုန်ဆင်းပေးရပြီး သူတို့က အိမ်မှာ ရှိတဲ့ပစ္စည်းတွေ အကုန်မွှေနှောက်ရှာဖွေပါတယ်။ ရွာထဲကပစ္စည်းတွေ၊ အိမ်ပေါ်မှာရှိသင့်တဲ့ အရာတွေအားလုံးဟာ မြေကြီးပေါ်မှာ ပြန့်ကျဲသွားခဲ့ပါတယ်။ အိမ်ထဲဝင်ပြီးရှိသမျှ ပစ္စည်းဥစ္စာတွေ သယ်ယူသွားခဲ့သလို သယ်မရတဲ့ပစ္စည်းဆိုရင်တော့ လွှင့်ပစ်ပြီး ဖျက်ဆီးပစ်ခဲ့ပါတယ်။ ကျမတို့ရွာက လမ်းတွေ၊ ခြံထဲတွေမှာလည်း မိုင်းတွေတချို့ထောင်ထားတာလည်း ရှိပါတယ်။ ကျမရဲ့သူငယ်ချင်းတစ်ယောက်ဆိုရင် သူ့ပစ္စည်းလိုက်ရှာရင်းနဲ့ မိုင်းထိပြီး ဒုက္ခိတဘဝရောက်ခဲ့ပါတယ်။ နောက်ပြီး စစ်သားတွေဟာ သေနတ်ကျည်ဆံတွေကို ကောင်းကောင်းမသိမ်းထားတဲ့အတွက် မသိတဲ့ကလေးတွေက ကစားခဲ့ကြပါတယ်။ ဒါဟာ သူတို့အတွက် အန္တရာယ်အလွန်များပါတယ်။ နအဖစစ်တပ်ဟာ ယောကျ်ားတွေ့ရင် ဖမ်း၊ မိန်းကလေးတွေ့ရင်တော့ သူပုန်အကြောင်း မေးမြန်းစစ်ဆေးမှုတွေလုပ်ခဲ့ပါတယ်။

တကယ်တမ်း တွေးကြည့်ရင် သူတို့ရဲ့လုပ်ရပ်တွေအားလုံးဟာ ခေါ်ပြတိုက်တဲ့ပုံစံမျိုးပါပဲ။ အဲဒီနအဖစစ်ကျောထိုးတဲ့အချိန်တုန်းက ကျမအမေက အရမ်းဖျားနေတော့ သူများတွေလို အိမ်အောက်မဆင်းနိုင်ဖြစ်ခဲ့တယ်။ ကံကောင်းချင်တော့ ကျမအမေဘာမှမဖြစ်ခဲ့ပါဘူး။ ဒါပေမဲ့ ကျမတို့မောင်နှမတွေ ကျောင်းကနေ အိမ်ပြန်ရောက်နေကျအချိန်ရောက်နေတော့ အမေက စိတ်ပူနေခဲ့ပါတယ်။ ကျမတို့မိသားစုက အဲဒီအချိန်အခိုက်အတန့်လေးမှာ တကွဲတပြားဖြစ်ခဲ့ပေမယ့်လည်း ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့် ပြန်လည်ဆုံစည်းနိုင်ခဲ့ပါတယ်။ ဒီဆိုးဝါးတဲ့အဖြစ်အပျက်တွေကို ကျမရင်ထဲမှာ မေ့ဖို့ကြိုးစားခဲ့ပေမယ့်လည်း မမေ့နိုင်ခဲ့ပါဘူး။ ဒီလိုအတွေ့အကြုံတွေဟာ ကျမအတွက် အရမ်းကို ဆိုးဝါးရက်စက်လွန်းပါတယ်။ စာဖတ်သူတွေအနေနဲ့ ဒီလိုမျိုး ဆင်တူတဲ့ အတွေ့အကြုံတွေ၊ အခက်အခဲအကြပ်အတည်းတွေနဲ့ရင်ဆိုင်ခဲ့ရမယ်ဆိုရင် အဲဒီလို ခံစားမှုတွေ၊ စိတ်ဖိစီးမှုတွေကနေ လွတ်မြောက်မယ့်နည်းလမ်းကို ရှာဖွေဖို့ ကျမအနေနဲ့ အကြံပြုချင်ပါတယ်။ ကျမအတွက်ကတော့ အခုလို ကျမမေ့လို့မရနိုင်တဲ့ ငယ်စဉ်ဘဝက ဘဝဒဏ်ရာတွေကို စာဖတ်သူတွေဆီကို ဖလှယ်ရတဲ့အတွက် ကျမစိတ်ထဲမှာ ပေါ့သွားပါတယ်။ စာဖတ်သူတွေအနေနဲ့လည်း ကိုယ့်မှာရှိတဲ့ စိတ်ဒဏ်ရာတွေ၊ နာကျင်မှုတွေရှိခဲ့ရင် အဲဒီကနေ လွတ်မြောက်စေမယ့်နည်းလမ်းကို ရှာနိုင်လိမ့်မယ်လို့လည်း ကျမ မျှော်လင့်ပါတယ်။ ■

အရည်အချင်းနဲ့ အဆင့်အတန်း

အေးပိုး

မိသားစုစားဝတ်နေရေးကြောင့် ကျမဆယ်တန်းဖြေပြီးတဲ့နောက် တခြားသူငယ်ချင်းလေးယောက်နဲ့အတူ ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့မှာ အလုပ်ရှာဖို့သွားခဲ့ကြတယ်။ အဲဒီကိုရောက်ပြီး တစ်လအတွင်းမှာပဲ ကျမတို့အလုပ်ရကြတယ်။ သူငယ်ချင်း (၅) ယောက်ထဲမှာ ကျမနဲ့ တဝမ်းကွဲညီမလေးက အသက်အငယ်ဆုံးပါပဲ။ ကျန်တဲ့အစ်မသုံးယောက်က အသက် ၂၀ နှင့် ၂၅ နှစ်ကြားမှာရှိကြတယ်။ အသက်အကြီးဆုံး အစ်မနှစ်ယောက်က တခြားအလုပ်လုပ်ပြီး ကျန်တဲ့ကျမတို့သုံးယောက်က လမ်းမဘေးမှာ ဆိုင်ခန်းတစ်ခန်းငှားပြီး ကာရာအိုကေသီချင်းဆိုင်ဖွင့်ပါတယ်။ အဲဒီတုန်းက ကွတ်ခိုင်မှာ ကာရာအိုကေ သီချင်းဆိုတာ တအားခေတ်စားတယ်လေ။ ကျမတို့က ရွာကလွဲပြီး တခြားနေရာမှာ အလုပ်လုပ်တာ ဒီတကြိမ်ပထမဆုံးပါ။ ကျမတို့တွေအလုပ်ရတော့ အရမ်းပျော်ကြတယ်။

ကွတ်ခိုင်မြို့က တိုင်းရင်းသားပေါင်းစုံနေထိုင်တဲ့ မြို့လေးတမြို့ပါ။ အများသုံး ဘာသာစကားကတော့ ဗမာစကားပဲဖြစ်ပါတယ်။ ဒါပေမဲ့ ကာရာအိုကေဆိုင်ဖွင့်တဲ့ ကျမတို့က ဗမာစကားကို ရေရေလည်လည်မပြောတတ်ဘူး။ ကျမဆို ပိုဆိုးတာပေါ့။ ကျမက ငယ်ငယ်ကတည်းက တောင်ပေါ်မှာပဲကြီးပြင်းလာခဲ့တာလေ။ ကျောင်းလည်း ဆယ်တန်းအထိ ရွာမှာပဲတက်ခဲ့တယ်။ ကျောင်းမှာကလည်း သူငယ်ချင်းတွေရော၊ ဆရာ/ဆရာမတွေရော ဗမာစကားကို သိပ်မပြောကြဘူး။ တော်တော်များများက တအာင်း (ပလောင်) တွေပဲများတော့ တအာင်းစကားပဲ ပြောကြတာများတယ်လေ။ အဲဒီတုန်းကဆိုရင် ကျမက ဗမာစကားပြောဖို့မပြောနဲ့ ကိုယ့်ဘာသာစကားကိုတောင် လူနှစ်ယောက်အထက်ပိုပြီဆိုရင် ပါးစပ်ဟရဲတာမဟုတ်ဘူး။ သူများပြောတာကိုပဲ နားထောင်လေ့ရှိတယ်။ တချို့သူငယ်ချင်းတွေဆိုရင် ကျမကိုမေးတတ်ကြတယ်။ "နင့်မှာစကားပြောဖို့ ပါးစပ်မပါဘူးလားတဲ့"။ တခါတလေ ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်ကြည့်တော့လည်း သူတို့ပြောသလိုမှန်နေတာပါပဲ။ အမှန်တကယ်ပြောရမယ်ဆိုရင် ကျမ ကွတ်ခိုင်မှာဆိုင်ဖွင့်မှပဲ စကားများများပြောရဲလာအောင် ကြိုးစားရတော့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆိုင်ဖွင့်မှတော့ လူအများနဲ့စကားပြောရတော့မယ်၊ ပြောရဲဆိုရဲရှိရတော့မယ်လေ။

ဆိုင်စဖွင့်တုန်းကတော့ မဆိုးပါဘူး။ နှစ်လအတွင်းမှာ ဆိုင်ခန်းငှားခအပြင်တလကို ပိုက်ဆံတစ်သောင်း၊ နှစ်သောင်းစုမိတယ်။ ဒါပေမဲ့ နအဖစစ်သားဆီက စာတစ်စောင်ရပြီး ပြဿနာကတက်တော့တာပဲ။ အရင်ကလို ပိုက်ဆံမစုနိုင်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ စစ်တပ်ကအရာရှိတစ်ဦးနဲ့ သူ့တပည့်နှစ်ယောက်က ကျမတို့ဆိုင်ခန်းရှေ့မှာ ကားရပ်ပြီး ကျမတို့ဆီမှာ စာတစ်စောင်လာပေးသွားတယ်။ ပြီးတော့ ပြောသွားသေးတယ်။

စာဖတ်ပြီးမေးစရာရှိရင် မနက်ဖြန်ပဲမေး၊ မနက်ဖြန် ကျွန်တော်တို့နှစ်ယောက် ဒီဆိုင်ကိုလာခဲ့မယ်တဲ့။ သူတို့က မထင်မှတ်ပဲရောက်ချလာတော့ ကျမတို့လည်း ကြောက်ကြောက်နဲ့ သူတို့ပေးတဲ့စာကိုယူလိုက်တယ်။ သူတို့ထွက်သွားပြီးမှ ကျမတို့ စာကိုဝိုင်းဖတ်ကြတယ်။ သူတို့ပေးသွားတဲ့စာထဲမှာ ရေးထားတာက *"ဒီဆိုင်က (အပေါ်စက်၊ အောက်စက်အပါအဝင် လိုအပ်တဲ့ပစ္စည်းကိရိယာ) စက်ပစ္စည်းကို တပ်မှာသုံးဖို့ တပ်မှူးများက ဆွေးနွေးထားပါတယ်။ စက်ပစ္စည်းတွေကို စိတ်မချဘူး၊ တစ်ခုခုဖြစ်သွားမှာကြောက်ရင် ဆိုင်ရှင်ဖြစ်တဲ့ညီမလေးတို့ကိုယ်တိုင် စက်ပစ္စည်းတွေထိန်းပေးရင်းနဲ့ တပ်ကသင်္ကြန်ပွဲကို ပါဝင်ဆင်နွှဲဖို့ ဖိတ်ခေါ်ပါတယ်"*တဲ့။ စာဖတ်ပြီး ကျမတို့ ၅ ယောက်လုံး နားမလည်နိုင်ဘူးဖြစ်နေတယ်။ ငှားဖို့ပြောတာလား ဒါမှမဟုတ် အလကားသုံးဖို့ပြောတာလားဆိုတာ ကျမတို့ ရှင်းရှင်းလင်းလင်းမသိဘူးလေ။

နောက်နေ့ညနေပိုင်း စစ်သားနှစ်ယောက် ပြန်ရောက်လာတဲ့အချိန်မှ သူတို့ကို ပြန်မေးကြည့်ရတယ်။ "စစ်တပ်က ကျမတို့စက်ပစ္စည်းတွေသုံးဖို့ဆိုတာက ငှားဖို့လား"လို့ အစ်မကြီးကမေးလိုက်တော့ သူတို့ပြောတာက "ကျွန်တော်တို့ကြားရသလောက်က ငှားဖို့မဟုတ်ဘူးထင်တယ် ချောဆွဲတဲ့သဘောပါ"တဲ့။ အစ်မက အဲလိုကြားရတော့ ဒေါသထွက်သွားတယ်။ ပြီးတော့ အဲဒီစစ်သားနှစ်ယောက်ကို သူပဲဒိုင်ခံပြီးပြောတော့တယ်။ "ကျမတို့ စက်ပစ္စည်းတွေကို တပ်ထဲမှာသုံးရင် ကျမတို့ဘာလုပ်ကြရတော့မှာလဲ၊ ဘာနဲ့စားရတော့မှာလဲ။ ဒီလအတွက် ဆိုင်ခန်းငှားခက ဘာနဲ့ပေးရမှာလဲ"လို့ စပြီး မေးခွန်းတွေအများကြီးမေးတော့တယ်။ အစ်မမေးခွန်းတွေမေးပြီးမှပဲ သူတို့နှစ်ယောက်က "အစ်မတို့ရဲ့ အခက်အခဲတွေကို ကျွန်တော်တို့ဗိုလ်ကြီးဆီ သေချာပြောပြပေးပါ့မယ်။ သိပ်မကြာစေရပါဘူး၊ နောက်နှစ်ရက်လောက်ဆိုရင် ပြန်အကြောင်းကြားပါ့မယ်"လို့ ပြောသွားတယ်။

နောက်နေ့လည်းရောက်ရော အဲဒီစစ်သားနှစ်ယောက် ပြန်လာပြောပြတယ်။ "ဗိုလ်ကြီးတို့က တစ်ရက်ကို (၅၀၀၀) ကျပ်ပဲပေးမယ်။ (၅၀၀၀) ကျပ်အထက် မပေးနိုင်ဘူးလို့ သူ့တို့က ဆွေးနွေးပြီးသားဖြစ်နေပြီ။ ခင်ဗျားတို့ အဲဒီစက်ပစ္စည်းတွေ ပေးမသုံးဘူးဆိုရင် ခင်ဗျားတို့ဆိုင် ခဏတော့ အပိတ်ခံရလိမ့်မယ်"တဲ့။ ဒီလိုဆိုတော့ စစ်တပ်ကို အဲဒီစက်ပစ္စည်းတွေ ပေးမသုံးဘူးဆိုရင် ကျမတို့ဆိုင်ကို ပြဿနာတစ်ခုခုရှာမလားဆိုတာ ကြောက်နေရသေးတယ်။ နောက်ဆုံးတော့ ကျမတို့ အဲဒီ ကျပ်ငွေ ၅၀၀၀ ထောင်နဲ့ပဲ သဘောတူလိုက်ရတယ်။ ပစ္စည်းလည်းပေးသုံးရတယ်၊ ပြီးရင် ကျမတို့ကိုယ်တိုင်လည်း ၅ ရက်လုံးလုံး နေ့ရောညပါသွားစောင့်ရတယ်။ အဲမှာ ၅ ရက်လုံးလုံးသွားရတော့ ဝင်ငွေရဖို့အတွက် ကျန်တဲ့အလုပ်မလုပ်နိုင်တော့ဘူး။

၅ ရက်အတွင်းမှာတော့ သူတို့ထမင်းကျွေးတယ်။ အဲဒီဗိုလ်မှူးကြီးအိမ်မှာပဲ သွားစားကြရတယ်။ ထမင်းစားရင်း စကားပြောရင်း သူနဲ့နည်းနည်းရင်းနှီးသွားကြတယ်။ ဗိုလ်မှူးကြီးက အသက် ၄၀ နဲ့ ၅၀ ဝန်းကျင်လောက်ရှိနေပြီ။ သူက သူ့မိသားစုအကြောင်းတွေ

ကျမတို့ကိုပြောပြတယ်။ ကလေးဘယ်နှစ်ယောက်ရှိလဲ၊ မိန်းမကဘယ်မှာနေလဲ၊ ဘာအလုပ်လုပ်လဲဆိုတာတွေ အကုန်ပြောပြတယ်လေ။ ကျမတို့လည်း သူ့ကိုယုံကြတယ်။ သင်္ကြန်ပွဲလည်းပြီးရော သူတို့နဲ့ သဘောတူထားတဲ့အတိုင်း ပိုက်ဆံသွားတောင်းတယ်။ တစ်ရက်ကို ၅၀၀၀ ထောင်၊ ၅ ရက်ဆိုတော့ ၂၅၀၀၀ ရမယ်ပေါ့လေ။ ဒါပေမဲ့ သူတို့က ၆၀၀၀ ထောင်ပဲ ပေးပြီး ကျန်တဲ့ ၁၉၀၀၀ ကိုတော့ မပေးပဲ ဟိုလွှဲဒီလွှဲလုပ်နေတယ်။ ဗိုလ်မှူးကြီးဆီသွားမေးတော့ ဒုရဲအုပ်ဆီသွားတောင်းခိုင်းတယ်။ ရဲအုပ်ဆီသွားမေးပြန်တော့လည်း ကျွန်တော်နဲ့မဆိုင်ဘူးလို့ပြောတယ်။ ဟိုသွားတောင်းလည်းမရ၊ ဒီသွားတောင်းလည်းမရဖြစ်နေတော့ ကျမတို့လည်း ပါးစပ်အညောင်းခံပြီး သွားမမေးတော့ပဲ အရှုံးခံလိုက်ရတယ်။

ဆိုင်ပြန်ဖွင့်တဲ့အချိန်မှာ သူတို့နဲ့ ဘာစကားမှမပြောပဲနေလိုက်တယ်။ ပိုက်ဆံကိစ္စလည်း ဘာမှမမေးတော့ဘူး။ သူတို့က အာဏာရှိတယ်ဆိုပြီး လူတွေကိုနှိမ်တယ်၊ ခြိမ်းခြောက်တယ်။ အဲဒါတင်မကဘူး၊ ဆိုင်မှာ မကြာခဏဆိုသလို အမြဲတမ်းလာပြီး ကျမတို့ကိုနောက်လိုက် ပြောင်လိုက်နဲ့ အနှောက်အယှက်ပေးတယ်။ ကိုယ့်ရာထူးနဲ့ ကိုယ့်အသက်နဲ့ မတန်အောင်ပြောတယ်။ သူတို့တွေ မကြာခဏလာတော့ တခြားလူငယ်တွေဆိုင်မှာ သီချင်းလာမဆိုရဲတော့ဘူး။ လူငယ်တွေလာရင် လူငယ်တွေနဲ့ပြဿနာရှာတယ်လေ။ သူတို့တွေ အဲဒီလိုလုပ်တော့ ကျမတို့ဆိုင်က မိတ်ပျက်လာတယ်။ တဖြည်းဖြည်းနဲ့ ကျမတို့ဆိုင်က စစ်သားတွေ၊ ရဲတွေ၊ ထောက်လှမ်းရေးတွေအတွက် ဖွင့်ထားတဲ့ဆိုင်လိုဖြစ်လာတယ်။ ဝင်ငွေနည်းနည်းပဲရတော့ ဆိုင်ခန်းမပေးနိုင်တော့ဘူး။ နောက်ဆုံးတော့ ကျမတို့ ဆိုင်ပိတ်လိုက်တယ်။

အဲဒါတွေဖြစ်ပြီးနောက်ပိုင်း ကျမစဉ်းစားမိလာတာကတော့ **“အရည်အချင်းနဲ့ အဆင့်အတန်း”** ဆိုတာပါပဲ။ ကျမ ကွက်ခိုင်မှာလူအများကြီးတွေ့တယ်။ စစ်သား၊ အရာရှိ၊ ပညာတတ်တွေပဲ။ လူတော်တော်များများက စစ်သားတွေ၊ အရာရှိ၊ ပညာတတ်တွေကို အဆင့်အတန်းရှိရှိနေပြီး ပြည်သူတွေကိုကာကွယ်မယ်၊ ကိုယ်လုပ်ရမယ့်တာဝန် ဆောင်ရွက်ကြမယ် (ဒါမှမဟုတ်) လိုက်နာကြမယ်လို့ ယူဆကြတယ်။ ကျမလည်း အဲလိုပဲယူဆပါတယ်။ ဒါပေမဲ့ ကျမအတွေ့အကြုံအရဆိုရင် အဲဒီ စစ်သား၊ ပညာတတ်၊ အရာရှိတွေဟာ အကယ်၍ သူတို့က မရိုးသားပဲ အလွဲသုံးစားလုပ်တယ် (ဒါမှမဟုတ်) သူတစ်ပါးကို မလေးစားဘူးဆိုရင် အရည်အချင်းရှိဖို့ အဆင့်အတန်းကလျော့ကျလာတယ်။ လူတွေက သူတို့ကို ယုံကြည်မှုနည်းပြီး လေးစားမှုနည်းမယ်။ ဥပမာ ကျမတို့ဆိုင်မှာလာတဲ့ စစ်သားတို့ ရဲတို့တွေလိုပေါ့။ သူတို့က ကိုယ်လုပ်ရမယ့်တာဝန်ကို ထမ်းဆောင်ပြီး ပြည်သူကိုကာကွယ်ရမယ်လေ။ သူတို့သာ အဆင့်အတန်းရှိပြီး အရည်အချင်းနဲ့ အလုပ်လုပ်မယ်ဆိုရင် ပြည်သူတွေက သူတို့ကိုယုံကြည်ပြီးလေးစားကြမှာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် အကယ်၍ သူတို့က ကိုယ့်ကို မလေးစားပဲ ခြိမ်းခြောက်ပြီး အလွဲသုံးစာလုပ်တယ်၊ လိမ်ညာတယ်ဆိုရင် သူတို့ကို ဘယ်လို

လေးစားမှာလဲ။ ဒါတွေနဲ့ပတ်သက်ပြီးတော့ရော ကျမတို့ ဘာလုပ်နိုင်မှာလဲ။ သူတို့မှာ သေနတ်တွေရှိတော့ အာဏာရှိကြတယ်။

ဒီပြဿနာဖြစ်လာတဲ့အကြောင်းအရာကိုကြည့်မယ်ဆိုရင် ကျမအတွက် မေးခွန်း မေးစရာဖြစ်လာတယ်။ “ဘာကြောင့်လူတွေက ဘဝရဲ့ အရည်အချင်းပိုမြင့်လာအောင် ဘာလို့အဆင့်အတန်းနဲ့တန်အောင်မနေကြတာလဲ”ဆိုတဲ့မေးခွန်းပါပဲ။ ■

စာရေးသူသည် ပြည်ပ၌နေထိုင်လျက်ရှိပြီး မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေးအတွက်လှုပ်ရှားနေသော အဖွဲ့အစည်းတခုဖြစ်သည့် တအောင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံးမှ အဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။

ဆန္ဒမပါသော ရွေးချယ်မှု

လမင်းလေး

ကျမကတော့ ရှမ်းအမျိုးသမီးတစ်ဦးပါ။ မြန်မာနိုင်ငံသူတစ်ယောက်ပေါ့။ ကျမအသက် (၂၀) ရှိပါပြီ။ ကျမဟာ ကျမရဲ့နိုင်ငံ၊ ကျမရဲ့လူမျိုး၊ ကျမရဲ့ဘာသာတရားနဲ့အတူ ကျမတို့နိုင်ငံမှာ တစ်မြေထဲနေတစ်ရေထဲသောက်နေတဲ့ တိုင်းရင်းသားလူမျိုးတိုင်းကို ကျမချစ်တယ်၊ မြတ်နိုး တယ်၊ သံယောဇဉ်ကြီးတယ်။ ဒါပေမဲ့ အခုလောလောဆယ်မှာတော့ ကျမချစ်တဲ့နိုင်ငံ၊ ကျမ ချစ်တဲ့ ကျမရဲ့မိသားစုတွေနဲ့ တစ်မြေထဲမှာမနေရဘဲ သူတစ်ပါးရဲ့နိုင်ငံမှာနေနေရတယ်။ တိုင်း တပါးနိုင်ငံမှာတော့ ကျမဟာ မြန်မာနိုင်ငံကပါလို့ မပြောချင်လောက် အောင်ရှက်မိပါတယ်။ ကျမဒီလိုပြောလိုက်လို့ ကျမကို အပြစ်တင်ရှုံ့ချချင်သူတွေ ရှိကောင်းရှိမယ်ဆိုတာ ကျမသိပါ တယ်။ ရင်ထဲမှာရှိတဲ့ခံစားချက်အတိုင်းပြောရမယ်ဆိုရင် ကျမလည်း အမိမြေကို ဂုဏ်ယူဝင့် ကြွားစွာနဲ့ပြောချင်တာပေါ့။ ဒါပေမဲ့ လက်တွေ့မှာတော့ ကျမတို့ နိုင်ငံမှာရှိတဲ့အာဏာရှင် တွေဟာ သူတို့ကိုယ်ကျိုးအတွက်သာကြည့်ပြီး ပြည်သူတွေ ဘယ်လိုဒုက္ခရောက်နေလဲဆို တာတွေကို မကြည့်ပေးတဲ့အတွက် ကျမတို့မြန်မာနိုင်ငံက လူတော်တော်များများဟာ သူများနိုင်ငံမှာ မိသားစုဝမ်းစာရေးအတွက် ဒုက္ခပေါင်းများစွာနဲ့ ရင်ဆိုင်နေကြရပါတယ်။ ကိုယ့်နိုင်ငံမှာလုပ်ကိုင်စားသောက်ဖို့အလုပ်မရှိတဲ့အတွက် သူများနိုင်ငံမှာ လာလုပ်စားနေ ကြရတဲ့ဘဝပါ။ ဒီလိုတိုင်းတပါးမှာ လာရောက်လုပ်စားရတဲ့အတွက် တခြားနိုင်ငံသားတွေရဲ့ နှိမ့်ချပြောဆိုဆက်ဆံတာတွေကိုလည်း ကျမတို့နိုင်ငံသားတွေခံနေရပါတယ်။ ဒါကြောင့် သူ များနိုင်ငံကိုရောက်ရင် ကျမဟာမြန်မာနိုင်ငံကပါလို့ မပြောရဲတော့လောက်အောင်ရှက်မိ ပါတယ်။

ကျမကိုယ်တိုင် ကြုံတွေ့ခံစားခဲ့ရတဲ့ အဖြစ်အပျက်တစ်ခုကို ပြောပြချင်ပါတယ်။ ကျမဟာရှမ်းပြည်နယ်တောင်ပိုင်း ရွာငယ်လေးတစ်ရွာမှာနေထိုင်ပြီး အစ်မတွေနဲ့ ကုန်စုံဆိုင် လေးတစ်ဆိုင်ဖွင့်ထားကာ ဘဝကို ပျော်ရွှင်စွာနဲ့ဖြတ်သန်းခဲ့တာပါ။ ကျမရဲ့ မိဘနှစ်ပါးလုံး မရှိတော့ပါဘူး။ အစ်မတွေရဲ့လက်ထဲမှာပဲ ကြီးပြင်းခဲ့ရတာပါ။ ဒီလိုနဲ့ ကျမအသက် (၁၆) နှစ်မှာပဲ ကျမတို့ရွာမှာ အစည်းဝေးတစ်ခုလုပ်ပါတယ်။ အစည်းဝေးလုပ်ရတဲ့အကြောင်းရင်း ကတော့ အသက် (၁၆) နှစ်ပြည့်ပြီးတဲ့ ဘယ်မိန်းကလေး၊ ဘယ်ယောကျ်ားလေးမဆို နိုင်ငံ တော်ကဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတစ်ခုခုမှာ ပါဝင်ရမယ်လို့ပြောပါတယ်။ မပါဝင်ဘူးဆို ရင်တော့ ဒဏ်ခတ်မယ်လို့ပြောပါတယ်။ သူတို့ဖွဲ့စည်းထားတဲ့ အသင်းအဖွဲ့ ၄ ခုရှိပါတယ်။ အဲဒါတွေကတော့ အမျိုးသမီးရေးရာအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနဲ့ ကြက်ခြေနီအသင်းတွေပဲဖြစ်ပါတယ်။ ကျမရင်ထဲမှာရှိတဲ့ အတိုင်းပြောရရင် ဘယ်အသင်းအဖွဲ့ကိုမှ ကျမ မဝင်ချင်ဘူး။ စိတ်လည်းမဝင်စားဘူး။ ဒါပေမဲ့

ကျမစိတ်ဆန္ဒအတိုင်းဖြစ်မလာပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ကျမကို ရွာသူကြီးက ကြံ့ခိုင်ရေးအသင်းမှာ အတင်းအဓမ္မဝင်ခိုင်းလို့ပါပဲ။ ဒီလိုနဲ့ပဲ ကျမလည်း သူတို့ဖွဲ့စည်းထားတဲ့ အသင်းမှာ အသင်းဝင်တစ်ယောက်ဖြစ်သွားပါတယ်။ အသင်းဝင်ဖြစ်ပြီး တစ်နှစ်ကျော်ကျော် လောက်မှာပဲ ကျမတို့ကို သင်တန်းတစ်ခုသွားတက်ရမယ်လို့ပြောလာပါတယ်။ ကိုယ်မလုပ်ချင်တဲ့၊ စိတ်မပါတဲ့အလုပ်တစ်ခုကိုလုပ်နေရရင် ဘယ်သူက စိတ်ချမ်းသာနိုင်မှာလဲ။ အာဏာရှင်တွေဟာ အာဏာရှိတိုင်း သူတို့ကိုမလွန်ဆန်နိုင်တဲ့ ပြည်သူတွေအပေါ် သူတို့ဖြစ်ချင်တဲ့ အတိုင်း လုပ်ခိုင်းနေတာကိုကြည့်ပြီး ကျမစိတ်ထဲမှာလည်း မခံချင်မှုတွေ တိတ်တိတ်ကလေး ခိုအောင်းနေခဲ့ရတယ်။ ၂၃ ရက်၊ ၃ လပိုင်း ၂၀၀၇ မှာ ကျမတို့အသင်းဝင်တွေ (၁၁) ယောက်တို့ဟာ တောင်ကြီးမှာ သင်တန်းသွားတက်ရပါတယ်။ သင်တန်းလာတက်တဲ့အသင်းဝင်တွေအားလုံးပေါင်း (၄၀၀) ကျော်ကျော်လောက်ရှိပါတယ်။ အဲဒီမှာ ကျမတို့ အခန်း တစ်ခန်းကို သုံးယောက်အိပ်ရပါတယ်။ ကျမသူငယ်ချင်းနဲ့လည်းအခန်းကွဲသွားပြီး တစ်ခြား မြို့နယ်တွေကလာတဲ့ မိန်းကလေးတွေနဲ့အတူတူ အိပ်ရပါတယ်။

ကျမတို့ရောက်ပြီး နောက်တစ်ရက်မှာပဲ သင်တန်းစတက်ရပါတယ်။ အဲဒီမှာသင်တန်းပေးတဲ့ ဆရာ၊ ဆရာမတွေ (၁၆) ယောက်ရှိပါတယ်။ သူတို့က စည်းမျဉ်းစည်းကမ်းတွေ ပြောပြတယ်။ နောက်ပြီးတော့ စည်းကမ်းတွေကိုလည်း လိုက်နာကြဖို့ပြောပါတယ်။ သူတို့ရဲ့ စည်းမျဉ်းစည်းကမ်းတွေ ကြားရပြီးကတည်းက ကျမဆို အိမ်ကိုပြေးပြန်ချင်တဲ့စိတ်တွေ ပေါက်လာပါတယ်။ ခိုးပြန်ဖို့လည်း စိတ်ထဲစဉ်းစားမိပါတယ်။ ဒါပေမဲ့ ပြန်လို့လည်းမရတော့ သူတို့ခိုင်းတဲ့အတိုင်း လုပ်ရတော့မှာပေါ့။ မနက်ဆို လေးနာရီကတည်းက ထရပါတယ်။ ပြီးတော့ငါးနာရီမှာတန်းစီရတယ်။ ပြီးတော့ ငါးနာရီခွဲမှာ လမ်းပေါ်ထွက်ပြီးပြေးရပါတယ်။ ပြေးရုံတစ်မျိုးတည်းမဟုတ်ပါဘူး။ နှုတ်ကလည်း သူတို့အော်ခိုင်းတဲ့အတိုင်း အော်ရပါသေး တယ်။ ပြေးပြီးပြန်လာရင် မနက်စာစားရတယ်။ သူတို့ကျွေးတဲ့ထမင်းကလည်း မျိုမကျနိုင် အောင်ကြမ်းလွန်းပါတယ်။ ထမင်းစားပြီးတာနဲ့ စစ်သားတွေနဲ့ စစ်ရေးပြလုပ်ရပါတယ်။ နေပူထဲမှာ (၁၂) နာရီအထိ မနားတမ်း စစ်သားတွေလို လေ့ကျင့်ရပါတယ်။ ပထမဆုံးရက်ကတော့ခံနိုင်ရည်ရှိတာပေါ့။ ရက်တွေကြာလာတဲ့အမျှ ကျမတို့တတွေဟာ ခံနိုင်ရည် မရှိတော့ ပါဘူး။ မူးလဲတဲ့လူလည်းမူး၊ တစ်ချို့လည်းငိုယိုပြီး ကျမလိုပဲ အိမ်ပြန်ချင်တဲ့လူတွေလည်း ရှိပါတယ်။ လုပ်ရတဲ့အလုပ်ကလည်း နေပူထဲမှာ၊ စားရတဲ့ အစားအစာကလည်း အဟာရမ ပြည့်တဲ့ဟာဆိုတော့ ကျမတို့အမျိုးသမီးတွေမပြောနဲ့၊ ယောကျ်ားလေးတွေတောင် ခံနိုင်ရည်မရှိကြပါဘူး။ နောက် (၈) ရက်မြောက်တဲ့နေ့မှာပဲ ကျမခေါင်းတွေအရမ်းမူးလာလို့ နားခွင့်တောင်းပြီး သစ်ပင်ရိပ်အောက်မှာ သွားထိုင်နေတုန်း ကျမအနားကို သင်တန်းထိန်းမှူး တစ်ယောက်ရောက်လာပြီး ကျမကို လူအများရှေ့မှာ ဒီလောက်လေးတောင်မှ ခံနိုင်ရည်မရှိဘူး၊ ဒီဒဏ်တွေမခံနိုင်ပဲနဲ့ ဘာဖြစ်လို့ဒီသင်တန်းကို လာတက်ရတာလည်းဆိုပြီး ကျမကို ကြိမ်းမောင်းပြောဆိုလာတယ်။ ကျမလည်း လူအများရှေ့မှာဆိုတော့ အရမ်းကိုရှက်သွား

မိပါတယ်။ ကျမဘဝမှာ ကျမကိုဒီအရွယ်ထိရောက်အောင် ကျွေးမွေးလာတဲ့ ကျမရဲ့အစ်မတွေတောင်မှ တစ်ခါမှ လူအများရှေ့မှာ မကြိမ်းမောင်းဖူးဘဲနဲ့ သူကဘယ်သူမို့လို့ ကျမကို ဒီလိုလူတွေရှေ့မှာ ပြောဆိုရတာလည်းဆိုပြီး ကျမစိတ်ထဲမှာ သူ့ကိုအရမ်းမုန်းတီးမိပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဒီသင်တန်းကို ကျမတကယ်စိတ်ဝင်စားလို့ လာတက်တာမှ မဟုတ်တာ။ သူတို့အမိန့်ကိုမလွန်ဆန်နိုင်လို့သာ လာရတာမဟုတ်လား။ ဒါပေမဲ့ ကျမကလည်း စိတ်ကိုထိန်းပြီး ဒီသင်တန်းကိုပြီးဆုံးတဲ့အထိ အောင့်အည်းပြီးနေသွားမယ်လို့ ဆုံးဖြတ်ထားလိုက်ပါတယ်။

သင်တန်းမှာ ညနေ (၁) နာရီကနေ (၅) နာရီအထိ စာသင်ရပါတယ်။ သူတို့သင်ပေးတဲ့စာကတော့ အစိုးရဘက်ကို အကောင်းမြင်အောင်၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကိုယ်ကျင့်တရား ဘယ်လိုပျက်ပြားနေတဲ့အကြောင်းတွေကို စီဒီခွေနဲ့ဖွင့်ပြပြီးပြောပြပါတယ်။ သူတို့ဘယ်လိုပဲပြောနေပါစေ၊ ကျမကတော့ အမှန်တရားတွေသိနေတဲ့အတွက် သူတို့ပြောနေတဲ့အကြောင်းတွေကို စိတ်ထဲမှာ လှောင်ရယ်ချင်နေမိပါတယ်။ ဒီလိုနဲ့သင်တန်းရက် (၁၅) ရက်တိုင်အောင်တက်ရပြီး သင်တန်းဆင်းလက်မှတ်တွေပေးတယ်။ အဲဒီနောက်တော့ ကျမအိမ်ကိုပြန်လာရတဲ့အတွက် အရမ်းကိုပျော်ရွှင်ပြီး စိတ်ထဲမှာလည်း အရမ်းကိုလန်းဆန်းနေပါတယ်။

ကျမတို့သင်တန်းဆင်းပြီး သိပ်မကြာခင်မှာပဲ သံဃာတော်များဦးဆောင်တဲ့ဆန္ဒပြပွဲကြီးဖြစ်ပွားခဲ့ပါတယ်။ အဲဒီမှာ ကျမစိတ်ထပ်ညစ်ရမယ့် ကိစ္စတစ်ခုထပ်ပေါ်လာပါတယ်။ သံဃာတော်များ ဦးဆောင်တဲ့ဆန္ဒပြပွဲနဲ့ပတ်သက်ပြီး ကျမတို့အိမ်ကို ရဲ (၅) ယောက်နဲ့ ရပ်ကွက်လူကြီးရောက်လာပါတယ်။ သူတို့လာရတဲ့အကြောင်းရင်းကတော့ တိုက်ပွဲ (သို့) ဆန္ဒပြပွဲမှာပါဝင်နေတဲ့ သံဃာတော်တွေကို ရိုက်နှက်ဖို့တာဝန်ပေးထားတယ်လို့ ပြောပါတယ်။ တစ်မြို့နယ်ကို (၃) ယောက်စီသွားရမယ်၊ မသွားရင် ဒဏ်ငွေရိုက်မယ်လို့ ပြောပါတယ်။ သူတို့စကားကိုကြားပြီး ကျမအရမ်းကိုလန့်သွားမိပါတယ်။ ဒဏ်ငွေရိုက်မယ့်အကြောင်းကို လန့်တာမဟုတ်ပါဘူး။ သံဃာတော်ကိုရိုက်နှက်ရမယ်ဆိုတဲ့စကားကိုလန့်တာပါ။ စဉ်းစားကြည့်ကြပါ၊ ကျမက ဗုဒ္ဓဘာသာဝင်တစ်ဦးပါ။ ဘယ်လိုလုပ်ပြီးသံဃာတော်တွေကိုရိုက်ရက်မှာလဲ။ သူတို့မျက်နှာတွေကိုကြည့်ပြီး ကျမစိတ်ထဲမှာ ‘ဩော် ဒီအာဏာရှင်တွေဟာ ငရဲပြည်ရောက်မယ့် ငရဲသားတွေပါလား’ဆိုပြီး တိတ်တိတ်လေး ကျိတ်ပြောနေခဲ့မိပါတယ်။ သူတို့ကတော့ ကျမကို ခရီးထွက်ဖို့အဆင်သင့် ပြင်ထားခိုင်းပါတယ်။ ဒါပေမဲ့ ကျမလည်းသူတို့ကို အပြတ်ငြင်းပါတယ်၊ ကျမမသွားနိုင်ဘူး။ အဲဒီအလုပ်ကိုလည်းမလုပ်နိုင်ဘူး။ ကျမကို ဘာလုပ်မှာလည်း ကြိုက်သလိုလုပ်ကြလို့ ကျမလည်း ပြတ်ပြတ်သားသားပြောလိုက်တယ်။ သူတို့လည်း ဆက်ပြီး ကျမကိုတိုက်တွန်းပါတယ်၊ အချိန်တွေသာ ကုန်သွားပါတယ်။ ကျမခေါင်းမာစွာနဲ့ငြင်းနေတော့ ကျမမသွားနိုင်ဘူးဆိုရင် ဒဏ်ငွေ (၃၀၀၀၀) ပေးရမယ်တဲ့။ ကျမလည်း သူတို့လိုချင်တဲ့ငွေ (၃၀၀၀၀) ကို မရမကချေးငှားပြီးပေးလိုက်တယ်။

သူတို့လည်းငွေရပြီးတာနဲ့ပြန်သွားကြပါတယ်။ သူတို့ပြန်သွားပြီးမှပဲ ကျမစိတ်အေးနိုင်တော့တယ်။ ဒီကိစ္စလွယ်လွယ်ပြီးသေးမှာမဟုတ်မှန်း ကျမသိနေပါတယ်။

ဒီကိစ္စဖြေရှင်းပြီး (၁၀) ရက်လောက်ကြာသွားတဲ့အခါ နောက်ထပ်စိတ်ညစ်ဖို့အကြောင်း ပေါ်လာပြန်တယ်။ အဲဒီအကြောင်းကတော့ ဒီဆန္ဒပြပွဲနဲ့ပတ်သက်ပြီး အာဏာပိုင်တွေရေးထားတဲ့ စာတမ်းကဒ်တွေကိုင်ပြီး ရပ်ရွာထဲမှာလှည့်ခိုင်းပါတယ်။ ဒီကိစ္စမှာလည်း ကျမဆက်ငြင်းမိပါတယ်။ သူတို့ခိုင်းတာဘာတစ်ခုမှ ကျမမလုပ်ချင်ဘူး။ ကျမမသွားနိုင်လို့ သူတို့ကျမကို ဒဏ်ငွေ (၅၀၀၀၀) တောင်းပါတယ်။ ကျမလည်းရအောင်ရှာပေးလိုက်ပါတယ်။ ဒါတွေကိုခြုံပြီးကြည့်ရမယ်ဆိုရင် အာဏာပိုင်တွေဟာ သူတို့လိုချင်တာ တစ်ခုမဟုတ် တစ်ခုရအောင်ယူတတ်ကြပါတယ်။ လူကိုမရတောင်မှ ငွေကိုရအောင်ယူသွားကြပါတယ်။ အဲဒီလူတွေကို ကျမအရမ်းမုန်းပါတယ်။ ဒီလိုပြည်သူလူထုအပေါ် စာနာမှုမရှိတဲ့၊ နားလည်မှုမရှိတဲ့ အာဏာပိုင်တွေအုပ်ချုပ်နေတဲ့နိုင်ငံမှာ ကျမမနေချင်တော့လောက်အောင် အာဏာပိုင်တွေကို နာကြည်းမိပါတယ်။ ဒီနိုင်ငံကနေလည်းထွက်သွားဖို့ ကျမဆုံးဖြတ်ချက်ချလိုက်တယ်။

ဒီလိုနဲ့ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှာရှိတဲ့ ကျမအစ်မတစ်ယောက်ဆီကို ထွက်လာခဲ့ပါတယ်။ ကျမအစ်မအိမ်မှာ (၁) နှစ်လောက်နေပြီး အသိတစ်ယောက်က ချင်းမိုင်မှာ အမျိုးသမီးရေးကို တက်တက်ကြွကြွလုပ်ဆောင်နေကြတဲ့ အမျိုးသမီးအဖွဲ့အစည်းတွေ အများကြီးရှိတယ်လို့ပြောပါတယ်။ ကျမကိုယ်တိုင်ကလည်း အမျိုးသမီးအရေးကို အရမ်းစိတ်ဝင်စားနေတဲ့သူဆိုတော့ ကျမလည်း အဲဒီအဖွဲ့အစည်းကိုဝင်ချင်မိပါတယ်။ ကျမကံကောင်းတယ်လို့ဆိုရမှာပဲ။ ကျမအမျိုးသမီးအဖွဲ့အစည်းတစ်ခုမှာ အသင်းဝင်အဖြစ် ပါဝင်ခွင့်ရခဲ့တယ်။ ကျမ အရမ်းလည်းဝမ်းသာမိပါတယ်။ အဲဒီအမျိုးသမီးအဖွဲ့အစည်းထဲဝင်ပြီး ကျမတို့နိုင်ငံဒီမိုကရေစီရရှိဖို့အတွက်ရယ် ကျမတို့အမျိုးသမီးတွေရဲ့ဘဝ တိုးတက်ဖို့အတွက် ကျမတတ်နိုင်ဘက်ကနေပြီး တစိုက်မတ်မတ်လုပ်ဆောင်သွားမယ်လို့ ဆန္ဒပြုပါတယ်။ ဒီအကြောင်းကို ရေးရတဲ့အကြောင်းလေးကတော့ တစ်ချိန်က ကျမလိုဘဝမျိုးမှာ ကျင်လည်နေကြရဆဲဖြစ်တဲ့ ကြံ့ခိုင်ရေးအသင်းဝင်တွေအားလုံး ဆုံးဖြတ်ချက်တစ်ခုကို ရဲရဲကြီးဆုံးဖြတ်နိုင်ဖို့အတွက် ရည်ရွယ်ပြီးရေးလိုက်ခြင်းဖြစ်ပါတယ်။ သူငယ်ချင်းတို့ မှန်ကန်သောယုံကြည်ချက်ကိုဆုပ်ကိုင်ပြီး မဝေးတော့တဲ့ပန်းတိုင်ကို အတူတူလက်တွဲပြီးလျှောက်လမ်းကြပါစို့လို့ တိုက်တွန်းရင်း … …။ ■

မွေးရပ်မြေနှင့်ကျမ

ကေဇီလင်း

ဇန်နဝါရီဆောင်းဆိုပေမယ့် နေ့လည်ကတော့ နွေအခါလိုပူပြင်းလှပါတယ်။ ဒီနေပူပူထဲမှာပဲ ခရီးသွားနေတဲ့ လူတစုကတော့ လန်းဆန်းတက်ကြွမှုအပြည့်နဲ့ပေါ့။ ဒီလူတွေဟာ ကရင့်အမျိုးသားအစည်းအရုံးရဲ့ နှစ် ၆၀ ပြည့် ကရင့်တော်လှန်ရေးနေ့အခမ်းအနားကျင်းပတဲ့နေရာကိုသွားနေကြတာဖြစ်ပြီး ကျမလည်းပဲ သူတို့ထဲကတယောက်အပါအဝင်ပေါ့။ မဲဆောက်က အထွက် ခရီးလမ်းတလျှောက် ဘေးဝဲယာက သစ်တောစိမ်းစိမ်းတွေက ကျမရဲ့ရင်ကို အေးမြလန်းဆန်းစေပါတယ်။ အခမ်းအနားကျင်းပတဲ့နေရာကိုရောက်ဖို့ သောင်ရင်းမြစ်ကို ဖြတ်ရတယ်။ (သောင်ရင်းမြစ်က မြန်မာပြည်နဲ့ ထိုင်းနိုင်ငံကြားကမြစ်ဖြစ်ပါတယ်)။ မြစ်တဖက်တချက်စီက တောတောင်၊ တောအုံ သစ်ပင်စိမ်းစိမ်းတွေကြောင့်ထင်ပါရဲ့ … သောင်ရင်းမြစ်ကမ်းဘေးမှာ လှေစောင့်နေတုန်း နေ့လည်ခင်းမို့ နေပူပေမယ့်လည်း ခရီးသွားတဲ့လူတိုင်းကတော့ တက်ကြွနေကြတယ်။ လှေရောက်လာပြီး လှေနဲ့ငါးမိနစ်လောက်စီးရင်ပဲ အခမ်းအနားကျင်းပရာ တပ်နယ်မြေကိုရောက်ပါပြီ။ ကျမတို့အရင်ရောက်နှင့်နေသူတွေ၊ အခမ်းအနားပြင်ဆင်နေသူတွေ အများကြီးပေါ့။ လှေပေါ်ကဆင်းလိုက်တဲ့အချိန်မှာ ကျမရင်ထဲ ပထမဦးဆုံးပေါ်လာတဲ့ခံစားချက်ကတော့ ငါအမိမြေကို တခါပြန်ခြေချရတာပါလားလို့ပါ။ ကျမအရမ်းဝမ်းသာမိတယ်။ ကျမရဲ့အိမ်ကိုပြန်ရောက်တာမဟုတ်ပေမယ့် မွေးရပ်တိုင်းပြည်ဆိုတဲ့ အသိက ကျမကို အိမ်ရောက်နေသလိုပဲခံစားရစေတယ်။ ဒါတောင် ကျမရောက်နေခဲ့တာဟာ မြန်မာပြည်ရဲ့ နယ်စွန်နယ်ဖျားလေးကိုပါ။ အဲဒီလောက်တောင် ကျမရဲ့ မွေးရပ်ဇာတိမြေကို ကျမချစ်ပါတယ်။ ဒီလိုနဲ့ ကျမရဲ့အတွေးတွေက ဆယ်စုနှစ်မကျော်သေးတဲ့ အတိတ်ကာလဆီ ပြန်ရောက်သွားခဲ့ပါတယ်။

°°° °°° °°°

ကျမအိမ်ကနေ ထိုင်းကိုထွက်လာတာ ခြောက်နှစ်ကျော်ခဲ့ပါပြီ။ ကျမအိမ်ကထွက်ခဲ့တဲ့အချိန်တုန်းက နယ်စပ်ကအခြေအနေတွေ၊ ဒုက္ခသည်တွေအကြောင်း ရွှေ့ပြောင်းနေထိုင် အလုပ်လုပ်ကိုင်နေကြတဲ့သူတွေအကြောင်းကို ဂဃနဏမသိခဲ့ပါဘူး။ ကျမကို ၁၉၈၈ ခုနှစ်မတိုင်ခင်က မွေးဖွားခဲ့ပြီး လူမှန်းသိစ ကျောင်းစတက်ချိန်ကတော့ ရှစ်လေးလုံးအရေးတော်ပုံကြီး ပြီးဆုံးတဲ့အချိန်ကျမှပါ။ ကျမတို့လို ငယ်ရွယ်နုနယ်တဲ့လူငယ်တွေရဲ့ နှလုံးသားအသိထဲကို နေ့စဉ်ရိုက်သွင်းခံနေရတာကတော့ စစ်အစိုးရ ဘယ်လောက်ကောင်းကြောင်းနဲ့ တိုင်းပြည်ကို ဘယ်လောက်ချစ်ကြောင်း၊ နိုင်ငံတိုးတက်ရေးအတွက် ဘယ်လောက်စွမ်းစွမ်းတမံလုပ်ဆောင်နေကြောင်းတွေကိုပဲ နေ့တရူဝ ကြားသိခဲ့ရတယ်။

ကျမတို့အိမ်နဲ့ အနီးပတ်ဝန်းကျင်က လူကြီးသူမတွေကတော့ နိုင်ငံရေးအကြောင်းတွေ ဆွေးနွေးကြရင် တိုးတိုးတိတ်တိတ်ပြောကြရပါတယ်။ ဘီဘီစီ၊ ဗွီအိုအေဆိုတဲ့ သတင်းဌာနတွေရဲ့ သတင်းထုတ်လွှင့်ချက်တွေကို ကျယ်ကျယ်လောင်လောင် ဖွင့်နားမထောင်ရဲကြပါဘူး။ ရွာကို မျက်နှာစိမ်းတယောက်ရောက်လာပြီဆိုရင် အချင်းချင်းလက်တို့ပြီး သတိပေး ပြောတတ်ကြတာတွေကို လူကြီးတွေဆီက အမြဲမြင်တွေ့ခဲ့ရတယ်။ ဒါပေမဲ့ ငယ်ငယ်တုန်းကတော့ ဘာမှန်းတိတိကျကျမသိခဲ့ပါဘူး။ ကျမတို့ယဉ်ကျေးမှုတခုက လူကြီးတွေစကားဝိုင်းထဲမှာ ကလေးတွေက ဝင်ပါလေ့မရှိဘူး။ လူကြီးစကားဝိုင်းတွေမှာ ဝင်နားထောင်ခွင့်ရလာတာကတော့ ကျမဆယ်တန်းအောင်ပြီးတဲ့အချိန်ကျမှပါ။ ကျမကလည်း ကျောင်းဆက်တက်ဖို့ လူကြီးတွေနဲ့ တိုင်ပင်ဆွေးနွေးပြောဆိုမှုတွေလုပ်ရတယ်။ မြန်မာပြည်မှာက ဆယ်တန်းအောင်ရင် ကိုယ့်ကိုယ်ကိုယ် လူကြီးဖြစ်ပြီလို့သတ်မှတ်ကြသလို လူကြီးတွေကလည်း တချို့ကိစ္စတွေကို အသိပေးတာ တိုင်ပင်လာတာမျိုးတွေရှိတတ်ပါတယ်။

ကျမအထက်တန်းစာမေးပွဲအောင်ပြီးလို့ တက္ကသိုလ်တက်ဖို့ တနှစ်စောင့်ရပါတယ်။ တက္ကသိုလ်ကျောင်းတွေကတော့ ဒီလိုပဲ ဖွင့်လိုက်ပိတ်လိုက်နဲ့မို့လို့ ကျမတို့ရွာက အစ်ကိုအစ်မတွေဆိုရင်လည်း တော်တော်နဲ့ကို ကျောင်းမပြီးကြပါဘူး။ ဒါပေမဲ့ မစောင့်ရတဲ့ တက္ကသိုလ်တွေတော့ရှိတယ်။ အဲဒါတွေက စစ်တက္ကသိုလ်နဲ့ စစ်အင်ဂျင်နီယာ တက္ကသိုလ်တွေပါ။ နောက်ပြီး ကျမတို့မြန်မာပြည်မှာ ကိုယ်တက်ချင်တဲ့ ကိုယ်သင်ချင်တဲ့ ဘာသာရပ်ကို လွတ်လွတ်လပ်လပ်ရွေးချယ်ခွင့် မရှိပါဘူး။ စစ်အစိုးရအလိုကျပါပဲ။ ဆိုလိုချင်တာက သူတို့လူအများကြီးလက်မခံချင်တဲ့ တက္ကသိုလ်ဆိုရင် အမှတ်တွေကို တအားမြှင့်ထားတာမျိုး၊ ယောက်ျားလေးနဲ့မိန်းကလေးမှာ မိန်းကလေးက အမှတ်ပိုများမှသာ သူသင်ချင်တဲ့ ဘာသာရပ်ကို တက်ရောက်သင်ကြားခွင့်ရတာမျိုးတွေပါ။ စစ်အစိုးရက အမြဲပြောဆိုနေကျဖြစ်တဲ့ မြန်မာပြည်က အမျိုးသမီးတွေကို တန်းတူအခွင့်အရေးပေးထားပါတယ်ဆိုတဲ့ စကားကတော့ ဒီအဖြစ်နဲ့ လုံးလုံးကွဲလွဲနေတာပါပဲ။ တကယ်တမ်းကျတော့ ကျောင်းစာသင်ယူတဲ့ နေရာမှာတောင် အမျိုးသားနဲ့အမျိုးသမီးတန်းတူမရှိဘူးဆိုတာ ကျမကိုယ်တိုင်ကြုံဖူးခဲ့တာမို့ စစ်အစိုးရရဲ့ လိမ်လည်မှုတွေကို ယုံကြည်လက်ခံစရာမရှိပါဘူး။

ကျောင်းသားတယောက်ဟာ တက္ကသိုလ်တက်မယ်ဆိုရင် သူတက်ချင်တဲ့နေရာထက် ငွေကြေးကုန်ကျ မကျ၊ ကိုယ့်အိမ်ကိုယ့်ယာနဲ့ နီးမနီးကြည့်ရပါတယ်။ ဝေးလွန်းရင် ကျမလို ဆင်းရဲသားအခြေခံလူတန်းစားထဲက ပညာလိုလားတဲ့သူတွေအတွက် လမ်းစရိတ်၊ ကျောင်းမှာနေရင်လည်း အဆောင်စရိတ် စတာတွေ မတတ်နိုင်တဲ့အတွက် သွားရောက်မတတ်နိုင်ပါဘူး။ အဲလိုမတတ်နိုင်လို့ အဝေးသင်ဘဲတက်မယ်ဆိုရင်လည်း အဲဒီကျောင်းသားဟာ ကျောင်းသာပြီးသွားပြီး ဘွဲ့လက်မှတ်စာရွက်ရတာဘဲ အဖတ်တင်ပါလိမ့်မယ်။ သင်ယူလေ့လာထိုက်တဲ့ ပညာတွေတော့ ရရှိဖို့မရှိပါဘူး။ ဘာလို့လဲဆိုတော့ မြန်မာပြည်မှာ ကျောင်းစာတွေကို စပေ့ါရိုက်ပြီး (စာမေးပွဲမှာ ပါနိုင်မယ့်အပုဒ်တွေကိုပဲ ရွေးပြီး အပိုင်ကျက်

တာကိုပြောတာပါ) ကျက်ဖြေလို့ပါပဲ။ ကိုယ့်အိမ်နဲ့နီးတဲ့ ကောလိပ်၊ တက္ကသိုလ်ဆိုရင်လည်း ပညာရေးဆိုင်ရာ အရင်းအမြစ်တွေ နည်းပါးတတ်ပါသေးတယ်။ မြန်မာပြည်မှာ နအဖ လက်ထက်မှာ တက္ကသိုလ်၊ ကောလိပ်အသစ်တွေ အများအပြားတိုးချဲ့ဖွင့်လှစ်ပါတယ်။ ဒါပေမဲ့ ဒီတက္ကသိုလ်တွေဟာ စစ်အစိုးရက နာမည်ကောင်းလိုချင်လို့ ထပ်ဖွင့်တဲ့ကျောင်းတွေသာဖြစ်ပြီး ပညာရေးဆိုင်ရာ၊ သင်ကြားရေးဆိုင်ရာ၊ လေ့လာမှုဆိုင်ရာ အရင်းအမြစ်တွေ လွန်စွာရှားပါးပါတယ်။ ကျောင်းကလိုအပ်တဲ့ လက်တွေ့လုပ်ဖို့ ပစ္စည်းကရိယာတွေ၊ အရင်းအမြစ်တွေထုတ်မပေးနိုင်ပါဘူး။ ရှိမယ်ဆိုလည်း နာမည်ကြီးကျောင်းတွေမှာလောက်သာ နည်းနည်းပါးပါးရှိတာပါ။ ဒါတွေလက်တွေ့လုပ်ချင်၊ လေ့လာချင်ရင် ကိုယ့်ပိုက်ဆံကိုယ်စိုက်ထုတ်ပြီး ဝယ်ယူလေ့လာသင်ကြားကြရတာပါ။ ပညာရေးစရိတ်တွေကလည်း အဆမတန်မြင့်မားလှပါတယ်။ ပြီးရင် တက္ကသိုလ်နေ့ကျောင်းတက်ရုံနဲ့မပြီးပါဘူး။ ကျူရှင်ယူရပါသေးတယ်။ ကျူရှင်မယူတဲ့သူကတော့ အောင်ဖို့အခွင့်အလမ်းအရမ်းနည်းပါတယ်။

ကျမစက်မှုကောလိပ်ကို ၂၀၀၁ ခုနှစ်က တက်ခဲ့ပါတယ်။ ကျမက ကွန်ပြူတာနည်းပညာနဲ့ ဆက်သွယ်ရေးဆိုင်ရာ ဘာသာရပ်ကိုလေ့လာဖို့ စိတ်ဝင်စားခဲ့ပါတယ်။ ဒါပေမဲ့လို့ အဲဒီအချိန်က ကျမစဉ်းစားချက်က ဒီကွန်ပြူတာအသုံးပြုပုံတွေကိုသင်ပြီး လက်တွေ့လေ့ကျင့်မှုလုပ်ဖို့စရိတ်၊ ကိရိယာနဲ့ လေ့ကျင့်ဖို့နေရာမရှိဘဲနဲ့ ငါဒီစာတွေကို ဘယ်လိုမှတ်မိမှာပါလဲ၊ ဘယ်လိုထူးချွန်အောင်လုပ်ရပ့ါမလဲလို့ပါ။ အဲဒီအချိန်က ကျမတို့ရွာမှာရှိတဲ့ အထက်တန်းကျောင်းမှာ ကွန်ပြူတာနှစ်လုံးရှိပါတယ်။ ဒါတောင် ကျောင်းအတွက် ကွန်ပြူတာဝယ်ဖို့ ရွာသားတွေဆီက ပိုက်ဆံကောက်ပြီး စုဝယ်ထားတာပါ။ ဒီတော့ ကွန်ပြူတာဆိုတာ ကြားသာကြားဖူးပြီး ဘယ်လိုဟာမျိုးလဲဆိုတာတော့ ၉၉ ရာခိုင်နှုန်းက မသိကြပါဘူး။ (ကြွားဖို့ထားတဲ့ ပစ္စည်းတခုလိုပါပဲ)။ ရွာသားအများစုက မိသားစုစားဝတ်နေရေးအတွက် နေ့စဉ်ကြုံရာအလုပ်လုပ်နေရတော့ ဒါတွေလည်း စိတ်မဝင်စားပါဘူး။ အလုပ်လုပ်မှ ဗိုက်ပြည့်မှာကိုး။ ဒီတော့ ကျမ ဒီဘာသာကိုမရွေးခဲ့ဘဲ သူ့နောက်ကဘာသာဖြစ်တဲ့ မြို့ပြအင်ဂျင်နီယာဆိုတဲ့ဘာသာရပ်ကို ယူခဲ့တယ်။ အဲဒီမှာ ကျမသင်ရတာက အိမ်ဆောက်တာ၊ တံတားဆောက်တာတွေပါတော့ ကျမတို့လက်တွေ့ဘဝနဲ့ ပိုနီးစပ်တယ်ထင်လို့ပါ။ ဒါပေမဲ့ ကျမတနှစ်တက်ပြီးလို့ ကျောင်းပိတ်တဲ့အခါမှာတော့ နောက်စာသင်နှစ်အတွက် ကျမအိမ်က ကျမကို ဆက်ပြီးကျောင်းမထားနိုင်တော့ပါဘူး။ ကျမလည်း ကျောင်းပိတ်တဲ့အချိန်လေးမှာ ရတဲ့အလုပ်ကလေးတွေလုပ်ခဲ့ပေမယ့် ကျမကျောင်းစရိတ်ကိုမကာမိခဲ့ပါဘူး။ ဒီလိုနဲ့ ကျမကျောင်းနားလိုက်ရပါတယ်။

ကျမကံကောင်းတယ်လို့ ဆိုရမလားပဲ။ အဲဒီအချိန်မှာ ကျမကျောင်းဆက်တက်ဖို့ အခက်အခဲဖြစ်နေချိန်မှာပဲ တချိန်က တောခိုသွားခဲ့တဲ့ ကျမတို့အဖိုး၊ အဖွား၊ အဖေတို့နဲ့ အရမ်းရင်းနှီးတဲ့ ဦးလေးနဲ့ သူတို့မိသားစုအဆက်အသွယ်ရကြတယ်။ သူတို့ရဲ့အကူအညီနဲ့ ကျမ ထိုင်းကို ၂၀၀၂ ခုနှစ် နှစ်ကုန်ပိုင်းမှာ ရောက်လာခဲ့တယ်။ ကျမလည်း မြန်မာပြည်မှာ

ကျောင်းမှ ဆက်မတက်နိုင်တာ မထူးတော့ဘူး၊ အလုပ်လုပ်ရအောင်ဆိုပြီး လိုက်လာခဲ့တယ်။ ထိုင်းနိုင်ငံကိုရောက်မှ ထိုင်းမှာ စစ်အစိုးရကို ဆန့်ကျင်နေသူတွေအကြောင်း၊ ပြည်တွင်းစစ်ကြောင့် ဒုက္ခသည်အဖြစ် ထွက်ပြေးနေနေရတဲ့လူတွေအကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားတွေအကြောင်း၊ လုပ်ငန်းခွင်တွေမှာ ခေါင်းပုံဖြတ်ခံရတာတွေအကြောင်း စတဲ့သူတို့ရဲ့ဘဝတွေအကြောင်းကို အစုံအလင် ကျမသိခဲ့ရတယ်။ စစ်အစိုးရသတင်းစာ ရုပ်မြင်သံကြားတွေ ရုပ်ရှင်ဇာတ်လမ်းတွေမှာ ပြသနေတာတွေနဲ့ တက်တက်စင်အောင် လွဲနေတာကို မျက်မြင်သိလိုက်ရတယ်။ အဲဒီအကြောင်းတွေက ကျမ အခုချိန်ထိ ကြားနေရဆဲ၊ မြင်တွေ့နေရဆဲဖြစ်တယ်။

ကျမလွတ်မြောက်နယ်က အဖွဲ့အစည်းတခုမှာနေတယ်။ အဲဒီမှာ ကျမ အင်္ဂလိပ်စာ၊ ကွန်ပြူတာနဲ့ နိုင်ငံရေးစာတွေကို လေ့လာခဲ့တယ်။ တနှစ်လောက်နေတော့ အန်ဂျီအိုတခုကဖွင့်ထားတဲ့ကျောင်းတခုမှာ ကျမဝင်ခွင့်အောင်ပြီး စာဆက်သင်ခွင့်ရခဲ့တယ်။ ကျမရဲ့ရည်ရွယ်ချက်က ကျမတတ်တဲ့ပညာတွေနဲ့ ကျမလိုပဲ အခွင့်အရေးမရခဲ့တဲ့ လူတွေကိုပြန်ကူညီမယ်၊ ကျမသိထားတာ တတ်ထားတာတွေကို ပြန်လည်ဖြန့်ဖြူးပေးနိုင်တဲ့သူတယောက်ဖြစ်ချင်တာပါ။ ဟုတ်တယ်လေ၊ ကျမအတွေ့အကြုံအရတော့ မြို့စွန်မြို့ဖျားမှာရှိတဲ့ ကျမနဲ့သက်တူရွယ်တူတွေ ငယ်ရွယ်တဲ့လူတွေဟာ သူတို့ဘဝတွေအတွက် ကြိုးစားရုန်းကန်အလုပ်လုပ်နေကြရပြီး စစ်အစိုးရရဲ့ သတင်းအမှောင်ချမှုအောက်မှာ ကြီးပြင်းခဲ့ရ၊ ရှင်သန်နေကြရသူတွေဆိုတော့ သူတို့ကို ကျမသိတာလေးတွေ ပြန်ပြီးမျှဝေပေးချင်တယ်။ ဒီလိုနဲ့ နယ်စပ်ကအဖြစ်အပျက်တွေပေါ်မူတည်ပြီး ဝတ္ထုတို၊ ကဗျာခံစားမှု၊ ဆောင်းပါးတွေကိုလည်း ရေးဖြစ်လာတယ်။

အခုတော့ ကျမ အမျိုးသမီးနဲ့ကလေးတွေကို စောင့်ရှောက်မှုပေးတဲ့လုပ်ငန်းမှာ ကိုယ်တတ်နိုင်တဲ့ဘက်က ကူညီပေးနေပါတယ်။ စစ်အစိုးရကတော့ ဘယ်လောက်ပဲ လိမ်ညာနေနေ၊ တကယ်တမ်းလက်တွေ့မှာ မြန်မာပြည်သားတွေ နယ်ခြားမြေခြားမှာ ဒုက္ခပင်လယ်ဝေနေရတာတွေကတော့ စာဖွဲ့လို့မမှီနိုင်အောင်ပါပဲ။ အမိမြေနဲ့ အဝေးတနယ်မှာရောက်နေပေမယ့်လည်း တမြေတည်းဖွား ညီအစ်ကိုမောင်နှမတွေအတွက် ကျမ အကူအညီပေးနိုင်လို့လည်း ကြည်နူးပီတိဖြစ်ရပါတယ်။ ကျမရဲ့လုပ်အားတွေကို မြန်မာပြည် ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ လူသားတို့တန်းတူအခွင့်အရေး လှုပ်ရှားမှုခရီးနဲ့အတူ ရွှေ့ပြောင်းအလုပ်သမား ဒုက္ခသည်အမျိုးသမီးတွေနဲ့ ကလေးတွေကို ကူညီစောင့်ရှောက်တဲ့လုပ်ငန်းမှာ ကျမအနေနဲ့ အုတ်တချပ်စာမဖြစ်စေကာမူ သဲတပွင့်အဖြစ်နဲ့ ဆောင်ရွက်ခွင့်ရတဲ့အတွက်လည်း ကျမအလွန်ပဲ ဝမ်းသာမိပါတယ်။ ■

အိမ်ဦးနတ်မရှိတဲ့ တနေ့ ကျရင်

လွေးရွှေကျယ်

မကြာသေးခင် ကျမတို့မိသားစုဟာ အလွန်စည်ကားတဲ့ မြို့တစ်မြို့ကိုသွားပြီး အလုပ်သွားလုပ်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီမြို့ကိုရောက်တော့ အလုပ်တနေရာစီလုပ်ရတာကြောင့် မိသားစုနဲ့ တကွဲတပြားစီနေရပါတယ်။ ညတညမှာ ကျမအတွက် ကံမကောင်း အကြောင်းမလှသဖြင့် မမျှော်လင့်ဘဲ ရုတ်တရက် ကျမအဖေက ကျမနေတဲ့တဲကလေးဆီကို ရောက်လာခဲ့ပါတယ်။ ကျမက အဖေ့ကို အမေရောမလာဘူးလားလို့မေးတော့ အဖေက ‘မရှိဘူး။ နင့်အမေ မရှိတဲ့အချိန်မှာ နင်ပဲအမေဖြစ်ရမယ်’ဆိုပြီး ကျမဆီကို တရွေ့ရွေ့နဲ့တိုးလာခဲ့ပါတယ်။ ကျမ ကြောက်လန့်ပြီးတော့ ‘အမေရေ၊ အမေကယ်ပါဦး’ ကယ်ပါဦးလို့အော်ခေါ်ပြီး အဖေနဲ့လွတ်မြောက်မယ့်နေရာကို အသက်ထွက်မတတ်လောက်အောင်ပြေးပြီး ပုန်းအောင်းနေရပါတယ်။ ကျမလေ အဖေ အဲဒီလိုမျိုးစိတ်ဓါတ်ရှိလိမ့်မယ်လို့ မထင်ခဲ့ဘူး။ အရမ်းကို အံ့သြသွားတယ်။ တချိန်တည်းမှာဘဲ အဖေ့ကို အရမ်းမုန်းတီးတယ်။ အိမ်ပြန်ချင်စိတ်လည်းမရှိတော့ဘူး။

အဲဒီအချိန်ကစပြီး အိမ်ဦးနတ်ဆိုတဲ့ အဖေ အိမ်မှာမရှိတဲ့နေ့မှ အိမ်ကိုပြန်မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ ကျမအဖေဟာ သူ့ကိုယ်သူ အိမ်ဦးနတ်ဆိုပြီးတော့ မိသားစုကို ချယ်လှယ်ချင်သလို ချယ်လှယ်နေတယ်။ အမေ့ကို နှိပ်စက်ချင်သလို နှိပ်စက်နေတယ်။ သားသမီးတွေအပေါ် အကြမ်းဖက်ချင်သလို အကြမ်းဖက်နေတယ်။ အဖေ့ကို အမေအပါအဝင်ဘယ်သူကမှ ပြန်ပြောပိုင်ခွင့်မရှိပါဘူး။ အထူးသဖြင့် သမီးမိန်းကလေးတွေက ဘာမှမပြောနိုင်ဘူး။ ကြာလာတော့ ကျမတို့ ညီအစ်မဟာ အဖေ့ရဲ့ဒဏ်ကိုမခံနိုင်တော့ အိမ်မှာလည်းဆက်မနေချင်တော့ပါဘူး။ အဖေအိမ်မှာရှိနေရင် ဘယ်သူမှ အိမ်ကိုမကပ်ချင်ကြဘူး။ ဒါပေမဲ့ အဖေ့ကိုတော့ မလွန်ဆန်နိုင်ပါဘူး။ ဒီလိုနဲ့ပဲ ကြိတ်မှိတ်ခံနေရပါတယ်။

အဖေအိမ်မှာနေတဲ့အချိန်ဆိုရင် အိမ်အလုပ်လည်း ဝိုင်းမလုပ်ပါဘူး။ ဖဲတွေရိုက်၊ ဆေးတွေရှူ၊ ဆေးသမားတွေစုပြီး အိမ်မှာ သောင်းကြမ်းချင်သလို သောင်းကြမ်းနေပါတယ်။ ဆေးသမားတွေအိမ်ကိုလာရင် အဖေက အမေ့ကို ဆေးခြောက်တွေ အမြဲတမ်းဘဲ မြီးခိုင်းတယ်။ ဒီလိုနဲ့ အဖေ့ကြောင့် အမေလည်း ဆေးစွဲနေတယ်။ နောက်ပိုင်းတော့ အမေဟာ အဖေခေါ်ရာ တကောက်ကောက် လိုက်နေရရှာတော့တာပါပဲ။ သားသမီးတွေလည်း တကွဲတပြားစီပေါ့။

ကျမတို့မောင်နှမတွေ ငယ်ငယ်ရွယ်ရွယ်နဲ့ ကျောင်းထွက်ခဲ့ရပြီး အရွယ်နဲ့မလိုက်အောင် အလုပ်လုပ်နေရပါတယ်။ အဝတ်အစားဆိုရင်လည်း ကိုယ်ပေါ်မှာ ဝတ်ထားတာကလွဲလို့ တခြားအပိုမရှိပါဘူး။ အစားအသောက်ကလည်းဖြစ်သလို၊ အသက်ရှင်ဖို့နဲ့ ကိုယ်

ခန္ဓာအတွက် သွေးသားလည်ပတ်နိုင်ရုံ မနည်းရှာဖွေပြီး စားသောက်နေရပါတယ်။ စိတ်ညစ်ပြီး ငိုရတဲ့ရက်ပေါင်းလည်း မရေတွက်နိုင်လောက်အောင် ဖြစ်နေရပါတယ်။ မျက်ရည်တွေသာ စမ်းချောင်းတခုဖြစ်မယ်ဆိုရင်တောင် အဲဒီစမ်းချောင်း ရေလျှံနေတာကြာနေပြီလို့ ကျမတွေးမိပါတယ်။

ဘာဖြစ်လို့ အဖေက ကျမတို့မိသားစုကို ဒီလိုမျိုး ပြုမူဆက်ဆံနေရတာလဲ။ ကျမတို့နယ်မြေမှာ ဘိန်းကို အလွယ်တကူနဲ့ ရနိုင်ပါတယ်။ နအဖစစ်အစိုးရက လာဘ်ထိုးရင် ဘိန်းစိုက်ခွင့်ပြုနေဆဲဖြစ်တဲ့အတွက် ကျမတို့ဒေသမှာ ဘိန်းစိုက်ခင်းတွေ အများကြီးရှိပါတယ်။[၁] ဘိန်းပင်က လက်ဖက်ပင်တွေထက်ကို ကြီးထွားမြန်ပြီး ရောင်းလို့ရှိရင်လည်း ဈေးကောင်းရပါတယ်။ ဒါကြောင့် အရမ်းဆင်းရဲလာတဲ့အခါ လူတွေဟာ လက်ဖက်စိုက်တာထက် ငွေပိုရတဲ့ ဘိန်းကိုပဲစိုက်ဖို့ ရွေးချယ်ကြပါတယ်။ အဲဒီဘိန်းစိုက်ခင်းမှာ အလုပ်လုပ်ကြတဲ့သူတွေဟာ အလုပ်လုပ်ရင်းနဲ့ ဘိန်းကို စသုံးစွဲလာကြပြီး သူတို့ကနေတဆင့် သူတို့မိသားစုတွေလည်း ဘိန်းရှူလာကြပါတယ်။ အဲဒီလိုနဲ့ သူတို့တွေဟာ မူးယစ်ဆေးဝါးဝယ်ယူဖို့အတွက်ပဲ စဉ်းစားလာကြပါတော့တယ်။

ကျမလေ နောက်ဘဝဆက်တိုင်းဆက်တိုင်း ဒီလိုအဖေမျိုးနဲ့ မကြုံရပါစေနဲ့လို့ ဆုတောင်းရတာလည်း အကြိမ်ပေါင်းမနည်းတော့ပါဘူး။ ကျမတို့မောင်နှမက အဖေကို ကြောက်ရတာမပြောနဲ့၊ အိမ်ဘေးပတ်ဝန်းကျင်ကတောင် အဖေ့ကိုမြင်ရင် ကြောက်လန့်နေရပါတယ်။ ကိုယ့်ပတ်ဝန်းကျင်ကလူတွေ ကိုယ့်ကိုကြည့်ပြီး သနားရုံကလွဲလို့ ဘာမှမလုပ်ပေးနိုင်ကြရှာပါဘူးလေ။ သူငယ်ချင်းတွေကတော့ ကျမကို တခါတလေ အကြံပေးတာရှိပါတယ်။ အိမ်ကနေထွက်ပြေးပါလား၊ ယောကျ်ားယူလိုက်ပါလား၊ ခရီးထွက်လိုက်ပါလား စသဖြင့် အမျိုးမျိုးပြောကြပါတယ်။ ကျမအစ်မကတော့ ဝတ်ကျွတ်သွားပါပြီ။ သူက အဝေးမှာပဲ အိမ်ထောင်ကျပြီး တခါမှ အိမ်မပြန်လာတော့လို့လေ။

သူငယ်ချင်းတွေပေးတဲ့အကြံကို ယူဖို့ကလည်း မလွယ်တဲ့ကိစ္စတခုပါ။ ဒီနေရာက နေလည်း လွတ်လမ်းမမြင်ပါဘူး။ ဒါပေမဲ့ တနေ့မှာတော့ ကံကောင်းတယ်လို့ပြောရမလားပဲ၊ အဲဒီအချိန်က လူအများပါးစပ်ဖျားမှာ ခေတ်စားနေတဲ့ ကချင်ပြည်နယ်၊ ဖားကန့်ဒေသကို သွားအလုပ်လုပ်ဖို့ အမေက ပိုက်ဆံရှာပေးပြီး လွှတ်လိုက်ပါတယ်။ ကျမ အရမ်းကို ကြည်နူးမိတယ်။ အမေ့ကိုလည်း ကျေးဇူးတင်မိပါတယ်။

ဖားကန့်ကို အုပ်စုလိုက် ကျမတို့သွားခဲ့ပါတယ်။ အဲဒီရောက်တော့ ကျမတို့လုပ်ရတဲ့အလုပ်ပေါ်မူတည်ပြီး ကျမတို့အုပ်စုတွေ နေရာကွဲသွားပါတယ်။ ကျမ အဲဒီမှာ အလုပ်

---

1 *ပလောင်အမျိုးသမီးအစည်းအရုံးမှ ၂၀၁၀ ခုနှစ် ဇန်နဝါရီလတွင် ဘိန်းစိုက်ပျိုးမှုတိုးမြင့်လာမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့်ပတ်သက်၍ ထုတ်ပြန်သည့် အဆိပ်သင့်တောင်တန်းများအစီရင်ခံစာမှ*

တချို့ရခဲ့ပါတယ်။ တခုက စားစရာတွေသယ်ပြီး ရောင်းတဲ့အလုပ်ဖြစ်ပြီး တခြားအလုပ်တခုကတော့ ကျောက်စိမ်းတုံးတွေစုရတဲ့အလုပ်ပါပဲ။

ဖားကန့်ကိုရောက်ရင် လွတ်မြောက်နယ်မြေရောက်ပြီလို့ မှတ်ယူခဲ့တဲ့ ကျမ မကြာခင်မှာပဲ အိမ်ဦးနတ်ဆိုတဲ့အဖေ ဖားကန့်ကို ရောက်ချလာတာနဲ့ ကြုံရပါတော့တယ်။ ပြဿနာလည်း အဲဒီအချိန်ကနေစတော့တာပဲ။ အဖေနဲ့လွတ်မြောက်အောင် ပြေးလို့မရပါလားလို့ တွေးတွေးပြီးငိုနေရတယ်။ ဒီတခါတော့ အမေက ကျမကို မကယ်နိုင်ခဲ့ရှာဘူး။ ကျမကို ဘုရားပဲကယ်တာလား၊ နတ်ကောင်းနတ်မြတ်ပဲ မစတာလားမသိဘူး၊ အဖေရဲ့ လူမဆန်တဲ့ အပြုအမူကနေတော့ ရုန်းကန်ထွက်ပြေးနိုင်ခဲ့တယ်။

ကျမတို့မောင်နှစ်မတွေဟာ တောင်ပို့မှိုတွေလိုပဲ တကွဲတပြားစီ ရောက်နေကြရပါတယ်။ အခုချိန်ထိ ကျမတို့မောင်နှမဟာ တယောက်တနေရာစီမှာ ရောက်နေကြရပါတယ်။ အမေကတော့ ပဌာစာရီမင်းသမီးလိုမျိုး သားသမီးတွေအတွက် စဉ်းစားပြီး ဒူးနဲ့မျက်ရည်သုတ်ရတဲ့နေ့များလည်း ရေတွက်လို့မလောက်အောင် ဖြစ်နေရရှာပါတယ်။ ဒါတွေအားလုံးဟာ ဘယ်သူကဖန်တီးတာလဲဆိုတာ တွေးကြည့်ရင် တရားခံက အိမ်ဦးနတ်ဆိုတဲ့ အဖေပါပဲ။ ■

ဒီဆောင်းပါးလေးဟာ ကျမသူငယ်ချင်းရဲ့အဖြစ်အပျက်ကို အခြေခံပြီး ရေးသားခဲ့ခြင်းပဲဖြစ်ပါတယ်။ ဒီဆောင်းပါးဟာ ကျမသူငယ်ချင်းရဲ့ဘဝတလျှောက် တကယ်ကြုံတွေ့ခဲ့ရတဲ့အကြောင်းဖြစ်ပါတယ်။ ကျမ ဒီဆောင်းပါးကို ရေးရခြင်းရဲ့ရည်ရွယ်ချက်ကတော့ စာဖတ်ပရိသတ်အားလုံး ကျမရဲ့သူငယ်ချင်းနဲ့အတူ မျှဝေခံစားစေဖို့နဲ့ အကြမ်းဖက်ခံရတဲ့ အမျိုးသမီးတွေ၊ အထူးသဖြင့် ဒေသအတော်များများမှာ မူးယစ်ဆေးဝါးသုံးစွဲမှုရဲ့ဆိုးကျိုးအနေနဲ့ အကြမ်းဖက်ခံရတဲ့ အမျိုးသမီးတွေရဲ့ဘဝကို စာနာနားလည်တတ်စေဖို့အတွက် ရေးသားခြင်းပဲဖြစ်ပါတယ်။

ထိုင်သူကင်းမဲ့နေသော ညစာစားတဲ့ စားပွဲလေး

ကွန်ချမ်းဂကို

မိသားစုနဲ့အတူ ထမင်းလက်ဆုံမစားရတဲ့ အချိန်တွေမှာဆို ကျမရဲ့ဘဝဟာ တကယ့်ကို မပျော်ရွှင်မှုတွေနဲ့ ပြည့်နေခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ လူသားတိုင်းဟာ သာယာငြိမ်းချမ်းတဲ့ မိသားစုဘဝကိုလိုချင်ကြတယ်ဆိုတာကို စာဖတ်သူတွေအနေနဲ့လည်း သဘောတူလိမ့်မယ် ထင်ပါတယ်နော်။ သို့ပေမယ့်လည်း လူတွေမြောက်မြားစွာကတော့ သူတို့ရဲ့ဘဝကို မိသားစုတွေမရှိဘဲ ရှင်သန်နေကြရပါတယ်။ အဲဒီလိုဘဲ လူများစွာဟာလည်း အမျိုးမျိုးသော အခြေအနေတွေကြောင့် မိသားစုတွေနဲ့ ခွဲခွါကြရပါတယ်။ စာဖတ်သူကရော… စာဖတ်သူရဲ့ မိသားစုထမင်းဝိုင်းကို သတိအရဆုံးဘဲလို့ဆိုရင် သဘောတူနိုင်ပါ့မလား။ ကျမကတော့ တယောက်တည်းထမင်းစားရတဲ့အခါတိုင်း ကျမရဲ့မိသားစုကိုသတိရတယ်။ ကျမမိဘတွေရဲ့ အိမ်က သေးသေးလေးပါ။ ဒါပေမဲ့ အဲဒီအိမ်ကလေးမှာ အဖေ၊ အမေ၊ ညီမ လေးတို့နဲ့အတူ ညစာစားရတာကို ကျမသဘောကျတယ်။ အကြိုက်ဆုံးကတော့ မိသားစုအတူ ညစာထမင်းစားတဲ့ စားပွဲလေးပါဘဲ။ ကျမစိတ်ထဲမှာလေ မိသားစုအားလုံးနဲ့အတူတူ စားပွဲမှာ ထိုင်ပြီး ညစာစားတဲ့အခါမှာ ကျမတို့ရဲ့ ညစာစားပွဲလေးဟာ အလွန်တရာကို လှပကောင်းမွန်နေတယ်လို့ ကျမခံစားမိပါတယ်။

ကျမရဲ့အဖေဟာ လွတ်လပ်မှုအတွက် နအဖစစ်အစိုး (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ) ကို ဆန့်ကျင်နေတဲ့ မွန်ပြည်သစ်ပါတီက ရဲဘော်တဦးပါ။ ကျမကို ၁၉၈၆ ခုနှစ်မှာ တော်လှန်ရေးရဲ့ ရှေ့တန်းတနေရာက စခန်းတခုမှာ မွေးဖွားခဲ့ပါတယ်။ ကျမကိုမွေးဖွားပြီး တနှစ်လောက်အကြာမှာ မွန်ပြည်သစ်ပါတီရဲဘော်တွေနဲ့ နအဖစစ်သားတွေ တိုက်ပွဲဖြစ်ပွားတာကြောင့် ကျမရဲ့အမေဟာ ကျမကို ရင်ခွင်ပိုက်ပြီး ထွက်ပြေးခဲ့ရတယ်။ အဖေနဲ့အမေဟာ ကျမကို စစ်ပွဲတွေကြားထဲမှာ ဘယ်လိုများ ကြီးပြင်းအောင် မွေးမြူရမလဲဆိုတာကို အမြဲဘဲ တွေးတောစဉ်းစားနေကြရပါတယ်။ ဒါကြောင့် ကျမအမေဟာ ကျမကို ပြုစုစောင့်ရှောက်ပြီး စစ်ပွဲတွေမရှိတဲ့ ကျမပညာသင်ကြားနိုင်မယ့် နေရာတခုကိုသွားနေဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ကျမအသက် (၃) နှစ်အရွယ်မှာ ညီမလေးကိုယ်ဝန်လွယ်ထားတဲ့ အမေဟာ ကျမနဲ့အတူ သူ့ရဲ့ရွာကို ပြန်လာခဲ့ကြပြီး ကျမတို့ ဘဝအသစ်ကို စခဲ့ကြပါတယ်။

မွန်ပြည်သစ်ပါတီနဲ့ နအဖတို့ အပစ်အခတ်ရပ်စဲရေး မလုပ်ခင်အထိ ကျမကြီးပြင်းခဲ့တဲ့ကာလတလျှောက်လုံး အဖေဟာ ကျမတို့နဲ့ အတူရှိမနေခဲ့ပါဘူး။ သူဟာ ဘယ်တော့မှ ကျမတို့နဲ့အတူ ညစာစားပွဲမှာ ရှိမနေခဲ့ပါဘူး။ တနေ့တော့ အဖေက သူ့ဆီလာတွေ့ ဖို့ခေါ်တဲ့အတွက် ကျမတို့သားအမိတွေ အဖေရှိတဲ့တောထဲကို တိတ်တိတ်လေး သွား

တွေ့ခဲ့ရပါတယ်။ အဲဒီလိုသွားတွေ့ဖို့ အရမ်းကိုအန္တရာယ်များပါတယ်။ နအဖစစ်သားတွေက ကျမတို့နောက်ကိုလိုက်ပြီး ကျမတို့ ဘယ်သွားသလဲဆိုတာကို မေးတာကြောင့်ပါ။ ကျမတို့သွားရတဲ့ခရီးကလည်း မလွယ်ကူပါဘူး။ နှစ်ရက်တိတိ လမ်းလျှောက်ကြရပါတယ်။ အမေဟာ ညီမလေးကိုချီပြီး တောထဲမှာလမ်းလျှောက်ရတာ အရမ်းကို ခက်ခဲပါတယ်။ ဘယ်လောက်ပဲ ခက်ခဲပါစေ၊ ကျမရဲ့စိတ်ထဲမှာတွေးနေတာက အဖေ့ကို တွေ့ရဖို့တခုတည်းပါပဲ။ ကျမတို့ အဖေဆီကိုရောက်သွားတဲ့အခါမှာတော့ မိသားစုအတူတူ မြေပေါ်မှာခင်းထားတဲ့ဖျာပေါ်မှာ ညစာစားကြရပါတယ်။ အဲဒီမှာ ထမင်းစားဖို့အတွက် စားပွဲမရှိပေမယ့် ထမင်းအတူတူစားရလို့ ကျမတို့ အရမ်းကိုပျော်ပါတယ်။ အကယ်လို့ လူတွေက ကျမတို့ကို ကြည့်နေမယ်ဆိုရင် ကျမတို့အားလုံးရဲ့မျက်နှာတွေပေါ်မှာ ကြည်နူးနေတဲ့ပီတိတွေကို တွေ့ကြရမှာပါ။

ကျမတို့ တပတ်လောက် တောထဲမှာနေပြီးတဲ့အခါ အိမ်ကို ပြန်လာကြပါတယ်။ အပြန်လမ်းမှာ ကျမစဉ်းစားပြီး အမေကို မေးကြည့်ပါတယ်။ “ကျမတို့ ဘာဖြစ်လို့ သူများတွေမသိအောင် အဖေကို သွားတွေ့ရတာလဲ၊ ပြီးတော့ အဖေကရော ကျမတို့နဲ့ အတူတူ ဘာဖြစ်လို့ မလိုက်လာတာလဲ။”ဆိုတော့ အမေက အဖေတို့ဟာ နအဖကို ပြန်တိုက်နေတဲ့ နအဖရဲ့ ရန်သူတွေဖြစ်တာကြောင့်လို့ ပြောပါတယ်။ အဲဒီအချိန်မှာ အမေပြောတဲ့ အဓိပ္ပါယ်ကို ကျမ တိတိကျကျနားမလည်ခဲ့ပါဘူး။ ပြီးတော့ ကျမအံ့ဩမိတာက အဖေဟာ ဘာကြောင့်များ နအဖစစ်သားတွေကို ပြန်တိုက်ချင်ရတာလည်းဆိုတာပါဘဲ။

၁၉၉၅ ခုနှစ်မှာ (နောက်ပိုင်းမှာ မွန်ပြည်သစ်ပါတီနဲ့ နအဖစစ်အစိုးရဟာ အပစ်အခတ်ရပ်စဲလိုက်တယ်ဆိုတာ ကျမသိရပါတယ်) ညီမလေးနဲ့ ကျမဟာ ကျောင်းကနေအိမ်ကိုပြန်ရောက်တော့ အဖေဟာ ကြမ်းပေါ်မှာထိုင်ပြီး ကျမတို့ကို ပြုံးပြနေပါတယ်။ ကျမအရမ်းကိုအံ့ဩသွားသလို နားမလည်သလိုလည်း ဖြစ်သွားပါတယ်။ အဲဒီနေ့မှာဘဲ ကျမဟာ အဖေ၊ အမေ၊ ညီမလေးတို့နဲ့အတူ မိသားစုအားလုံး ထမင်းစားပွဲမှာ အတူတူ ညစာစားခဲ့ရပါတယ်။ ဒါဟာ ကျမတို့မိသားစု သိုက်သိုက်ဝန်းဝန်းနဲ့ ထမင်းစားပွဲမှာ ပထမဦးဆုံး ညစာစားရခြင်းပါဘဲ။ စားစရာအားလုံးဟာ အရမ်းကိုအရသာရှိနေပြီး ကျမဟာ ကောင်းကင်ဘုံကို ရောက်နေတယ်လို့တောင် ထင်မိပါတယ်။ ကျမတို့ ညစာထမင်းဝိုင်းလေးဟာ ကမ္ဘာပေါ်မှာ အဖိုးအတန်ဆုံးပစ္စည်းတခုဖြစ်ပြီး ကျမဘဝအတွက် အရေးအကြီးဆုံးအရာလို့လည်း ကျမခံစားမိပါတယ်။ ကျမတို့မိသားစုတွေဟာ ဘယ်တော့မှ ထပ်မံပြီး ခွဲခွါနေရတော့မှာမဟုတ်ဘူးလို့လည်း ကျမထင်မိပါတယ်။

ကျမအဖေဟာ ပုံမှန်အားဖြင့် အိမ်ကို တစ်လတစ်ကြိမ် သို့မဟုတ် နှစ်လတစ်ကြိမ် ပြန်လာတတ်ပါတယ်။ အဖေပြန်လာတဲ့ အချိန်ဆိုရင် အမေဟာ မနက်စောစောထပြီး ထမင်းကြော်နဲ့ ကော်ဖီကို ကျမတို့အားလုံးရဲ့မနက်စာအတွက် ပြင်ဆင်ပေးသလို နေ့လည်စာနဲ့ ညစာကိုလည်း ပြင်ဆင်ပေးပါတယ်။ အဲဒီနေ့တွေမှာ အမေဟာ အဖေကြိုက်တတ်တဲ့

ကြက်စွပ်ပြုတ်၊ မွန်ငါးအစပ်ချက်၊ တောင်ငူ ငှက်ပျောပေါင်း (ငှက်ပျောသီးကို အုန်းနို့၊ သကြားဖြင့် ချိုအောင်လုပ်ထားသော အစားအစာ) စတဲ့ အထူး အစားအစာတွေကို ချက်ပြုတ်ပေးပါတယ်။ ဒါကြောင့် ကျမတို့ညစာ စားပွဲဟာ အစားအသောက်တွေနဲ့ စုံလို့ပါပဲ။ တခါတလေမှာ အဖေနဲ့ ကျမက အမေ့ကိုကူညီပြီး ချက်ပြုတ်ပေးတတ်ပါတယ်။ အဲဒီလို အချိန်တွေမှာ မီးဖိုချောင်ထဲက ဆူဆူညံညံအသံတွေဟာ ချိုမြိန်မှုတွေနဲ့ ပြည့်လျှံနေတယ်လို့ ကျမခံစားမိပါတယ်။

ကျမအနေနဲ့ အမေ့ကို တက်တက်ကြွကြွ ကူညီပေးရပေမယ့် ဘယ်တော့မှ ပင်ပန်းတယ်လို့ မထင်ပါဘူး။ ကျမတို့ ညစာစားတဲ့အချိန်မှာ စကားတွေ ဖောင်ဖွဲ့အောင် ပြောပြီး ရယ်မောပျော်ရွှင်နေကြပါတယ်။ ကျမတို့ အားလုံးရဲ့ မျက်နှာတွေပေါ်မှာ ကျေနပ်တဲ့ အပြုံးတွေကိုယ်စီနဲ့ပေါ့။ အဖေက သူ့နေရာကို ပြန်သွားတဲ့ အခါဆိုရင်တော့ ကျမဟာ ဝမ်းနည်းလွန်းလို့ ငိုချင်မိပါတယ်။ ကျမအဖေပြန်သွားတာ ကျမအတွက် ခါးသီးစရာပါ။ ပြီးရင် ကျမတို့အိမ်ကလေးဟာ တိတ်ဆိတ်ငြိမ်သက်သွားပါတယ်။ တခါတရံမှာ ကျမတို့ ပျော်ပျော်ရွှင်ရွှင် ညစာစားတာကို အိပ်မက်ထဲတောင် မက်မိပါတယ်။ အဖေအိမ်ပြန်လာမယ့်အချိန်ကို ကျမ အမြဲစောင့်မျှော်နေမိတယ်။ ပြီးတော့ မိသားစု ညစာစားချိန်လေးကို လည်း သတိရတမ်းတမိပါတယ်။ ကျမ စဉ်းစားမိတယ် … ကျမတို့မိသားစုဟာ ဘာဖြစ်လို့ ဒီလိုအခြေအနေမျိုးမှာ ရှိနေရသလဲ။ ဘာကြောင့်လဲ။

ကျမ (၁၀) တန်း အောင်တဲ့အခါမှာ မော်လမြိုင် တက္ကသိုလ်တက်ဖို့ အိမ်ကနေ ထွက်လာပြီးတဲ့နောက်မှာ ကျမတို့ရဲ့ မိသားစုညစာထမင်းဝိုင်းဟာ လူသုံးယောက်ဘဲ ရှိနေပါတော့တယ်။ အဖေအိမ်ပြန်လာတဲ့အခါ သူတို့အားလုံး ကျမမပါဘဲ ညစာအတူစားရပါတယ်။ သူတို့ ကျမကို လွမ်းနေကြမှာကျမသိပါတယ်။ ကျမ အရမ်းကိုဝမ်းနည်းပြီး အိမ်လွမ်းတဲ့ဝေဒနာကို ခံစားရပါတယ်။ ညစာကို မိသားစုမရှိဘဲ တယောက်ထည်းစားရပါတယ်။ အဲဒီအချိန်ဆို မိဘမဲ့တယောက်လို ခံစားရပြီး ကျမမိသားစုကိုလည်း အရမ်းလွမ်းမိပါတယ်။

၂၀၀၄ ခုနှစ်မှာတော့ ကျမရဲ့ ညီမလေးဟာ သူ့ပညာရေးအတွက် မြို့ကို ပြောင်းရပါတယ်။ ဒါကြောင့် အဖေနဲ့အမေဟာ သူတို့သမီးနှစ်ယောက်ဖြစ်တဲ့ ကျမတို့ညီအစ်မ မပါပဲ ညစာအတူစားရပါတယ်။ တကယ်လို့ အဖေအိမ်မှာမရှိခဲ့ရင်တော့ အမေဟာ ညစာကို ထမင်းစားပွဲမှာ တယောက်တည်းစားရမှာပေါ့။ အမေဟာ ကျမတို့အားလုံးကို လွမ်းနေပြီး အထီးကျန်မှုကို တယောက်တည်း ခံစားနေရမယ်ဆိုတာ ကျမသိပါတယ်။ များသောအားဖြင့် အမေဟာ အိမ်မှာ တယောက်တည်းနေရတာပါ။ ကျမတို့ မိသားစုအားလုံးဟာ ညစာထမင်းစားပွဲကို သတိရနေမယ်ဆိုတာ ကျမယုံကြည်ပါတယ်။ ပြီးတော့ ကျမလိုဘဲ ကျမရဲ့ မိသားစုအားလုံးဟာ မပျော်ရွှင်မှုကို ခံစားနေကြရမှာပါ။

ကျမတွဲ့ရပြီးတဲ့အချိန်မှာ ထိုင်း–မြန်မာနယ်စပ်ကို ထွက်လာခဲ့ပါတယ်။ ပြီးတော့ အဖွဲ့အစည်းတခုမှာ မြန်မာနိုင်ငံလူမှုပြောင်းလဲရေးအတွက် အလုပ်လုပ်နေပါတယ်။ ဒါကြောင့် ကျမဟာ မိသားစုနဲ့အတူ ညစာအတူစားချိန် မရှိသလောက်ပါဘဲ။ တခါတရံ ကျမ အိမ်ပြန်သွားပြီး ရက်အနည်းငယ်နေပါတယ်။ ကျမပြန်သွားချိန်မှာ ကျမအဖေက အိမ်မှာ မရှိတတ်ပါဘူး။ အဖေဟာ သူ့အလုပ်မှာရှိနေတတ်ပြီး ညီမလေးကလည်း ကျောင်းမှာ ပညာသင်ကြားနေဆဲပါ။ ဒါကြောင့် ကျမတို့ရဲ့ ညစာထမင်းစားပွဲလေးဟာ ဟိုအရင် မိသားစုအားလုံးရှိစဉ်အချိန်ကနဲ့ အများကြီး ခြားနားသွားပါတယ်။ ဘယ်လိုဘဲဖြစ်ဖြစ် ကျမတို့အားလုံးဟာ အခုဆိုရင် ရက်အနည်းငယ်တွေ့နိုင်ပါသေးတယ်။ ဘယ်လိုနိုင်ငံရေးအခြေအနေမျိုးတွေကို ကျမတို့ မိသားစုရင်ဆိုင်ရအုံးမှာလဲ၊ ပြီးတော့ လာမယ့်အနာဂတ်မှာလည်း ကျမတို့မိသားစု ဘယ်လိုအခြေအနေကို ထပ်ပြီးကြုံတွေ့ရဦးဆိုတာ ကျမ မပြောနိုင်ပါဘူး။

ကျမဟာ အခုချိန်ထိ မိသားစု ညစာထမင်းစားပွဲလေးကို လွမ်းနေတုန်းပါဘဲ။ ဘာကြောင့် ကျမတို့မိသားစုဟာ ဒီလို အခြေအနေဖြစ်နေရတာလဲဆိုတာကို မကြာခဏ ကိုယ့်ကိုယ်ကိုယ် မေးခွန်းပြန်ထုတ်မိတယ်။ ဘာကြောင့် ကျမတို့ အတူတူမနေရတာလဲ၊ ဘာကြောင့် ကျမတို့ တကွဲတပြားစီဖြစ်နေရတာလဲ။ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးတွေကြောင့် မိသားစုတွေ ဘယ်လောက်များများဟာ ကွဲကွာနေကြရလဲ။ တကယ်လို့သာ ကျမတို့ မြန်မာနိုင်ငံမှာ နိုင်ငံရေးအပြောင်းအလဲတွေဖြစ်ပြီး ငြိမ်းချမ်းရေး၊ လွတ်လပ်မှုနဲ့ တရားမျှတမှုတွေကို အာမခံပေးနိုင်တဲ့အချိန်ရောက်ရင် ကျမဟာ အိမ်ကိုပြန်သွားပြီး အသေးစားစီးပွားရေးလေး လုပ်မှာပေါ့။ ပြီးတော့ အဖေလည်း အိမ်ကိုပြန်လာပြီး မိသားစုအတွက်ဘဲ အလုပ်လုပ်မယ်။ ဒါဆိုရင် ကျမတို့တတွေလည်း ပျော်ရွှင်ပြီး ကျမတို့ရဲ့ မိသားစုညစာထမင်းဝိုင်းလေးဟာ အသစ်တဖန် ပြန်လည်ပြီး အသက်ဝင်လာမှာပါ။ ■

ဤဆောင်းပါးကို ၂၄ နှစ်အရွယ် မွန်အမျိုးသမီးတဦးမှ ရေးသားထားခြင်းဖြစ်ပါတယ်။ သူမသည် ၂၀၀၅ ခုနှစ်မှာ ထိုင်းနိုင်ငံကိုရောက်ရှိလာပြီး ယခုလက်ရှိတွင် ငြိမ်းချမ်းသည့် ဒီမိုကရက်တစ်မြန်မာနိုင်ငံပေါ်ထွန်းလာရေးအတွက် လှုပ်ရှားဆောင်ရွက်နေသည့်အဖွဲ့အစည်းတခု၌ အလုပ်လုပ်ကိုင်လျက်ရှိပါသည်။

ကျန်ရစ်လေသော မိုးရာသီ

ဆောင်း

မိုးအေးအေးနဲ့ အိမ်ထဲမှာပဲ ဘာမှမလုပ်ပဲထိုင်နေခဲ့ပြီး တောင်တွေးမြောက်တွေး တွေးဖြစ်နေခဲ့တယ်။ တခုခုလုပ်ဖို့စဉ်းစားလိုက်တော့လည်း ပျင်းနေမိတယ်။ စာရေးစရာတွေရှိနေပေမယ့် အချိန်ရှိသေးတယ်ဆိုပြီး နေနေလိုက်တယ်။ အိမ်ထဲဆွေးထွေးစွာပဲနေရင်း ညနေအလုပ်မှအိမ်ပြန်လာကြတဲ့ မြန်မာအလုပ်သမားတွေကို အိမ်နောက်ဖေးတနေရာကနေ ငေးမောကြည့်နေခိုက် တခုခုကိုပြေးသတိရမိတယ်။ အဲဒီတခုခုဆိုတဲ့ အကြောင်းအရာလေးကို သတိရမိတာနဲ့တပြိုင်တည်း အခုလို အေးအေးလူလူနေထိုင်နေရတဲ့ကိုယ့်ဘဝနဲ့ အတိတ်ကဘဝကို တစ်ယောက်တည်း ပြန်ပြီးနှိုင်းယှဉ်ကြည့်နေမိတယ်။

အခုလိုမိုးရာသီရဲ့ မိုးမစဲပဲ နေ့တိုင်းဆက်တိုက်ရွာသွန်းနေတဲ့နေ့တွေမှာ ကျမတို့မောင်နှမတွေ မိုးရေစိုစိုရွှဲရွှဲနဲ့ အလုပ်ထဲမှာ ပျော်တလှည့်၊ ငိုတလှည့်နဲ့ ဘဝကို ရုန်းကန်ခဲ့ကြရတဲ့အချိန်လေးတွေကို ပြန်လည်သတိရမိတယ်။ အဲဒီတုန်းက ကျမတို့ဟာ အသက် ၁၁ နှစ်၊ ၁၂ နှစ်လောက်ပဲရှိပါသေးတယ်။ အမှန်တော့ အလုပ်လုပ်ရမယ့်အရွယ်တွေ မဟုတ်သေးပါဘူး။ ဒါပေမဲ့လည်း ဘဝကံကြမ္မာကပေးလာတဲ့ လာဘ်တစ်ခုဖြစ်တယ်ဆိုပြီး ကျမတို့ရဲ့ဘဝအမှန်ကို ကျေကျေနပ်နပ်ကြီးလက်ခံခဲ့ကြတယ်။ အဲဒီတုန်းက ကျမတို့မောင်နှမတွေလုပ်ခဲ့ရတဲ့အလုပ်ကတော့ ထိုင်းအစိုးရရဲ့စီမံကိန်းတစ်ခုဖြစ်တဲ့ နယ်စပ်ကျေးရွာတွေရဲ့ ကားလမ်းဘေးတစ်လျှောက်လုံးမှာ သဘာဝသစ်ပင်စိုက်ပျိုးရေးဖြစ်တယ်။ အမှန်တော့ ကားလမ်းဘေးတင်မကဘူး၊ တောတောင်အထပ်ထပ် နေရာအနှံ့အပြားမှာပါ သစ်ပင်တွေလိုက်စိုက်ရပါတယ်။ သစ်ပင်မျိုးတွေကတော့ ပိတောက်၊ မဲဇာလီ၊ ကျွန်း စတာတွေဖြစ်ပြီး ကျန်တဲ့မျိုးပင်တွေကိုတော့ ကျမနာမည်မခေါ်တတ်ပါဘူး။ အဲဒီ စိုက်ရလွယ်တဲ့သစ်ပင်မျိုးနွယ်တွေကို ထိုင်း – မြန်မာနယ်စပ်သွားတဲ့ ကားလမ်းတစ်လျှောက်လုံးမှာ လိုက်စိုက်ရတယ်။ အပင်စိုက်တယ်ဆိုတော့ မိုးရာသီ၊ မိုးတွင်းကာလမှာပဲ စိုက်ရတယ်မဟုတ်လား။ ဒါမှလည်း အပင်တွေရှင်သန်နိုင်မှာကိုး။

အလုပ်ခွင်ထဲမှာ ကျမတို့မောင်နှမတွေက အသက်အငယ်ဆုံးတွေဖြစ်ပေမယ့်လည်း အလုပ်ကိုတော့ သူများတွေလို၊ လူကြီးတွေနဲ့တန်းတူလုပ်ခဲ့ရတယ်။ ပျိုးပင်ထမ်း၊ ပျိုးပင်စိုက်၊ တောခုတ်၊ မီးလမ်းရှင်း စတဲ့အလုပ်အားလုံးကို လုပ်ရတယ်။ ဒါပေမဲ့ လုပ်အားခကျတော့ တနေ့ကို ဘတ်ငွေ ၅၀ ပဲရတယ်။ ထမင်းထုပ်လည်း ကိုယ့်ဟာကိုယ်ထုပ်ရတယ်၊ ဟင်းချက်စရာကတော့ နည်းနည်းသက်သာတယ်။ ဘာဖြစ်လို့လဲဆိုတော့ တောထဲတောင်ထဲကိုရောက်နေရတာမို့ မျှစ်၊ ဟင်းသီးဟင်းရွက်တို့ကို ဟင်းလျာလုပ် စားသောက်ခဲ့ကြတယ်။ အသားငါးဆိုတာကတော့ တခါတလေပေါ့။ ကိုယ့်ထမင်းထုပ်အတွက် ကိုယ်ပဲစီစဉ်

ချက်ပြုတ်ရတယ်။ ကျမတို့မိဘတွေကတော့ ရွာမှာကျန်ခဲ့တယ်။ ကျမတို့က အလုပ်ခွင်မှာ ကိုယ့်ဆွေမျိုး၊ မောင်နှမတော်စပ်သူတွေမဟုတ်တဲ့လူတွေနဲ့ နေထိုင်ခဲ့ရတယ်။ တခါမှမတွေ့ ဖူးမမြင်ဖူးတဲ့လူတွေနဲ့ အဖော်လုပ်ပြီးနေခဲ့ရတယ်။ ကံကောင်းတာကတော့ ကိုယ်နဲ့အတူနေ ထိုင်ကြတဲ့လူတွေဟာ လူကြီးလူကောင်းတွေဖြစ်ကြလို့ပေါ့။ မိန်းကလေးဆိုလို့ ကျမနဲ့ကျမ အဒေါ်နှစ်ယောက်ပဲဖြစ်ပြီး ကျန်တာတွေကတော့ ယောကျ်ားလေးတွေချည်းပဲ တစ်အိမ် တည်းနေထိုင်ခဲ့ကြရတာ။ ကျမတို့ကို မောင်ငယ်၊ နှမငယ်အရင်းချာတွေလို ဂရုစိုက်ခဲ့ကြပါ တယ်။

မိုးတွေမစဲတမ်းရွာနေခဲ့ပေမယ့်လည်း မိုးရေထဲမှာ အလုပ်ကိုမနားတမ်းလုပ်ကြရ တယ်။ မိုးစိုလို့ လမ်းတွေချော်၊ ရေတွေကြီးနေပေမယ့်လည်း ဒီတိုင်းပဲကုန်းရုန်းပြီးသွားရ တယ်။ လမ်းတွေချော်လို့ တောင်ကုန်းအတက်မှာ သိပ်အခက်မတွေ့ပေမယ့် ကုန်းအဆင်း ကျတော့ အသက်တောင် ဝအောင်မရှူရဲတော့ဘူး။ ဘယ်လိုဆင်းရမလဲဆိုတာတောင် တွေး တောမတတ်ဖြစ်ခဲ့ရတယ်။ ဒါပေမဲ့လည်း ပျိုးပင်တွေကို တောင်အောက်ကနေတောင်ပေါ်ကို အခေါက်ခေါက်အခါခါ ထမ်းရွက်တင်ရပါသေးတယ်။ ပျိုးပင်တွေကတော့ တစ်တောင်ခန့် ရှည်တဲ့အပင်တွေဖြစ်တယ်။ အဲဒါတွေကို မကျိုးအောင်လည်း ဂရုစိုက်ရသေးတယ်။ အပင် စိုက်တဲ့အခါမှာလည်း တစ်ထွာကျော်ကျော်လောက်ရှိတဲ့တွင်းထဲမှာ မြှုပ်ထည့်ပြီး တွင်းဘေး မှာ တိုင်တစ်တိုင်ထူ၊ တိုင်ထိပ်မှာ ပျိုးပင်ထုပ်ထားတဲ့ ပလပ်စတစ် အိပ်မည်းကိုစွပ်ထား ခဲ့ရတယ်။ အဲဒီအတိုင်းမလုပ်ရင် ကိုယ့်နောက်မှာလုပ်ငန်းကြီးကြပ်ရေးက လိုက်ချောင်းနေ တာမို့ မိသွားရင် လုပ်အားခဖြတ်ပြီသာမှတ်ပဲ။

စိုစွတ်နေတဲ့ တောင်ကြိုတောင်ကြားလမ်းကျဉ်းလေးမှာ လျှောက်ရတာ တခါတ ခါချော်လဲလို့ကတော့ တောင်ပေါ်ကနေ တောင်အောက်ကို တခါတည်းတန်းနေရောပဲ။ ဘွတ်ဖိနပ်ရှိတဲ့လူတွေအတွက်ကတော့ သက်သာတယ်၊ ဘွတ်ဖိနပ်မရှိတဲ့လူတွေကတော့ မလွယ်ပါဘူး။ ဒီကြားထဲ ဓါးကောက်ကိုလည်း လက်တစ်ဖက်ကကိုင်ထားရသေးတယ်။ ဓါးကောက်က ထူထပ်တဲ့ ချုံနွယ်တွေကိုပေါင်းသင်ဖို့အတွက်ဖြစ်ပါတယ်။ အပင်စိုက်ဖို့တွင်း တူးသမားကတော့ ဓါးကောက်နဲ့ပေါက်တူး (ပေါက်ပြား) ကို ကိုင်ရပြီး၊ အပင်စိုက်တဲ့သူက တော့ ဓါးကောက်၊ ပျိုးပင်အပြည့်ထည့်ထားတဲ့ခြင်း (ပလိုင်း) တစ်လုံးစီတို့ကို သယ်ရပါ တယ်။ အဲဒါတွေအပြင်ကို ထမင်းထုပ်ကလည်းပါသေးတယ်၊ ရေဗူးလည်းပါသေးတယ်၊ မိုး ကာအင်္ကျီလည်းပါသေးတယ်၊ ခမောက်လည်းပါလိုက်သေးတယ်ဆိုတော့ တကိုယ်လုံးမှာ အထုပ်တွေအရှုပ်တွေနဲ့ အရူးလိုပါပဲ။ မိုးစိုစိုထဲအလုပ်လုပ်ရတာ သိပ်ကိုအန္တရာယ်ကြီး လွန်းပါတယ်။

တကိုယ်လုံး မိုးရေစိုရွှဲပြီး ပြန်လာရတဲ့နေ့တွေဆိုလည်း ဖျားချင်သလိုလို၊ နာချင် သလိုလိုဖြစ်လာတယ်။ မိုးအေးအေးနဲ့ အိမ်ပြန်ရောက်လာတာနဲ့ တခါတည်းတန်းပြီး ကွေး အိပ်လိုက်ချင်တော့တယ်။ အလုပ်ပင်ပန်းရတာကတဖက်၊ မိုးမိလို့ ချမ်းရတာကတဖက်

ဆိုတော့ လူက မလှုပ်ချင်တော့ဘူး။ ဒါပေမဲ့လည်း မလှုပ်ချင်လို့ကမဖြစ်ပြန်ဘူး။ ကိုယ်ရော၊ ကိုယ့်မောင်နှမတွေအားလုံးစားသောက်ဖို့ ထမင်းဟင်း ဝိုင်းကူချက်ပြုတ်ဖို့လိုသေးတာကိုး။ ထမင်းမစားပဲအိပ်လိုက်တော့ရင်လည်း နောက်တနေ့မထနိုင်ပဲဖြစ်ပြန်အုံးမယ်၊ မထနိုင်ရင် အလုပ်ပျက်မယ်၊ အလုပ်ပျက်တော့လည်း ပိုက်ဆံမရပဲနေမှာလည်း စိုးရိမ်ရသေး၊ စတဲ့ အကြောင်းအရာတွေက ဆက်စပ်နေတော့ ဘဝဟာ ခါးသီးလွန်းတယ်လို့အောက်မေ့မိပြီး ထိုင်သာငိုပစ်လိုက်ချင်တော့တယ်။

အဲဒီအချိန်တုန်းကတော့ အလုပ်လုပ်ရင် ပိုက်ဆံရမယ်ဆိုတဲ့အသိစိတ်က ခို အောင်းနေတာကိုး။ တဖက်ကလည်း ကိုယ့်မိဘတွေကို တဖက်တလမ်းက ဝင်ငွေဝိုင်းဝန်း ရှာကူပေးတာလည်းဖြစ်ပါတယ်။ ဖြစ်နိုင်ရင်၊ ရွေးချယ်စရာရှိရင်တော့ ဒီလို မိုးထဲလေထဲနေ ထဲမှာ လုပ်ရတဲ့အလုပ်မျိုးကို လုံးဝမနှစ်သက်ခဲ့ပါဘူး။ အရိပ်အောက်မှာ အေးအေးဆေး ဆေးနဲ့ လုပ်ကိုင်စားသောက်လို့ရတဲ့အလုပ်မျိုးကိုပဲ လုပ်ချင်ခဲ့တာ။ အဲဒီတုန်းက တစ်ခုတွေး မိခဲ့တယ်၊ အဲဒါကဘာလဲဆိုတော့ ‘တနေ့ ကိုယ့်နိုင်ငံအေးချမ်းသွားတဲ့အခါ ကိုယ့်ရပ်ကိုယ့် ရွာမှာ ကိုယ်ပိုင်လုပ်ငန်းလေးတစ်ခုကို အေးအေးချမ်းချမ်းလုပ်ကိုင်မယ်’လို့ တွေးမိခဲ့ဖူးပါ တယ်။

ဟိုအဝေးဆီကနေ မိုးရေတွေစိုရွှဲနေတဲ့အလုပ်သမားတွေ အိမ်ပြန်လာနေကြ တယ်။ ကွေးကွေးလေးနဲ့ တကိုယ်လုံးတုန်ခိုက်နေတာကိုလည်း တွေ့နေရတယ်။ အလုပ်ခွင် ထဲမှာ တနေကုန် ပင်ပင်ပန်းပန်းအလုပ်လုပ်ခဲ့ရတဲ့အပြင် မိုးရေတွေစိုရွှဲပြီးပြန်လာတော့ အေး အေးဆေးဆေး အနားယူချင်ကြမှာပဲ။ ဒါပေမဲ့ ချက်ပြုတ်စားသောက်ရမယ့်အချိန်၊ မနက်ဖြန် အတွက် အားမွေးရမယ့်အချိန်ကလည်း ကျန်နေသေးတယ်မဟုတ်လား။ မိုးရာသီဆိုတော့ အလုပ်အကိုင်ရှားပါးတဲ့ကာလမို့လို့ အလုပ်ကိုကြိုးစားပြီးမလုပ်ရင် ကိုယ့်ဝမ်းရေး၊ မိသားစု ဝမ်းရေးနဲ့ တခြားကိစ္စများမြောင်တို့အတွက် အခက်တွေ့လိမ့်မယ်မဟုတ်လား။

ဟိုတချိန်တုန်းက ကျမတွေးခဲ့ဖူးသလို ဒီကအလုပ်သမားတွေလည်း အေးချမ်းတဲ့ ဘဝနဲ့ ကိုယ့်ရပ်ကိုယ့်ရွာမှာ အေးချမ်းစွာနဲ့ ကိုယ်ပိုင်လုပ်ငန်းလေးပဲဖြစ်ဖြစ်၊ အများပိုင်လုပ် ငန်းမှာပဲဖြစ်ဖြစ် လုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းချင်ကြမှာပဲ။ အခုလိုမျိုး မိုးထဲ၊ လေထဲ၊ နေထဲ အပင်ပန်းကြီးစွာနဲ့ ဘယ်သူမှအလုပ်လုပ်ချင်ကြမှာမဟုတ်ဘူး။ သက်သာရာဘဝဆို တာ ကျမတို့မြန်မာနိုင်ငံသူနိုင်ငံသား၊ ဆင်းရဲသားလူတန်းစားတွေအတွက် အလှည့်ရောက် လာလိမ့်မယ်လို့ ကျမအနေနဲ့မျှော်လင့်ပါတယ်။ ဆုလည်းတောင်းလျက်ပါပဲ။

ဒီအချိန်မှာ ကျမကတော့ အိမ်အမြင့်တနေရာကနေ တန်းလျားလေး သုံးလေးလုံးရှိတဲ့နေ ရာကို အလုပ်ခွင်ကနေ ပြန်လာနေကြတဲ့ ကိုယ့်မြန်မာအလုပ်သမားတွေကို ငေးကြည့်ရင်း အတွေးတွေတစစီ ခေါင်းထဲဝင်ဝင်လာနေဆဲပဲ။ တွေးရင်း၊ ငေးရင်း၊ ဆွေးရင်းနဲ့ပဲ အငွေးထည် ဝတ်ဖို့တောင် မေ့နေခဲ့တယ်။ ■

ပျော်ရွှင်ခြင်းများနဲ့ပြည့်စုံသော ဘဝပိုင်ရှင်များဖြစ်ကြပါစေ…

ဆောင်းပါးရှင် ဆောင်းသည် ထားဝယ်အမျိုးသမီးငယ်တဦးဖြစ်ပြီး ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဆူနာမီဒဏ်ခံရသည့် ဒေသများတွင် လူမှုရေးလုပ်ငန်းများကို လုပ်ကိုင်လျှက်ရှိပါသည်။

ကြက်တူရွေးဘဝ တစိတ်တဒေသ

ကြက်တူရွေး

ကျမ မဲဆောက်မှာ ခြေချနေခဲ့တာ ငါးနှစ်ကျော်ကျော်ရှိခဲ့ပါပြီ။ အဆင်မပြေလို့ အိမ်ကိုခွဲခွာခဲ့ရတာပါ။ စက်ရုံမှာ ဆွယ်တာတွေကိုစက်နဲ့ဆွဲရတဲ့အလုပ်လေးကိုလုပ်ရင်း ဘဝကိုရုန်းကန်ခဲ့ပြီး ရတဲ့ငွေတိုငွေစလေးတွေကို အိမ်ကိုပြန်ပို့မယ်လို့ ဆုံးဖြတ်ပြီးတော့ ကြိုးစားပမ်းစားအလုပ်ကိုလုပ်ကိုင်နေခဲ့မိတာ ခုဆို ငါးနှစ်တောင်ကျော်နေပါပြီ။ ပို့ဖြစ်တဲ့ငွေက မြန်မာကျပ်ငွေနဲ့ဆိုရင် သုံးသိန်းတောင်မပြည့်သေးပါဘူး။ အလုပ်ကလည်း ကောင်းကောင်းလုပ်ရတယ်လို့ကိုမရှိပါဘူး။ စက်ရုံမှာ ချည်ကပြတ်လို့နားလိုက် စုထားတဲ့ငွေလေးကိုသုံးလိုက်နဲ့ ချာလပတ်ကိုလည်နေတာပါပဲ။

ကျမအသက်ကတော့ ၂၈ နှစ်ရှိခဲ့ပါပြီ။ ရုပ်ရည်ကတော့ အချောကြီးမဟုတ်ပေမယ့် ချစ်စရာကောင်းတယ်လို့ပြောကြတာပါပဲ။ အသားကတော့ ခပ်ဖြူဖြူ မျက်ခုံကောင်းကောင်း၊ အရပ်က ၅ ပေကျော်။ လူပုံစံက ပတ်ဝန်းကျင်က သတ်မှတ်ထားတဲ့ ယောကျ်ားတွေရဲ့စရိုက်အတိုင်း ဘဝကို ကျရာနေရာမှာ ရရာအလုပ်ကိုလုပ်ပြီး သမ္မာအာဇီဝဖြစ်တဲ့ အလုပ်ဆို ငြင်းပယ်ရိုးမရှိတဲ့သူပါ။ ဘဝကိုခပ်ကြမ်းကြမ်း ရုန်းကန်ခဲ့သူမို့ တော်ရုံအလုပ်ဆိုတာ ကျမအတွက် ပင်ပန်းတယ်လို့မရှိခဲ့ပါဘူး။ ကျမမှာ အမေမရှိတော့ပါဘူး။ ကျမအသက်ရှစ်နှစ်အရွယ်ကတည်းက ဆုံးပါးသွားခဲ့ပါတယ်။ ကျမတို့ညီအစ်ကိုမောင်နှမတွေကို မျက်စိသူငယ် နားသူငယ်နဲ့ချန်ထားပြီး အမေချန်ထားခဲ့တာလို့ အမေ့ကို မပြောရက်ခဲ့ပါဘူး။ အမေက ကျမတို့အတွက် အနှိုင်းမဲ့တဲ့အမေပါ။

ဒီနေရာမှာ ကျမအနေနဲ့ မဲဆောက်ကိုမရောက်ခင် ရုန်းကန်ခဲ့ရတဲ့ ဘဝကိုပြောပြချင်ပါတယ်။ ၂၀၀၃ ခုနှစ် ၂ လပိုင်းလောက်မှာ မြဝတီဆိုတဲ့ မြို့လေးကို ရောက်ရှိခြေချမိခဲ့တဲ့အချိန်ပေ့ါ။ ကျမလက်ထဲမှာပါလာတဲ့ ပိုက်ဆံကျပ် (၅၀၀၀၀) ငါးသောင်းကျော်လောက်ကို လက်ထဲကျစ်ကျစ်ပါအောင်သိမ်းထားခဲ့ပါတယ်။ ဒီငွေတွေကို အလုပ်မရခင် စားသောက်ဖို့ဆိုပြီး တွက်ကိန်းနဲ့သိမ်းထားခဲ့ပေမယ့် စားစရိတ်နေစရိတ်တွေက ဈေးကြီးတဲ့အတွက် ရက်ပေါင်း ၂၀ လောက်တင် ပါလာတဲ့ငွေက ကုန်သွားပါလေရော။ အဲဒီအချိန်မှာ ငွေကလည်းကုန်၊ အလုပ်ကလည်းမရ၊ စက်ရုံတွေကလည်း အလုပ်မခေါ်ဆိုတော့ ကျမအခြေအနေက တော်တော်ဆိုးခဲ့ပါတယ်။။ အဲဒီတော့ သူငယ်ချင်းတယောက်အိမ်မှာ ခဏပေးနေဖို့ အသနားခံ အကူအညီတောင်းရပါတယ်။ ဒီသူငယ်ချင်းက ကျမရဲ့ငယ်ပေါင်းတယောက်ပါ။ သူနဲ့ကျမ ဟိုးငယ်ငယ် ကျောင်းနေတဲ့အရွယ်ကတည်းကအတူတူ တရွာတည်းသားပဲဆိုပါတော့။ ကျမတို့ မြို့ကိုပြောင်းတော့မှ ကွဲကွာသွားကြတာပါ။ ငယ်ရုပ်မပျောက်သေးတဲ့ ကျမကို သူကမှတ်မိပြီး ခေါ်နှုတ်ဆက်ရာကနေ သူ့အိမ်မှာသောင်တင်ဖို့အတွက် ကျမ

အကူအညီတောင်းခွင့်ရခဲ့တာပေါ့။ သူငယ်ချင်းကတော့ အိမ်ထောင်ကျနေပြီး ကလေးတွေဘာတွေရလို့။ သူ့ယောကျ်ားက လက်သမားအလုပ်ကိုလုပ်ပါတယ်။ သူကတော့ တအိမ်ဝင်တအိမ်ထွက် အဝတ်လျှော်မီးပူတိုက်တဲ့အလုပ်ကိုလုပ်ပြီး ညနေဆို သူ့အလုပ်က ကျပ် (၁၀၀၀) တစ်ထောင် လောက်တော့ခိုင်နေပြီ။ တခါတလေဆို (၁၅၀၀) တစ်ထောင့်ငါးရာလောက်ထိရတတ်တယ်။ သူကတော့ ဟန်ကိုကျလို့ပေါ့။

ကျမကတော့ စက်ရုံအလုပ်ကိုပဲ သဲသဲမဲမဲ လုပ်ချင်နေတာလေ။ စက်ရုံအလုပ်လည်းမရသေးတော့ သူငယ်ချင်းက သူနဲ့ပဲ အဝတ်လိုက်လျှော်ဖို့ တိုက်တွန်းလာတယ်။ ပထမတော့ အရမ်းရှက်သလိုဖြစ်မိတယ်။ လုပ်နေကျအလုပ်လည်းမဟုတ်တော့ သိမ်ငယ်သလိုလည်းခံစားရတယ်ဲ။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် လုပ်ကြည့်မယ်လေဆိုပြီး အဝတ်လျှော်တဲ့အလုပ်ကိုစလုပ်ပါတယ်။ ကျမ အခုထိမှတ်မိပါသေးတယ်။ ပထမဦးဆုံး ကျမသူငယ်ချင်းကဒီအိမ်ကအဝတ်တွေကို နင့်ကိုပေးမယ်၊ ငါက အခြားအိမ်လိုက်ရှာမယ်လို့ပြောတယ်။ ကျမလည်း ဝမ်းသာအားရနဲ့ ရလာတဲ့ဂွမ်းကပ်တခုနဲ့ အဝတ်လေးငါးစုံကို ၆၀၀ ကျပ် ပေးမယ်ဆိုတော့ အတော်လေးကို ဝမ်းပမ်းတသာနဲ့ သောင်းရင်းမြစ်ထဲ သွားလျှော်တော့တာပေါ့။ ဟိုရောက်တော့ အဝတ်ကိုရေဇလုံထဲထည့်၊ ရေတွေဆွတ်ပြီး ဆပ်ပြာမှုန့်လေးထည့်လိုက်တယ်ဆိုရင်ပဲ အိုး–ထွက်လာလိုက်တဲ့ သွေးတွေဟာ ညှီစော်ကိုနံလို့။ ကျမဖြင့် အန်တောင်အန်ထွက်တယ်။ ဒါပေမဲ့ ကျမ စဉ်းစားမိတယ်၊ သူများတောင် လုပ်နိုင်သေးရင် ငါကရောဘာလို့မလုပ်နိုင်မလဲဆိုတဲ့အတွေးနဲ့ ပြီးအောင် စင်ကြယ်အောင် လျှော်ဖွတ်ပေးလိုက်ပါတယ်။ အိမ်မှာဆို ဒီအလုပ်တွေ ကျမတခါမှမလုပ်ခဲ့ရဘူး။ အေးအေးဆေးဆေး စားသောက်ပြီး အချိန်တန်ရင် အစ်မတွေကို အနိုင်ယူနေခဲ့မိတာပါ။ ခုတော့ ကျမ ဒီလိုတွေလုပ်နေရတယ်ဆိုတာသိရင် အစ်မတွေ စိတ်ကောင်းနိုင်မှာမဟုတ်ပါဘူး။

မတတ်နိုင်ဘူးလေ၊ တသက်လုံး သူများကို မှီတွယ်နေလို့ရမှာ မဟုတ်ဘူးဆိုတဲ့အတွေးတွေကပဲ ကျမကို အားတက်စေခဲ့ပါတယ်။ ဒီလိုနဲ့ သူများအဝတ်တွေကို လျှော်ပေးရင်းနဲ့ တနေ့တော့ သောင်းရင်းမြစ် ဟိုဘက်ကမ်းနဲ့ဒီဘက်ကမ်းကို ကူနံထမ်းတဲ့အလုပ်တခုက အခွင့်ပေးလာပြန်ပါတယ်။ မြဝတီမြို့မှာ မိုးကုတ်ဂိတ်ဆိုတဲ့ နယ်ခြားဂိတ်တဂိတ်ရှိပြီးတော့ ထိုင်းဘက်ကမ်းကနေ အဲဒီဂိတ်ကို ဖြတ်ပြီး မြန်မာဘက်ကမ်းကိုသွားမယ်ဆိုရင် ကျပ် ၅၀၀ ယူပါတယ်။ အကယ်၍ ကျမက လူတွေကို ဒီဂိတ်ကနေ ကူးဖို့ဆွယ်နိုင်တယ်ဆိုရင် ၁၀၀ တစ်ရာရမယ်လို့ ဂိတ်ငယ်လေးတခုမှာ တာဝန်ကျနေတဲ့ ဦးကြီးက ပြောပါတယ်။ အဲဒါအပြင်ကို အဲဒီလူမှာ အထုပ်တွေအပိုးတွေပါလို့ ကူသယ်ခဲ့ပေးရင်လည်း သယ်ခကရသေးတယ်လေ။ ဒါကြောင့် အဲဒီအလုပ်က ကျမအတွက် ပိုအဆင်ပြေတယ်ဆိုပါတော့။ ဒါပေမဲ့လည်း တခါတလေ မိန်းကလေးဆိုပြီး ထိကပါးရိကပါးလုပ်ချင်တဲ့ အမျိုးသားတွေကိုလည်းရှောင်ရင်းရှားရင် လှုပ်ရှားရုန်းကန်ခဲ့ရပါတယ်။ တချို့အမျိုးသားတွေဆို ဒီအထုပ်ကို မင်းယူဆိုပြီး စေတနာကောင်းသလိုနဲ့ ဖင်ကိုပုတ်သေးတယ်။ တချို့ဆိုရင် လာသူငယ်ချင်းဆိုပြီး

ပခုံးကို လာဖက်တတ်သေးတယ်။ တချို့ကျတော့လည်း တကယ့်အစ်ကိုရင်းတွေလို ကူညီပါတယ်။ ဒါပေမဲ့လည်း မိန်းကလေးဆိုပြီး အသားယူတဲ့လူက ခပ်များများရယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်ကအခက်အခဲဖြစ်နေတော့ ဒီလိုပဲ ရှောင်ရင်းရှားရင်းနဲ့ လုပ်ကိုင်ရတာပါပဲလေ။

အခုချိန်ထိ ကျမ မမေ့နိုင်တဲ့ဖြစ်ရပ်တခုရှိပါတယ်။ တနေ့မှာ ကျမ ကျေးဇူးရှင်ဖြစ်လာမယ့် အစ်မတယောက်ကို သူ့အထုပ်တွေကူသယ်ပေးရင်း သောင်ရင်းမြစ်ထဲကနေ တဘက်ကမ်းကိုဖြတ်အကူးမှာ သောင်းရင်းမြစ်က ဒဏ်ခတ်တာပဲလား၊ အရက်သမားတွေကဘဲ စည်းကမ်းမရှိတာလား၊ မြန်မာတွေလား ထိုင်းတွေလားမသိ ချောင်းရေထဲကို ပုလင်းကွဲတွေပစ်ထားတော့ ကျမခြေဖဝါးနုနုမှာ ပုလင်းကွဲစရှပြီး ခြေထောက်ကွဲသွားပါတော့တယ်။ ဟက်တက်ကြီးကွဲသွားတာဆိုတော့ ဒဏ်ရာက နည်းတာမဟုတ်ဘူး။ ချောင်းလယ်ခေါင်မှာရှတာဆိုတော့ အထုပ်ကို ပစ်ချခဲ့လို့လည်းမဖြစ်တာနဲ့ အံကြိတ်ပြီး ဆက်ထမ်းခဲ့ရတာပေ့ါလေ။ ဒီလိုနဲ့ကုန်းပေါ်ရောက်တော့ ‘အစ်မရယ် ကျွန်တော့်ကိုစိတ်မဆိုးပါနဲ့၊ ကျွန်တော်အရောက်မပို့နိုင်တော့ဘူး၊ ခြေထောက် ပုလင်းကွဲရှလို့ပါ’ဆိုတော့ အဲဒီအစ်မက ‘ဟယ်–ဟုတ်လားပြပါအုံး’ဆိုတော့ ကျမဒဏ်ရာကိုကြည့်ပြီး သူလည်း ကျမကို သနားသွားတယ်ထင်ပါတယ်။ ကုန်ထမ်းခအပြင် ဆေးကုဖို့ပါဆိုပြီး ဘတ်ငွေတစ်ရာပေးခဲ့သေးတယ်။ အဲဒီအစ်မကိုတော့ အခုချိန်ထိ ကျေးဇူးမမေ့ပါဘူး။

အဲဒီအလုပ်လုပ်ရင်းနဲ့ပဲ ငွေလေးလည်းနည်းနည်းစုမိလာပြီး ချေထောက်ကလည်း အနာနဲ့ဆိုတော့ မြဝတီတံတားထိပ်မှာ စက်ဆွဲသန်းတန်းဖွင့်ထားတယ်လို့သိရတော့ စက်ဆွဲသွားသင်ပါတယ်။ သင်တန်းခအတွက် ကျပ်ငွေနဲ့ သုံးထောင်ပေးရပါတယ်။ အတတ်သင်ကိုသုံးထောင်ဆိုတော့ ကျမအတွက်မဆိုးပါဘူး။ ပြီးတော့ စက်ရုံကိုလည်းသွင်းပေးအုံးမယ်ဆိုတော့ ကျမအတွက်တော့ ဟန်ကျတယ်လို့ဆိုရမှာပေ့ါလေ။ သင်တန်းက ၃ ရက်ဆိုရင် အပြီးစက်ဆွဲတတ်ရော။ ကျမကတော့ ၂ ရက်နဲ့ အဆွဲသင်လိုက်ရတယ်။ တတ်သွားလို့ကျန်တဲ့ နောက်တစ်ရက်မှာ နောက်ထပ်လာတဲ့အသစ်လေးတွေကို ကူသင်ပေးရင်းနဲ့ စက်ဆရာကိုဖားရတာပေ့ါ။ မြန်မာပြည်မှာက အဲလိုဖားမှ နေရာရတတ်တဲ့ ဓလေ့လေးအတိုင်းလုပ်ပေးရတာပေ့ါ။

ဒါနဲ့ ခြေထောက်က အနာလည်းပျောက်၊ စက်ဆွဲတာလည်းတတ်၊ အလုပ်ကလည်း လူတွေခေါ်နေပြီဆိုတော့ အလုပ်လျှောက်ဖို့ စိုင်းပြင်းရတော့တယ်။ လက်ထဲမှာရှိတဲ့မြန်မာပိုက်ဆံလေးတွေကို ဘတ်ငွေလဲလိုက်တာ ဘတ်နှစ်ရာကျော်ကျော်ရတယ်။ မဲဆောက်တဘက်ကမ်းကူးပြီး ပုလိပ်ရှောင်ရင်း စက်ရုံတွေလိုက်လျှောက်တာ နောက်ဆုံးပန်းရုံဆိုတဲ့ သိုးမွှေးရုံမှာအလုပ်ရတယ်။ အဲဒီစက်ရုံတရုံပဲ သင်ဆွဲခေါ်တာဆိုတော့ ကျမတို့အလုပ်လာလျှောက်တဲ့ အုပ်စုက ၅ ယောက်လုံး အဲဒီရုံကိုပဲဝင်ရတော့တာပေ့ါလေ။ ဘာတတ်နိုင်မှာလည်း၊ လက်ထဲမှာ ဘတ်ငွေတစ်ရာကျော်ကျန်သေးပေမယ့် တစ်လလုံးလုံးလခမထုတ်မချင်းကို ချွေတာစားရမယ်ဆိုတဲ့အသိနဲ့ တော်တော့်ကို ကသီလင်တဖြစ်ခဲ့ရ

တယ်။ ဝင်တဲ့ရက်နဲ့တွက်လိုက်ရင် လစာထုတ်ဖို့ ရက်ပေါင်း ၂၀ လောက်လိုအုံးမယ်ဆိုတော့ တနေ့ကို ငါးဘတ်နဲ့စားမယ်ဆို အဆင်တော့ပြေနိုင်တယ်ဆိုပေမယ့်လည်း တကယ်တမ်းက ငွေငါးဘတ်နဲ့ ဘယ်လို့မှ လောက်လောက်ငှငှစားလို့မရပါဘူး။ ဟင်းငါးဘတ်က တကယ့်နည်းနည်းလေးပဲပါတယ်လေ။ စိတ်ညစ်လိုက်၊ အားငယ်လိုက်နဲ့ ဒီငွေလေးကုန်ရင် ငါဘာနဲ့စားမလဲဆိုတဲ့အတွေးက တော်တော့်ကို နှိပ်စက်ပါတယ်။

ငါးရက်လောက်နေတော့ စက်ရုံမှာ အပေါင်းအသင်းဖွဲ့ရင်း သူတို့ကနေတဆင့် ဟင်းအကြွေးရောင်းပေးဖို့ အာမခံခိုင်းရတယ်။ ဒီလိုနဲ့ စားသောက်ရတာ အဆင်ပြေလို့ တဖက်မှာလည်း ဆွယ်တာလေးတွေကို စိတ်အေးလက်အေးနဲ့ဆွဲလိုက်တာ ကံကောင်းထောက်မစွာပဲ အဲဒီလက ၅ ဒါဇင်တောင်ဆွဲရတယ်။ သိုးမွေးဆွဲတယ်ဆိုတာ ရှေ့ခြမ်း ၁၂ ထည်၊ နောက်ခြမ်း ၁၂ ထည်ရယ်၊ လက် ၂၄ ထည်ဆွဲမှ တစ်ဒါဇင်ပြည့်တာပါ။ တစ်ဒါဇင်ဆိုရင် သုံးရက်လောက်ဆွဲရတယ်။ ကျမတို့က သင်ဆွဲတွေ (တတ်ခါစတွေ) ဆိုတော့ သိပ်မမြန်သေးဘူးပေါ့။ မမှားအောင်လည်း ဂရုစိုက်ရသေးတယ်။ အချက်ရည်လည်း မမေ့အောင် မှတ်ရသေးဆိုတော့ ငါးဒါဇင်ဆိုတာ တော်တော်ကြိုးကြိုးစားစားနဲ့မှဆွဲလို့ရတာ။

ပျော်လိုက်တာလေ... ကိုယ့်လုပ်အားခ တစ်ထောင့်ငါးရာကျော်၊ မြန်မာငွေနဲ့တွက်ရင် ငါးသောင်းနီးပါးဆိုတော့။ မြန်မာပြည်မှာရက်ပေါင်း၂၀ လုပ်ရင် ငါးသောင်းရဖို့ ဝေလာဝေးစွ။ အဲဒီလက ကျမ တော်တော်အဆင်ပြေပါတယ်။ လခထုတ်လို့ ဟင်းဖိုးလေး ဖယ်လိုက်တယ်ဆိုရင်ပဲ ဘတ်ငွေ တစ်ထောင့်သုံးရာလောက်ကျန်သေးတယ်။ ကိုယ့်ကို အာမခံပေးတဲ့သူငယ်ချင်းကို မုန့်ဝယ်ကျွေး၊ စက်ချိန်ပေးတဲ့ဆရာကို နည်းနည်းပါးပါး လက်ဆောင်ဝယ်ပေးနဲ့ လက်ထဲမှာတစ်ထောင်ကျော်ကျန်သေးတော့ ဦးဦးဖျားဖျား အိမ်ကို ကျပ်ငွေနှစ်သောင်းခွဲနဲ့ မုန့်ပုံးလေးတပုံးပို့ဖြစ်ခဲ့တယ်။ အဖေက သူ့သမီးအလုပ်လုပ်ဖို့ထွက်သွားတာ သုံးလနီးပါးလောက်ကြာပြီး ခုမှ စာတစောင်နဲ့ ငွေလေးမစို့မပို့ ပို့လိုက်တယ်လို့ မညီးညူရှာပဲ သုံးတောင်မသုံးရက်ဘူးဆိုတဲ့ သတင်းကိုကြားတော့ ကျမမျက်ရည်ကျမိတယ်။ အလုပ်ကိုကြိုးစားလုပ်မယ်၊ အဖေ့ကို ငွေပို့မယ်ဆိုတဲ့အတွေးပဲဝင်လာခဲ့တယ်။ ဖြတ်ကျော်ခဲ့ရတဲ့ အခတ်အခဲတွေကို အဖေ့ကို ပေးမသိစေချင်တော့ပါဘူး။ ဒီလို အခတ်အခဲတွေကိုသာ အိမ်ကလူတွေကို တလုံးမကျန်ပြောပြခဲ့ရင်တော့ အလုပ်ပေးမလုပ်တော့ပဲ ‘ရှိပါစေ၊ တို့မိသားစု တော်သေကြတာပေါ့’ လို့ပြောကြမှာသေချာတယ်။

ကျမထက် ဘဝအခက်အခဲတွေ ပိုပြီးကြမ်းကြတဲ့ လူတွေရှိပါတယ်။ ဘဝပါရှုံး၊ အသက်တွေပါပေးနဲ့ မိသားစုတွက်တဖုံ လွတ်လပ်မှုတွက်တမျိုး ပညာကိုလိုးလားလို့ ထွက်လာတဲ့လူတွေလည်း မနည်းပါဘူး။ မိသားစုအဆင်မပြေလို့ မဲဆောက်ကိုတတ်လာမှပဲ ဒီရောက်တော့ ဘာပိုက်ဆံတပြားမှမရပဲ ဆင်ခြေဖုံးမှာ ထမင်းစားလေးနဲ့ပဲ ကျွန်ခံ၊ အဆင်မသင့်ရင် လိင်ကျွန်တောင်ဖြစ်ခဲ့ကြရသေးပါတယ်။

ကျမတို့မြန်မာဘဝတွေ ဒီလိုအခြေအနေတွေ ဖြစ်နေကြရတာကို အစကတော့ ဘာကြောင့်မှန်း မသိခဲ့ပါဘူး။ နောက်ပိုင်းမှာတော့ စက်ရုံအလုပ်ကြီးပဲလုပ်နေရင် ဘာတိုးတက်မှုမှမရှိဘူးလို့မြင်လာတယ်။ ဒီကြားထဲ အပြင်ဗဟုသုတလေးထွက်ရှာဖို့ လမ်းကကံကောင်းထောက်မစွာ ပေါ်လာတယ်ဆိုပါတော့။ ဘယ်သူမှန်းမသိတဲ့ အစ်ကိုတယောက်က ဒီစာအုပ်လေးဖတ်ကြည့်ပါဆိုလို့ သူပေးတဲ့စာအုပ်ကို အဆောင်ကိုယူလာဖတ်မိတယ်။ အိုး... ကမ္ဘာတလွှားမှာ အမျိုးသမီးတွေ လုပ်နိုင်တာအများကြီးပဲဆိုတာ သိခွင့်ရလိုက်သလို ဘာကြောင့်ခုလို ဆင်းရဲဒုက္ခခံပြီး သူများနိုင်ငံမှာအလုပ်လာလုပ်ရတယ်ဆိုတာကို ကောင်းကောင်းကြီးသိသွားတော့ စက်ရုံမှာရှိတဲ့သူငယ်ချင်းတွေကို အဖော်ဆွယ်၊ အလုပ်သမားဥပဒေနဲ့ဆိုင်တဲ့အကြောင်းအရာတွေကို အလုပ်သမားအရေးကိုလုပ်နေသူတွေက သိသင့်သိထိုက်တယ်ဆိုပြီးလာပြောတော့ သင်တန်းတွေလိုက်တတ်၊ ဒီမိုကရေစီရက်တိုသင်တန်းတွေလိုက်တတ်၊ လူ့အခွင့်အရေး ရက်တိုသင်တန်းတွေလိုက်တတ်နဲ့ အလုပ်တွေကပျက်လာတဲ့အပြင် သူငယ်ချင်းတွေကိုပါခေါ်တော့ ကြာကြာ အလုပ်ရှင်ကအမြင်ကပ်လာတယ်။ အကြောင်းမရှိအကြောင်းရှာပြီး အလုပ်ဖြုတ်ချင်လာတယ်။ စက်ဆွဲခဒါဇင်ဈေးတွေကို သူများစက်ရုံထက် လျှော့ပေးလာတဲ့အထိ သွေးတိုးစမ်းလာတယ်။

ကျမကလည်း ဘယ်ရမလဲ၊ စက်ရုံက လူဟောင်းတွေကို စည်းရုံးရတာပေါ့။ ‘အစ်ကိုတို့ အစ်မတို့လုပ်တာ ဒီစက်ရုံမှာ အနည်းဆုံးသုံးနှစ်လောက်တောင်ရှိတော့မယ်၊ ဘာဖြစ်လို့ ပေးသလောက်ပဲယူရတာလဲ၊ ကျမကတော့ ခုနှစ်လပဲရှိသေးတယ်၊ ခေါင်းငုံ့မခံနိုင်ဘူး၊ ထိုင်းဘုရင်ကိုယ်တိုင် တနေ့လုပ်အားခ သတ်မှတ်ထားတာ ၁၄၅ ဘတ်’လို့ ပြောပြတယ်။ တကယ်လည်း အလုပ်သမားဥပဒေအရ စက်ရုံတွေမှာ သတ်မှတ်တဲ့အလုပ်ချိန်အပြင် အချိန်ပိုလုပ်ရရင် ၂၅ ဘတ်၊ ခုတော့ ဒီထက်ပိုလာတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တနေ့ကို ၁၄၅ ဘတ်မရရင်တောင် တနေ့ ၁၀၀ လောက်နဲ့ အချိန်ပိုကြေးလေးပေးရင်ပဲ ကျမတို့လို မြန်မာအလုပ်သမားတွေအတွက် တော်တော့်ကိုဟန်ကျနေပါပြီ။ ဒါပေမဲ့ ခုတော့ အချိန်ပို ည ၁၁ နာရီအထိဆင်းလည်း မားမားခေါက်ဆွဲခြောက်တထုတ်ပဲဆိုတော့ အရမ်းကို ခေါင်းပုံဖြတ်လွန်းနေပါတယ်။ အထည်အရေးကြီးရင်ကြီးသလို မနားတမ်းလုပ်ရတာ။ အလုပ်ချိန်က တနေ့မှာ ၈ နာရီဆိုတာ ဒီစက်ရုံကလူတွေ သိတောင်မသိလိုက်ဘူး။ အပြင်ဗဟုသုတရှာမှပဲ အလုပ်သမားတစ်ယောက်ဟာ အလုပ်ချိန် ၈ နာရီဘဲလုပ်ရမှာဖြစ်ပြီး အဲဒီအချိန်ထက်ကျော်ရင် အချိန်ပိုကြေးရှိတယ်ဆိုတာသိရတယ်။ ကျမတို့လို ရွှေ့ပြောင်းအလုပ်သမားတွေက မြန်မာပြည်မှာအလုပ်မရှိလို့ ထိုင်းဘက်ကို တရားမဝင် အခက်အခဲတွေကြားကနေ ခိုးဝင်လာတယ်၊ ဒီရောက်တော့လည်း ထိုင်းအလုပ်ရှင်တွေက အလကားနီးနီး ခိုင်းချင်ကြတယ်ဆိုတော့ ဘယ်မှာ နလံထူနိုင်တော့မလဲ။

မြန်မာပြည်သားတွေချင်းချင်းလည်း ဂုတ်သွေးစုပ်တဲ့သူတွေကရှိသေးတယ်။ ထိုင်းစကားလေး နည်းနည်းတတ်တဲ့သူက ထိုင်းကိုဖား၊ မြန်မာအချင်းချင်းကိုဖိ၊ ကိုယ်အနေ

ချောင်ရေးအတွက် သွေးထိုးလိုထိုး၊ လူမျိုးစုံ စရိုက်မျိုးစုံရှိကြတယ်။ ဒါတွေက ထိုင်းနိုင်ငံမှာကျင်လည်နေတဲ့ မြန်မာပြည်သားတွေအကြောင်းပြောတာပါ။ ဒါပေမဲ့ သတ္တိရှိတဲ့နေရာမှာတော့ အာပေါက်အောင်ပြောယူရတယ်။ ရဲမြင်ရင် ကြောက်တတ်တဲ့ဒို့မြန်မာတွေကို ထိုင်းတွေက အားနည်းချက်ကိုသိပြန်ရော။ နည်းနည်းဖြစ် ပုလိပ်နဲ့ဖမ်းခိုင်းမယ်တကဲကဲ။ ကိုယ့်မှာလည်း အလုပ်သမားကဒ်ရှိနေတယ်၊ ဒါလည်းကြောက်တယ် အပြစ်မပြောပါနဲ့။ မြန်မာပြည်မှာဆို အဲဒီလိုစစ်သားတွေကို ရှင်ဘုရင်ထက်ကြောက်ရလို့ အကျင့်ပါနေတာပါ။

ဒီလိုနဲ့ ကျမတို့အလုပ်ရုံမှာ ဒါဇင်ဈေးပေးနည်းလို့ အလုပ်ရှင်ကို တိုးတောင်းတော့ မပေးနိုင်ဘူး၊ မလုပ်ချင်မလုပ်နဲ့လို့ ခပ်မာမာပြောတော့ စိတ်ထဲမခံချင်ဘူး။ လုပ်ဖော်ကိုင်ဖက်တွေစု၊ ပြိုင်တူတွန်းရင်ရွေ့နိုင်တယ်လို့ အားပေးစကားတွေနဲ့ အားလုံးအတူတူ ဆန္ဒပြကြမယ်ဆိုပြီး စည်းရုံးမိတော့ သွေးမနည်းတဲ့ အမျိုးသမီးတွေထွက်လာကြတယ်။ နောက်တော့ အမျိုးသားတွေလည်းပါလာကြတယ်။ အားလုံးပေါင်း ၇၅ ယောက်။ စက်ရုံမှာရှိတဲ့လူအားလုံးက ၂၀၀ ကျော်မှာ ၂၅ ရာခိုင်နှုန်းထက်တော့ ကျော်တယ်ဆိုရင်ပဲ အောင်မြင်ဖို့လမ်းစကမြင်နေရပြီ။ ဒါနဲ့ သမဂ္ဂလေးဖွဲ့ပြီး အဲဒီအဖွဲ့မှာ ဗဟိုကော်မတီ ၁၀ ယောက်၊ ဥက္ကဋ္ဌတယောက်၊ အထွေထွေအတွင်းရေးမှူး၊ တွဲဘက်အတွင်းရေးမှူးတယောက်၊ ဘဏ္ဍာရေးမှူးနဲ့ ငွေစာရင်းစစ်ဆိုပြီး အသီးသီးဖွဲ့စည်းလိုက်တယ်။ ကျမတို့ရဲ့ အလုပ်သမားအခွင့်အရေးအတွက် အားကြိုးမာန်တက်နဲ့ ကြိုးစားခဲ့ပေမယ့်လည်း စက်ရုံက အလုပ်သမားတိုင်း ထင်သလောက်မပါဝင်ကြတာကြောင့် ကျမတို့လှုပ်ရှားမှုလေး ရှုံးနိမ့်ခဲ့ရတယ်။ ဒီလိုအောင်မြင်မှုမရှိခဲ့တာကြောင့် ကျမတို့တွေ စိတ်ဓာတ်ကျခဲ့ကြတယ်။ ဒါနဲ့ပဲ အချို့ဘန်ကောက် တက်ကုန်တယ်။ တချို့ကတော့ အခြားစက်ရုံတွေမှာ အလုပ်ပြောင်းလုပ်ကြတယ်။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ကျမတို့ရဲ့အခွင့်အရေးတွေအတွက် တိုက်ပွဲဝင်ခဲ့တဲ့အတွေ့အကြုံကောင်းလေးတွေတော့ ရခဲ့ပါတယ်။

ကျမကတော့ ကျမသူငယ်ချင်း လုပ်ဖော်ကိုင်ဖက်တွေနဲ့ အလုပ်သမားတွေကြားထဲမှာ သူတို့ရဲ့အခွင့်အရေးတွေနဲ့ပတ်သက်ပြီး ဆွေးနွေးတာတွေ၊ ဗဟုသုတဖလှယ်တာတွေကို ဆက်လက်လုပ်ဆောင်ခဲ့ပါတယ်။ ဒီလိုမျိုးတွေလုပ်နေတာဟာ တချိန်မှာ ကျမတို့အနေနဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်လာရမယ်ဆိုတာသိပေမယ့် အခုလောလောဆယ်တော့ ကျမဘဝက ငြိမ်းချမ်းနေပါတယ်။ ခက်ခဲကြမ်းတမ်းစွာ ဖြတ်သန်းခဲ့ရတဲ့ ကျမဘဝကို ကျောခိုင်းခဲ့ပြီး အခုတော့ ကျမရဲ့ အနာဂတ်လမ်းအတွက် လျှောက်လှမ်းနေပါပြီ။ ကျမရဲ့ ဘဝအကြောင်းကိုဖတ်ရှုပြီး စာဖတ်သူတွေအနေနဲ့ တစုံတရာ အားတက်မိမယ်လို့လည်း ကျမမျှော်လင့်ပါတယ်။ ■

အနာဂတ်အလင်းတန်း

ယုကလစ်

သမီးက ထိုင်းနိုင်ငံတောင်ပိုင်းဒေသမှာ နေထိုင်ပြီး အသက်က (၁၅) နှစ်ရှိပါပြီ။ သမီးကို တချို့လူတွေက လှတယ်လို့ပြောကြပါတယ်။ သမီးရဲ့ အသားအရေကတော့ ညိုစိမ့်စိမ့်လေးပေ့ါ။ ဒ့ါအပြင် သမီးရဲ့ဘဝမှာလည်း သေချာတဲ့အနာဂတ် မျှော်လင့်ချက်တွေကို ပိုက်ထွေးရင်း ဘဝဆက်နေသူပါ။ ဒါပေမဲ့လည်း ဟိုအရင်တုန်းကဆိုရင်တော့ သမီးဘဝဟာ ဒီလို မျှော်လင့်ချက်တွေ မရှိသေးပါဘူး။

သမီးရဲ့ မိဘနှစ်ပါးက သမီးကို ထိုင်းနိုင်ငံမှာ မွေးဖွားခဲ့ကြပါတယ်။ သမီးမှာ အစ်ကိုနှစ်ယောက်လည်းရှိပါတယ်။ သူတို့ကိုလည်း ထိုင်းနိုင်ငံမှာဘဲ မွေးဖွားခဲ့ကြတာပါ။ ဒါပေမဲ့ သမီးတို့က ထိုင်းလူမျိုးတော့မဟုတ်ပါဘူး။ မြန်မာနိုင်ငံကလာကြတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေဖြစ်ပါတယ်။ ရွှေ့ပြောင်းအလုပ်သမားဆိုတာ ထိုင်းနိုင်ငံမှာ သူများမလုပ်ချင်တဲ့ ပင်ပန်းပြီး အန္တရာယ်များတဲ့အလုပ်တွေကို လုပ်ခနည်းနည်းနဲ့ လုပ်ရတဲ့သူတွေပါ။ သမီးမိဘတွေကတော့ ရာဘာခြံအလုပ်သမားတွေပေ့ါ။ အဖေနဲ့အစ်ကိုတွေက ညဆယ်နာရီလောက်ကစပြီး တောင်ပေါ်မှာရှိတဲ့ ရာဘာခြံမှာအစေးခြစ်ရပါတယ်။ အစေးခြစ်တယ်ဆိုတာ ရာဘာပင်ရဲ့ အခေါက်ကို ဓါးကောက်ရှည်ရှည်နဲ့လှီးထုတ်ပြီး အစေးထွက်လာအောင် ပြုလုပ်ပေးရတာပါ။ ညဘက်မှာဘဲ ရာဘာစေးထွက်တဲ့အတွက် ဦးခေါင်းမှာ ဘတ်ထရီမီးကိုဆောင်းပြီး တပင်မှတပင် ကူးလူးကာ တညလုံးအစေးလှီးကြရပါတယ်။ ငါးနာရီလောက်ရောက်တဲ့အခါ အမေနဲ့သမီးကလိုက်သွားပြီး ခြစ်ပြီးသား အစေးရည်တွေကို ကူညီသိမ်းဆည်းပေးရပါတယ်။ ဒါကို နေ့စဉ်မိုးမရွာတဲ့ နေ့တိုင်းလုပ်ကြရပါတယ်။

သမီးတို့ဟာရွှေ့ပြောင်းအလုပ်သမားတွေဆိုတော့ နေရာအတည်တကျမရှိပါဘူး။ သူဌေးကောင်းရင် အလုပ်ဆက်လုပ်၊ မကောင်းရင် သူဌေးသစ်ထပ်ရှာ ထပ်ပြောင်းနဲ့ ထိုင်းနိုင်ငံမှာ တဝဲလည်လည်နဲ့နေရတဲ့ဘဝတွေပါ။ တခါတခါ မြန်မာပြည်ပြန်ချင်တယ်လို့ အဖေကိုပြောရင် အဖေက ‘မြန်မာပြည်မှာ အလုပ်လုပ်ရင် ထမင်းတောင်ဝမှာမဟုတ်ဘူး။ တခါတလေ စစ်တပ်က ပေါ်တာမိလို့ မိုင်းနင်းမိပြီးသေချင်သေမှာ။ ထိုင်းနိုင်ငံမှာတော့ ဘယ်လိုဘဲဖြစ်ဖြစ် မြန်မာပြည်ထက်တော့သာပါတယ်သမီးရယ်’လို့ အမြဲပြောတတ်တော့ သမီးလည်း ထပ်မတောင်းဆိုရဲတော့ဘူးပေ့ါ။

နောက်ပြီး သမီးက တခါမှကျောင်းမနေခဲ့ရဘူး။ တနေရာကတနေရာကို ရွှေ့ပြောင်းနေရတဲ့အပြင် ထိုင်းကျောင်းတွေမှာ မြန်မာနိုင်ငံသားကလေးတွေကို လက်မခံတာကြောင့် မနေရတာပါ။ ဒါပေမဲ့ သမီးက ထိုင်းစကားရော ဗမာစကားပါ၊ ကောင်းကောင်းပြောနိုင်ပါတယ်။ တခါတလေ ဆေးရုံဆေးခန်းမှာ ဘာသာပြန်ဖို့အခက်အခဲရှိတဲ့ ဘဝတူအ

လုပ်သမားတွေက သမီးကိုဘာသာပြန်ဖို့ အကူအညီတောင်းတတ်ပါတယ်။ ဒါပေမဲ့ သမီးက ကျောင်းတတ်ပြီး စာရေးစာဖတ်အလွန်တတ်ချင်ပါတယ်။ ထိုင်းကျောင်းရှေ့က ဖြတ်သွားရင် သမီးနဲ့ရွယ်တူကလေးတွေကိုကြည့်ပြီး ကျောင်းနေချင်လွန်းလို့ ခဏခဏ မျက်ရည်ကျခဲ့ရတယ်။ သမီးတို့ဘဝက ဘာရည်ရွယ်ချက်မှမရှိပဲ မျှော်လင့်ချက်တွေ ပျောက်ဆုံးနေတဲ့သူတွေပါ။

အဲဒီလိုနဲ့နေလာတာ ဆူနာမိဆိုတဲ့ရေလှိုင်းကြီးက သမီးတို့ဖန်ငဒေသ ကမ်းခြေကို မမျှော်လင့်ဘဲ တိုက်ခတ်လာရော။ သေလိုက်တဲ့လူတွေ မနည်းမနောဘဲ။ အဲဒီအထဲမှာ ထိုင်းရော၊ နိုင်ငံခြားသားအပြင် ကမ်းခြေတလျှောက် ပန်းရံလုပ်တဲ့ မြန်မာအလုပ်သမားတွေအများကြီး ရေထဲမှာ အသက်ပျောက်သွားကြတယ်။ အဲဒီနောက်မှာ ကယ်ဆယ်ရေးအဖွဲ့တွေရောက်လာပြီး လူသေတွေကို မြေချဖို့လုပ်၊ အသက်ရှင်တဲ့သူတွေကို လိုအပ်တာကူညီနဲ့ သူတို့တွေမှာ အလုပ်တွေရှုပ်နေပါရော။

ဒီလိုနဲ့ လေးငါးလလောက်ကြာတဲ့အခါ မြန်မာကျောင်းတွေ ဖွင့်မယ်လို့ကြား တယ်။ သမီးက ဟုတ်မှဟုတ်ပါ့မလားလို့ထင်မိတယ်။ ဒါပေမဲ့ တကယ်ဘဲ မြန်မာကျောင်း တွေ ဖွင့်လှစ်နိုင်ခဲ့တယ်။ သမီးအဖေက သမီးကိုကျောင်းအပ်ပေးတယ်။ ပြီးတော့ အဖေတို့ သမီးလေး ပညာတတ်တဲ့အထိ ဘယ်လောက်ဘဲခက်ခဲခက်ခဲ ဒီနေရာမှာဘဲနေတော့မယ်လို့ ကတိပေးလာတယ်။ သမီးမှာ ဝမ်းသာလိုက်တာ မျက်ရည်တောင်ကျမိပါရဲ့။ ကျောင်းမှာ သမီးလိုဘဝတူ သူငယ်ချင်းတွေအများကြီးတွေ့ရတယ်။ မြန်မာစာ၊ ထိုင်းစာအပြင် နိုင်ငံခြားသားဆရာတွေနဲ့ အင်္ဂလိပ်စာလည်းသင်ပေးတယ်။ အခုဆိုရင် သမီးရဲ့ပညာသင်နှစ် လေးနှစ်ကိုကျော်လွန်ခဲ့ပါပြီ။ ဒ့ါအပြင် အတန်းတိုင်းမှာလည်း ပညာသင်ဆုတွေကို ဆွတ်ခူးခဲ့ပါပြီ။ အခုတော့ သမီးတို့ဘဝဟာ ပညာမဲ့ဘဝတွေမဟုတ်တော့ဘူး။ ဒီထက် ပညာကို ကြိုးစားသင်ယူရင်း သမီးတို့လိုဘဝတူတွေရဲ့ဘဝကို မြှင့်တင်တဲ့နေရာမှာ ပြန်လည်လုပ်ကိုင်မယ်လို့ မျှော်လင့်ချက်အလင်းရောင်တွေကိုပိုက်ထွေးရင်း သမီးနေ့တိုင်းကျောင်းတက်နေပါတယ်။

လူတိုင်းကိုယ်စီမှာ မျှော်မှန်းထားတဲ့

အနာဂတ်တွေကိုရယူပိုင်ဆိုင်ကြပါစေလို့ ဆန္ဒပြုရင်း ….။ ■

ဆောင်းပါးရှင် ယူကလစ်သည် လူ့အခွင့်အရေး လှုပ်ရှားနေသော အမျိုးသမီးငယ်တဦးဖြစ်ပြီး ထိုင်းနိုင်ငံတောင်ပိုင်းတွင် ရွှေ့ပြောင်းအလုပ်သမား၏အခွင့်အရေးများအတွက် အလုပ်လုပ်နေသူဖြစ်ပါသည်။

ကျမရဲ့အောင်မြင်မှု

ရခိုင်ပရောဂျက်

ကျမနာမယ် လိုင်လာပါ။ ကျမ အသက် ၄၆ နှစ် ရှိပါပြီ။ ကျမ မြန်မာပြည်မောင်းတောမြို့နယ်က ရွာတရွာကလာပါတယ်။ အခုတော့ ကော့ဘဇားမှာရှိတဲ့ ဖဟာ့တနီ (မြို့ပြင်ပုံကျရပ်ကွက်တခု) မှာ နေတာကြာပါပြီ။ ကျမ ပထမယောက်ျားက ရိုဟင်ဂျာတယောက်ပါ။ ဒါပေမဲ့ လက်ထက်ပြီး ၅ နှစ်လောက်ကြာပြီးနောက် ဒုက္ခသည်စခန်းမှာ ဝမ်းရောဂါနဲ့ သေသွားခဲ့ပါတယ်။ ကျမဒုတိယယောက်ျားက ဘင်္ဂလားဒေ့ရှ်လူမျိုးဖြစ်ပြီး ကျမက သူ့ရဲ့ဒုတိယမိန်းမပါ။ ဒါပေမဲ့ ၄ နှစ်ကြာပြီးတဲ့နောက်မှာတော့ ကွဲသွားခဲ့တယ်။ ကျမမှာ ကလေးငါးယောက်ရှိပါတယ်။ ပထမယောက်ျားနဲ့ သမီးနှစ်ယောက်ထွန်းကားခဲ့ပြီး ဒုတိယယောက်ျားနဲ့ သမီးတယောက်၊ သားနှစ်ယောက်ရခဲ့ပါတယ်။ ကျမ သမီးနှစ်ယောက်ကတော့ ဘင်္ဂလားဒေ့ရှ် အမျိုးသားတွေနဲ့ လက်ထက်ပြီးကြပါပြီ။ ကျမရဲ့ဒုတိယသမီးကတော့ သိပ်မသန်စွမ်းပါဘူး။ အကြီးဆုံးသားကတော့ အိမ်ထောင်မကျသေးပါဘူး။ သူတို့ဟာ ဒါကာက အထည်ချုပ်စက်ရုံမှာ အလုပ်လုပ်ပါတယ်။ သူတို့ရဲ့လုပ်ခတွေကို သူတို့ဘဝရှေ့ရေးအတွက် စုဆောင်းထားကြဖို့ကို သူတို့ကို ကျမပြောပြခဲ့ပါတယ်။ ၁၆ နှစ်အရွယ် အငယ်ဆုံးသားနဲ့ ကျမအတူတူနေပါတယ်။ သူက တခါတလေ ဆိုက်ကားနင်းပါတယ်။ ရတဲ့ပိုက်ဆံကတော့ သူ့အသုံးစရိတ်အတွက်ပါပဲ။ ကျမက အခုလောလောဆယ်တော့ အိမ်တအိမ်မှာ အိမ်ဖော်အဖြစ် အလုပ်လုပ်ပါတယ်။ ကျမ တစ်လကို တာကာ ၆၀၀ (အမေ ရိကန်ဒေါ်လာ ၁၀ ထက်နည်းပါတယ်) ရပါတယ်။ ကျမ ကျောင်းလည်း မနေဖူးပါဘူး။

မြန်မာပြည်မှ ထွက်ပြေးလာပြီးနောက် ဒုက္ခသည်ဘဝ

ကျမ မြန်မာပြည်က ထွက်လာတာ ၁၉၇၈ ခုနှစ်ကပါ။ မာ့ဂ် (ရခိုင်လူမျိုး) နဲ့ ရိုဟင်ဂျာ (မွတ်ဆလင်လူမျိုး) တို့အကြား အဓိကရုဏ်းတွေနဲ့ ဖမ်းဆီးမှုတွေအကြီးအကျယ် ဖြစ်လိမ့်မယ်ဆိုတဲ့ စိုးရိမ်ကြောက်လန့်မှုတွေက မောင်းတောနဲ့ ဘူးသီးတောင်မြို့နယ်တွေက မွတ်ဆလင်အဝန်းအဝိုင်းမှာ အထိတ်တလန့်ဖြစ်စေခဲ့ပါတယ်။ လူတွေ စပြီးထွက်ပြေးကြတယ်။ ကျမတို့လည်း ကြောက်လန့်ပြီးထွက်ပြေးခဲ့ကြတယ်။ ကျမယောက်ျားနဲ့ ကျမဟာ ၁ နှစ်အရွယ် သမီးကလေးနဲ့ ကျမမိဘ မိသားစုတွေနဲ့အတူထွက်ပြေးခဲ့တယ်။ ဒီချပလောင်မှာရှိတဲ့ ဒုက္ခသည်စခန်းမှာ ကျမတို့ ခိုလှုံခဲ့ကြတယ်။

ကျမယောက်ျားဟာ မာစတာတယောက်ဖြစ်ခဲ့တယ်။ (သူဟာ မြန်မာလိုရော အင်္ဂလိပ်လိုပါ သင်ယူခဲ့တဲ့ ရိုဟင်ဂျာတဦးဖြစ်တယ်။) ဒီချပလောင်ဒုက္ခသည်စခန်းမှာ အကူအညီပစ္စည်းဝေတဲ့စာရင်းမှတ်တဲ့အလုပ် သူလုပ်ခဲ့တယ်။ ရိုဟင်ဂျာမျိုးချစ်တပ်ဦး Rohingya

Patriotic Front (RPF) လို့ခေါ်တဲ့ တခုတည်းသော ရိုဟင်ဂျာလူမျိုးများ နိုင်ငံရေးပါတီကို ထောက်ခံသူတဦးလည်း ဖြစ်ခဲ့ပါတယ်။ အဲဒီအပြင် စခန်းထဲမှာရှိတဲ့ သူတို့ရဲ့ကိုယ်စားလှယ်တွေထဲကတဦးလည်း ဖြစ်ခဲ့ပါတယ်။ ပထမတော့ ကျမတို့ အခန်းငယ်လေးတခုမှာပဲ အခြေချနေထိုင်ခဲ့တယ်။ နောက် ၂ လ ၃လလောက်ကြာတော့ အနီးအနားကရွာမှာ ကျမယောကျ်ားက ကျမနဲ့ ကျမသမီးလေးအတွက် အိမ်တလုံးဆောက်ပေးဖို့ ဆုံးဖြတ်ခဲ့တယ်။ တနေ့လုံး RPF စခန်းထဲမှာ အလုပ်လုပ်လေ့ရှိပြီး ညဘက်မှာတော့ အိမ်ကိုပြန်လာပါတယ်။ ကျမတို့ဟာ မှတ်ပုံတင်ထားတဲ့ဒုက္ခသည်တွေဖြစ်တဲ့အတွက် စခန်းထဲက ရိက္ခာကိုလည်းရခဲ့ပါတယ်။

ဝမ်းရောဂါကူးစက်မှုနှင့် မုဆိုးမ ဘဝအဖြစ်သို့ ကျရောက်သွားခြင်း

တစ်ရက်မှာတော့ စခန်းထဲမှာ ဝမ်းရောဂါအကြီးအကျယ်ဖြစ်ပွားနေပြီး လူအတော်များများလည်း ရောဂါဝေဒနာခံစားနေရတယ်လို့ ကျမယောကျ်ားက ကျမကိုပြောပါတယ်။ နောက်တနေ့မှာ သူစခန်းထဲကို ထပ်သွားခဲ့တယ်။ နေ့ခင်းသူပြန်လာတော့ ကျမမိဘတွေ ဆုံးသွားပြီလို့ပြောခဲ့တယ်။ သူကိုယ်တိုင်လည်း မနက်ခင်းကတည်းက နေမကောင်းဖြစ်ချင်နေတယ်၊ ဝမ်းရောဂါကူးစက်ခံနေရပြီး အကြိမ်များစွာအန်နေတယ်လို့ ပြောခဲ့ပါတယ်။ သူ့ပုံစံက နွမ်းနယ်နေပြီးတော့ ရေခန်းခြောက်နေခဲ့ပါတယ်။ သူအိပ်ရာပေါ်မှာ လှဲနေခဲ့ပြီး မထနိုင်ခဲ့ဘူး။ နောက်တော့ သူဆုံးသွားခဲ့ပါတယ်။

အဲဒီနောက်တော့ ကျမဘဝမှာ ဘာမှ မရှိတော့ဘူး၊ အားလုံးဆုံးရှုံးသွားခဲ့ရတယ်။ ကျမမိဘတွေနဲ့ ကျမယောကျ်ားလည်း သေဆုံးသွားခဲ့တယ်။ ကျမမှာလည်း ကိုယ်ဝန်လေးလနဲ့ ကျန်ရစ်ခဲ့တယ်။ ဒေသခံတွေက ကျမယောကျ်ားကို မြေမြှုပ်ပေးခဲ့ကြတယ်။ ကျမတို့အိမ်မှာ နှစ်ရက်လောက်နေနေပြီး ကျမနဲ့ ကျမသမီးလေးကိုကူညီဖို့ အလာထံမှာ ဆုတောင်းခဲ့တယ်။ တပတ်လောက်ကြာတော့ ကျမ ဒုက္ခသည်စခန်းကိုသွားခဲ့တယ်။ စခန်းတခုလုံးနီးပါးဟာ သုသာန်တစပြင်လို ပြောင်းလဲသွားခဲ့တာကို မြင်တွေ့ခဲ့ရတယ်။ ကျမအစ်ကိုတစ်ယောက်နဲ့ ကျမညီမကိုသာ တွေ့ခဲ့ရတယ်။

အစ်ကိုအရင်း၏ လူကုန်ကူးခြင်းခံရတော့မည့်အခြေအနေ

အစကတည်းက ကျမယောကျ်ားခေါင်းချသွားခဲ့တဲ့ ဒီချပလောင်မှာပဲ နေချင်ခဲ့တယ်။ ဒါပေမဲ့လို့ ကျမအစ်ကိုက ကျမသမီးလေးကို ဒုက္ခသည်စခန်းက မိသားတစုဆီမှာ မွေးစားဖို့ပေးပြီး ကျမကိုကျတော့ ကျမမသိတဲ့ယောကျ်ားတယောက် (အဲဒီယောကျ်ားက ကျမကို ပါကစ္စတန်နိုင်ငံ၊ ကာရာချိကို ခေါ်သွားချင်တဲ့သူ) နဲ့ပေးစားဖို့စီစဉ်နေတဲ့ အစီအစဉ်ကို ကျမသိလိုက်ရပြီးတဲ့နောက်တော့ ကျမစိတ်ပြောင်းသွားခဲ့တယ်။

ကျမယောကျ်ားဆုံးပြီး သုံးလေးရက်လောက်ကျတော့ ကျမအစ်ကို ကျမအိမ်ကို ရောက်လာခဲ့ပြီး ကျမကို နောက်အိမ်ထောင်ပြုဖို့ ပြောဆိုခဲ့သည်။ သူက အဲဒီစကားကိုပဲ ထပ်ကာထပ်ကာ လာလာပြီးပြောနေခဲ့တယ်။ ကျမက ငယ်ငယ်ပဲရှိသေးတဲ့အတွက် ကျမ ဘဝတခုလုံးရှေ့ရေးလည်း ရှိသေးတယ်လို့လည်း သူကပြောခဲ့ပါတယ်။ ကာရာချီကရောက်လာတဲ့ ယောကျ်ားကောင်းတယောက်ကို သူသိကြောင်း၊ အဲဒီလူကလည်း ဝမ်းရောဂါဖြစ်ပြီးတဲ့နောက် ကျမစခန်းထဲကို သွားလည်တုန်းက ကျမကိုတွေ့ဖူးတဲ့အကြောင်း၊ အဲဒီလူက ကျမကို လက်ထပ်ချင်ပြီး ကာရာချီကိုခေါ်သွားချင်တဲ့အကြောင်း အစ်ကိုက ကျမကိုပြောခဲ့တယ်။ စခန်းထဲမှာ သမီးလေးကိုမွေးစားဖို့ သဘောတူထားတဲ့ မိသားစုတစုရှိတဲ့အတွက်ကြောင့်လည်း ကျမသမီးလေးအတွက် စိတ်မပူဖို့ ကျမကို ပြောခဲ့တယ်။

ကျမအစ်ကိုအရင်းက ဒီလိုမျိုးပြောဆိုတဲ့အတွက် ကျမ အလွန်ပဲ ထိတ်လန့်တုန်လှုပ်သွားခဲ့တယ်။ သူက ကျမကို လူကုန်ကူးတဲ့သူဆီကို ရောင်းချင်နေခဲ့တယ်။ ကျမက ကိုယ်ဝန်လည်းရှိနေတယ်၊ ပြီးတော့ ကျမသမီးလေးကို ဆုံးရှုံးရမှာကို အလွန်ပဲ စိုးရိမ်ကြောက်လန့်နေခဲ့တယ်။ သမီးကိုခေါ်ပြီးထွက်သွားဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့လည်း ဘယ်ကို သွားရမယ်ဆိုတာမသိခဲ့ဘူး။

ကျမညီမအငယ်အတွက်ကိုလည်း ကျမ စိုးရိမ်မိတယ်။ အဲဒီအချိန်တုန်းက သူက ကလေးသာသာ ၁၀ နှစ်၊ ၁၁ နှစ်လောက်ပဲ ရှိသေးတယ်။ ကျမကိုယ်တိုင်ကလည်း မရှုနိုင်မကယ်နိုင် အခက်အခဲနဲ့ဖြစ်နေရတဲ့အချိန်မှာ ညီမလေးအတွက် ကျမ ဘယ်လိုလုပ်ကူညီပေးနိုင်မလဲ။ ကျမရဲ့ ကိုယ်ပိုင်လုံခြုံမှုအတွက်လည်း ကျမစိုးရိမ်နေခဲ့တယ်။ အစ်ကိုကတော့ ကျမတို့ညီအစ်မနှစ်ယောက်စလုံးကို ရောင်းဖို့ပြင်ဆင်နေခဲ့တယ်။ ကျမညီမလေးက အရမ်းငယ်သေးတဲ့အတွက် လူကုန်ကူးတဲ့သူက သူ့ကိုသိပ်စိတ်မဝင်စားခဲ့ဘူး။ ကျမကိုသာ စိတ်ဝင်စားခဲ့တယ်။ သို့ပေမယ့်လည်း ကျမအစ်ကိုက ကျမကိုရောင်းဖို့ မအောင်မြင်တဲ့အခါမှာ ကျမညီမလေးကို အဲဒီလူဆီကိုရောင်းခဲ့တယ်။ ဒီနေ့ထိတိုင်အောင် ကျမညီမလေး သေသလားရှင်သလားဆိုတာကို ကျမမသိရဘူး။ သူလည်း ကျမကို တခါမှမဆက်သွယ်ဘူး။ သူဘယ်နေရာပဲရောက်နေနေ သူအဆင်ပြေဖို့ ကျမ အမြဲတမ်းဆုတောင်းပေးနေပါတယ်။

ကော့ဘဇာသို့ ထွက်ပြေးရောက်ရှိလာခြင်း

ကျမရဲ့ အခြေအနေတွေကို ဆွေမျိုးအနည်းငယ်စပ်တဲ့ ဒုက္ခသည်အမျိုးသမီးတဦးနဲ့ တိုင်ပင်ခဲ့တယ်။ သူက ကျမကို ကူညီဖို့ကတိပေးခဲ့တယ်။ သူက ဒုက္ခသည်စခန်းကနေ ကော့ဘဇာကို ပြောင်းချင်နေတဲ့အတွက် ကျမက သူနဲ့ အဖော်အဖြစ်လိုက်ပါနိုင်ကြောင်း ကျမကိုပြောခဲ့တယ်။ အဲဒီနောက် ကျမတို့ ကော့ဘဇာကိုသွားဖို့ ပြင်ဆင်ကြတယ်။ ကျမ ညီမလေးကို ကာရာချီကို မပို့ရသေးတဲ့အတွက် ကျမနဲ့အတူ သူ့ကိုခေါ်သွားခဲ့ချင်ပေမယ့်လည်း ကျမ

အစ်ကိုက သူ့ကိုအချိန်ပြည့်စောင့်ကြည့်နေခဲ့တဲ့အတွက် မခေါ်ခဲ့နိုင်ဘူး။ ကော့ဘဇာမှာ ရောက်တော့ ကျမဆွေမျိုးတစ်ယောက်က ကျမနဲ့သမီးလေးအတွက် အခန်းငယ် တခုစီစဉ်ပေးခဲ့ပြီး ကျမတို့သားအမိကို သူ့ယောကျ်ားဘက်က မိသားစုဆွေမျိုးတွေနဲ့ ပေးနေခဲ့တယ်။

ကျမဟာ အမြဲပဲ အကောင်းကိုသာတွေးတောစဉ်းစားတယ်။ ကျမမှာ ခင်ပွန်းသည်ရှာပေးထားခဲ့တဲ့ ရွှေပစ္စည်းတချို့နဲ့ ငွေတချို့ရှိနေပေမယ့် ရှိနေတဲ့ပစ္စည်းတွေပေါ်မှာပဲ မမှီခိုခဲ့ဘူး။ ကျမ ချက်ချင်းပဲအလုပ်ရှာတယ်။ ဘယ်အလုပ်မျိုးမဆို ရှာခဲ့တယ်။ သုံးလေးရက်အတွင်းမှာပဲ ကျမနေနေတဲ့အိမ်က အမျိုးသမီးက အလုပ်တခုရှိနေကြောင်း၊ သို့ပေမယ့် ကျမမှာက ကိုယ်ဝန်လည်းရှိနေပြီး သမီးလေးလည်းရှိနေတဲ့အတွက်ကြောင့် အဲဒီအလုပ်က ကျမအတွက်နည်းနည်းခက်နိုင်ကြောင်းပြောခဲ့တယ်။ ကျမလုပ်ရမယ့်အလုပ်က သားသုံးယောက်ရှိတဲ့ အသက်လည်းကြီးနေပြီဖြစ်တဲ့ မုဆိုးဖိုသူဌေးတဦးအိမ်မှာ ကူညီလုပ်ကိုင်ဖို့ဖြစ်တယ်။ အဲဒီအဖိုးကြီးဟာ အိပ်ရာထဲမှာပဲ လှဲနေရတယ်။ လုပ်ရမယ့်အလုပ်တွေကတော့ သူ့ကို ဂရုတစိုက်ကြည့်ပေးဖို့၊ သူ့အဝတ်အစားတွေ လျှော်ဖွပ်ပေးဖို့၊ အိပ်ရာခင်းလဲပေးဖို့၊ အချိန်မှန်ဆေးတိုက်ဖို့နဲ့ သူလိုအပ်တာတွေ ပြုစုပေးဖို့တွေပေါ့။

ကျမ အဲဒီအလုပ်ကို လုပ်မယ်လို့ သဘောတူခဲ့တယ်။ အဲဒီနာမကျန်းတဲ့သူအိမ်ကိုသွားပြီး အလုပ်စတင်လုပ်ကိုင်ခဲ့တယ်။ ကျမက ငယ်ရွယ်ပြီး အလုပ်လုပ်နိုင်စွမ်း အများကြီးရှိခဲ့တယ်။ ကျမကိုယ်ဝန်ကလည်း ကျမအတွက် ဘာမှမဖြစ်ဘူး။ ညဘက် အဲဒီအိမ်မှာ အိပ်တယ်။ သူတို့စားဖိုဆောင်မှာ ကျမသမီးနဲ့ ကျမအိပ်ဖို့ သူတို့စီစဉ်ပေးခဲ့တယ်။ အဖိုးအိုသေတဲ့အချိန်ထိ အဲဒီအိမ်မှာ ကျမအလုပ်လုပ်ခဲ့တာငါးနှစ်ကြာခဲ့တယ်။ ကျမရဲ့လုပ်အားခအတွက် လစာကောင်းကောင်းလည်း သူတို့ ကျမကို ပေးခဲ့ပါတယ်။

အဖိုးအိုသေသွားပြီးတဲ့နောက်မှာတော့ ကျမရဲ့ အရင်က ခိုလှုံခဲ့ဖူးတဲ့ အိမ်ဆီကို ပြန်သွားခဲ့ပြီးတော့ သူတို့နဲ့ပြန်နေခဲ့တယ်။ အိမ်ငှားခလေးအဖြစ် ပိုက်ဆံနည်းနည်းပေးပြီးတော့ တခြားအလုပ်တခုကိုလည်း ရှာဖွေခဲ့တယ်။

ကျမက အလုပ်ကြိုးစားတဲ့သူတစ်ယောက်ဖြစ်တဲ့အလျောက် မြို့ထဲက အိမ်တွေမှာ အိမ်ဖော်၊ သန့်ရှင်းရေး၊ အချက်အပြုတ်၊ ပန်းကန်ဆေး၊ အဝတ်လျှော်စတဲ့အလုပ်တွေ လုပ်ခဲ့တယ်။ တနေ့ကို ထမင်းနှစ်နပ်စားရတယ်၊ ညနေစာအကျန်တွေလည်း ရတာမျိုးလည်းရှိတယ်။ ပြီးတော့ လကုန်တဲ့အခါမှာ ၁၀၀ တာကာလည်း ရတယ်။ ဒီမြို့နဲ့ မြို့ကလူတွေကို ကျမသဘောကျတယ်။ မြို့သူ မြို့သားတွေက ကြင်နာတတ်ပြီး၊ ဘဝရပ်တည်ရေးအတွက် ရုန်းကန်နေရတဲ့ မုဆိုးမငယ်ငယ်တယောက်ဖြစ်တဲ့ကျမအပေါ် စာနာမှုတွေပေးခဲ့ကြတယ်။

ဒုတိယခင်ပွန်း

ဒီတကြိမ်မှာတော့ ကျမကို လက်ထပ်ဖို့ခွင့်ပန်လာတဲ့ ဒေသခံအမျိုးသားတယောက်နဲ့ ကျမတွေ့ခဲ့တယ်။ ပထမကတော့ ကျမသူ့ကိုငြင်းခဲ့တယ်။ ဒါပေမဲ့ သူက အလေးအနက်ထားတဲ့ပုံပေါ်နေပြီး ကျမကိုလည်း ကျမအဆင်ပြေအောင် သူအကောင်းဆုံးကြိုးစားပါ့မယ်လို့ ကတိပေးခဲ့တယ်။ သူ့မှာ ပထမမိန်းမနဲ့ သားတွေရှိနေပေမယ့် သူ့အိမ်က မငြိမ်းချမ်းတဲ့အတွက် သူမပျော်ဘူး၊ ဒါကြောင့် သူအိမ်ကို မပြန်ခဲ့ဘူးလို့ ကျမကို သူပြောပြတယ်။ ကျမလည်း အထီးကျန်ဖြစ်နေတဲ့အတွက် နောက်ဆုံးမှတော့ သူ့ကို လက်ထပ်ဖို့သဘောတူခဲ့တယ်။ ကျမအတွက် အိမ်ငယ်တလုံးကို သူကငှားပေးခဲ့ပြီး ကျမတို့ တနှစ်လောက် အတူတူနေခဲ့တယ်။ နောက်ဆုံးတော့ သူ့မယားကြီးက အကြောင်းစုံသိသွားပြီး ဒေါသူပုန်ထတော့တယ်။ တရက် ကျမအိမ်ကိုသူရောက်လာပြီး ကျမကို ကြမ်းကြမ်းတမ်းတမ်းစကားလုံးတွေနဲ့ ပြောဆိုသွားခဲ့တယ်။ သူ့ယောကျ်ားကိုလည်း သူနဲ့အတူခေါ်သွားခဲ့တယ်။ ဒါပေမဲ့ သူကတော့ ကျမဆီကိုလာလာပြီးတွေ့ခဲ့တယ်။ အဲဒီလိုနည်းနဲ့နေနေရတာ ရှက်ဖို့ကောင်းတယ်ဆိုတာ ကျမသိတယ်။ အဲဒီအချိန်မှာလည်း ကျမမှာ သူနဲ့ရတဲ့ တတိယသမီးကရှိနေခဲ့ပြီ။

တရက်မှာတော့ ကျမ အိမ်နဲ့ သူ့ကို ထားခဲ့ဖို့ စိတ်ဆုံးဖြတ်လိုက်တယ်။ ကျမ ငါးနှစ်လောက်အလုပ်လုပ်ခဲ့တဲ့ သူဌေးအိမ်ကို ကျမပြန်သွားခဲ့တယ်။ ကျမဘဝမှာ ဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာကို သူတို့ မိသားစုကို ကျမပြောပြခဲ့တယ်။ သူတို့ ကျမအပေါ် မေတ္တာထားကြပြီး သူတို့စားဖိုဆောင်မှာ နေစရာပေးခဲ့ပြန်တယ်။ အဲဒီနေရာကတော့ ကျမအတွက် အလုံခြုံဆုံးနေရာပါပဲ။ ကျမလည်း သူတို့ဆီမှာ အလုပ်လုပ်ပေးခဲ့တယ်။ ဒါပေမဲ့ လစာမတောင်းခဲ့ပါဘူး။ ကျမကို အပြင်မှာ အလုပ်လုပ်ပြီး ညမှာ သူတို့ဆီမှာ ပြန်လာအိပ်ဖို့ကိုလည်း သူတို့ခွင့်ပြုခဲ့တယ်။

ကျမလက်ထပ်ခဲ့တဲ့ အမျိုးသားကို အပြီးအပိုင်ကွဲလိုက်ဖို့ ဆုံးဖြတ်ခဲ့ပေမယ့်လည်း သူက ကျမကို မကွာနိုင်ဘူးဖြစ်နေတယ်။ တနှစ်အတွင်းမှာပဲ ကျမကို သူ့ဆီ ပြန်လာဖို့ပြောပြီး နောက်တအိမ်မှာ သူနဲ့အတူလာနေဖို့ ထပ်ပြောခဲ့တယ်။ အိမ်အသစ်တလုံး သူထပ်ငှားခဲ့ပြန်တယ်။ ကျမလည်း သူ့ကို ဒုတိယအကြိမ် ယုံကြည်ခဲ့တယ်။ တခါ ကျမလည်း နောက်ထပ်ကိုယ်ဝန်ရလာခဲ့ပြန်တယ်။

ဒါပေမဲ့ ကျမရဲ့ ဆုံးသွားတဲ့ ပထမယောကျ်ားနဲ့မွေးတဲ့ ကျမသမီးကြီးကို သူ ခွဲခြားဆက်ဆံတယ်ဆိုတာ မကြာခင်ပဲ သိလိုက်ရတယ်။ အဲလိုသိရတော့ ကျမအရမ်းပဲ ထိခိုက်ကြေကွဲရတယ်။ အဲဒါနဲ့ ကျမသူ့ဆီက ထွက်သွားဖို့ဆုံးဖြတ်ခဲ့ပြန်တယ်။ အဲဒီအချိန်မှာ ကျမမှာ သားတယောက်ရနေပြီ။ ကျမလည်း အိမ်တွေမှာ အလုပ်ကို ကြိုးစားလုပ်ပြီး ရပ်တည်ခဲ့တယ်။ ဒါပေမဲ့ အဲဒီယောကျ်ားဟာ ကျမကို ဘယ်တော့မှ အေးအေးချမ်းချမ်းပေးမ

နေခဲ့ဘူး။ သူ့သမီးနဲ့သားကို တွေ့ချင်တယ်ဆိုတဲ့ဆင်ခြေတွေပေးပြီး ကျမဆီကို လာလာနေခဲ့တယ်။ နောက်တော့ ကျမမှာလည်း နောက်ထပ် ကိုယ်ဝန်ရလာခဲ့တယ်။

သူဘယ်လိုလူမျိုးလဲဆိုတာ တဖြည်းဖြည်းနဲ့ ကျမသိလာခဲ့တယ်။ သူ့ရဲ့သားနှစ်ယောက်နဲ့ သမီးအတွက်တောင် အသုံးစရိတ်တွေပေးဖို့ သူတခါမှာ မစဉ်းစားဘူး။ အဲဒီအပြင်ကို ကျမဆီကနေ ပိုက်ဆံစချေးတော့တယ်။ တခါမှာဆိုရင် သူ့ကိုပေးဖို့ တာကာ ၅၀၀၀ ကို အတင်းချေးခိုင်းခဲ့တယ်။ သူကတော့ အတိုးနဲ့အတူ သူပြန်ပေးမယ်လို့ ကတိပေးခဲ့ပေမယ့် တခါမှ ပြန်မပေးခဲ့ဘူး။ အဲဒီချေးငွေတွေကို ကျမဘာသာပဲ ပြန်ဆပ်ခဲ့ရတယ်။

ကံကောင်းထောက်မစွာနဲ့ပဲ ကျမအလုပ်လုပ်ပေးခဲ့တဲ့သူတွေရဲ့ အကြံပြုချက်နဲ့ ကျမဘဏ်အကောင့်တခုဖွင့်ပြီးတော့ ကျမငွေတွေကို အဲဒီမှာ သိမ်းထားခဲ့တယ်။

၁၉၉၀ ခုနှစ်မှာ ကျမကိုယ်ပိုင်ငွေနဲ့ မြေတကွက်ဝယ်ခဲ့တယ်။ အဲဒီမြေဟာ တောင်ကုန်းလေးပေါ်မှာရှိပြီး အစိုးရက ပိုင်ပြီးတဲ့နောက် ဒေသခံအမျိုးသားတဦးပိုင်ဆိုင်ခဲ့တဲ့ မြေဖြစ်တယ်။ သူက ဘယ်သူမှ ကျမကို နှောက်ယှက်လိမ့်မှာမဟုတ်ဘူးဆိုတာ အာမခံတဲ့အတွက် ကျမလည်း အဲဒီတောင်ကုန်းမြေအတွက် တကာ ၇၅၀၀ ပေးခဲ့တယ်။ နောက်တော်တော်ကြာတော့ အဲဒီမြေထဲက တခြားအပိုင်းတွေကိုလည်း တခြားလူတွေဆီ သူခွဲပြီး စရောင်းပါတော့တယ်။ အဲဒီတော့ တခါရောင်းရင် ကျမရဲ့မြေပိုင်းတပိုင်းကို ကျမ ဆုံးရှုံးနေခဲ့တယ်။ ဒီကနေ့မှာတော့ ကျမမြေဟာ ၂၄ စတုရန်းမီတာသာ ကျယ်တော့တယ်၊ ကျမအိမ်တလုံးအတွက်နေရာပဲ ကျန်ခဲ့တော့တယ်။

ကျမအိမ်ကို ဝါးနဲ့ ဖက်အမိုးနဲ့ ဆောက်ခဲ့တယ်။ ခြံစည်းရိုးကာတာကအစ ဆောက်လုပ်ရေးလုပ်ငန်းအားလုံးလိုလိုကို ကျမကိုယ်တိုင်ပဲလုပ်ခဲ့တယ်။ အမိုးတပ်ဖို့အတွက်ပဲ ကျမအလုပ်သမားငှားခဲ့တယ်။ ကျမရဲ့ ဒုတိယယောကျ်ားကတော့ ဈေးက ဝါးတလုံး ကူသယ်ဖို့တောင် ကျမကို မကူညီခဲ့ဘူး။ ကျမရဲ့ ကလေးငါးယောက်ကို ဘယ်က အကူအညီမှမယူဘဲ ကျမကျွေးမွေးစောင့်ရှောက်ခဲ့တယ်။ ကျမသမီးနှစ်ယောက်ကိုလည်း ကျမအလုပ်ကြိုးစားလုပ်ပြီး ရှာဖွေခဲ့တဲ့ပိုက်ဆံနဲ့ပဲ လက်ထပ်ထိမ်းမြားပေးခဲ့တယ်။ ကျမဒုတိယယောကျ်ားဟာဆိုရင် သူ့သမီးရဲ့ လက်ထပ်ပွဲကိုတောင်လာမတွေ့ခဲ့ဘူး။

ကျမကလေးများ

ကျမကလေးတွေက ကျမကို သူတို့ရဲ့အမေအဖြစ်ရော အဖေအဖြစ်ပါ မြင်ကြတယ်။ ဘာကြောင့်လဲဆိုတော့ ကျမက သူတို့အတွက် အရာရာဖြည့်ဆည်းပေးခဲ့ပြီး အမေ နဲ့အဖေအခန်းကဏ္ဍနှစ်ခုစလုံးကို ကျေပွန်အောင်လုပ်ပေးခဲ့တယ်။ ကျမသမီးတွေအတွက် မိသားစုကောင်းကောင်းတွေကို ကျမရှာပေးနိုင်ခဲ့တယ်။

ဒီမြို့က သူဌေးမိသားစုဟာ ကျမသမီးအကြီးဆုံးကို ၁၀ နှစ်အရွယ်ထိအောင် ကြည့်ပေးခဲ့တယ်။ သမီးကလည်း သူတို့အိမ်တွေမှာ သူတို့ကလေးကို ပြန်ထိန်းပေးတဲ့အလုပ်ကိုလုပ်ခဲ့တယ်။ စာရေး၊ စာဖတ်နဲ့ ချက်ပြုတ်နည်းတွေပဲ အဲဒီမိသားစုဆီမှာ သူသင်ယူခဲ့တယ်။ ဒါဟာ သူ့အိမ်ထောင်ရေးအတွက် အလွန်ပဲအကူအညီရစေခဲ့တယ်။ ကော့ဘဇာဆေးရုံရဲ့ ကလေးအထူးကုဆရာဝန်က ငယ်ငယ်ကပဲ ခြေထောက်ကျိုးသွားခဲ့တဲ့ ကျမရဲ့ဒုတိယကလေးကို ပြုစုစောင့်ရှောက်ပေးခဲ့တယ်။ ကျမသမီးကလည်းဆရာဝန်ရဲ့သားကို ပြန်ကြည့်ပေးပြီး ကလေးနဲ့အတူကစားပေးတယ်။ ဆရာဝန်က သူ့ကို စားစရာ၊ အဝတ်အထည်၊ ပိုက်ဆံနဲ့ ညဘက်အိပ်ဖို့ နေရာတွေပေးခဲ့တယ်။ ဒီမြို့ရဲ့ နောက်သူဌေးမိသားတစုကဆိုရင် ကျမရဲ့ တတိယသမီးကို သူမူလတန်းပြီးပြီးတဲ့နောက် အလုပ်ခေါ်ခိုင်းခဲ့တယ်။ သူ့ကို စားစရာ၊ အဝတ်အထည်၊ ပိုက်ဆံနဲ့ ညဘက်အိပ်ဖို့နေရာတွေလည်းပေးခဲ့တယ်။ ကျမသမီးတွေအတွက် ကျမ ပူပန်စရာမလိုတော့ဘူး။ ဘယ်သူကမှလည်း သူတို့ကို မနှောက်ယှက်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ ဩဇာကြီးတဲ့မိသားစုတွေဆီမှာ နေနေလို့ပဲဖြစ်တယ်။ ကျမသမီးတွေဟာ သူတို့ဆီမှာ အိမ်ဖော်အဖြစ်နဲ့ ကလေးထိန်းအဖြစ် လုပ်ခဲ့ရတာမှန်တယ်။ ဒါပေမဲ့ သူတို့ဟာ သူတို့အလုပ်ရှင်တွေရဲ့ စော်ကားအမြတ်ထုတ်ခြင်း မခံရဘူး။ သူတို့ကို ကောင်းကောင်းပေးတယ်၊ ကျွေးတယ်၊ ဆင်တယ်။ သူတို့လစာအပြင် သူတို့အလုပ်ရှင်တွေဟာ သူတို့မင်္ဂလာစရိတ်အတွက် ကြင်နာမှုရော ငွေကြေးတွေပါ ကူညီပေးခဲ့တယ်။

ကျမ သမီးနှစ်ယောက်ဟာ ဒေသခံလူငယ်လေးတွေနဲ့ပဲ လက်ထပ်ခဲ့တယ်။ ဒီဒေသကသတို့သားတွေကိုပဲ သူတို့ရွေးချယ်ခဲ့ကြတာက သူတို့ဟာ ရိုဟင်ဂျာသတို့သားတွေထက်ပိုပြီးတော့ တာဝန်ခံနိုင်တယ်၊ ပိုပြီးတော့ မှီခိုအားထားမှုပြုနိုင်တာကြောင့်ပဲ ဖြစ်တယ်။ လုံခြုံရေးကလည်း အဓိကပြဿနာတရပ်ပဲဖြစ်တယ်။ ဘင်္ဂလားဒေ့ရှ်လူမျိုးကို လက်ထပ်တာက သူတို့အနာဂတ်အတွက် ပိုပြီးလုံခြုံစေတယ်။

အလုပ်ကြိုးစားခြင်း

ကျမမိသားစုစားဝတ်နေရေးအတွက် ကျမရုန်းကန်ခဲ့ရတယ်။ တရက်တောင်မှ ကျမမနားခဲ့ဘူး။ ကျောင်းတွေမှာဆိုရင် ကျောင်းချိန်မှာ သန့်ရှင်းရေးအလုပ်သမအဖြစ်နဲ့ အလုပ်လုပ်ခဲ့တယ်။ နေ့လည်ခင်းတွေနဲ့ ညနေပိုင်းမှာ အိမ်တွေမှာအလုပ်လုပ်ခဲ့ပြန်တယ်။ တခါတရံမှာ ညပိုင်းအချိန်တွေမှာ ငါးဖမ်းပိုက်တွေကို ပြင်ချုပ်တာမျိုးလုပ်ခဲ့တယ်။ ဒီနေ့ထိတိုင်အောင်လည်း ရုန်းကန်နေဆဲဖြစ်တယ်။ ကျမသိပ်ချစ်ရတဲ့ အမျိုးသားကဆုံးပါးခဲ့ပြီးတော့ ကျမရဲ့ဝန်ထုပ်ဝန်ပိုးတွေ လျော့ပါးသွားအောင်လုပ်ပေးပါ့မယ်လို့ ကတိပေးခဲ့တဲ့အမျိုးသားက ကျမကို လိမ်ညာလှည့်ဖြားခဲ့တယ်။ ဒါပေမဲ့ ကျမကို ဘယ်တော့မှ သစ္စာမဖောက်တဲ့အရာကတော့

ကျမရဲ့လုပ်နိုင်စွမ်း၊ အလုပ်ကြိုးစားမှု၊ ရိုးသားမှုနှင့် အကောင်းမြင်တွေးတောမှုတွေပဲဖြစ်တယ်။

ဒေသခံပြည်သူတွေက ကျမအပေါ် ကောင်းကောင်းဆက်ဆံကြပြီး အကြောင်းအရာအတော်များများ သင်ယူရာမှာလည်း ကူညီခဲ့ကြတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ အတွေ့အကြုံကောင်းများရခဲ့တယ်။ မွတ်ဆလင်ပွဲတော်ရက်တွေမှာဆိုရင် အသားတွေနဲ့ အဝတ်အစားသစ်တွေကို ကျမရဲ့ အလုပ်ရှင်ဟောင်းတွေဆီကနေ ရနေတုန်းပဲဖြစ်တယ်။ တချို့မိသားစုတွေဆိုရင် သူတို့က မြို့ရဲ့အဝေးမှာရောက်နေရင် သူတို့အိမ်ကိုကြည့်ပေးဖို့ ကျမဆီကို အပ်ထားခဲ့ကြတယ်။

ပြောရရင် ကျမရဲ့လူမှုအဝန်းအဝိုင်းကို ကျမ မကြိုက်ဘူး။ ဘာကြောင့်လဲဆိုတော့ အများစုဟာ ပျင်းရိကြပြီး စိတ်ကူးယဉ်သမားတွေကများကြတယ်။ သူတို့ဘဝအတွက် ရည်မှန်းချက်တွေ၊ ပန်းတိုင်တွေ ရှင်းရှင်းလင်းလင်းမရှိကြဘူး။ နည်းနည်းပဲလုပ်ပြီး များများလိုချင်ကြတယ်။ သူတို့ရဲ့အဆင်မပြေမှုတွေ၊ ပြီးတော့ မြန်မာပြည်ထဲမှာ သူတို့ဘယ်လိုတွေဖြစ်နေရလဲဆိုတာကို အပြင်ဘက်ကလူတွေဆီကို ပြောပြပြီးတော့ သူများပေးစာကမ်းစာတွေကိုပဲ တောင်းခံနေကြတယ်။ သူတို့ကို ဒါတွေပိတ်ပင်ထားတယ်၊ ဒီဟာကိုတော့ မရဘူးစသဖြင့် အမြဲပဲညည်းတွားကြတယ်။ အရာရာက သူတို့ထံကိုလာပေးရမယ်လို့ ခံယူနေကြပြီး ဒါဟာ သူတို့အခွင့်အရေးလို့ မြင်နေကြတယ်။ အဲလိုအမြင်ဟာ ပြောင်းလဲပစ်သင့်တယ်။ ရိုဟင်ဂျာလူမျိုးတွေဟာ အကောင်းမြင် စဉ်းစားမှုလုပ်နိုင်အောင် သင်ယူကြရမယ်။ လူတွေရဲ့ အသည်းနှလုံးကို ဘယ်လိုအောင်နိုင်အောင် လုပ်မလဲဆိုတာမျိုးကို သင်ယူသင့်ပါတယ်။ သူတို့ကိုယ်သူတို့ ကူညီနိုင်အောင် ပထမဦးဆုံး ကြိုးစားကြရမယ်။ အဲဒီလိုလုပ်ပြီးမှသာ ကျမတို့လူ့မှုအသိုင်းအဝိုင်းမှာ တကယ့်ပြောင်းလဲမှုအစစ်အမှန်ဖြစ်လိမ့်မယ်။

အနာဂတ်စိတ်ကူးမျှော်မှန်းချက်

ကျမကလေးအားလုံးကို လွတ်လပ်တဲ့တိုင်းပြည်တခုမှာ ပျော်ပျော်ရွှင်ရွှင်နဲ့လက်ထပ်တာကို ကျမမြင်တွေ့ချင်ပါတယ်။ သူတို့ကို ဒုက္ခသည်တွေအဖြစ်နဲ့ ကျမမမြင်တွေ့လိုဘူး။ ကျမက သူနာပြုဖြစ်ချင်ခဲ့တယ်။ ဒါပေမဲ့ ကျမက အခုသူနာပြုတယောက်အဖြစ်သင်ယူဖို့ အိုနေပါပြီ။ တတ်နိုင်ရင် နေမကောင်းတဲ့လူတွေကို ပြုစုစောင့်ရှောက်ရတဲ့အလုပ်ကို ကျမလုပ်ချင်ပါတယ်။ အနာဂတ်အတွက် စိတ်ကူးအိပ်မက်ဖို့ အချိန်အလုံအလောက်မရှိဘူးဆိုတာ ကျမသိတယ်။ မြန်မာပြည်ဟာ ကျမရဲ့နိုင်ငံဖြစ်တယ်။ ဒါကြောင့် ကျမတို့ဘဝတွေ ငြိမ်းငြိမ်းချမ်းချမ်းနေနိုင်ပြီး နောက်တခါ ထွက်မပြေးရတော့ဘူးဆိုတဲ့ အာမခံချက်သာရှိခဲ့ရင် ကျမအဲဒီကိုပဲပြန်သွားချင်တယ်။ ဒါပေမဲ့လည်း ကျမအတွက် သေချာနေတာက မြန်မာပြည်ကိုပြန်သွားဖို့ နည်းလမ်းမရှိဘူးဆိုတာပါပဲ။ တခြားဘယ်နေရာကိုမှ ထွက်ခွာသွားဖို့ ကျမ ဆန္ဒမရှိခဲ့သ

လို ကြိုးလည်းမကြိုးစားခဲ့ပါဘူး။ ဒီမှာ ကျမအတွက်အဆင်ပြေနေတာပဲ။ ဒုက္ခသည်ဘဝကို လည်း ကျမဖြတ်သန်းခဲ့ဖူးတယ်။ ဒုက္ခသည်တယောက်ဖြစ်ရတာကိုလည်း ကျမသိတယ်။ ဘဝမှာ ခါးသီးစရာတွေပဲပြည့်နေတဲ့ ဒုက္ခသည်တဦးအဖြစ် ကျမနောက်ထပ် ထပ်မဖြစ်ချင်တော့ဘူး။ အခုတော့ ဒီမှာရှိတဲ့လူတိုင်းဟာ ကျမရဲ့ မောင်နှမတွေသဖွယ်ဖြစ်နေပြီလေ။ ■

ဤဖြစ်ရပ်သည် The Arakan Project မှ ကော့ဘဇာ (စစ်တကောင်းရှိ မြို့တမြို့) တွင် ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၂၂ ရက်တွင် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းချက်ဖြစ်သည်။ သူမ ဘဝအခက်အခဲများကို သူမဘာသာ ဖြေရှင်းနိုင်သည်များမှာ အံ့သြဖွယ်ရာဖြစ်သည်။ ပညာမတတ်သော်လည်းပဲ သူမဘဝနှင့် သူမကလေးများအတွက် သူမတွင် ဘဝရည်မှန်းချက်ရှိပြီး သူမရည်မှန်းချက်များ တဖြည်းဖြည်းဖြင့် အောင်မြင်အောင်လုပ်ဆောင်ခဲ့သည်။ ရိုဟင်ဂျာလူမှုအသိုင်းအဝိုင်းတွင် သူမကဲ့သို့သောအမျိုးသမီးမျိုးရှာရန် လွန်စွာရှားပါးပါသည်။ ဤဖြစ်ရပ်ဆောင်းပါးကို The Arakan Project မှ ၁၀၊ ၁၂။ ၂၀၀၇ တွင် ALTSEAN-BURMA သို့ ပေးပို့ခဲ့ခြင်းဖြစ်သည်။

ဆူးပေါ်ကျလို့ မပေါက်သောဖက်

နေကြာရိုင်း

ဟိုးရှေးယခင်ကတည်းက အမျိုးသမီးတွေဟာအားနည်းကြတယ်ဆိုပြီး မြန်မာနိုင်ငံက လူအတော်များများပြောကြပါတယ်။ အမျိုးသမီးဆိုတာကို ပမာနှိုင်းတဲ့အခါကျရင်လည်း “ဆူးပေါ်ဖက်ကျလည်း ဖက်ပေါက်၊ ဖက်ပေါ်ဆူးကျလည်း ဖက်ပဲပေါက်”ဆိုတဲ့ စကားပုံကိုသုံးလေ့ရှိပါတယ်။ ဒီလိုစကားပုံတွေ၊ ဆိုရိုးစကားတွေကို မြန်မာနိုင်ငံလို ဖိုဝါဒကြီးစိုးတဲ့နိုင်ငံမှာ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်ကျင့်သုံးခဲ့ကြပါတယ်။ ဒီလိုစကားပုံတွေအရပဲ အမျိုးသမီးတွေဟာ အမျိုးသားတွေထက်ပိုပြီး မိဘတွေရဲ့ တင်းကျပ်တဲ့စည်းကမ်းအောက်မှာ ဖိုင်းကောင်းကျောက်ဖိနေထိုင်ကြီးပြင်းလာခဲ့ရသူတွေပါ။

အမျိုးသမီးတွေဆိုတာ အိမ်မှုကိစ္စအဝဝနိုင်နင်းရမယ်၊ ယောကျ်ားတွေကို ရိုသေရမယ်၊ မိန်းမပီသရမယ်လို့ ဆုံးမလေ့ရှိပါတယ်။ အမျိုးသားတွေကိုတော့ ယောကျ်ားပီသရမယ်၊ သန်မာရမယ်၊ မိသားစုတွေကို ထောက်ပံ့ရမယ်ဆိုတာ အမြဲတမ်းဆုံးမလေ့ရှိပါတယ်။ ဒါကတော့ အမျိုးသမီးနဲ့အမျိုးသားတို့ရဲ့ တယောက်နဲ့တယောက်ကြား ခွဲခြားဆက်ဆံမှုရဲ့ အဓိကသော့ချက်ပါ။ အမျိုးသမီးတွေကလည်း အဲဒီလိုမနေရင်၊ မလုပ်ရင် ပတ်ဝန်းကျင်က အထင်သေးသွားမယ်၊ လျစ်လျူရှုကြမယ်ဆိုပြီး မရရအောင် ကိုယ့်ကိုယ်ကိုယ် အတင်းပုံသွင်းနေထိုင်ကြပါတယ်။ ဒါပေမဲ့ တချို့ရဲ့စိတ်ထဲမှာတော့ ဒီချုပ်ကိုင်မှုအောက်ကနေ အရမ်းကိုရုန်းထွက်ချင်ပေမယ့် တချို့ကျတော့လည်း ရုန်းထွက်ဖို့မစဉ်းစားတဲ့အပြင် သူတို့ကိုယ်တိုင် “မ”ကျင့်ဝတ်ကို လက်ခံကျင့်သုံးသည်သာမက တခြားအမျိုးသမီးတွေကိုပါ သူတို့အတိုင်းနေထိုင်စေချင်ကြပါတယ်။ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်ဖို့ မစဉ်းစားတော့ပဲ အမျိုးသားတွေရဲ့ ထောက်ပံ့မှုကိုပဲ စောင့်မျှော်နေလေ့ရှိပါတယ်။ ဒီလိုအခြေအနေတွေကြောင့်ပဲ အမျိုးသမီးတွေကို အားနည်းသူတွေအဖြစ်မြင်ကြပါတယ်။ အမျိုးသားတွေကလည်းလူ့အသိုင်းအဝိုင်းရဲ့ ဆုံးမစကားအတိုင်း ငါ့မိသားစုကို လုပ်ကျွေးရမယ်၊ သန်မာရမယ်ဆိုပြီး အစွမ်းကုန်ကြိုးစားနေခဲ့ကြပါတယ်။

ဒီလိုအစွဲတွေကြောင့် အမျိုးသမီးတွေဟာ ဒီကန့်သတ်မှုဘောင်အတွင်းကနေရုန်းထွက်ပြီဆိုရင် ပတ်ဝန်းကျင်ရဲ့ကဲ့ရဲ့မှုကို ခံရသည်သာမက မိသားစုရဲ့ ငြိုငြင်မှုကိုပါ တစ်ပြိုင်နက်တည်း ရင်ဆိုင်ရပါတော့တယ်။ တခါတလေ အိမ်တွင်းအကြမ်းဖက်မှုပါဖြစ်လာတတ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မိန်းမတွေက သူတို့အိမ်ထောင်ကျပြီဆိုရင် “အိမ်ထောင်”ဆိုတဲ့အတိုင်း ထောင်ထဲမှာပဲနေရပါတယ်။ အပြင်မထွက်လိုကြပါဘူး။ အိမ်ပြင်ကိုထွက်ပြီး တခြားဝင်ငွေရတဲ့အလုပ် လုပ်ပြီဆိုတာနဲ့ ယောကျ်ားတွေက “ဒီမိန်းမဟာ စည်းကျော်ပြီ၊ တယောက်ယောက်နဲ့ဖောက်ပြန်နေတယ်”ဆိုပြီး တဖက်သက်စွပ်စွဲချက်တွေကြောင့် ဖြစ်

လာခဲ့ရတဲ့ အိမ်တွင်းအကြမ်းဖက်မှုပြဿနာဟာလည်း မရေတွက်နိုင်အောင်ပဲ။ နောက်တခုကတော့ ယောကျ်ားတွေက သူတို့ဟာအိမ်ထောင်ဦးစီး၊ ငွေရှာရမယ်ဆိုတဲ့အတွေးတွေကြောင့် ငွေကိုမရရတဲ့နည်းနဲ့ ကြိုးစားရှာကြပါလေရော။ ဒါပေမဲ့ သူတို့မလုပ်နိုင်တဲ့အခါကျရင်တော့ သူတို့ကိုယ်သူတို့ ယောကျ်ားမပီသဘူးလို့ ပတ်ဝန်းကျင်က ကဲ့ရဲ့မှာစိုးပြီး စိတ်ဖိစီးမှုဒဏ်ကို ဖြေသိမ့်တဲ့အနေနဲ့ အရက်သေစာကိုပဲ တရစပ်သောက်ပါတော့တယ်။ သူတို့ရဲ့ စိတ်ဖိစီးမှုတွေနဲ့ စိုးရိမ်စိတ်တွေကို အရက်သေစာသောက်ခြင်းနဲ့ ဖြေဖျောက်ဖို့ ကြိုးစားပြီး အဲဒီကနေတဆင့် အိမ်တွင်းအကြမ်းဖက်မှုတွေကို ဖြစ်စေခဲ့ပါတယ်။ ကျမတို့ လူမှုအသိုင်းအဝိုင်းမှာ အခုလို အရက်သေစာကြောင့်၊ မူးယစ်ရမ်းကားမှုကြောင့် ဖြစ်ရတဲ့ အိမ်တွင်းအကြမ်းဖက်မှု ပြဿနာတွေ အများကြီးတွေ့မြင်ရပါတယ်။ ဒီလိုအခြေအနေတွေဟာ ကျမတို့ လူမှုပတ်ဝန်းကျင်မှာ တည်ငြိမ်အေးဆေးမှုမရှိအောင်၊ ဖွံ့ဖြိုးတိုးတက်မှုကင်းမဲ့အောင် တွန်းပို့နေပါတယ်။ အမျိုးသားအများစု အခုလို အလုပ်အကိုင်ရှာဖွေတဲ့နေရာမှာ အခက်အခဲတွေ အများကြီးကြုံတွေ့နေရတာဟာလည်း ကျမတို့နိုင်ငံက စစ်အစိုးရရဲ့ အုပ်ချုပ်ရေးညံ့ဖျင်းမှုကြောင့်ဖြစ်ပါတယ်။

မိသားစုတစုမှာ လူတိုင်း တာဝန်တွေ ခွဲဝေယူသင့်ပါတယ်။ ကျမတို့တွေဟာ တယောက်နဲ့တယောက် ကိုယ်ချင်းစာမှုတွေ၊ လေးစားမှုတွေပေးသင့်ပါတယ်။ တချို့ယောကျ်ားတွေက ဒီအခက်အခဲတွေကိုနားလည်ပြီး သူတို့မိန်းမတွေကို ကူညီတာရှိသလို တချို့တွေက "အသိခေါက်ခက် အဝင်နက်" ဆိုသလို နားလည်နေရက်နဲ့ မကူညီတဲ့ယောကျ်ားတွေ အများကြီးပါ။ တချို့ယောကျ်ားကတော့ သူတို့ရဲ့မိန်းမကို ကူညီလိုက်ရင် ပတ်ဝန်းကျင်က ဒီယောကျ်ားဟာ မိန်းမကြောက်တဲ့ယောကျ်ားဆိုပြီး ကဲ့ရဲ့မှာကိုမခံချင်တော့ မလုပ်ပြန်ပါဘူး။

မြန်မာနိုင်ငံက အမျိုးသမီးတွေဟာ ကိုယ်ဝန်ဆောင်နေတဲ့အချိန်ထိ၊ ထိလွယ်ခိုက်လွယ်အချိန်မှာရှိနေတာတောင် အလုပ်လုပ်ကိုင် ရုန်းကန်ကြရပါတယ်။ ဒါပေမဲ့ သူတို့လုပ်တဲ့အလုပ်တွေကို အလုပ်အဖြစ် အသိအမှတ်မပြုကြပါဘူး။ ဥပမာ အမျိုးသမီးတွေလုပ်နေကြတဲ့ အိမ်မှုကိစ္စတွေဆိုရင် နေ့စဉ်ဘဝအတွက် အလိုအပ်ဆုံး အရေးကြီးတဲ့ အခြေခံလိုအပ်ချက်တွေဖြစ်တယ်ဆိုတာ မြင်နိုင်ပါတယ်။

အခုချိန်မှာ ယောကျ်ား၊ မိန်းမတွေအပေါ် ကျမတို့ရဲ့ အယူသည်းမှုတွေကို တဖြည်းဖြည်းပပျောက်သွားအောင် အတူတကွလက်တွဲပြီး လုပ်ဆောင်ရမယ့်အချိန်ရောက်နေပါပြီ။ ဒါကြောင့် အခုအချိန်ဆိုရင် ကမ္ဘာတဝှမ်းမှာရှိတဲ့ အမျိုးသမီးတော်တော်များများဟာ ကျား၊ မ တန်းတူအခွင့်အရေးရဖို့အတွက် ကြိုးပမ်းမှုကြောင့် အခွင့်အရေးတချို့ကို နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ သီးခြားအသိအမှတ်ပြုခြင်းခံလာရပါပြီ။ ဒါပေမဲ့ ကျား၊ မ တန်းတူအခွင့်အရေး မရရှိသေးသရွေ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကိုရဖို့အတွက် ဆက်လက်တိုက်ပွဲဝင်နေတုန်းပါပဲ။ မြန်မာနိုင်ငံမှာရှိတဲ့ အမျိုးသမီးတွေဟာလည်း မျက်စိပွင့်နားစွင့်ဆိုသလိုပဲ ကျား၊ မ တန်းတူအခွင့်အရေးနဲ့ ဒီမိုကရေစီရဖို့အတွက် တိုက်ပွဲဝင်နေကြ

တာ အခုမှမဟုတ်ပါဘူး။ ဟိုအရင်ကတည်းကလည်းပဲ ဖိုဝါဒကြီးစိုးမှုအောက်ကနေ ရုန်းထွက်ဖို့ ကြိုးစားတဲ့အမျိုးသမီးတွေအများကြီးပါ။ မြန်မာနိုင်ငံရဲ့ ၁၉၈၈ ဒီမိုကရေစီလှုပ်ရှားမှုကြီးမှာဆိုရင်လည်းပဲ ငယ်ရွယ်တဲ့ ကျောင်းသူလေးတွေ အများကြီး ဆန္ဒပြပွဲမှာ ပါဝင်ခဲ့ကြပါတယ်။ အမျိုးသားတွေနည်းတူ အမျိုးသမီးတချို့ဟာ ထောင်သွင်းအကျဉ်းကျခံခဲ့ကြရပြီး တချို့လည်း အိမ်နီးချင်းနိုင်ငံကို ထွက်ခွာလာခဲ့ကြပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်ကို ပြောင်းလဲဖို့အတွက်ဆိုရင် အမျိုးသားတွေအပါအဝင် အမျိုးသမီးတွေရဲ့ အင်အားလည်း မရှိမဖြစ် လိုအပ်တယ်ဆိုတာကို အသိအမှတ်ပြုလာကြပြီဖြစ်ပါတယ်။

အခုဆိုရင် ဒေါ်အောင်ဆန်းစုကြည်တို့လို၊ ဒေါက်တာစင်သီယာမောင်တို့လို ကမ္ဘာအထိကျော်ကြားပြီး ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုခြင်းခံရတဲ့အမျိုးသမီးတွေ အများကြီးရှိနေပါပြီ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒေါက်တာစင်သီယာမောင်နှစ်ယောက်လုံးဟာ သူတို့တွေရဲ့ဘဝတလျှောက်လုံး တိုက်ပွဲဝင်ခဲ့ကြသူတွေဖြစ်ပါတယ်။ ဒေါ်စုဟာ မြန်မာနိုင်ငံကပြည်သူလူထုတရပ်လုံးအတွက် သူမရဲ့ဘဝကို နှစ်မြှုပ်ထားပြီး ဒေါက်တာစင်သီယာမောင်ကတော့ ၈၈ အရေးအခင်းအပြီး ထိုင်းနိုင်ငံကိုထွက်လာပြီး ထိုင်းမြန်မာနယ်စပ်မှာ မယ်တော်ဆေးခန်းကို ဖွင့်လှစ်ခဲ့ပါတယ်။ ဆရာမဟာ ရွှေ့ပြောင်းအလုပ်သမားတွေ၊ ဒုက္ခသည်တွေအတွက် အခမဲ့ဆေးကုသမှုတွေ ပြုလုပ်ပေးခဲ့ပါတယ်။ ဒီလိုကြိုးစားတိုက်ပွဲဝင်နေတဲ့ အမျိုးသမီးတွေဟာ အမျိုးသမီးအခွင့်အရေးတွေ၊ တန်းတူရေးနဲ့ နိုင်ငံရေးထဲမှာ ပါဝင်ခွင့်ရဖို့အတွက် ငြိမ်းချမ်းတဲ့နည်းနဲ့ တိုက်ပွဲဝင်နေသူတွေဖြစ်ပါတယ်။

အမျိုးသမီးတွေရဲ့ ကြိုးစားတိုက်ပွဲဝင်ခဲ့တဲ့ အောင်မြင်မှုတွေကိုကြည့်ခြင်းအားဖြင့် နောင်လာမယ့်အနာဂတ်မှာလည်း ကျမတို့တတွေဟာ အားမလျှော့ဘဲ ကျား၊ မ တန်းတူရေး၊ မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုမှာ အမျိုးသမီးတွေပိုမိုပါဝင်နိုင်ရေးနဲ့ လူ့အဖွဲ့အစည်းက အမျိုးသမီးတွေအပေါ်မြင်တဲ့ လွဲမှားတဲ့အမြင်တွေကိုပြောင်းလဲဖို့အတွက် ဆက်လက်တိုက်ပွဲဝင်သွားမှာဖြစ်ပါတယ်။ ဒီကနေတဆင့် အမျိုးသမီးတွေရဲ့ အင်အားကို တွေ့မြင်လာကြမှာဖြစ်ပါတယ်။ ဒါကြောင့် ဆူးပေါ်ပဲ ဖက်ကျကျ၊ ဖက်ပေါ်ပဲ ဆူးကျကျ၊ ငိုကြွေးမှုတွေကင်းမဲ့တဲ့ ဆူးပေါ်ကျလို့ မပေါက်တဲ့ဖက်အနေနဲ့ပဲ ကျန်ရှိနေတော့မှာဖြစ်ပါတယ်။ ■

ဤဆောင်းပါးကို ဆောင်းပါးရှင် ၆ ဦးမှ ရေးသားထားခြင်းဖြစ်ပြီး ထိုဆောင်းပါးရှင်များမှာ မြန်မာနိုင်ငံမှ တိုင်းရင်းသာလူမျိုးများဖြစ်ကြသည့် လားဟူ၊ ဗမာ၊ မွန်၊ ကရင်၊ ရခိုင်နှင့် ပလောင်တိုင်းရင်းသူများဖြစ်ကြပါသည်။ ဆောင်းပါးရှင်များသည် ဒီမိုကရက်တစ်မြန်မာနိုင်ငံတွင် အမျိုးသမီးများ၏ ပါဝင်မှုမြင့်မားလာရေးနှင့် အမျိုးသမီးအခွင့်အရေးရရှိရေးအတွက် လှုပ်ရှားဆောင်ရွက်နေသူများဖြစ်ပါသည်။

တိတ်ဆိတ်မျက်ရည်များနှင့် နှလုံးသွေးယိုခြင်း

လက်ဆန်းပေါ့ထော်

စာဖတ်သူတွေထဲက အတော်များများဟာ အိမ်တွင်းအကြမ်းဖက်ခြင်းဆိုတာကို ကြားဖူးကြမှာပါ။ စာဖတ်သူတွေထဲက တချို့ဆို ဒီလိုအကြမ်းဖက်မှုမျိုးကို ကိုယ်တိုင်ကြုံဖူးကြပါတယ်။ အမျိုးသားတွေက အမျိုးသမီးတွေကို ရိုက်နှက်တာ၊ နာကျင်အောင်ပြုလုပ်တာ စတဲ့ အကြမ်းဖက်မှုတွေကို ကျမတို့တတွေ တွေ့ဖူးကြမှာပါ။ စာဖတ်သူအနေနဲ့ ကိုယ့်ရဲ့ခင်ပွန်းကို ဘယ်တော့မှ အော်ဟစ်တာ စကားများတာကို ပြုလုပ်ချင်မှာမဟုတ်ပါဘူးနော်။ စာဖတ်သူတွေထဲမှာ တချို့ဆို ကိုယ့်ယောက်ျားကို ရိုသေရမယ်လို့ ယုံကြည်နေကြတယ်လေ။ ကိုယ့်ရဲ့ခံစားချက်တွေကို ရင်ဖွင့်ချင်တာတောင်မှာ မျိုသိပ်ထားရတာမျိုးလည်းရှိပါတယ်။ တကယ်လို့များ ကိုယ့်ရဲ့လင်မယားနှစ်ယောက်ကြားက ပြဿနာတွေကို ဖွင့်ပြောမယ်ဆိုရင် အခြားသူတွေက ကိုယ့်ကိုအထင်သေးကြမယ်၊ အပြစ်တင်ကြမယ်လို့လည်း စာဖတ်သူအနေနဲ့ တွေးနိုင်ပါတယ်။ ဒါကြောင့်လည်း ကိုယ့်ရင်ထဲမှာပဲသိမ်းထားပြီးတော့ ကံကြမ္မာကိုဘဲ အပြစ်ပုံချနေတာပေါ့။

အိမ်တွင်း အကြမ်းဖက်မှုတွေဟာ မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတာဟာ ရုပ်ပိုင်းဆိုင်ရာအရသာမကဘဲ စိတ်ပိုင်းဆိုင်ရာအရပါ အကြမ်းဖက်ခံနေရတာပါ။ လူတွေကတော့ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေကိုသာ လွယ်လွယ်နဲ့မြင်ကြပေမယ့် စိတ်ပိုင်းဆိုင်အရ အကြမ်းဖက်ခံနေရတာကိုတော့ မမြင်တွေ့နိုင်ကြပါဘူး။ ဒါကြောင့် ကျမကတော့ ဒီလိုအကြမ်းဖက်ခံရတာနဲ့ပတ်သက်တဲ့ အဖြစ်အပျက်လေးတခုကို ပြောပြချင်ပါတယ်။

သူမနာမည်က ပွိုင်လွန်ပါ။ သူမဟာ မြန်မာနိုင်ငံ မွန်ပြည်နယ်က တောရွာကလေးတရွာမှာနေပါတယ်။ တက္ကသိုလ်ကျောင်းပြီးတဲ့အခါမှာတော့ ချမ်းသာတဲ့မိသားစုက ဆင်းသက်လာသူတယောက်နဲ့ သူမ လက်ထပ်လိုက်ပါတယ်။ ပြီးတော့ သုံးနှစ်အရွယ်ကလေးတယောက်ရခဲ့ပါတယ်။ တနေ့တော့ ကျမဆီကို မျက်နှာဖြူဖတ်ဖြူရော်နဲ့ သူမရောက်လာခဲ့ပါတယ်။ ကျမကိုတွေ့တော့ သူငိုပါတော့တယ်။ ကျမသိတာက ပွိုင်လွန်ခင်ပွန်းဟာ ချမ်းသာတဲ့မျိုးရိုးက ဆင်းသက်လာတာပါ။ အဲတော့ သူမဟာ အိမ်အပြင်ထွက်ပြီး အလုပ်လုပ်စရာမလိုဘူးပေ့ါ။ သူမဟာ ခင်ပွန်းနဲ့အတူ ခင်ပွန်းသည်မိခင်ရဲ့အိမ်မှာနေထိုင်းရင်း သူတို့တတွေကို ကြည့်ရှုစောင့်ရှောက်ရပါတယ်။ သူမဟာ သူမယောက်ျားအလုပ်နောက်ကျမှသွားတာနဲ့ပတ်သက်ပြီးလည်း ဘယ်တော့မှ ပြဿနာရှာဖို့မစဉ်းစားပါဘူး။

“ဒါပေမဲ့ တညမှာတော့”လို့ အစချီပြီး ပွိုင်လွန်က သူမအကြောင်းကို ပြောပြပါတော့တယ်။ “ကျမအိပ်လို့မပျော်ဘူး၊ ကျမယောက်ျားက မနက်လေးနာရီအထိ အိမ်ကိုပြန်မလာသေးဘူး။ အဲဒီနေ့က ကျမအသက် (၂၅)နှစ်ပြည့် မွေးနေ့ပေါ့။ ကျမစိတ်ထဲမှာ

တခုခုဖြစ်နေခဲ့တယ်။ ကျမ စိတ်လှုပ်ရှားနေတာလား စိတ်ပူနေတာလား မသေချာဘူး။ အဲဒီနေ့ဟာ ကျမဘဝကို ပြောင်းလဲပစ်လိမ့်မယ်လို့မသိခဲ့ပါဘူး။ ကျမ စက်ဘီးစီးပြီး လမ်းမှောင်မှောင်မှာ တယောက်တည်းထွက်လာခဲ့ပြီး သူ့အလုပ်ကိုလိုက်သွားခဲ့ပါတယ်။ ကျမထင်ထားတာက သူအလုပ်တွေသိပ်များလို့ အလုပ်ထဲမှာဘဲအိပ်မယ်လို့ ထင်ထားတာလေ။ သူ့အလုပ်ထဲကိုရောက်တဲ့အခါ သူ့ရဲ့ရုံးခန်းထဲကို တိတ်တိတ်ကလေး ဝင်သွားခဲ့ပါတယ်။ သူ့ကို ကျမမွေးနေ့မှာ အံ့သြသွားစေချင်လို့လေ။”

“ကျမရဲ့ မျက်လုံးကိုတောင် မယုံနိုင်အောင်ဖြစ်သွားခဲ့တယ်။ ကျမအမျိုးသားနဲ့ မိန်းကလေးတယောက်ဟာ ကြမ်းပြင်ပေါ်က မွေ့ယာပေါ်မှာ တီးတိုးစကားပြောနေကြတယ်။ အဲဒီမိန်းကလေးဟာ ကျမ အမျိုးသားအလုပ်ထဲက အိမ်ဖေါ်မလေးပါ။ ကျမ အရမ်းကို တုန်လှုပ်သွားခဲ့ပြီး ဘာမှမပြောနိုင်တော့ပါဘူး။ ကျမ အမျိုးသားမသိအောင် ပြန်ထွက်လာခဲ့ပါတယ်။ ကျမ အရမ်းကို ပူဆွေးဝမ်းနည်းခဲ့ရပြီး တနေ့လုံး မျက်ရည်နဲ့ပဲ ကျမရဲ့မွေးနေ့ကို ကုန်ဆုံးခဲ့ရပါတယ်။ သူဒေါသထွက်မှာစိုးလို့ အဲဒီအကြောင်းတွေကို သူ့နဲ့ရင်ဆိုင်ပြီး ကျမ မပြောရဲခဲ့ဘူး။ သူကတော့ အဲဒီလိုဘဲ ဆက်လုပ်နေပြီး ညဘက်မှာ အိမ်ကိုပြန်မလာပါဘူး။ တခါတလေတော့ မနက် (၂) နာရီလောက်မှ ပြန်လာတတ်ပါတယ်။ ထမင်းလက်ဆုံစားဖို့အတွက် ကျမဟာ ဖယောင်းတိုင်မီးနဲ့ စောင့်မျှော်နေခဲ့ပါတယ်။ ထမင်းအတူစားဖို့အတွက် နေ့ညများစွာ ထမင်းစာပွဲမှာ ကျမစောင့်နေခဲ့တာတွေကို သူကတော့ သိတောင်မသိပါဘူး။ သူပြန်ရောက်လာရင် ညစာ စားပြီးခဲ့ပြီလို့ဘဲပြောပါတယ်။ ပြီးတော့ ညတိုင်း အဲဒီကောင်မလေးနဲ့ သွားအိပ်ပါတယ်။ ကျမကတော့ မစားနိုင် မသောက်နိုင်ဖြစ်နေခဲ့ရပါတယ်။ ဒီတော့ ကျမအားနည်းပြီး ပိန်လာသလို ကျမသားလေးကိုလည်း ကောင်းကောင်း ဂရုမစိုက်နိုင်တော့ပါဘူး။”

“ကျမခင်ပွန်းဟာ အလုပ်မှာဘဲနေပြီး အိမ်ကို သိပ်ပြီးပြန်မလာတော့ပါဘူး။ အိမ်ပြန်လာရင်လည်း မိနစ်ပိုင်းလောက်ပဲ အိမ်မှာနေပါတယ်။ သူ့သားကိုလည်း မကြည့်တော့ပါဘူး။ တနေ့မှာ သူအိမ်ကိုပြန်လာပြီး သူ့ကောင်မလေးအတွက် ကျမကို စာသွားပေးခိုင်းပါတယ်။ ကျမသူ့ကို ဘာစကားမှမပြောဘဲ စာကိုယူလိုက်ပါတယ်။ သူ့ကောင်မလေးကို စာပေးလိုက်တော့ ကောင်မလေးက သူ့နဲ့အတူတူစာဖတ်မလားလို့ မေးပါတယ်။ ကျမလည်း စာကို အဲဒီကောင်မလေးနဲ့အတူတူ ဖတ်ခဲ့ပါတယ်။ စာထဲမှာ သူက ကောင်မလေးကို ဘယ်လောက်ထိချစ်တဲ့အကြောင်း၊ သူဘယ်လောက်အထိ ကောင်မလေးကို စောင့်ရှောက်ချင်တဲ့အကြောင်းတွေပါ။ ကျမမှာ အသိစိတ်တွေ မရှိတော့ဘူးလို့တောင် ကျမထင်တယ်။ တခါတလေမှာ သူက သူ့ကောင်မလေးပေးတဲ့စာတွေနဲ့ ကျမကို လှောင်ပြောင်ပါတယ်။ သူ့ကောင်မလေးရဲ့ ဘဝဟာ သနားစရာကောင်းတာကြောင့် သူက ကောင်မလေးကို ထောက်ပံ့ပေးချင်တယ်လို့ ကျမကိုပြောပါတယ်။ ကောင်မလေး တက္ကသိုလ်ဝင်တန်းအောင်သွားရင် ဆက်ပြီးမထောက်ပံ့တော့ဘူးလို့လည်း ကျမကိုကတိပေးပါတယ်။ ကျမရဲ့

ခံစားချက်တွေကိုတော့ ဂရုမစိုက်ပါဘူး။ ကျမမှာ ရွေးချယ်စရာမရှိတဲ့အတွက် ကောင်မလေးကို ထောက်ပံ့နေတာတွေ ကျမ မသိကျိုးကျွံပြုနေခဲ့ရပါတယ်။ ကျမဟာ ကျမနဲ့ အရွယ်မရောက်သေးတဲ့သားလေးအတွက် အရမ်းကိုထိခိုက်ဝမ်းနည်းခဲ့ရပါတယ်။ သားလေးကတော့ သူ့အဖေအကြောင်းမသိရှာဘဲ နေ့နေ့ညည သူ့အဖေကိုဘဲ မေးနေတော့တာပါဘဲ။”

“ဒီပြဿနာတွေကို ကျမ ဘယ်သူ့ကိုမှ မပြောပြပါဘူး။ ဒါပေမဲ့ ကျမ ယောက္ခမနဲ့ တချို့အိမ်နီးနားချင်းတွေက အဲဒီအကြောင်းကိုသိသွားကြပါတယ်။ ကျမကို သနားရုံကလွဲပြီး သူတို့လည်းဘာမှမလုပ်ပေးနိုင်ပါဘူး။ ကျမယောက္ခမကလည်း သူ့သားကိုကြောက်တော့ ကျမကို ဘာမှအကူအညီမပေးနိုင်ပါဘူး။ ကျမကို နှစ်သိမ့်ရုံဘဲတတ်နိုင်ပါတယ်။ ယောက္ခမက ကောင်မလေးကို အခုအလုပ်ကနေထွက်ဖို့သွားပြောပါတယ်။ ဒါနဲ့ ကောင်မလေးလည်း အလုပ်ကထွက်ပြီး ဖုန်းဆိုင်တခုမှာ အလုပ်ဝင်လုပ်ပါတယ်။ တချို့က ကျမယောကျ်ားဟာ နေ့တိုင်း ကောင်မလေးအိမ်ကိုသွားတယ်လို့ ကျမကိုပြောကြပါတယ်။ သူတို့နှစ်ယောက်ဟာ အရှက်ကင်းမဲ့ပြီး လူရှေ့မရှောင် ပွေ့၊ ဖက်၊ နမ်းတာမျိုးတွေကိုလည်းလုပ်ကြပါတယ်။ ကျမ နှလုံးသားထဲမှာ နာကျင်လွန်းလို့ ခံစားဖို့နေရာတောင် မရှိတော့ပါဘူး။ ကျမ တယောက်ယောက်ရှေ့မှာ ရင်ဖွင့်ပြောပြချင်ပါတယ်။ ပြီးတော့ ကျမ သူနဲ့ ကွာရှင်းပစ်ချင်ပါတယ်။ ဒါပေမဲ့ ကျမ သားလေးရဲ့ အနာဂတ်ကိုလည်း ထည့်စဉ်းစားနေရပါတယ်။ ကျမသားလေးကို ဖခင်မဲ့တဲ့သားတယောက်အဖြစ် မကြီးပြင်းစေချင်ဘူး။ ဒါကြောင့် ကျမဟာ ဒီအခြေအနေကိုဘဲ ဆက်ပြီး လက်ခံနေရပါတယ်။ ”

“ကျမက ကျမယောကျ်ားဟာ ဒီကောင်မလေးရဲ့ပြုစားတာကို ခံနေရတယ်လို့ ထင်နေခဲ့တယ်။ ဒါကြောင့် အကူအညီရလိုရငြား ဗေဒင်ဆရာဆီသွားမေးမြန်းခဲ့ပေမယ့် ဘာမှ အလုပ်မဖြစ်ပါဘူး။ နောက်ရက်အနည်းငယ်အကြာမှာတော့ ကောင်မလေးဟာ သူ့ရဲ့မြို့ကို ပြန်သွားခဲ့ပါတယ်။ ကျမယောကျ်ားဟာ အိမ်ပြန်လာပြီး ကျမကြောင့် သူ့ကောင်မလေးထွက်သွားရတာပါဆိုပြီး ကျမကို အပြစ်တွေတင်ပြီး အော်ဟစ်ကြိမ်းမောင်းပါတော့တယ်။ အဲဒီအချိန်အထိ ကျမ ဘာတခွန်းမှ ပြန်မပြောပဲ တိတ်ဆိတ်နေပြီး မျက်ရည်တွေပဲကျနေမိတယ်။ ပြီးတော့ ကျမသူ့ကိုပဲ စိုက်ကြည့်နေမိတယ်။ ကျမမှာ ပြောစရာစကားမရှိတော့ပါဘူး။ ”

“နောက်တနေ့မှာ သူအိမ်ကနေထွက်သွားပြီး ကောင်မလေးနောက်ကို လိုက်သွားပါတယ်။ ကျမနဲ့ သားငယ်လေးကို ထားသွားခဲ့ပါတယ်။ နောက်တော့ ကျမရဲ့ အိမ်နီးနားချင်းဆီကသိရတာက သူဟာ ကောင်မလေးကို ငွေကြေးမြောက်မြားစွာ ထောက်ပံ့ထားတယ်ဆိုတဲ့အကြောင်းပါ။ ကျမအသဲတွေကွဲကြေခဲ့ပြီး သေလုမတတ်ခံစားခဲ့ရပါတယ်။ အရင်ကတော့ ကျမ သူမရှိဘဲ ကျမရဲ့ဘဝကိုရပ်တည်နိုင်မှာမဟုတ်ဘူးလို့ ထင်ထားခဲ့တယ်။ ဒါပေမဲ့ အခုတော့ ဒါဟာ အမှန်မဟုတ်ဘူးဆိုတာ ကျမသိခဲ့ပြီ။ သူမရှိလည်း ကျမဟာ ကိုယ့်ဘဝကိုယ်ရပ်တည်နိုင်ပြီ။ ကျမဟာ သားတစ်ယောက်မိခင်ပါ။ ကျမရဲ့ ချစ်ခြင်းမေတ္တာ

တွေနဲ့ ဂရုစိုက်မှုအားလုံးမှန်သမျှ ကျမသားလေးကို အားလုံးပေးအပ်ထားတယ်။ လူကောင်းသူကောင်းတစ်ယောက်ဖြစ်ဖို့ ကျမရဲ့သားလေးကို အရာရာပံ့ပိုးပေးမယ်။”

လပေါင်းအနည်းငယ်ကြာပြီးတဲ့နောက် အခုအခါမှာတော့ ပွိုင်လွှန်ဟာ မူလတန်းကျောင်းကလေးတခုမှာ ဆရာမအဖြစ် ဝင်ရောက်အလုပ်လုပ်နေပြီး သူမရဲ့ သားလေးနဲ့ ငြိမ်းငြိမ်းချမ်းချမ်းနေထိုင်နေကြပါတယ်။ ဒီဇာတ်လမ်းကလေးဟာ အိမ်တွင်းအကြမ်းဖက်မှုများထဲက ပုံစံတမျိုးဖြစ်တဲ့ စိတ်ပိုင်းဆိုင်ရာနှိပ်စက်ခြင်းခံရမှုများရဲ့ သက်သေပါဘဲ။ သူမရဲ့အကြောင်းကိုကြားရတော့ သူမခံစားသလို ကျမလည်း ထပ်တူခံစားခဲ့ရပါတယ်။ သူမကိုအားပေးနှစ်သိမ့်နိုင်ဖို့အတွက် ကျမမှာ စကားလုံးရှာလို့မတွေ့ခဲ့ပါဘူး။ သူမအတွက် စိတ်မကောင်းဖြစ်တာကလွဲလို့ သူမကို ဘာအကြံဉာဏ်မှမပေးနိုင်ခဲ့ပါဘူး။ ကျမထင်ပါတယ် ကျမတို့မသိနိုင်တဲ့ အိမ်တွင်းအကြမ်းဖက်ခံရတဲ့ ဇာတ်လမ်းမျိုးတွေ အများကြီးရှိအုံးမှာပါ။ အမျိုးသမီး မြောက်မြားစွာဟာလည်း တိတ်တဆိတ်နဲ့ ငိုကြွေးနေရအုံးမှာပါ။ အမျိုးသမီးကောင်းတွေဖြစ်ဖို့အတွက် ကျမတို့ခံစားနေရတဲ့ ပြသနာတွေကိုမျိုသိပ်ပြီး ဒီလို ကျား၊ မခွဲခြားမှု အမြင်သဘောထားဘောင်တွေကနေ ဖောက်မထွက်နိုင်သေးပါဘူး။ လင်ယောကျ်ားတွေကို ရိုသေလေးစားရမယ်ဆိုတဲ့ မြန်မာပြည်ရဲ့ ရိုးရာဓလေ့ထုံးစံတွေဟာ အမျိုးသမီးထုတွေကို ဖိနှိပ်ထားဆဲပဲဖြစ်ပါတယ်။ ဒီလိုဓလေ့ထုံးစံတွေနဲ့ပဲ ယောကျ်ားတွေဟာ အမျိုးသမီးတွေအပေါ်မှာ ဒီလိုဖိနှိပ်မှု၊ အကြမ်းဖက်မှုတွေနဲ့ ခွဲခြားဆက်ဆံမှုတွေ ပြုလုပ်နေကြတာဖြစ်ပါတယ်။ ဒီလို အိမ်တွင်းအကြမ်းဖက်မှုတွေ ပျောက်ကွယ်သွားဖို့အတွက်ဆိုရင် ဇနီးမယားတွေက သူတို့ရဲ့လင်ယောကျ်ားတွေကို ရိုသေလေးစားသလိုမျိုး လင်ယောကျ်ားတွေအနေနဲ့လည်း ဇနီးမယားတွေအပေါ်မှာ အပြန်အလှန်လေးစားမှုတွေ ပြုလုပ်မှသာလျှင်ဖြစ်နိုင်ဖွယ်ရှိပါတယ်။ ဇနီးမယားတွေကို ချစ်စရာကောင်းတဲ့ သက်မဲ့အရုပ်တွေလို သဘောမထားသင့်ပါဘူး။ အမျိုးသမီးတွေဟာ မိမိတို့ကို လိင်ပိုင်းဆိုင်ရာအရ ခွဲခြားထားတဲ့အမြင်ဘောင်တွေကနေ ဖောက်ထွက်သင့်ပါတယ်။ ကျမတို့အားလုံးဟာ အမျိုးသမီးတွေရဲ့ပြဿနာတွေ ခံစားချက်တွေကို လွယ်လွယ်နဲ့ မသိနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အမျိုးသမီးတွေဟာ သူတို့ရဲ့ ခံစားချက်တွေကိုရင်ဖွင့်ပြီး မပြောပြရဲတာကြောင့်ပါ။

ကျမ ဘာကြောင့် ဒီဇာတ်လမ်းကလေးကို ရေးရသလဲဆိုတော့ ကျမတို့အမျိုးသမီးအားလုံးကို ကျမတို့ခံစားချက်တွေနဲ့ အမှန်တရားတွေကို ရင်ဖွင့်ပြောပြစေချင်လို့ပါပဲ။ ပြီးတော့ ကျမတို့ကို ခွဲခြားဆက်ဆံပြီး နှိပ်စက်ညှင်းပန်းနေတဲ့ ယောကျ်ားတွေကို ဒီလိုနည်းတွေနဲ့ အရှက်ရစေချင်ပါတယ်။ ■

ဤဆောင်းပါးကို အသက် ၂၄ နှစ်အရွယ် မွန်အမျိုးသမီးတဦးမှ ရေးသားခဲ့ခြင်းဖြစ်ပါသည်။ သူမသည် မွန်အမျိုးသမီးများ၏ အခွင့်အရေးအတွက်လှုပ်ရှားဆောင်ရွက်ရန် ထိုင်းနိုင်ငံသို့ ၂၀၀၇ ခုနှစ်တွင်ရောက်ရှိခဲ့ပြီး ယခုလက်ရှိတွင် မွန်လူငယ်အဖွဲ့အစည်းတခုတွင် အလုပ်လုပ်ကိုင်လျက်ရှိပါသည်။

မိန်းမသား

ရောင်ပြန်

ကျမဟာ လူမှန်းသိတတ်စကတည်းက ရှေးရိုးစွဲတဲ့ အယူအဆတွေအောက်မှာ ကြီးပြင်းလာခဲ့သူပါ။ မိန်းကလေးဆိုရင် ယဉ်ကျေးသိမ်မွေ့မှု၊ အိမ်ထောင်မှုနိုင်နင်းမှုဆိုတဲ့ အယူအဆတွေကစလို့ ဒါဖြစ်ရမယ်၊ ဒီလိုနေရမယ်၊ ဒါလုပ်ရမယ် စတဲ့ များပြားလှတဲ့ ကန့်သတ်မှုတွေကို အမျိုးသမီးတွေလိုက်နာရမယ့် အလုပ်တာဝန်အဖြစ် တရားသေမှတ်ယူခဲ့ဖူးတယ်။ ဒီထုံးတမ်းအစဉ်အလာတွေဟာ ဘယ်နှစ်ရာစုနှစ်ကတည်းက ပေါ်လာလဲဆိုတာ ကျမ မသိဘူး။ အမျိုးသမီးနဲ့ အမျိုးသားကြားက မမျှတတဲ့နယ်ပယ်ကိုလည်း ကျမ မမြင်ခဲ့ဘူး။ နှစ်ဖက်ကြားမှာ ကန့်လန့်ကာထားတဲ့စည်းကိုလည်း ကျမ မတွေ့ခဲ့ပါဘူး။

ကျမငယ်ငယ်က ကျမတို့မောင်နှမတွေ ညဘက် ရွာဘုရားပွဲသွားကြည့်ပြီးအပြန်မှာ မိန်းကလေးတန်မဲ့ ညဉ့်နက်သန်းခေါင် အပြင်ထွက်ရကောင်းလားဆိုပြီး ဦးလေးရဲ့ အရိုက်ခံခဲ့ရတာကို အခုထိ သတိရမိပါသေးတယ်။ သစ်ပင်ပေါ်တက်လို့ အဘိုးအဖွားတွေ ဆူပူတာကိုလည်း ခံခဲ့ရဖူးတယ်။ ကိုယ်နဲ့ရွယ်တူယောကျ်ားလေးတွေ ကစားချိန်၊ လည်ပတ်ချိန်တွေမှာ မိန်းကလေးမို့လို့ဆိုပြီး မီးဖိုချောင်ထဲမှာပဲ အချိန်ကုန်ခဲ့ရဖူးတယ်။ ယောကျ်ားလေးတွေနဲ့ ဖက်ပြိုင်ကစားမိတိုင်း ပေါက်ကျော်မလို့လည်း အပြောခံရဖူးတယ်။ ဒီလိုအစဉ်အလာတွေရဲ့စည်းဝိုင်းရဲ့အပြင်ကို လွတ်ထွက်သွားတိုင်း ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိသူတစ်ယောက်လို ထင်မြင်ခံစားခဲ့ရဖူးပါတယ်။

ကျမတို့ရဲ့ပတ်ဝန်းကျင်မှာ ယောကျ်ားလေးတွေရဲ့ အမြဲပြုကျင့်တာခံရတဲ့ မိန်းကလေးတွေဟာ ယောကျ်ားလေးတွေထက် ပတ်ဝန်းကျင်ရဲ့ အပြစ်တင်ကဲ့ရဲ့မှုကို ခံရလေ့ရှိတယ်။ ဒါကြောင့် အမျိုးသမီးငယ်လေးတွေဟာ အစော်ကားခံရတာတွေ၊ ထိကပါးရိကပါးနဲ့ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုတွေကို ကျိတ်မှိတ်မြိုသိပ်ခဲ့ကြရတယ်။ ယုတ်စွအဆုံး ကိုယ့်ရဲ့ အရင်းနှီးဆုံးသူငယ်ချင်းတွေကိုတောင် ပြန်မပြောပြရဲပဲ ကံမကောင်းအကြောင်းမလှလို့ပဲဆိုပြီး အောင့်အည်းသည်းခံပြီး နေခဲ့ကြရတာတွေလည်း မနည်းပါဘူး။ ဒါပေမဲ့လည်း ဒါတွေကို သမရိုးကျဖြစ်ရိုးဖြစ်စဉ်တခုလိုပဲ သဘောထားခဲ့ကြတာပါပဲ။

နောက်ပိုင်းမှာ မိသားစုဆွေမျိုးတွေနဲ့အတူနေထိုင်ဖို့ ရွာကနေ ထိုင်း–မြန်မာနယ်စပ်ကို ကျမထွက်လာခဲ့ပါတယ်။ ကျမ အဲဒီမှာနေရင်းနဲ့ မြန်မာနိုင်ငံဒီမိုကရေစီရေးလှုပ်ရှားနေတဲ့ အမျိုးသမီးအဖွဲ့အစည်းတခုက ဦးဆောင်ပြီးလုပ်တဲ့ သင်တန်းတခုမှာ အမျိုးသမီးရေးနဲ့ပတ်သက်ပြီး သင်ယူလေ့လာခွင့်ရခဲ့တယ်။ ဒီလိုအမျိုးသမီးရေးနဲ့ပတ်သက်ပြီး သင်ယူလေ့လာရတဲ့အခါ အမျိုးသမီးတွေရဲ့ဘဝထဲက မလုံခြုံမှုတွေ၊ ခွဲခြားဖိနှိပ်ခံရမှုတွေ၊ နှောင့်ယှက်စော်ကားခံရမှုတွေကို တဖြည်းဖြည်းနဲ့ စဉ်းစားသုံးသပ်မိလာတယ်။ ကိုယ်ကိုယ်တိုင် ဒီလို

ခံခဲ့ရဖူးတာ၊ ခံနေရဆဲဖြစ်တာတွေကိုလည်း ခံစားတတ်လာခဲ့ပြီ။ အမျိုးသမီးတွေ ဘာကြောင့် ဒီလိုခံစားနေရတာလဲဆိုတဲ့မေးခွန်းကို မတောက်တခေါက်ဉာဏ်လေးနဲ့ ဆန်းစစ်ဝေဖန်တတ်လာပြီ။ နောက်တော့ အရင်ကလက်ခံခဲ့တဲ့ မိန်းကလေးဖြစ်လို့ဆိုတဲ့ တချို့အစွန်းရောက်အယူအဆအစဉ်အလာနဲ့ သဘောထားတွေကို ဖိနှိပ်ချုပ်ချယ်တဲ့၊ မမျှတတဲ့၊ ခွဲခြားတဲ့အယူအဆတွေအဖြစ် မြင်တတ်လာပြီ။ ပြီးတော့ ဒီပုံစံခွက်ထဲကလည်း ရုန်းထွက်ချင်မိနေပြီ။ သူငယ်ချင်းယောကျ်ားလေးတွေနဲ့ စကားစပ်မိတိုင်း အမျိုးသမီးရေးနဲ့ပတ်သက်လာရင် ဆွေးနွေးငြင်းခုံရတာလည်း အမောပါ။

အရင်လို အမျိုးသမီးဖြစ်လို့ သိမ်ငယ်စိတ်တွေ၊ ရှက်စိတ်တွေအစား ကိုယ့်ရဲ့ဖြစ်တည်မှုအပေါ် ကျမ ဂုဏ်ယူတတ်လာခဲ့ပြီ။ ကျမ တခါမှမစဉ်းစားဖူးတဲ့၊ မတွေးကြည့်မိဖူးတဲ့၊ အိမ်မက်ထဲမှာတောင် စိတ်ကူးယဉ်မကြည့်ခဲ့ဖူးတဲ့အရာက ခုချိန်မှာ ကျမရဲ့ ရည်မှန်းချက်ပန်းတိုင်ကြီး ဖြစ်မှန်းမသိဖြစ်လာခဲ့ပြီ။ ခုချိန်မှာ ကျမအဖြစ်ချင်ဆုံးက အမျိုးသမီးတွေကို အားပေးကာကွယ်နိုင်တဲ့၊ အမျိုးသမီးအခွင့်အရေးတိုက်ပွဲအတွက် တက်ကြွလှုပ်ရှားတဲ့ အမျိုးသမီးရေးလှုပ်ရှားသူတစ်ယောက် ဖြစ်လာဖို့ပါပဲ။

အမျိုးသမီးဖြစ်ရတာ ရှက်စရာ၊ သိမ်ငယ်စရာမဟုတ်တဲ့အကြောင်းကို အားလုံးသော အမျိုးသမီးတွေကို ကျမ ပြောပြချင်နေတယ်။ ကျမတို့ အမျိုးသမီးတွေမှာ ကျမတို့ကိုယ်တိုင် သတိမထားမိတဲ့စွမ်းရည်တွေ၊ အင်အားတွေ၊ ခိုင်မာတဲ့ စိတ်ဓါတ်တွေရှိတယ်ဆိုတာကိုလည်း သတိပြုစေချင်တယ်။ ကျမတို့ခံစားခဲ့ရတဲ့ ခံစားနေရဆဲဖြစ်တဲ့ အမျိုးသမီးတွေကို ကန့်သတ်ချုပ်ချယ်ထားတဲ့ အရိုးစွဲနေတဲ့၊ အစွန်းရောက်လွန်းတဲ့ ဓလေ့ထုံးတမ်းအစဉ်အလာတွေ၊ အစွဲတွေကိုလည်း ကျမတို့ အတူတကွလက်တွဲပြီး ပြောင်းလဲပစ်ချင်နေမိတယ်။

ကျမတို့ရဲ့ လူမှုအသိုင်းအဝိုင်းတခုလုံး တိုးတက်ငြိမ်းချမ်းဖို့အတွက်လို့ဆိုတဲ့နေရာမှာ အမျိုးသားတွေရဲ့ တာဝန်သာမဟုတ်သလို အမျိုးသမီးထုသက်သက်ရဲ့တာဝန်လည်း မဟုတ်ပါဘူး။ အမျိုးသား၊ အမျိုးသမီးအားလုံးရဲ့ တာဝန်ဖြစ်ပါတယ်။ အမျိုးသမီးတွေ လုံခြုံမှုမရှိရင်၊ အမျိုးသားတွေနဲ့အတူ တန်းတူအခွင့်အရေး၊ အခွင့်အလမ်းမရှိရင် လူ့အသိုင်းအဝိုင်းတခုလုံးလည်း လုံခြုံ၊ ငြိမ်းချမ်း၊ တိုးတက်မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့ ဖွံ့ဖြိုးတိုးတက်တဲ့ လူ့အသိုင်းအဝိုင်းတခုအတွက် အမျိုးသားနဲ့အမျိုးသမီးတွေရဲ့ အပြန်အလှန်လေးစားမှုနဲ့ တက်ကြွစွာ အတူတကွပူးပေါင်းလုပ်ဆောင်မှုဟာ အရမ်းကို အရေးပါပါတယ်။ ဒီလို အတူတကွပူးပေါင်းလုပ်ဆောင်ခြင်းအားနဲ့ အခက်အခဲတွေ၊ ပြဿနာတွေ၊ စိန်ခေါ်မှုတွေကို အလွယ်တကူ ကျော်လွှားနိုင်ပြီး ကျမတို့ရဲ့ လူမှုအသိုင်းအဝိုင်းကို ငြိမ်းချမ်းမှုတွေ ပေးစွမ်းနိုင်မယ်လို့လည်း ကျမ ခိုင်ခိုင်မာမာယုံကြည်နေပါတယ်။

ကျမတို့လုပ်မှုအသိုင်းအဝိုင်းမှာ အခုလို တဖြည်းဖြည်းပြောင်းလဲဖို့ အစပျိုးလာနေတဲ့ အခြေအနေတွေနဲ့ ကျမတို့နိုင်ငံမှာအပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မယ်ဆိုတာတွေကို မြင်ရတော့ ကျမမှာ အားမာန်တွေ ပြည့်နေပါတော့တယ်။ တချိန်တည်းမှာပဲ အမျိုးသမီး၊ အမျိုးသားတန်းတူရှိတယ်ဆိုတဲ့အမြင်မျိုးရှိတဲ့ လုပ်မှုအသိုင်းအဝိုင်းတခုဆီကို အသွင်ကူးပြောင်းဖို့ဆိုရင် အဲဒီလုပ်မှုအသိုင်းအဝိုင်းက အမျိုးသမီးတွေဟာ တန်းတူအခွင့်အရေးတွေရရှိခံစားကြပြီး ဦးဆောင်မှုအခန်းကဏ္ဍတွေမှာ တန်းတူပါဝင်ခွင့်တွေရရှိနေဖို့လည်း အရမ်းအရေးကြီးတယ်လို့လည်း ကျမမြင်ပါတယ်။ ■

စာရေးသူသည် အမျိုးသမီးရေးကို တက်ကြွစွာပါဝင်လှုပ်ရှားနေသော အမျိုးသမီးငယ်တဦးဖြစ်သည်။ သူမသည် ယခုလက်ရှိ ထိုင်း–မြန်မာနယ်စပ်တနေရာတွင် နေထိုင်နေသူဖြစ်ပြီး အမျိုးသမီးအဖွဲ့အစည်းတခုတွင် လုပ်ကိုင်နေသူဖြစ်သည်။

မေမေ့ခြေရာနောက်သို့

ရခိုင်သူ

ကျမကို ရခိုင်ပြည်နယ်က မြို့တစ်မြို့မှာ ဆင်းရဲနွမ်းပါးတဲ့မိသားစုကနေ မွေးဖွားခဲ့ပါတယ်။ ကျမမိသားစုမှာ ကျမအပါအဝင် မွေးချင်းလေးယောက်ရှိပြီး မိဘနှစ်ပါးနဲ့ အဖိုးအဖွားတို့နဲ့ အတူနေကြပါတယ်။ ကျမမေမေက စက်ချုပ်တဲ့အလုပ်ကိုလုပ်ပြီး ကျမအဖေက ပန်းပဲသမား တစ်ယောက်အဖြစ်အလုပ်လုပ်ပါတယ်။ ကျမမိဘနှစ်ပါးစလုံးဟာ မြန်မာနိုင်ငံ ဒီမိုကရေစီရရှိ ရေးလှုပ်ရှားမှုကြီးထဲမှာ ပါဝင်လှုပ်ရှားကြတဲ့သူတွေဖြစ်ကြပါတယ်။ ၁၉၈၈ ခုနှစ် ဒီမိုကရေ စီလူထုအုံကြွမှုကြီးထဲမှာ ကျမဖေဖေဟာ ခိုင်လုံတဲ့အကြောင်းပြချက်မရှိပါပဲနဲ့ ထောင်သွင်း အကျဉ်းချခံခဲ့ရပြီးတော့ တဆက်တည်းမှာပဲ ဖေဖေ့ရဲ့အပေါင်းအပါတွေနဲ့အတူ စစ်တွေ ထောင်ကို ဖောက်ထွင်းလွတ်မြောက်ခဲ့ပါတယ်။ အဲဒီနောက်မှာ စစ်အစိုးရရဲ့ ဖမ်းဆီးမှုကနေ လွတ်မြောက်ဖို့အတွက် အိမ်နီးချင်းနိုင်ငံတခုကို အမြန်ဆုံးထွက်ပြေးဖို့ ဆုံးဖြတ်ခဲ့ပြီး ထွက် သွားခဲ့ပါတယ်။ ကျမမေမေမှာတော့ ယောက္ခမတွေနဲ့အတူ သားသမီးလေးယောက်နဲ့ အိမ် မှာကျန်ခဲ့ပါတယ်။ ကျမမေမေဟာ ကျန်းမာရေးမကောင်းတဲ့ကြားက စက်ချုပ်တဲ့အလုပ်နဲ့ ဘဝရပ်တည်ရေး၊ သားသမီးတွေရဲ့ စားဝတ်နေရေး၊ ပညာရေးတွေအတွက် ရုန်းကန်ခဲ့ပါ တယ်။ ၈ နှစ်တာကာလကျော်လွန်ပြီးတဲ့နောက်မှာ ကျမဖေဖေဟာ သူနဲ့အတူနေထိုင်ဖို့ ကျမတို့မိသားစုကို ပြန်ခေါ်တာကြောင့် ကျမတို့အားလုံး ဖေဖေ့ဆီကိုသွားခဲ့ကြပါတယ်။ ကျမမေမေကတော့ ဘဝရပ်တည်ရေးအတွက် စက်ချုပ်တဲ့အလုပ်ကိုပဲ ဆက်ပြီးလုပ်ကိုင်ခဲ့ပါ တယ်။ အဲဒီအလုပ်ဟာ မေမေ့ရဲ့အဖော်၊ အဲဒီအလုပ်ကပဲ မေမေနဲ့ ကျမတို့မိသားစုတခုလုံး ကို ကူညီနေခဲ့ပါတယ်။

အမျိုးသမီးတွေအပေါ်မှာ လေးစားတန်ဖိုးထားမှုမရှိတဲ့ လူ့အဖွဲ့အစည်းမှာ ကျမ ဟာ လူလားမြောက် ကြီးပြင်းလာခဲ့ရပါတယ်။ ကျမတို့ ကျင်လည်ခဲ့ရတဲ့ လူ့အဖွဲ့အစည်းမှာ ဆိုရင် မိန်းမသားတွေဟာ သူတို့မိသားစုအပေါ်ကို အလုပ်အကျွေးပြုဖို့သက်သက် လူဖြစ် လာရသလိုဖြစ်နေပြီး ဘဝတိုးတက်ရေးအတွက် အခွင့်အလမ်းတွေ အမြဲလိုလို ပိတ်ပင်ဟန့် တားခံနေရတာဟာ ရိုးရာအစဉ်အလာလို ဖြစ်နေပါတယ်။ ကျမလည်းပဲ အဲဒီလို ချိုးနှိမ်ခံရ တဲ့ အမျိုးသမီးတွေထဲကတစ်ယောက်ဖြစ်တဲ့အလျောက် အမျိုးသမီးတွေဟာ အမျိုးသား တွေနဲ့ယှဉ်ရင် အားနည်းတယ်၊ လူ့အဖွဲ့အစည်းအတွက် အရေးပါတဲ့ အခန်းကဏ္ဍတွေမှာ မ ထိုက်တန်ဘူး၊ မိန်းမသားတွေဟာ အိမ်မှုကိစ္စတွေလာက်နဲ့ပဲ ထိုက်တန်တယ်ဆိုတဲ့ အတွေး အမြင်မျိုးတွေဟာ ကျမစိတ်ကိုလည်း စွဲထင်နေခဲ့ပါတယ်။ ဒါပေမဲ့ အဲဒါတွေဟာ လောက ကြီးက ပြဌာန်းထားတဲ့ အမှန်တရားတွေမဟုတ်ဘူး၊ မိန်းမသားတွေဟာ မိခင်လောင်းတွေ ဖြစ်တာနဲ့အညီ ယောကျ်ားသားတွေလိုပဲ တူညီတဲ့အခွင့်အရေးရှိသင့်တယ်၊ ယောကျ်ား

တွေကလည်း အမျိုးသမီးတွေအပေါ်မှာ နားလည်စာနာသင့်တယ်ဆိုတာမျိုးတွေ ကျမနှလုံးသားနဲ့ စိတ်ထဲမှာ တစတစ သိမြင်ခံစားလာမိပါတယ်။

ဒါပေမဲ့ ဒီနေရာမှာ နည်းနည်းတင်ပြချင်တာက မွေးချင်းထဲက အစ်မအကြောင်းပါပဲ။ အစ်မဟာ မွေးချင်းတွေနဲ့ ကျမကျင်လည်ရတဲ့အသိုင်းအဝိုင်းများ အတော့်ကို ခြားနားတယ်လို့ပြောရင် မှားမယ်မထင်ပါဘူး။ သူဟာ အမျိုးသမီးအခွင့်အရေးတွေကို နားလည်လို့တော့ ဟုတ်မယ်မထင်ပါဘူး။ အသိုင်းအဝိုင်း၊ မိသားစုထဲမှာပဲ အမြင်မတူတာတွေရှိရင် ပြန်လှန်ချေပ စောဒကတက်တတ်တာ အမြဲပါပဲ။ ဒါကြောင့် ကျမ သူ့ကို လေးစားခဲ့ရပါတယ်။ အဲဒီအချိန်မှာ ကျမက ငယ်သေးတော့၊ အိမ်မှာလည်း အငယ်ဆုံးဆိုတော့ အကြီးတွေခိုင်းတာကို ဘာမဆို မငြီးမငြူ ပဲ လုပ်ပေးရတယ်။ အဲဒါကြောင့်လည်း အိမ်သားတွေရဲ့ အချစ်တော်ဖြစ်ခဲ့ရတာပေ့ါ။ ကျမအစ်မကျတော့ ကျမနဲ့ အတော့်ကိုခြားနားတယ်။ သူက သူများခိုင်းတိုင်းလည်းမလုပ်ဘူး၊ လွတ်လွတ်လပ်လပ် ပြောဆိုဆက်ဆံတယ်။ ဒါကြောင့် ကျမဖေဖေနဲ့ သဘောထားမတိုက်ဆိုင်တာရှိသလို ဖေဖေ့ရဲ့ မျက်နှာသာပေးမှုကို ကျမလောက်လည်း မရခဲ့ပါဘူး။

ကျမတို့ယဉ်ကျေးမှုမှာ အစဉ်အလာလိုဖြစ်နေတာတခုက မိသားစုထဲမှာ မိန်းကလေးတွေဟာ ယောကျ်ားလေးတွေရဲ့ အယူအဆသဘောထားကို လက်မခံတာမျိုးဖြစ်စေ၊ ယောကျ်ားတွေရဲ့ ထားရာနေစေရာသွားတာမျိုးကို ဆန့်ကျင်မိရင်တော့ အဲဒီမိန်းကလေးကို အစဉ်အလာကိုထိန်းသိမ်းဖို့ပျက်ကွက်တယ်ဆိုပြီး မိန်းမဆိုးစာရင်းသွင်းခံရတော့တာပါပဲ။ အဲဒီမိသားစုမှာ အိမ်ထောင်ရှင်ယောကျ်ားဆိုရင်လည်း မိသားစုတာဝန်တွေကို ပျက်ကွက်လာပြီး မိသားစုတည်ငြိမ်မှုကို ထိခိုက်တဲ့ အိမ်တွင်းအကြမ်းဖက်မှုတွေကို အင်အားသုံးပြီး ဆက်တိုက်လုပ်ဆောင်လာခဲ့ကြပါတယ်။

ဒီလိုရှေးရိုးစွဲအစဉ်အလာမျိုးဟာ ကျမတို့မိသားစုထဲမှာလည်း အသက်ဝင်နေဆဲပါပဲ။ ကျမမိသားစုမှာ ကျမမေမေဆိုရင် ကျမအမြင်ပြောရရင် အဖေထက်တောင် စိတ်ဓာတ်ပိုင်းအရ ခိုင်မာတဲ့သူဖြစ်ပြီး စိတ်သဘောထားပိုပြီးပြည့်ဝတယ်လို့ပြောရင်လည်း မမှားပါဘူး။ ကျမမေမေဟာ သူ့ရဲ့ဘဝတခုလုံးကို ကျမတို့မိသားစုအတွက်၊ နေထိုင်မကောင်းတာတောင် မငြီးမငြူ ပေးဆပ်နေဆဲပါ။ ကျမ မေမေ့ကို သိပ်စာနာမိပါတယ်။ တခြားတဖက်မှာလည်း ကျမမေမေဟာ အမျိုးသမီးအဖွဲ့အစည်းတခုမှာပါဝင်ပြီး အမျိုးသမီးအခွင့်အရေးနဲ့ ပတ်သက်တဲ့ သင်တန်းတွေ၊ ကျား၊ မ တန်းတူညီမျှမှု၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာသင်တန်းတွေကို တက်ရောက်ခဲ့တယ်။ အဲဒီသင်တန်းတွေကပဲ မေမေဟာ ဗဟုသုတတွေရရှိလာခဲ့ပြီး သူ့လိုပဲ တခြားသောအမျိုးသမီးတွေလည်း သူခံစားရသလို ခံစားနေကြရတယ်ဆိုတာကို နားလည်ခွင့်ရလာခဲ့တယ်။ အဲဒီအခွင့်အရေးတွေကို ကိုယ့်မိသားစုထဲမှာ လက်တွေ့အသုံးချဖို့ကတော့ အတော့်ကို ခက်ခဲပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျမဖေဖေဟာ အဲဒီလိုအယူအဆတွေကိုကျင့်သုံးဖို့အတွက် အဆင်သင့်မဖြစ်နေခဲ့လို့ပါပဲ။ ဒါပေမဲ့ ဒါ

တွေမလုပ်ရဘူးတော့ တားမြစ်ခဲ့တာမရှိပါဘူး။ ကျမမေမေနဲ့ ကျမဖေဖေ စကားတွေများတဲ့အခါ မေမေက ဖေဖေ့ကို ပြန်ပြောတာကို ဖေဖေက မကြိုက်ဘူး။ ရိုးရာအစဉ်အလာအတိုင်းပဲ ယောကျ်ားဘာပဲပြောပြော ပြန်မပြောပဲ ငြိမ်ခံစေချင်တယ်။ မေမေကသာ အဲဒီလိုအခြေအနေကို သဘောမတူပဲ ပြန်ပြောခဲ့မယ်ဆိုရင် ဖေဖေဟာ အိမ်မှာရှိတဲ့ပစ္စည်းတွေကို ရိုက်ချိုးဖျက်ဆီးပြီး မေမေ့ကိုပါ ရိုက်နိုင်ပါတော့တယ်။ ကျမ မေမေ့ရဲ့ခံစားမှုတွေကို မကြည့်ရက်ခဲ့သလို အဲဒီလိုမြင်တွေ့နေရတာတွေကိုလည်း ရင်နာမိပါတယ်။

အမှန်ကိုပြောရရင် ကျမဖေဖေရဲ့ အပြုအမူတွေထဲမှာ ကျမ မနှစ်သက်တာတွေအများကြီးပါပဲ။ ဖေဖေဟာ မေမေ့ကို နိုင်ထက်စီးနင်းပြီး သူ့သဘောနဲ့မတိုက်ဆိုင်ဘူးဆိုရင် ရက်ရက်စက်စက် ပြုမူတာကတော့ အဆိုးဆုံးပါပဲ။ အဲဒီလိုအချိန်မျိုးဆိုရင် ကျမ ဖေဖေ့ကို မကြည့်ချင်ဘူး။ ဖေဖေဒေါသဖြစ်နေရင် အရမ်းလည်း ကြောက်မိပါတယ်။ ကျမငယ်ငယ်တုန်းကဆိုရင် အဖေ့ကို သိပ်ချစ်ခဲ့ပါတယ်။ ကျမတို့အသိုင်းအဝိုင်းမှာဆိုရင် ဖေဖေဟာ ရိုးသားပြီး အလုပ်ကြိုးစားတဲ့ ခေါင်းဆောင်တယောက်ဆိုတော့ ဖေဖေ့အတွက် ဂုဏ်ယူခဲ့ရပါတယ်။ နောက်တော့ ဖေဖေ့ရဲ့ အချစ်တွေက အရင်လိုမဟုတ်တော့ဘူး။ မေမေ့ရဲ့ခံစားမှုသောကတွေကို ကျမမြင်တွေ့နေရတော့ မေမေ့အတွက် စိတ်ထိခိုက်ရပါတယ်။ မေမေဟာ ကျမကို မကြာမကြာ ပြောဖြစ်တာကတော့ ဒီလိုခါးသီးမှုတွေကိုလွတ်အောင် သီလရှင်အဖြစ်နဲ့ပဲ ငြိမ်းငြိမ်းချမ်းချမ်းနေချင်တယ်တဲ့။ ကျမဖေဖေဟာ ကျမအမေအပေါ်မှာ ဘာလို့ ဒီလိုမျိုး ပြုမူဆက်ဆံတာ နားမလည်နိုင်ခဲ့ပါဘူး။ ကျမ ဖေဖေ့ကို အပြစ်ဖို့နေတာမဟုတ်ပါဘူး။ ဖေဖေ့ရဲ့ အပြုအမူတွေကို ပြောင်းလဲပစ်ချင်တယ်။ ဒါမှလည်း ကျမတို့မိသားစုငြိမ်းချမ်းမှာလေ။ ကျမ မေမေ့ကိုလည်း ပျော်စေချင်တယ်။

ကျမ ဒီလိုမျှတမှုမရှိတဲ့၊ ဗိုလ်ကျအနိုင်ကျင့်တဲ့ ယောကျ်ားဝါဒကို ခါးသီးနာကျင်မိပါတယ်။ ကျမတို့လိုအမျိုးသမီးတွေ ကမ္ဘာတဝှမ်းမှာ မရေတွက်နိုင်အောင်ပါပဲ။ ကျမတို့မိန်းမသားတွေရဲ့ ဒီလိုခံစားနေကြရတဲ့ ဘဝဒုက္ခတွေကလွတ်မြောက်အောင်၊ တိုးတက်ဖွံ့ဖြိုးပြီး ယောကျ်ားသားတွေနဲ့ တန်းတူအခွင့်အရေးတွေရရှိအောင် ကြိုးစားရုန်းကန်လှုပ်ရှားဖို့ ဆုံးဖြတ်ထားမိပါတယ်။

ကျမ အသက် ၁၉ နှစ်ရောက်တော့ အရင်တုန်းကနဲ့စာရင် ပိုရင့်ကျက်လာတာနဲ့ အမျှ အမျိုးသမီးတွေဟာ သူတို့ရဲ့လူ့အဖွဲ့အစည်းမှာ အမျိုးသားတွေနဲ့ယှဉ်ရင် ဘယ်လောက်ထိ၊ ဘယ်လိုမျိုး ခွဲခြားဆက်ဆံမှုတွေခံစားနေကြလည်းဆိုတာကို ခံစားသိမြင်လာခဲ့ရတယ်။ ကျမအပါအဝင် အမျိုးသမီးတွေဟာလည်း သူတို့ကိုယ်သူတို့ချိုးနှိမ်ပြီး လူ့အဖွဲ့အစည်းမှာ တန်ဖိုးမဲ့သလိုမျိုး ကိုယ့်ဘာသာကိုယ် အရိုးစွဲလက်ခံထားတာကြောင့်လည်း ဒီလိုမျိုးလူ့အဖွဲ့အစည်းမှာ အနှိမ်ခံနေရတယ်ဆိုတာကိုလည်း ပိုပြီး သဘောပေါက်နားလည်ခံစားလာမိပါတယ်။ ကျမတို့အသိုင်းအဝိုင်းက အမျိုးသမီးတွေရဲ့ နာကျင်ခံစားမှုတွေ၊ အဖြစ်အပျက်တွေနဲ့ ဝမ်းနည်းကြေကွဲမှုတွေကို အသေးစိတ် လေ့လာသိမြင်ခွင့်ရလာခဲ့ပါတယ်။

အဲဒါတွေဟာ ကျမအတွက် အမျိုးသမီးတွေရဲ့အကြောင်းကို ပိုပြီးစိတ် ဝင်စားလာအောင် လှုံ့ဆော်မှုခဲ့ပြီး သတ္တိတွေကို မွေးဖွားစေခဲ့ပါတယ်။ တချိန်တည်းမှာပဲ အမျိုးသမီးအခွင့်အရေးနဲ့ပတ်သက်တဲ့ သင်တန်းကို ကျမတက်ရောက်သင်ကြားခွင့်ရခဲ့ပါတယ်။

ကျမမိသားစုမှာဆိုရင် ကျမဟာ တတိယမြောက်အမျိုးသမီးဖြစ်ပါတယ်။ ကျမနဲ့ အနီးဆုံးမှာရှိတဲ့ ကျမရဲ့ မိသားစုဝင်တွေဖြစ်တဲ့ ယောကျ်ားသားတွေရဲ့ မှားယွင်းနေတဲ့ အတွေးအမြင်တွေကို ပြောင်းလဲစေချင်ပါတယ်။ သူတို့တွေဟာ သူတို့မိခင်တွေကို အလေးထားရင် အမျိုးသမီးတွေအပေါ်မှာ လေးစားမှုရှိစေချင်ပါတယ်။ မိသားစုထဲမှာ အမျိုးသမီးတွေဟာ ဘယ်လိုအရေးပါတယ်ဆိုတာ ယောကျ်ားသားတွေသိအောင် ပြောင်းလဲပေးချင်ပါတယ်။ အိမ်မှာ မိန်းမသားမရှိရင် ရေမရှိတဲ့ သမုဒ္ဒရာလိုပါပဲ။ အမျိုးသမီးတွေဟာ ကလေးတွေကို စောင့်ရှောက်ပြုစုတယ်၊ အိမ်တွင်းရေးရာတွေကို စီမံတယ်။ ဒီလိုကိစ္စတွေကို ကလေးတွေက သူတို့ရဲ့မိခင်တွေဆီက သင်ယူတာကြောင့် လူ့ပတ်ဝန်းကျင် အေးချမ်းသာယာဖို့အတွက် အရေးကြီးလှပါတယ်။ ဒါကြောင့် လက်ရှိကမ္ဘာမှာ အမျိုးသမီးတွေ ပညာပြည့်ဝပြီး ကျယ်ပြန့်တဲ့ အသိပညာဗဟုသုတရှိဖို့ အထူးလိုအပ်လှပါတယ်။

လူ့အဖွဲ့အစည်းထဲမှာ အမျိုးသားတွေဟာ အမျိုးသမီးတွေရဲ့ ခံစားမှုတွေကိုနားလည်ပြီး အသိအမှတ်ပြုစေချင်ပါတယ်။ ကျမတို့အားလုံးဟာ လူသားတွေဖြစ်တဲ့အလျောက် ခံစားနိုင်တဲ့နှလုံးသားနဲ့ စဉ်းစားဖို့ဦးနှောက်ရှိကြပါတယ်။ ဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် ညီတူညီမျှဆက်ဆံသင့်ပါတယ်။ တစ်ယောက်မှလည်း ဖိနှိပ်တာမခံချင်သလို ကျမတို့အနေနဲ့လည်း တခြားသူတွေအပေါ် ဖိနှိပ်မှုတွေကို မပြုလုပ်သင့်ပါဘူး။ ကျမတို့ အခုလိုမျိုး ပြုမူကျင့်ကြံနိုင်ရင် ငြိမ်းချမ်းတဲ့လူ့အဖွဲ့အစည်းကို ဆောင်ကြဉ်းပါလိမ့်မယ်။

ကျမမေမေဟာ သူ့ရဲ့ဘဝကို မြှုပ်နှံပြီး ကျမရဲ့ဖေဖေနဲ့ လူ့အဖွဲ့အစည်းအသိအမှတ်ပြုလက်ခံလာအောင် အကြမ်းမဖက်တိုက်ပွဲဝင်နေဆဲပါပဲ။ ဒါပေမဲ့ အမျိုးသမီးအခွင့်အရေးရရှိဖို့နဲ့ ဘာကြောင့် အမျိုးသမီးတွေဟာ လူမှုရေးနိုင်ငံရေးနယ်ပယ်တွေမှာ ပိုမိုပါဝင်ဖို့လိုအပ်ကြောင်းကို ဆွေးနွေးဖို့ကြိုးစားတိုင်း ကျမမေမေဟာ ပြဿနာပေါင်းစုံနဲ့ ရင်ဆိုင်နေရပါတယ်။ ယောကျ်ားတွေက ကျမမေမေကို အန္တရာယ်ရှိပြီး၊ သူ့ရဲ့ကိုယ်တိုင်အခွင့်အရေးနဲ့ အမျိုးသမီးအခွင့်အရေးနဲ့ အမျိုးသမီးအခွင့်အရေးအတွက်ပဲ ရပ်တည်နေတယ်လို့ ထင်မြင်နေကြပါတယ်။ ယောကျ်ားတွေကို ရင်ဆိုင်ဖို့ အဲဒီလို လုံလောက်တဲ့သတ္တိရှိတဲ့အကြောင်းတွေကြောင့်ပဲ ကျမမေမေ့ကို အထူးလေးစားအားကျမိပါတယ်။ အဲဒီလို လေးစားတယ်ဆိုတာဟာ အမျိုးသားတွေကို ဆန့်ကျင်တာမဟုတ်ပါဘူး။ ဒါပေမဲ့ ယောကျ်ားတွေအများစုက မိန်းမတွေမကောင်းဘူးလို့ ရှုမြင်နေမှုတွေကို ရပ်တန့်သင့်နေပါပြီ။ ကျမမေမေ့ရဲ့ ဘဝတလျှောက်လုံးတိုက်ပွဲဝင်နေမှုကို နှစ်သက်သဘောကျပြီး မေမေ့ရဲ့ရပ်တည်မှုအပေါ်ကို ကျမအခိုင်အမာထောက်ခံတယ်။ ကျမ မေမေ့အကြောင်းစဉ်းစားတိုင်း၊ မေမေ့လို ခိုင်မာတည်

ကြည်တဲ့ အမျိုးသမီးမျိုးဖြစ်ချင်တယ်။ ကျေးဇူးပါမေမေ။ သမီးချစ်ရတဲ့မေမေ့အတွက် အမြဲ ဂုဏ်ယူနေလျက်ပါ။ ■

စာရေးသူသည် အမျိုးသမီးများ နိုင်ငံရေးတွင် ပိုမိုပါဝင်နိုင်ရေးအတွက် တက်ကြွစွာလှုပ်ရှား ဆောင်ရွက်နေသော အမျိုးသမီးငယ်တဦးဖြစ်ပါသည်။

ပါရမီဖြည့်ဖက်တစ်ယောက်၏မှတ်တမ်း

ခရေဖြူ

'ဟင်း ... ...'

ပန်းကန်စင်ကို ဒရွတ်တိုက်ဆွဲယူလာအပြီးတွင် သက်ပြင်းပူပူကိုမှုတ်ထုတ်လိုက်၏။ မောပန်းလွန်း၍ မ,ရန်အင်အားမရှိတော့။ နေရာမချရသေး၍ ပစ္စည်းများအားလုံး ပြန့်ကျဲနေ၏။ နေရာ လွတ်တစ်ထောင့်တွင် ညောင်းညာလှပြီဖြစ်သော ခြေထောက်များကို အနားပေးရန် ဝသော ခန္ဓာကိုယ်ကိုထိန်း၍ ထိုင်လိုက်၏။ 'အမေ သားတို့ လက်ဖက်ရည်သွားသောက်ဦးမယ်'ဟုပြော၍ သားနှစ်ယောက်ကထွက်သွားသည်။ သူတို့အဖေက အိမ်လိုက်ပြောင်းပေးသော သူ့သူငယ်ချင်းကို ညစာလိုက်ကျွေး၏။ ဒေါ်ချိုတစ်ယောက်သာ အိမ်တွင်ကျန်ခဲ့သည်။ ညစာစားချိန်ဖြစ်သော်လည်း လေခံ၍ ရင်ပြည့်နေသည်။ လေနှင့်အတူ ပူပင်သောကများလည်း ခံနေသည်ဟုပြောလျှင် ပိုမှန်ပေမည်။ နံရံကိုမှီ၍ မျက်လုံးကို ခဏမှိတ်ထားလိုက်သည်။ ရုတ်တရက် ခြေသံသဲ့သဲ့ကြား၍ ရင်ထိတ်သွားသေး၏။

ဩော် – တံခါးခေါက်သံများ၊ ခြေသံများကို ရင်ထိတ်ရသည်မှာ ၁၀ စုနှစ်တစ်စုလောက်ပေကိုး။ တိတ်ဆိတ်မှုသည် ဒေါ်ချိုကို အတိတ်ပုံရိပ်များသို့ ဖြည်းညှင်းစွာ ဆွဲခေါ်သွားလေ၏။ ဘီအီးဒီဆင်းခါစ အထက်တန်းပြဆရာမလေး ချိုနွယ်ကိုသည် အညာသူညိုချောလေးဖြစ်၏။ ချိုချိုတဖြစ်လည်း ချိုနွယ်ကိုသည် ရန်ကုန်ကျောင်းတော်ကြီးတွင် တက္ကသိုလ်ပညာသာမက အလုပေါ်အယဉ်ဆင့်သည့် လေယူလေသိမ်းပြောဟန်၊ ကြည့်ဟန်၊ ရယ်ဟန်၊ ပြုံးဟန်မာယာအတော်အတန်ကိုလည်း တတ်မြောက်ခဲ့ပါ၏။ ကျောင်းပြီး၍ ပထမဆုံးတာဝန်ကျသည်က ပုသိမ်မြို့။ အညာသူအတွက် ပင်လယ်ကမ်းခြေနှင့်နီးသော မြစ်ချောင်းများပေါသော ပုသိမ်မြို့သည် တစိမ်းပြင်ပြင်ဖြစ်နေ၏။ သို့သော် ဝေးလံခေါင်သီတောရပ်မဟုတ်၊ တိုင်းမြို့တော်ဖြစ်၍ ချိုနွယ်ကို ကံကောင်းသည်ဟုပြောကြသည်။

ပို၍ကံကောင်းသည်ကတော့ ညှော်ခံပွဲတခုတွင် ကိုအုန်းခင်နှင့် တွေ့ဆုံခြင်းပင်။ ချိုနွယ်ကိုထက် ရှစ်နှစ်ကျော်ကြီးသော ကိုအုန်းခင်သည် ပုလဲနှင့်ငါးလုပ်ငန်း၌နမှ ဧရာဝတီတိုင်း၏ တိုင်းဦးစီးမှူးပေါက်စ၊ အသက်သုံးဆယ်ကျော်၊ မေးရိုးတင်းတင်းနှင့် စူးရှသော မျက်လုံးပိုင်ရှင်၊ ကိုအုန်းခင်သည် မိဘများပြောဆိုပြီး စေ့စပ်ထားသော သတို့သမီးလောင်းကိုပစ်၍ မိဘများကိုဆန့်ကျင်၍ပင် ချိုနွယ်ကိုကိုအရယူခဲ့သည်။ ထိုအချိန်ကတည်းကပင် ကိုအုန်းခင်၏ ဇွဲကြီးသော၊ လုပ်ချင်လျှင် မည်သူ့စကားမျှ နားမထောင်၊ ခံယူချက်ပြင်းထန်သောစိတ်ဓါတ်ကို နားလည်သိရှိခဲ့သင့်သည်။ ထိုသို့ဖြင့် အထက်တန်းပြ ဆရာမလုပ်သက်နှစ်နှစ်မျှမပြည့်မီပင် ဆရာမ ဒေါ်ချိုနွယ်ကို၏ဝိသေသနောက်တွင် တိုင်းဦးစီးမှူးကတော်ဟူသည့် ဂုဏ်ပုဒ်တစ်ခုရရှိခဲ့သည်။ ဖမ်းသည်ဟူသော ဝေါဟာရများ၊ 'လုံးဝချွေးမအဖြစ်

အသိအမှတ်မပြုပါ'ဟူသော စကားလုံးထိုးစစ်များကြားမှပင် ချိုနွယ်ကိုတစ်ယောက် ရုံးမှရသော မာစတာဂျစ်ကားကလေးနှင့် ကျောင်းသို့ ကျော့ကျော့လေးလာနိုင်၏။ ဈေးသွားလျှင်ခြင်းကိုင်ရန် ကိုအုန်းခင်တပည့်တယောက်က အသင့်၊ အိမ်တွင် အိမ်ဖော်မလို၊ အောက်ဆိုဒ်ရသော ဌာနဖြစ်၍ 'ဆရာ... ဆရာ' ချင်းထပ်အောင် ဘုတ်တက်ဘုတ်ဆင်းကူညီချင်သောသူများလှသည်။

သားသမီးငါးယောက်တွင် အကြီးဆုံးသမီးဖြစ်သော ချိုနွယ်ကိုသည် အညာမှမိဘများထံသို့လည်း အတော်အတန်ကဲ့၍ ပို့နိုင်ခဲ့သည်။ ကိုအုန်းခင်ဘက်က ဆွေပြတ်မျိုးပြတ်ဖြစ်နေသည်ကပင် သွားစရာထောက်စရာမလို ပိုကောင်းနေတော့၏။ သားကြီး ရဲခန့်၊ သားလတ် မင်းခန့်၊ သားငယ် မိုးခန့်တို့သည် ချိုနွယ်ကို၏ ပွားစီးလာသော ရတနာလေးများဖြစ်သည်။ ကျောင်းမှ ဆရာမများကြားတွင် တိုင်းဦးစီးမှူးကတော် ဒေါ်ချိုနွယ်ကိုသည် သားရှင်ဟူသော ဂုဏ်ပုဒ်နှင့် မာန်တက်ခဲ့သေး၏။ ထိုသို့ အစစအဆင်ပြေချောမွေ့နေသော ဘဝတစ်ခုသည် တည်မြဲလိမ့်မည်ဟု မှတ်ထင်ခဲ့သည်။ အနည်းဆုံး ကိုအုန်းခင် ပင်စင်ယူသည့်နှစ်အထိပေါ့။ တပည့်တပန်းများ၊ ခြွေရံသင်းပင်းများ၊ လာဘ်လာဘများနှင့် သာယာနေသော ချိုနွယ်ကိုသည် သားသုံးယောက်ကိစ္စ၊ မိဘများကိုငွေခိုးပို့သောကိစ္စများမှလွဲ၍ အနာဂတ်အတွက် ဖယ်၍ ငွေစုဆောင်းရန် မေ့လျော့ခဲ့သည်မှာအမှန်ပင်။

၈ လေးလုံးအရေးအခင်းသည် ကိုအုန်းခင်၏ အိပ်မောကျနေသော နိုင်ငံရေးအသိကို လှုပ်နှိုးလိုက်သည်။ ပုလဲနှင့်ငါးဌာနတွင် ကိုအုန်းခင်ဦးဆောင်၍ စည်းကမ်းသေဝပ်စွာစီတန်းလှည့်လည်ဆန္ဒထုတ်ဖော်သည့်အချိန်တွင် ချိုနွယ်ကိုလည်း မလျော့သော တာဝန်သိစိတ်ဖြင့် ဆရာမများအသင်းချီတက်ရာလိုက်ပါခဲ့သည်။ လမ်းဘေးရေအိုးစင်များတွင် အဆိပ်ခပ်သည်၊ ထောင်ဖောက်ပေးလိုက်၍ နှစ်ကြီးရာဇဝတ်သားများက ဆန္ဒပြသူများကို ဝင်ရိုက်သည် စသည့်သတင်းများ၊ အန္တရာယ်များကြားမှပင် သားသုံးယောက်ကို အထိန်းလက်အပ်ကာ ကိုယ့်ထမင်းချိုင့်ကိုယ်သယ်၊ ကိုယ့်ရေဗူးကိုယ်ဆွဲ၍ ပုသိမ်တစ်မြို့လုံး ပြုံပြုံစင်အောင်ခြေကျင်လျှောက်၍ လင်မယားနှစ်ယောက်စလုံး ဆိုင်ရာဌာနတို့မှ ဒို့အရေးအော်ခဲ့ကြသည်။

ရွေးကောက်ပွဲကျင်းပပေးမည်ဟု ကြားသောအခါ ကိုအုန်းခင်က 'တွေ့လား၊ လူထုအင်အားကြောင့် အောင်မြင်ရပြီ'ဟု ဝမ်းသာအားရပြောခဲ့သည်။ ထိုမှတဆင့် အန်အယ်လ်ဒီပါတီသို့ ကိုအုန်းခင်ဝင်ခဲ့သည်ကိုလည်း ချိုနွယ်ကို အပြည့်အဝထောက်ခံခဲ့သည်။ မဲဆွယ်စည်းရုံးပွဲများတွင် ကိုအုန်းခင်တရားဟောသည်ကိုသွားကြည့်ရင်း အောင်မြင်သောအသံ၊ ခိုင်မာသောယုံကြည်ချက်တို့ဖြင့် ကိုအုန်းခင်ကို 'ဒါ ငါ့ယောကျ်ားပဲ' ဟု ဂုဏ်ယူစိတ်ဖြင့် မျက်ရည်ပင်ဝဲ၍ပီတိဖြစ်ခဲ့ရ၏။ သည့်နောက်တွင် အားလုံးသိကြသည့်အဖြစ်အပျက်မို့မပြောလိုတော့ပါ။ အားလုံးမသိသည့် အကြောင်းများသာပြောပြလိုသည်။

ပုလဲနှင့် ငါး၌ါနတခုလုံးကို မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် ဖျက်သိမ်းလိုက်သည်။ ပုလဲနှင့် ငါး၌ါနမှ ဝန်ထမ်းများကို ရေလုပ်ငန်းဦးစီး၌ါလက်အောက်သို့ ပြောင်းရွှေ့ပေးလိုက်သည်။ ထိုသို့ပြောင်းရွှေ့ပေးသည့်အထဲတွင် အရေးအခင်း၌ အထင်ကရပါခဲ့သူများမပါချေ။ ထိုသူများမှာ **Force to resign** (ရာထူးမှ ထုတ်ပယ်သည့်စာရင်း) စာရင်းနှင့်အတူ နေ့တွင်းချင်းအလုပ်လက်မဲ့ဖြစ်ကြ၏။ ထိုအထဲတွင် ကိုအုန်းခင် ထိပ်ဆုံးကပါသည်ကို အထူးပြောရန်မလိုပါ။ ထို့နောက်တွင်တော့ ညသန်းခေါင်ကျော် တံခါးခေါက်သံများကို ရှောင်ရသောကာလတခုကို ဖြတ်ကျော်ခဲ့ရ၏။

ကိုအုန်းခင်ရှောင်တိမ်းနေသောကာလတွင် ချို့နွယ်ကိုတယောက် ကလေးသုံးယောက်နှင့် ဒေါင်ချာစိုင်းနေသည်။ ဆရာမ အလုပ်တဖက်၊ ကလေးများတာဝန်တဖက်နှင့် ယခင်လုပ်လေ့လုပ်ထအသားမကျ၍ အမြင့်မှပြုတ်ကျသူလို အကျနာလှ၏။ ခြွေရံသင်းပင်းအားလုံးသည် ရာထူးဂုဏ်ရှိန်နှင့်အတူ ကြက်ပျောက်၊ ငှက်ပျောက်ပျောက်ကုန်၏။ အဆိုးဆုံးမှာ ၌ါနကပေးထားသော အိမ်နှင့် ကားကို ပြန်အပ်ရခြင်းပင်။

ထိုအချိန်မှ ချို့နွယ်ကိုတို့တွင် ကိုယ်ပိုင်အိမ်တလုံးပင် မရှိသည့်ဘဝကို နောင်တရတော့သည်။ သို့သော် နောက်ကျခဲ့လေပြီ။ ပုသိမ်မြို့ ဈေးချိုတွင် အိမ်ငှားရန် ရှာရလွယ်သည်မှာ ချို့နွယ်ကိုတို့အတွက်မပါ။ အန်အယ်လ်ဒီမှ ကိုအုန်းခင် မိန်းမဆိုသည်နှင့် ကြောက်ရွံ့နောက်တွန့်သွားစမြဲ၊ 'အားတော့နာပါတယ် ဆရာမရယ်၊ ကျမတို့က ရှုပ်ရှုပ်ယှက်ယှက်မလုပ်ရဲဘူး' ဟူသောစကားများကိုသာ ထပ်တလဲလဲကြားခဲ့ရသည်။

ငှါးရဲ၍ ငှားကြသောလူများကျတော့လည်း တစ်နေပင်မစောင်းပါ။ အားနာခြင်းရောစွတ်သော ခပ်ဖွဖွတံခါးခေါက်သံများအဆုံး ရပ်ကွက်လူကြီးနှင့်အတူရောက်လာသောအိမ်ရှင်။ ချက်ချင်းပြောင်းပေးပါ၊ အထက်ကဖိအားပေးလို့ပါတဲ့။ နိုင်ငံရေးပါတီတခုသို့ဝင်ရုံဖြင့် အိမ်ပင်ငှားနေစရာမရှိသော အခြေအနေမျိုး တခြားမည်သည့်တိုင်းပြည်တွင် ရှိသေးလဲဆိုတာ ချို့နွယ်ကိုမသိပါ။

ကလေးများကို မိတ်ဆွေများအိမ် တလှည့်စီထားရင်း နေစရာအိမ်မရှိ၍ လမ်းပေါ်မှာပင် ပစ္စည်းများနှင့်တစ်ည ငုတ်တုတ်ထိုင်ခဲ့ရ၏။ ဆင်းရဲခြင်းက အိမ်ရှေ့မှ တံခါးခေါက်သည့်အခါ အချစ်က အိမ်နောက်ဖေးဆင်းပြေးသွား၏ဟူသောစကားကို မည်သူထွင်သည်မသိ။ အဆင်မပြေခြင်းများက အိမ်ရှေ့မှ တံခါးခေါက်သည့်အခါ ချို့နွယ်ကို၏ နိုင်ငံရေးစိတ်ဓါတ်များက အိမ်နောက်ဖေးမှ ခုန်ထွက်သွားကြ၏။ အပြိုင်းအရိုင်း အရွယ်ရောက်လာသောသားများက ကျောင်းတွင် ဗျူဟာမှူးသားများ၊ တပ်ရင်းမှူး၊ ညွှန်ချုပ်၊ ဗိုလ်ကြီး၊ ဗိုလ်မှူးသားများကြားတွင် မျက်နှာငယ်ကြရ၏။ မကြာခဏ ချိန်းပွဲ၊ ထိုးပွဲများ လုပ်ကြလွန်း၍ ချို့နွယ်ကိုမှာ ပြေးရတားရနှင့် တခါမှ သောကမအေးရပါ။

ယခုအိမ်ပိုင်ရှင်မှာ မလေးရှားတွင် လင်ရောမယားပါ အလုပ်သွားလုပ်နေကြသည်။ သူတို့အပ်ခဲ့သောလူမှတဆင့် အိမ်ငှားရန်စကားဆိုသောအခါ 'အန်အယ်လ်ဒီက ဆိုရင် ကျမတို့ ပြန်မလာမချင်းနေပါ။ ဘယ်သူဖိအားပေးပေး ကျမတို့က ဂရုမစိုက်ဘူး' ဟု အဖြေကိုရခဲ့သည်။ ဪ– ဒီလိုလူတွေလည်း ရှိသေးသကိုးဟု ဝမ်းသာခဲ့ရသည်။ သားသုံးယောက်လုံးသည် သူ့အဖေခြေရာကိုမနင်းကြပါ။ ထိုကိစ္စကို ကိုအုန်းခင်က ဘဝင်မကျ၍ တွေ့တိုင်းဆုံတိုင်း နိုင်ငံရေးတရားဟောသော်လည်း ချို့နွယ်ကိုကတော့ ကြိတ်၍ဝမ်းသာနေခဲ့ပါသည်။ ဘယ်အမေမဆို ကိုယ့်သားသမီးများကို ထောင်ကျတန်းကျ မဖြစ်စေချင်ဘူးမဟုတ်လား။

> **"ဘယ်အမေမဆို ကိုယ့်သားသမီးများကို ထောင်ကျတန်းကျတော့ မဖြစ်စေချင်ဘူး မဟုတ်လား"**

သားအကြီး စက်ဘ်ပူထွက်တော့ ချို့နွယ်ကို အတော်ကြပ်သွားသည်။ သူလည်း မိသားစုအတွက်အဆင်ပြေပါစေတော့ဟု ရထားတဲ့ ဂျီတီအိုင်လက်မှတ်ကလေးအရင်းပြုပြီး ဝေါ်ခ်ပါမစ်လာရှာတဲ့ ပွဲစားနှင့်ဆက်မိသွားခြင်းပင်။ ပွဲစားခ အတွက်တော့ ချို့နွယ်ကို့ မိဘလက်ထက်က ရွှေစလေးတွေ ချို့နွယ်ကို့ကို ပစ်ပြေးကြပေါ့။ သားအငယ်ဆုံးက ဆိုင်ကယ် (နံပါတ်မဲ့) တစီးလောက် ဝယ်ပေးပါဆိုတာပင် မသိဟန်ဆောင်နေရသည်။ တစ်နေ့တစ်နေ့စားဖို့ပင် နဂိုအခံလေးများနှင့် မနည်းရပ်တည်နေရသည်။ ဘာဘဲပြောပြော အလုပ်ပေါင်းများစွာ၏ ငြင်းပယ်ခံအပြီးတွင် ကိုအုန်းခင်အလုပ်ရသည်။ ပုသိမ်မြို့ထဲနှင့် အပင်နှစ်ဆယ် ဂျီတီစီကိုဆွဲရသော ကားဒရိုင်ဘာ။ ဒါလည်း လူသိချင်းက ကူလိုက်၍ပင်။ လမ်းရိုးအတိုင်းလိုက်၍က ရလမ်းမမြင်။ တိုင်းဦးစီးမှူးတယောက် အသက်၅၀ ကျော်မှ သာမန်လိုင်းကားမောင်းနေရသည်ဟု ချေးမထူအား။ ရသည်ကိုပင် ကျေးဇူးတင်နေရသည်။ အန်အယ်လ်ဒီမှထွက်ဖို့ အကြိမ်ကြိမ်ဖိအားများကို ခေါင်းမာမာနှင့်ငြင်းဆန်ဆဲ။ ချို့နွယ်ကိုကတော့ မိန်းမသားမဟုတ်လား။ ကိုယ့်မိသားစုအကျိုး ကိုယ်အရင်ကြည့်တာကတော့ အပြစ်ဟုမမြင်စေချင်။ အဲဒီအတွက်လည်း လင်မယားကြား ရန်ပေါင်းများစွာ တခြိမ်းခြိမ်း။

ဒီကြားထဲမှာ အလတ်ကောင်က မိန်းမခိုးပြေးသွား၏။ မိန်းကလေးမိဘများက ချို့နွယ်ကို့အသိဆရာများထဲကပင်။ သဘောမတူပါဟူသော အသံထွက်လာသောအခါ ချို့နွယ်ကို ထူးပြီးမအံ့ဩမိပါ။ အငယ်ကလည်းမလိမ္မာ၊ အိမ်တွင် အဆင်မပြေကြောင်းသိသော်လည်း ဂရုမစိုက်၊ လိုချင်သည်များကိုသာ တောင်းဆိုတတ်၏။ ဤသည်မှာပင် သူ့အဖေနှင့် တူနေသည်လား။ ခေါင်းမာသည်၊ ဇွဲကြီးသည်ဟုပင် ချီးကျူးရလေမလား။ အတူတွဲတိုက်ပွဲဝင်ခဲ့ရာမှ အရောင်ပြောင်းသွားသူ တချို့ကိုတွေ့သောအခါ ကိုအုန်းခင်ကို လက်ကုပ်မိသည်။ 'နောင်ဘယ်တော့မှ မတိုက်တွန်းနဲ့' ဟူသော စကားသံမာမာကိုသာရခဲ့

သည်။ ချိန္ဒယ်ကိုကများ သစ္စာဖောက်ဖို့ တိုက်တွန်းမိသလား။ အင်း ... ဒါပေမဲ့လေ သစ္စာဖောက်တွေပဲ ခေတ်အဆက်ဆက်ကြီးပွားနေကြတာမဟုတ်လား။

သားကြီးနှင့်ဖုန်းချိန်းထား၍ ညနေစာစောစောစားကာ ဖုန်းဆိုင်သို့ သွားစောင့်နေခဲ့သည်။ အမြဲတမ်း ချိန္ဒယ်ကိုတယောက်တည်းပေမယ့် ဒီနေ့တော့ သား၏တောင်းဆိုချက်အရ ကိုအုန်းခင်ကိုပါခေါ်လာခဲ့သည်။ ဖုန်းဝင်လာသည့်အခါ 'မေမေ' ဆိုသည့် သား၏ခေါ်သံက ခပ်ပျော့ပျော့။ 'သားနေမကောင်းလို့လား၊ အလုပ်ပင်ပန်းလို့လား' ဟူသော ချိန္ဒယ်ကို၏အမေးကို သားကမဖြေဘဲ 'အဲသည်မှာ အခြေအနေဘယ်လိုနေလဲ အမေ၊ အဖေ့နောက်ကိုရော နဂိုလိုပဲ လိုက်နေကြသေးလား'ဟုမေး၏။ ထုံးစံအတိုင်းပင်ဖြစ်သော်လည်း သားကို စိတ်ပူမည်စိုး၍ 'ဘာမှ မဖြစ်ဘူး သား၊ အားလုံးကောင်းတယ်'ဟု ပြန်ဖြေလိုက်သည်။ 'ဒီမှာတော့ ဆန္ဒတွေပြနေကြတယ် အမေ။ စစ်တဲ့လူရော၊ မစစ်တဲ့လူရောပဲ။ နဂိုက ဘာမှမလုပ်ဘဲ ခုမှ ဓါတ်ပုံမပါပါအောင် ရှေ့တန်းက ဝင်ဆန္ဒပြပြီး ဒုက္ခသည်ခံဖို့ အချက်အလက်တွေ လိုက်စုဆောင်းနေသူတွေတောင်ရှိတယ်။ ယူအက်စ်ကို ကူးကြဖို့လေ' သားအသံက စိတ်ပျက်သံတွေ တလုံးတခဲပေမယ့် ချိန္ဒယ်ကို သတိမထားမိ၊ အားတက်သရောနှင့် 'သားလည်း အဲလိုလုပ်လို့မရဘူးလား၊ သားအဖေနာမည်လည်းသုံးလေ' ဟု ပြောလိုက်မိသည်။ ကိုအုန်းခင်၏ အကြည့်စူးစူးကို မသိဟန်ဆောင်နေစဉ်ပင် သားက 'သားကိုမတိုက်တွန်းပါနဲ့ မေမေ၊ ကျွန်တော်ဘယ်တော့မှ အဲလိုလုပ်မှာမဟုတ်ဘူး'ဟု တုံ့ပြန်၏။

ဖုန်းခွက်နားကပ်နားထောင်နေသော ကိုအုန်းခင်က 'ဒါမှ ငါ့သား' ဟု အော်လိုက်ချိန်တွင် ချိန္ဒယ်ကိုကတော့ နောက်မြီးပြတ်နေသော ကိုအုန်းခင်၏ ရာဘာဖိနပ်ကိုသာ ငေးကြည့်နေမိတော့သတည်း။ ■

ဤဆောင်းပါးကို သံလွင်အိပ်မက်အင်တာနက်ဝက်ဆိုက်တွင် ဖော်ပြထားပြီးဖြစ်ပါသည်။

(www.thanlwin.com)

ခွက်ကွဲ

လဲ့လဲ့

ကျမရဲ့မိဘများဟာ သူများတွေလို အရမ်းမချမ်းသာကြပေမယ့် ကျမသိတတ်စအရွယ်ကတည်းကပဲ ကျမဘဝလေးအတွက် လိုအပ်ချက်မှန်သမျှကို တတ်နိုင်သလောက် ဖြည့်ဆည်းပေးခဲ့ကြပါတယ်။

ငယ်ငယ်ကလေးတည်းက ဆင်းရဲခြင်းဆိုတဲ့ဒုက္ခတရားကို မခံစားခဲ့ရသလို၊ နားလည်းမလည်ခဲ့ပါဘူး။ တနေ့မှာတော့ ကံကြမ္မာအလှည့်အပြောင်းလို့ပဲဆိုမလား၊ ကျမရဲ့ မခံချင်စိတ်နဲ့ပါဝင်ခဲ့တဲ့ တော်လှန်ရေးစိတ်ဓါတ်ကြောင့်ဘဲဆိုမလား၊ ၁၉၉၈ ခုနှစ် စက်တင်ဘာလမှာ နအဖထောက်လှမ်းရေးက ဖမ်းဆီးတာကိုခံခဲ့ရပြီး ၁၉၉၉ ခုနှစ် ဇန်နဝါရီလမှာ ထောင်ဒဏ် ၂၁ နှစ်ကျခံခဲ့ရပါတယ်။

ကျမရဲ့ ဘဝတသက်တာ မမေ့နိုင်သေးတဲ့ အဖြစ်အပျက်တချို့ကို ပြောပြရမယ်ဆိုရင်တော့ …

၁၉၉၄– ၉၅ ခုနှစ်မှာ ကျမဟာ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲကိုအောင်မြင်ခဲ့ပြီး လှိုင်ကောလိပ်မှာ အဝေးသင်ပညာကို သင်ယူခဲ့ပါတယ်။ အဝေးသင်ဖြစ်တာကြောင့် ကျမနေထိုင်တဲ့ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်ကနေ လှိုင်ကောလိပ်ကိုသွားရင် လိုင်းကားနံပါတ် ၄၅ ကိုစီးရပါတယ်။ ကားစီးသွားတိုင်း ဒေါ်အောင်ဆန်းစုကြည်ခြံရှေ့မှာ အပတ်စဉ်ပြုလုပ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လူထုဟောပြောပွဲတွေကို အမြဲတမ်းမြင်တွေ့ဖြတ်ကျော်ခဲ့ပါတယ်။

တရက်မှာတော့ ကျမရဲ့သူငယ်ချင်း ဇင်ဇင် (မန္တလေးထောင်တွင် ၁၁ နှစ်ကြာအကျဉ်းကျခံခဲ့ရသူ) နဲ့ ဒေါ်အောင်ဆန်းစုကြည်အကြောင်း ပြောမိကြတယ်။ အဲဒါနဲ့ ကျမတို့ငယ်သူငယ်ချင်းတစုဟာ စနေ၊ တနင်္ဂနွေတွေရဲ့ တချို့သောအချိန်တွေမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ဟောပြောပွဲတွေကို သွားရောက်နားထောင်ဖြစ်ခဲ့ကြပါတယ်။ လက်ရှိ နအဖအစိုးရရဲ့ မတရားအုပ်ချုပ်မှုတွေအပေါ် ဒေါ်အောင်ဆန်းစုကြည်ဟာ ပြည်သူလူထုကို အမြဲတမ်းမီးမောင်းထိုးပြသလို မြန်မာနိုင်ငံကို အခြားနိုင်ငံများနည်းတူ လွတ်လပ်ပြီး တရားမျှတတဲ့ ဒီမိုကရေစီနိုင်ငံတခုဖြစ်လာအောင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့အတွက် ကျမတို့အပါအဝင် လူထုကြီးကိုလည်း တိုက်တွန်းအားပေးလေ့ရှိပါတယ်။

ကျမမိဘဆွေမျိုးများဟာ စစ်တပ်အသိုင်းအဝိုင်းကဆိုပေမယ့် ကျမကတော့ စစ်အစိုးရပြုတ်ကျရေး၊ ကျမချစ်တဲ့ မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံဖြစ်တည်ရေးအတွက် နိုင်ငံ

ရေးလောကထဲကို ရောက်ရှိလာခဲ့ပါတယ်။ စိတ်ဝင်စားမှု၊ ခံယူချက်၊ ခံစားချက်တွေနဲ့အတူ ကိုယ့်ပတ်ဝန်းကျင်ကို မိမိတတ်နိုင်သမျှ စည်းရုံးလှုံ့ဆော်ခဲ့ပါတယ်။

(၈၈) အရေးအခင်းကို ကျမမမှီခဲ့ပေမယ့် ပထမနှစ် တက္ကသိုလ်ကျောင်းသူဘဝမှာ ၁၉၉၆ ခုနှစ် လှည်းတန်းလမ်းဆုံမှာ ဖြစ်ပျက်ခဲ့တဲ့ ဆန္ဒပြပွဲလေးတခုကိုမှီခဲ့ပါတယ်။ အဲဒါက တော့ အင်းစိန်က စားသောက်ဆိုင်တဆိုင်မှာ အရပ်သားတွေနဲ့ ရန်ကုန်စက်မှုတက္ကသိုလ် က ကျောင်းသားတွေအကြားဖြစ်ခဲ့တဲ့ ရန်ပွဲလေးတခုပါ။ အဲဒီရန်ပွဲမှာ ကျောင်းသားတချို့ ဟာ အရပ်သားတွေရဲ့ အရိုက်ခံခဲ့ရပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျောင်းသားတွေကို ရိုက်ခဲ့တဲ့အရပ်သားတွေကို အရေးယူပေးဖို့ သက်ဆိုင်ရာဒေသအာဏာပိုင်တွေကို ကျောင်း သားတွေက တောင်းဆိုခဲ့ပါတယ်။ ဒါပေမဲ့ အာဏာပိုင်တွေက ဘာအရေးယူမှုမှ မလုပ်ခဲ့ပါ ဘူး။ အဲဒီအခြေအနေကြောင့်ပဲ ရန်ကုန်မှာရှိတဲ့ တက္ကသိုလ်ကျောင်းတိုင်းက ကျောင်းသူ၊ ကျောင်းသားတွေဟာ ကျောင်းသားအခွင့်အရေးကို ကာကွယ်မှုရရှိဖို့အတွက် စတင်ပြီး ဆန္ဒပြခဲ့ကြပါတယ်။ အဲဒီအရေးအခင်းမှာ ကျမရဲ့ငယ်သူငယ်ချင်းဖြစ်တဲ့ ဇင်ဇင်ဟာ နအဖ လုံထိန်းများရဲ့ ရိုက်နှက်တာကိုခံခဲ့ရပါတယ်။ အဲဒီအချိန်ကစပြီး ကျမတို့သူငယ်ချင်းတစုဟာ နအဖစစ်အစိုးရကို အရင်ကထက် တွန်းလှန်ဆန့်ကျင်ရမယ်ဆိုတဲ့အသိတွေ ပိုလို့တောင် ကြီးထွားလာခဲ့ပါတယ်။ အရေးအခင်းနောက်ပိုင်း ကျမတို့သူငယ်ချင်းတစုဟာ နိုင်ငံရေး စကားဝိုင်းများပြုလုပ်ခြင်း၊ နိုင်ငံရေးနဲ့ပတ်သက်ပြီး ကဗျာလေးတွေ၊ စာတိုစာစလေးတွေ စုပြီး သူငယ်ချင်းများအကြားဖြန့်ဝေတာတွေကို လျှို့ဝှက်ပြုလုပ်ခဲ့ကြပါတယ်။ ဒီလိုလှုပ်ရှားမှု တွေလုပ်တဲ့အခါတိုင်း ကျမက ငွေရေးကြေးရေးအရရော၊ စာစီစာရိုက်လုပ်ရတဲ့ လုပ်ငန်း တွေမှာရော အတတ်နိုင်ဆုံး လုပ်ဆောင်ပေးခဲ့ပါတယ်။

၁၉၉၈ ဇွန်၊ ဇူလိုင်လအတွင်းမှာ ကျမတို့သူငယ်ချင်းတစုဟာ နအဖကို ဆန့်ကျင် တော်လှန်ပြီး ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဝင်တွေကို စည်းရုံးသိမ်းသွင်းတဲ့ လက်ကမ်းစာစောင် ထုတ်ဝေပြီး ဖြန့်ဖို့တိုင်ပင်ခဲ့ကြပါတယ်။ အစိုးရဆန့်ကျင်စာတွေထုတ်ဝေတဲ့အခါတိုင်းမှာ လျှို့ဝှက်လုပ်ကိုင်ရတဲ့အတွက် ကျမတို့မှာ အခက်အခဲတွေ ကြုံတွေ့ရစမြဲပါ။ အဲဒီအချိန်မှာ ကျမက ကုမ္ပဏီတခုမှာ ကွန်ပြူတာ စာစီစာရိုက်သူတဦးဖြစ်နေတော့ အတော်လေး အဆင် ပြေသွားခဲ့ပါတယ်။ ရုံးမှာရှိနေတဲ့ မိတ္တူကူးစက်နဲ့ပဲ စာရွက်တချို့တဝက်ကို ရသလောက် မိတ္တူကူးဆွဲပြီး ကျန်တဝက်ကိုတော့ မြောက်ဥက္ကလာပမြို့နယ်၊ ဆေးတက္ကသိုလ် (၂) အရှေ့ က မိတ္တူဆိုင်မှာကူးခဲ့ပါတယ်။ ဆိုင်ပိုင်ရှင်အစ်မကလည်း စစ်အာဏာရှင်ကို မလိုလားတဲ့ အတွက်ကြောင့် ကျမတို့သူငယ်ချင်းတစု လှုပ်ရှားသမျှကို အားပေးကူညီခဲ့ပါတယ်။ မိတ္တူ ကူးခမယူတဲ့အတွက်ကြောင့် ကျမငယ်သူငယ်ချင်းတွေဖြစ်တဲ့ ဇင်ဇင်နဲ့ကိုမောင်မောင် တို့ဟာ အေဖိုး (A4) စာရွက် ၅၀၀ ပါ စက္ကူထုပ်တထုပ်ကို ဆိုင်ပိုင်ရှင်အစ်မဆီကို ပေးခဲ့ ပါတယ်။ အဲဒီအစ်မကလည်း ကျမသူငယ်ချင်းတွေပေးလိုက်တဲ့ စာရွက်အကုန်လုံးကို ပိုက် ဆံတစ်ပြားမှမယူဘဲကူးပေးခဲ့တယ်။ သူငယ်ချင်းတွေအကုန်လုံး အဲဒီစာရွက်လေးကို နည်း

မျိုးစုံနဲ့ဖြန့်ဝေခဲ့ပါတယ်။ ရုပ်ရှင်ရုံထဲမှာ ကျဲချတယ်၊ လိုင်းကားတွေပေါ်ကနေ ကျဲချတယ်၊ တက္ကသိုလ်ဝန်းတွေမှာကျဲတယ်၊ နံရံတွေပေါ်မှာ လိုက်ကပ်တယ်၊ လက်ဖက်ရည်ဆိုင်တွေမှာဝေတယ်၊ စစ်အစိုးရအရာရှိကြီးများရဲ့ လိပ်စာတွေကို လမ်းညွှန်စာအုပ်တွေမှာရှာပြီး မရမ်းကုန်းစာတိုက်ကတဆင့်ပို့ခဲ့ပါတယ်။ ကျမတို့စာရွက်အပိုင်းလေးကို ဖတ်မိကြတဲ့ တချို့သော ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ဝင်တွေဟာဆိုရင် သူတို့ရဲ့ အဖွဲ့ဝင်ကဒ်လေးတွေကို ဆုတ်ဖြဲတဲ့အထိ ကျမတို့သူငယ်ချင်းတစုရဲ့ လှုပ်ရှားဆောင်ရွက်မှုဟာ အောင်မြင်ခဲ့ပါတယ်။

ဒါပေမဲ့ ၁၉၉၈ ရဲ့ စက်တင်ဘာလလယ်လောက်မှာတော့ ကျမတို့သူငယ်ချင်းတစု အဖမ်းခံခဲ့ရပါတယ်။ ဆင်းရဲမှုဒဏ်ကို မခံနိုင်တဲ့ကျမကို ထောင်ကျမခံရအောင် ကာကွယ်ဖို့အတွက် ကျမရဲ့ အချစ်ဆုံးသူငယ်ချင်းဇင်ဇင်ဟာ စစ်ကြောရေးမှာဖြေတဲ့အခါ စာရွက်စာတမ်းတွေကို သူကိုယ်တိုင် ကေအမ်ဒီကွန်ပြူတာစင်တာမှာ ၄၅ ကျပ်ပေးပြီး ရိုက်ခဲ့တာပါလို့ ထွက်ဆိုခဲ့ပေမယ့် ကျမရဲ့ငယ်သူငယ်ချင်းဖြစ်တဲ့ ကိုမောင်မောင်ကတော့ ထောက်လှမ်းရေးတွေရဲ့ ရိုက်နှက်နှိပ်စက်တဲ့ဒဏ်တွေကို မခံနိုင်တဲ့အဆုံးတော့ စာရွက်ကို ကျမ (မိလဲ့) က ကျမရုံးမှာရိုက်ခဲ့တာပါလို့ ထွက်ဆိုလိုက်ပါတယ်။

၁၉၉၈ ခုနှစ် စက်တင်ဘာလမှာ စစ်ထောက်လှမ်းရေးတစုဟာ ကျမအလုပ်လုပ်ရာ ဗိုလ်ချုပ်လမ်းပေါ်မှာရှိတဲ့ ကုမ္ပဏီမှာ လာရောက်ဖမ်းဆီးခဲ့ပါတယ်။ ကျမထိုင်နေကျ အလုပ်စားပွဲခုံကိုလည်း သက်သေခံပစ္စည်းတွေ ရှာဖွေသိမ်းဆည်းခဲ့ပါတယ်။ ကျမမိဘတွေကြိုတင်စိတ်ပူနေမှာစိုးလို့ လုပ်ဖော်ကိုင်ဖက်တွေကို ရုံးဆင်းချိန်ရောက်မှဘဲ ကျမမိဘတွေကို အကြောင်းကြားပေးဖို့ပြောခဲ့ပါတယ်။ ကျမကိုလာဖမ်းတာသိပေမယ့် စစ်ထောက်လှမ်းရေးအုပ်စုကို ည္တေဝတ်ကျေပွန်စွာနဲ့ ရေတိုက်လိုက်ပါတယ်။ လာဖမ်းတဲ့အဖွဲ့ထဲက ရဲအုပ်စိုးနိုင်ဆိုသူဟာ ကျမတိုက်တဲ့ရေကိုသောက်ဖို့ ငြင်းပယ်ရင်းနဲ့ ကျမကိုရန်သူတယောက်လို ဆက်ဆံပါတယ်။ ကျမသိပါတယ်။ သူဟာ သူ့သမီးအရွယ်လောက် မိန်းကလေးတယောက်ကိုလာဖမ်းရတာ လိပ်ပြာမသန့်ဖြစ်နေလို့ ရှက်ရမ်းရမ်းနေတာဖြစ်မှာပါ။

စစ်ကြောရေးမှာ ဒီစာရွက်တွေကို ကျမကိုယ်တိုင် စာစီစာရိုက်လုပ်တာပါလို့ ဝန်မခံမချင်း ထမင်းမကျွေး၊ ရေမတိုက်ဘဲ တရက်ကျော်ကျော် မတ်တပ်ရပ်နေခဲ့ရပါတယ်။ စစ်ထောက်လှမ်းရေးတွေရဲ့ နှိပ်စက်ညှဉ်းပန်းမှုလက်အောက်မှာ သူငယ်ချင်းတချို့ရဲ့ အော်ညည်းသံတွေကို ကျမကြားနေရရင်းနဲ့ ရင်ထဲမချိအောင် ခံစားခဲ့ရပါတယ်။

အချုပ်ခံရပြီး ပထမအပတ် ၁၉၉၈ ခုနှစ် အောက်တိုဘာလမှာဘဲ စစ်ကြောရေးစခန်းအရာရှိတဦးက ကျမကို အိမ်ပြန်ပို့မယ်ပြောပြီး ထမင်းကျွေးပါတယ်။ ကျမစိတ်ကူးမယဉ်ရဲပါဘူး။ အိမ်ပြန်မယ့်သူတယောက်ကို ထမင်းကျွေးတယ်ဆိုတာ မဖြစ်နိုင်ဘူးလို့ တထစ်ချယုံကြည်နေမိတယ်။ ထမင်းစားပြီးတာနဲ့ ကျမမျက်နှာကို ခေါင်းစွပ်နဲ့ဖုံးပြီး ကားပေါ်ခေါ်သွားတယ်။ ဘာမှမမြင်ရပေမဲ့ နားကတော့ စွင့်နေမိတယ်။ ခြေချင်းသံတွေ တချွင်ချွင်ကြား

နေရတယ်။ တံခါးပိတ်သံတွေ တဂျိန်းဂျိန်းကြားနေရတယ်။ ကျမသိလိုက်ပါတယ်၊ ဒီနေရာက ကျမကြားဖူးနားဝရှိနေတဲ့ အင်းစိန်ထောင်ဆိုတဲ့နေရာပေါ့။

ကျမကို အင်းစိန်ထောင်ထဲမှာ ၃ လ ချုပ်ထားပြီးမှ တရားရုံးမှာ ရင်ဆိုင်အမိန့်ချပါတယ်။ အဲဒီတရားရုံးဆိုတာကလည်း ကျမတို့သိတဲ့ တရားရုံးမျိုးမဟုတ်ပါဘူး။ စစ်ထောက်လှမ်းရေးကိုယ်တိုင်လုပ်ထားတဲ့၊ သူတို့ဘက်တော်သားတွေနဲ့ပဲ ဖွဲ့စည်းထားတဲ့ အင်းစိန်ထောင်ရဲ့တနေရာက တရားရုံးလေးပါ။ ဇန်နဝါရီလ ၁၅ ရက် ၁၉၉၉ ခုနှစ်မှာ ကျမကို ထောင်ဒဏ် (၂၁) နှစ် ချမှတ်ခဲ့ပါတယ်။ ပုဒ်မတွေကတော့ ၅ (ည) နိုင်ငံတော်တည်ငြိမ်မှုပျက်ပြားအောင်လုပ်မှု၊ ၁၇/၂၀ တရားမဝင်ပုံနှိပ်အက်တို့ဖြစ်ပါတယ်။

ဧပြီလ ၆ ရက် ၁၉၉၉ ခုနှစ်မှာတော့ မိဘများကို အကြောင်းမကြား၊ တွေ့ခွင့်မပေးဘဲ ကျမကို အင်းစိန်ထောင်ကနေ မန္တလေးထောင်၊ မန္တလေးထောင်ကနေမှ အထက်မြန်မာပြည်မှာရှိတဲ့ ရွှေဘိုထောင်ကိုပြောင်းလိုက်ပါတယ်။ အကြောင်းပြချက်ကတော့ ကျမကို ခေါင်းမာလို့ နှိပ်ကွပ်ချင်လို့တဲ့လေ။

၈ လခွဲ ကြာပြီးနောက်မှာ ထောင်အာဏာပိုင်များကလည်း ကျမ မိဘများကို အကြောင်းကြားခွင့်ပေးတဲ့အတွက် ကျမရဲ့ အခန်းဖော် မိုးမိုး (လက်ရှိ နော်ဝေနိုင်ငံတွင် နေထိုင်သူ) ဟာ သူ့မိခင်လာတဲ့အချိန်မှာ ကျမအိမ်ကို အကြောင်းကြားပေးဖို့ပြောခဲ့ပါတယ်။ ကျမ မိဘများဟာ ကျမထောင်ကျနေတယ်ဆိုတာကို မယုံကြည်မှာစိုးလို့ ကျမရဲ့မေမေကိုယ်တိုင်ဝယ်ပေးခဲ့တဲ့ **Hand Ten** ဖက်ဖူးစိမ်းရောင်အင်္ကျီလေးရဲ့ အတွင်းထဲမှာ သနပ်ခါးကို အရည်ဖျော်ပြီး 'မေမေ သမီးဒုက္ခရောက်နေတယ်၊ အမြန်လာတွေ့ပါ' လို့ ရေးပေးလိုက်ပါတယ်။

အဲဒီအင်္ကျီလေးကို ရရချင်းမှာဘဲ ကျမမေမေဟာ မျက်ရည်စက်စက်နဲ့ ကျမကို ထောင်ဝင်စာလာတွေ့ခဲ့ပါတယ်။ မေမေလာတော့ ကျမကို ထောင်အဝတ်အစားနဲ့ ပိန်ချုံးနေတာကိုမြင်တော့ မေမေငိုခဲ့တယ်။ မေမေက ခြင်ထောင်တွေ၊ စောင်တွေ၊ ပန်းကန်တွေ၊ ဇွန်းတွေကို ကျမအတွက်ယူလာခဲ့ပေမယ့် ထောင်အာဏာပိုင်တွေက ယူခွင့်မပေးခဲ့ပါဘူး။ အထက်တန်းကျကျ နေတတ်စားတတ်တဲ့ ကျမမေမေဟာ ကျမရဲ့အခြေအနေတွေကို တွေ့ခဲ့ရပြီးနောက်ပိုင်းမှာ အရမ်းစိတ်ထိခိုက်ခဲ့ပြီး မွေ့ယာတွေ၊ ခြင်ထောင်တွေနဲ့ လုံးဝမအိပ်တော့ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ထောင်ထဲမှာနေတယ်ဆိုတာ မိဘအိမ်မှာနေရတာမှ မဟုတ်ဘဲလေ။ ကျမရိပ်သာဝင်ခဲ့တုန်းက ဆရာတော်တွေဟောခဲ့တဲ့တရားတွေကို တဖြည်းဖြည်းနဲ့ လက်တွေ့ကျကျ သိလာခဲ့ရတယ်။ ထောင်ထဲမှာနေခဲ့ရတဲ့ ၄ နှစ်တာကာလမှာ ညပိုင်းကျ ခြင်တွေကိုက်လွန်းလို့ အိပ်မရတဲ့ဒုက္ခ၊ မိုးရွာရင် အခန်းထဲရေဝင်လို့ တညလုံးထိုင်နေရတဲ့ဒုက္ခ၊ စားစရာ

မရှိလို့ ငါးပိနဲ့စားခဲ့ရတဲ့ဒုက္ခ၊ ထောင်ဝန်ထမ်းများရဲ့ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံခံခဲ့ရတဲ့ဒုက္ခ၊ ရေပုံမှန်မချိုးရတဲ့ဒုက္ခအမျိုးမျိုးတွေကို သီချင်းတွေဆိုရင်း၊ တရားစာအုပ်တွေဖတ်ရင်း၊ တရားထိုင်ရင်း၊ တယောက်အကြောင်းတယောက်ပြောရင်းနဲ့ ကုန်လွန်ခဲ့ရပါတယ်။

ထောင်ကျတယ်ဆိုတာ ကျမတို့ဟာ စိတ်ရောကိုယ်ပါ အကျဉ်းကျခံနေရတာပါ။ ကျမတို့ဟာ စိတ်ဓါတ်ပိုင်းဆိုင်ရာမှာ ခံနိုင် ရည်မရှိဘူးဆိုရင် ထောင်ထဲမှာ ရူးချင်ရူး၊ မရူးရင် ကိုယ့်ကိုယ်ကို သတ်သေမိမှာအမှန်ပါဘဲ။ တစ်ခါတလေကျတော့လည်း ဘဝအမောတွေကို ပြေစေနိုင်တဲ့ မထင်မှတ်တဲ့ ရယ်စရာအဖြစ်အပျက်လေးတွေ ကြုံရပြန်ပါတယ်။ အဲဒီအထဲကမှ ကျမမေ့လို့မရနိုင်တဲ့ ရယ်စရာအဖြစ်အပျက်လေးတခုရှိခဲ့ပါတယ်။

၆ ပေ ပတ်လည်သာရှိတဲ့ အခန်းကျဉ်းလေးထဲမှာ ကျမတို့သူငယ်ချင်းနှစ်ယောက်ဟာ အဲဒီအခန်းကျဉ်းလေးထဲမှာဘဲ စား၊ အိပ်၊ အပေါ့အလေးသွားတော့လည်း ဒီအခန်းကျဉ်းလေးပဲပေါ့။ ထောင်စည်းကမ်းအရ အသုံးအဆောင်ပစ္စည်းတွေကလည်း လူကိုမထိခိုက်စေတဲ့ ပလက်စတစ်ပစ္စည်းများကိုသာ အသုံးချရပါတယ်။ ကျမဟာ ဟိုးငယ်ငယ်ကတည်းက အအိပ်မက်တယ်လေ။ တညမှာတော့ ကျမဟာ အိပ်နေရင်းနဲ့မှ အိမ်သာသွားချင်တဲ့အတွက် ထုံးစံအတိုင်း ပလက်စတစ်ခွက်ငယ်လေးပေါ်မှာ ထိုင်လိုက်ပါတယ်။ ထိုင်နေစဉ်အတွင်းမှာဘဲ ရုတ်တရက် အိပ်ငိုက်သွားတဲ့အတွက်ကြောင့် ကျမရဲ့ မိလ္လာခွက်လေးဟာ နှစ်ခြမ်းကွဲသွားခဲ့ပါတယ်။ အဲဒီလိုကျမရဲ့အအိပ်မက်မှုကြောင့် ရုတ်တရက်ဆိုသလိုဘဲ ၆ ပေပတ်လည်အခန်းကျဉ်းလေးဟာ အနံ့ဆိုးတွေနဲ့ လွှမ်းမိုးသွားပါတယ်။ အဲဒီအနံ့ဆိုးတွေကြောင့် ကျမအခန်းဖော်သူငယ်ချင်းဟာ ရုတ်တရက်လန့်နိုးလာပြီး လက်တဖက်က သူ့ရဲ့နှာခေါင်းကိုပိတ်ရင်း အနည်းငယ်သာရှိတဲ့ ရေတွေနဲ့ ဝိုင်းဝန်းပြီး သန့်ရှင်းရေးလုပ်ပေးရှာပါတော့တယ်။ ကျမဘဝမှာ ဒီလိုအဖြစ်မျိုး တခါမှမကြုံဖူးတော့ ကျမလည်း အသံကျယ်ကြီးနဲ့ အော်ရယ်လိုက်တာ အိပ်ချင်စိတ်တွေပါပျောက်သွားတယ်။ တချိန်တည်းမှာဘဲ သရဲကြောက်လို့ ကျမတို့အခန်းကိုမလာရဲတဲ့ ထောင်ဝန်ထမ်းစန္ဒာဝင်းက အဝေးကနေပြီး ကျမတို့ကို ရိုင်းပြစွာနဲ့ ‘ကောင်မတွေ မအိပ်သေးဘူးလား၊ ဒါ အိပ်ချိန်’ လို့ အော်ပြောပါတယ်။ ကျမလည်း စိတ်တိုတိုနဲ့ ရိုင်းပြစွာပဲ ‘အစ်မရေ၊ ချီးအိုးကွဲသွားလို့’ ဆိုပြီးတော့ ပြန်အော်ပြောလိုက်ပါတယ်။ ကျမအော်ပြောတာကိုကြားသွားတဲ့ မအိပ်သေးတဲ့ တခြားသောအကျဉ်းသူတွေက ကျမ မိလ္လာအိုးကွဲသွားတယ်လို့ ထောင်ဝန်ထမ်းကို ပြန်ခံပြောလိုက်တယ်ဆိုပြီး ဝမ်းသာအားရနဲ့ မိန်းမတွေသဘာဝအရ တိုးတိုးကျိတ်ကျိတ်နဲ့ ပြောသံတွေကြားနေရပါတယ်။ တဆက်တည်းမှာဘဲ ထောင်ဝန်ထမ်းစန္ဒာဝင်းက ‘ကောင်မတွေ မအိပ်သေးဘူးလား… (၅/ည) မတွေ … (နိုင်ငံရေးမှု (၅/ည) ဖြင့်ထောင်ကျနေသူတွေကို ဆိုလိုခြင်းဖြစ်ပါတယ်။) မိန်လာအိုးကွဲတာနဲ့ နင်တို့နဲ့ဘာဆိုင်လဲ’ဆိုပြီး အော်ငေါက်လိုက်သံကို ထပ်ကြားလိုက်ရပါတယ်။

ကျမတို့ဟာ မိန်းမဆောင်မှာနေရတယ်ဆိုပေမယ့် အခြားအကျဉ်းသူတွေနဲ့ အတူမနေရပါဘူး။ ထောင်ထဲတွင် နိုင်ငံရေးမှုနဲ့ ထောင်ကျသူတွေဟာ တခြားအကျဉ်းသားတွေနဲ့လည်း စကားပြောခွင့်မရှိကြပါ။

ဒါပေမဲ့ အဆောင်ချင်းနီးတော့ သူတို့ပြောသမျှ ဆိုသမျှတွေကို ကြားရပါတယ်။ ထောင်ဝန်ထမ်းတွေဆိုတာ သိတဲ့အတိုင်းဘဲလေ။ သူတို့ကိုယ်သူတို့ ရာဇဝတ်ကောင်တွေကို အုပ်ချုပ်ရတယ်ဆိုပြီး မာန်တက်နေကြတော့ အသံတွေကလည်း ကျယ်ကြတာပေါ့လေ။ ဒါနဲ့ပဲ နောက်တနေ့မနက်မှာ ကျမတို့က တိုးတိုးတိတ်တိတ်နဲ့ 'ဟဲ့ ညကဘာဖြစ်လို့ စန္ဒာဝင်းကအော်တာလဲ' လို့မေးတဲ့အခါမှာ အကျဉ်းသူတဦးက 'ညက မမလဲ့တို့ မိလ္လာအိုးကွဲတယ်ဆို'။ ကျမကလည်း 'အေး ဘာဖြစ်လို့လဲ' လို့ပြန်မေးတော့ 'ထောင်ထဲမှာ မိလ္လာအိုးကွဲရင် နိုင်ငံတော်လာတယ် မမလဲ့ရဲ့'။ ကျမက 'ဩော် ဟုတ်လား' ဟုသာ ပြောနိုင်ခဲ့ပါတယ်။ လူတိုင်းဟာ မျှော်လင့်ချက်နဲ့ အသက်ရှင်ကြတာဘဲမဟုတ်လား။ နိုင်ငံတော်လာတယ်ဆိုတာ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ပြန်လွတ်တာကိုဆိုလိုတာပါ။ ကျမရဲ့ စိတ်ထဲမှာတော့ 'အေး နင်တို့ကသာ နိုင်ငံတော် မျှော်တယ်။ ငါတို့မှာတော့ ညက ရေနည်းနည်းနဲ့ ဒုက္ခရောက်လိုက်ကြတာ' ဟူ၍သာ။ ■

ဆောင်းပါးရှင် လဲ့လဲ့သည် အစိုးရဆန့်ကျင်ရေးစာများကို ရေးသားဖြန့်ဝေမှုဖြင့် ထောင်ဒဏ် ၂၁ နှစ်ကျခံရန်အမိန့်ချခံရသော်လည်း ကံကောင်းထောက်မစွာဖြင့် ထောင်ဒဏ် ၄ နှစ်ကျခံခဲ့ပြီးနောက်လွတ်မြောက်လာခဲ့သည်။ ထောင်မှလွတ်လာပြီးနောက် နအဖထောက်လှမ်းရေးများ၏ နောက်ယောက်စောင့်ကြည့်ခြင်းကိုလည်းခံခဲ့ရသည်။ ထိုအခြေအနေများကြောင့် မြန်မာနိုင်ငံအတွင်း ဆက်လက်နေထိုင်ရန် လုံခြုံမှုမရှိဟုခံစားရသောကြောင့် မြန်မာနိုင်ငံဒီမိုကရေစီရေးလှုပ်ရှားမှုများကို ဆက်လက်လုပ်ကိုင်နိုင်သည့် ထိုင်း– မြန်မာနယ်စပ်သို့ ထွက်လာခဲ့ပါသည်။

ဆောင်းပါးရှင် လဲ့လဲ့၏ အချစ်ဆုံးသူငယ်ချင်းဖြစ်သူ ဇင်ဇင်မှာ ၁၉၉၈ ခုနှစ်တွင် ဖမ်းဆီးခံရပြီးနောက် မန္တလေးထောင်တွင် ထောင်ဒဏ် ၁၁ နှစ်ကျခံခဲ့ရသည်။ သူငယ်ချင်း ကိုမောင်မောင်သည်လည်း ၂၀၀၅ ခုနှစ်တွင် မြင်းခြံထောင်မှလွတ်မြောက်လာခဲ့သူဖြစ်သည်။ ကိုမောင်မောင်သည် ထောင်ကလွတ်ပြီးနောက်ပိုင်း ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးအပြီးတွင်လည်း ၁ လကြာ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြန်သည်။ ထိုအချိန်မှစပြီး အိမ်ထောင်ရက်သားကျပြီးနောက် မြန်မာပြည်အတွင်းမှာပင် ဆက်လက်နေထိုင်လျှက်ရှိပါသည်။ ဆောင်းပါးရှင်လဲ့လဲ့၏ ထောင်တွင်းအခန်းဖော် မိုးမိုးမှာ နော်ဝေနိုင်ငံတွင် လက်ရှိအခြေချနေထိုင်လျှက်ရှိသည်။

'မြန်မာပြည်' လို့ ခေါ်တဲ့နေရာ

ဟန်သူလွင်

သံတိုင်မဲ့ အကျဉ်းထောင်လို့
တင်စားရမယ့်နေရာ … …။

လူတွေဟာ
အမြဲအကြောက်တရားနဲ့ပဲ နေထိုင်ကြရတဲ့ နေရာ … …။

သန်းခေါင်ယံ တံခါးခေါက်သံတွေကိုတောင်
နေသားကျလို့ ယဥ်ပါးကြရတဲ့ နေရာ … …။

လေးလံနေတဲ့ နှလုံးသားတို့
အသံတိတ် ကျိတ်လို့ ငိုကြွေးကြရတဲ့ နေရာ … …။

'မျှော်လင့်ချက်' ကလွဲလို့ ဘာဆိုဘာမှမရှိပဲ
ကာလရှည်ကြာ နေခဲ့ကြရတဲ့ နေရာ … …။

အဲဒီနေရာဟာ
ငါတို့ 'မြန်မာပြည်' လို့ ခေါ်နေကြတဲ့ နေရာတခုသာ … …။

ကဗျာရေးသူမှာ စင်္ကာပူနိုင်ငံတွင် အင်ဂျင်နီယာအဖြစ် အလုပ်လုပ်နေသော ရခိုင်–တရုတ်လူမျိုး တဦးဖြစ်ပါသည်။ သူမသည် အခြားမြန်မာနိုင်ငံရေး တက်ကြွလှုပ်ရှားသူများနှင့်အတူ မြန်မာနိုင်ငံရှိ နိုင်ငံရေးအခြေအနေများကို ပညာပေးရန်နှင့် ဒီမိုကရေစီလှုပ်ရှားမှုကို ထောက်ခံအားပေးရန်အတွက် အိုးဝေ–စင်္ကာပူအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့သည် ၂၀၀၇ ခုနှစ်တွင် ရွှေဝါရောင်တော်လှန်ရေးအတွင်း မြန်မာနိုင်ငံမှ လူငယ်များနှင့်ဖွဲ့စည်းထားသော ပြည်ပရောက်မျိုးချစ်မြန်မာများအဖွဲ့နှင့် စတင်ပူးပေါင်းလှုပ်ရှားခဲ့ကြသည်။ ထိုကဲ့သို့ လုပ်ဆောင်ချက်များကြောင့်လည်း အဖွဲ့ဝင်အချို့မှာ နေရပ်ပြန်ပို့ခံခဲ့ရသည်။

အေးချမ်းပါစေ အမိမြေ

ကြက်တူရွေး

မြူခိုးတွေ ဝေဆာနေတဲ့တောင်ညိုညိုလေးတွေ ဝိုင်းရံထားပြီး ထည်ဝါတဲ့အိမ်ကြီးအိမ်ကောင်းတွေမရှိတဲ့ နေရာလေးတခု။ နံနက်ချိန်မှာ သံချောင်းခေါက်သံနှင့်အတူ ကျေးငှက်တွန်ကျူးသံတွေ ရောယှက်ပြီး သွားလာလှုပ်ရှားနေတဲ့ လူကြီးတွေ၊ ကလေးတွေ၊ မြို့တွေမှာလို ဇိမ်ကျကျမအိပ်နိုင်ကြပဲ ဝေလီဝေလင်းဆို ရေခပ်သူခပ်၊ အိုးခွက်သံတွေညံနေတဲ့ နေရာလေး။ ကိုယ့်နေရာဒေသလည်းမဟုတ်၊ ကိုယ့်နိုင်ငံလည်းမဟုတ်ပဲနဲ့ ကျီးလန့်စာစား ဘဝတွေကို ဘယ်လိုရုန်းကန်နေရလည်းတောင် ကျမ မသိပါဘူး။ ဆောင်းတွင်း အေးအေးမှာ အနွေးထည်တောင်ကိုယ်ပေါ်မတင်နိုင်တဲ့ ဘဝတချို့ကိုတွေ့တော့ ကျမရင်ထဲမချိအောင် ငိုချင်စိတ်တွေပေါက်လာမိတယ် ။

အချိန်က နိုဝင်ဘာလ ၂၀၀၉။ နေရာက ထိုင်းနိုင်ငံ မယ်လဒုက္ခသည်စခန်း၊ ကျမက အိမ်တွင်းအကြမ်းဖက်မှုနဲ့ပတ်သက်တဲ့ သင်တန်းတခုကို အကူအနေနဲ့ လိုက်သွားဖြစ်ခဲ့တယ်။ အဲဒီဒုက္ခသည်စခန်းထဲ နေထိုင်ကြတဲ့ တိုင်းရင်းသားအများစုဆိုတဲ့နေရာမှာ ကရင်လူမျိုးတွေ အများဆုံးပါဝင်တယ်။ ရိုးသားပွင့်လင်းကြတယ်။ တချို့ဆိုရင် ဗမာစကားတောင်မပြောတတ်ကြပါဘူး။ ကျမတို့တည်းတဲ့အိမ်က တောင်ခြေနဲ့ပိုနီးတယ်။ အိမ်က တောင်ကုန်းလေးပေါ်မှာဆိုတော့ မနက်ခင်းဆို ဆင်းလာ၊ ညဆို ပြန်တက်အိပ်ပေါ့။ အိမ်ပြန်တဲ့အခါ တောင်ကုန်းလေးကို နည်းနည်းတက်ရလို့ သိပ်တော့မပင်ပန်းပေမယ့် နည်းနည်းတော့မောတာပေါ့လေ။ အဲဒီမှာနေတဲ့ကလေးလေးတွေကျတော့ အကျင့်ပါနေပြီထင်တယ်။ ပြေးတက်ပြေးဆင်းနဲ့ ဆော့ကစားနေလိုက်ကြတာ။ ညနေ နေဝင်ခါနီးဆို ကလေးမလေးတွေ စုစည်းပြီး ဓါတ်ခဲကက်စက်တလုံးနဲ့ သီချင်းဖွင့်ပြီး ကကြတယ်။ တိုင်းရင်းသားအကတော့ မဟုတ်ဘူး။ အနောက်တိုင်း အက၊ သီချင်းက ထိုင်းသီချင်း။ သူတို့လေးတွေကို ကြည့်ပြီး ရင်ထဲမှာ ကြည်နူးမိပြန်တယ် ။

နေရာဒေသတူတဲ့သူတွေလည်းရှိတယ်။ တချို့ကျတော့ ဒီရောက်မှ တယောက်နဲ့တယောက်သိကြတယ်။ အရမ်းကို ချစ်ခင်ကြပေမယ့် မကြာခင် ၂၀၁၀ မှာ ဘဝတွေ ဘယ်လိုလာကြလိမ်မယ်ဆိုတဲ့ကံကြမ္မာကိုတော့ သူတို့သိချင်မှသိကြလိမ့်မယ်။ တချို့ကလည်း နိုင်ငံခြားဆိုတဲ့နိုင်ငံတွေကို သွားကြလေရဲ့။ အမေရိကန်၊ နော်ဝေ၊ ကနေဒါ၊ ဆွီဒင် အို … အများကြီးပါပဲ။ နိုင်ငံတွေက မြန်မာနိုင်ငံသားတွေကို UNHCR ကနေတဆင့် သနားငဲ့ညှာသောအားဖြင့် ပို့ပေးတာပါ။ ဒီကြားထဲ ဒုက္ခသည်အဖြစ် ဟန်ဆောင်ထားတဲ့သူတွေလည်း ရှိတာပေါ့။ တကယ်တမ်း ဒုက္ခသည်အစစ်တွေက သနားဖို့ကောင်းသလို လေးစားဖို့လည်း ကောင်းပါတယ်။ တောထဲမှာ ဘဝကိုဖြစ်သလိုရုန်းကန်လာပြီး ကိုယ့်အိမ်ကိုယ့်ယာတွေကို

စွန့်ခဲ့ရတာ။ ဒါတွေဖြစ်တာ ပြည်တွင်းစစ်ကြောင့်ပဲလို့ သူတို့သိတာ။ သူတို့လူမျိုးတွေကို ဗမာစစ်သားတွေက နိုင်ထက်စီးနင်းလုပ်တယ်လို့ပဲ သူတို့သိထားခဲ့တာ။ ဘယ်သူက ဘာကြောင့် လုပ်နေတာလည်းဆိုတာ သူတို့မသိရိုးအမှန်ပါ။ သူတို့သိတာ သူတို့ရွာတွေ သူတို့မိသားစုတွေကို တကွဲတပြားဖြစ်အောင်လုပ်တာ၊ သူတို့နေတဲ့ အိမ်တွေကို မီးတင်ရှို့တာ၊ ဒါတွေဟာ ဗမာစစ်သားကပဲလုပ်တာလို့ သူတို့သိထားခဲ့တာပါ။ အဲဒီစစ်သားတွေဟာ နအဖစစ်သားတွေဆိုတာ သူတို့မသိကြပါဘူး။

မဖွံ့ဖြိုးတဲ့ ကျေးလက်တွေမှာ အလုပ်ကရှားပါး၊ ပညာက မပြည့်ဝ၊ ဘဝတွေနုံချာချာနဲ့ ရုန်းကန်ရင်း ဝမ်းတထွာပြည့်အောင်လုပ်ရှားနေရတော့ အသိပညာ ဗဟုသုတဆိုတာ ဝေလာဝေး။ နိုင်ငံကိုအုပ်ချုပ်နေတဲ့သူကိုတောင် သိချင်မှသိတာ။ ဘယ်လိုပုံစံနဲ့ အုပ်ချုပ်နေတယ်ဆိုတာ သိတဲ့သူတော်တော်နည်းတဲ့ဘဝတွေပါ။ တဦးနဲ့တဦးတောင် အကြောင်းရင်းကိစ္စကို မဖလှယ်နိုင်ရှာဘူး။ ဒီကြားထဲ ရွာတွေမီးရှို့ခံရတော့ ဒီနေရာလေးကို ရောက်လာပြီး သူတို့ရဲ့ဘဝတွေ အေးချမ်းသလိုဖြစ်နေတော့ ပျော်နေရှာမှာပေ့ါ။ ဒါပေမဲ့ ဒီကလေးတွေမှာ အရွယ်မရောက်သေးခင် အိမ်ထောင်တွေပြုကြ၊ ဘဝတွေက မရေရာကြတော့ အိမ်တွင်းရေးက မသာယာ၊ မကြာခဏ ရန်ဖြစ်ကြ၊ အစာအဟာရတွေဆိုလည်း မပြည့်ဝဆိုတော့ ဘယ်မှာလာပြီး သာယာတော့မှာလဲလေ။ စခန်းအပြင်ထွက်ရင်လည်း ခိုးကြောင်ခိုးဝှက်၊ အလုပ်ဆိုတာလည်းမရှိ၊ ရှိတဲ့အလုပ်ကလည်း စခန်းအပြင်က။ စခန်းအနီးက ရွာတွေ၊ ထီးလော်သိန်းဆိုတဲ့ ရွာလေးတွေမှာ ရာသီအလုပ်ဖြစ်တဲ့ ပဲရိတ်၊ ပြောင်းချိုး၊ ပြောင်းစိုက်တောထဲမှာ မျှစ်တွေခိုးချိုး၊ ပြတ်တလှည့်လပ်တလှည့်နဲ့ ရုန်းကန်နေရတဲ့ သူတို့ဘဝတွေဟာ နံနက်ခင်းအလှကိုမပြောနဲ့ ညခင်းဆိုလည်း မီးမရှိ၊ ဖယောင်းတိုင်မဝယ်နိုင်တဲ့ရက်တွေဆို ညမှောင်မှောင်မှာ မီးလင်းဖိုလေးနဲ့ထွန်းပြီး ထမင်းစားကြရတယ်။ ဘာပဲဖြစ်ဖြစ် သူတို့ သာယာနေနိုင်ကြတယ်။

မြန်မာနိုင်ငံကို မပြန်ချင်ဘူးလား ဒေးမူ (ညီမ) လို့ ကျမကမေးတဲ့အခါမှာတော့ မျက်ရည်လေးတစမ်းစမ်းနဲ့ ဗမာစစ်သားတွေကို ကြောက်တယ်တဲ့။ ကျမက ဗမာစစ်သားတွေ မရှိတော့ဘူးဆိုရင်ရောလို့ မေးတဲ့အခါမှာတော့ ‘ပြန်ချင်တာပေ့ါ အနော် (အစ်မ)ရယ်၊ ကိုယ့်ရွာ၊ ကိုယ့်ဇာတိ၊ ကိုယ့်အိမ်ခြံဝိုင်းလေးမှာ မိသားစုတူတူနေထိုင်ပြီး ငြိမ်းငြိမ်းချမ်းချမ်းလေးနေရရင် ဒီထက်လိုအပ်တဲ့အရာရှိအုံးမလား’တဲ့။ သူကဆက်ပြီး ‘ကျမတို့မှာ သေနတ်သံတွေကြားပြီဆိုရင် မြေကျင်းထဲဝင်ပုန်း၊ ကျမညီမလေးက ကြောက်လို့ငိုရင် အမိုးက ပါးစပ်ကို အတင်းပိတ်ထားတာ အသံကို မထွက်ရဲဘူး။ စစ်ဖိနပ်သံတွေ တဒေါက်ဒေါက်နဲ့ တချို့ ရွာသားတွေကိုမေးနေတဲ့အသံတွေကို အတိုင်းသားပဲ ကြားနေရတယ်။ သူတို့က ဘာတွေမေးလည်းဆိုတော့ ‘အနော်(အစ်မ)ရယ် ဒီရွာကို ကရင်စစ်သားတွေ လာလားပေ့ါ။ မလာဘူးလို့ပြောရင် ပြောတဲ့သူကို အနည်းဆုံးတော့ ပါးသုံးလေးချက်ရိုက်၊ ဆောင့်ကန်၊ သေနက်ဒင်နဲ့ ထောင်းကြတာပဲ။ အိမ်မှာမွေး ထားတဲ့ ကြက်တွေ ဝက်တွေဆိုလည်း သူတို့

ပစ္စည်းလိုပဲ ဖမ်းယူသွားကြတာ။ အဲဒီအချိန်မှာ ကျမတို့လို ခပ်ငယ်ငယ်အမျိုးသမီးတွေ ဆိုလည်း ဆွဲခေါ်တာတွေလုပ်သေးတာ။ လင်ရှိရှိ မရှိရှိ ဂရုမစိုက်ဘူး။ ကျမတို့လည်း အဲဒီလိုကြုံမှာ တအားကြောက်တယ်။ ဒါကြောင့် ကျမ အိမ်ထောင်ပြုလိုက်တာလေ။ အိမ်ထောင်ပြုတော့ နည်းနည်းလုံခြုံသလိုခံစားရလို့ပါ' လို့ ပြောပြရှာတယ်။

ဒီကိုဘယ်လို ရောက်လာတာလည်းလို့မေးတဲ့တော့ သူတို့ဘဝလေးတွေကို ခုလိုပြောပြတော့ ကျမရင်ထဲ တော်တော့်ကို နင့်နင့်သည်းသည်း ခံစားလိုက်ရတယ်။ သူ ကျမကိုပြောပြတဲ့အသံလေးကလည်း အဲဒီအချိန်တွေကို ပြန်ရောက်သွားတဲ့လေသံမျိုးလေးပါ။ မာန်ကလည်းပါတယ်။ ခံစားချက်ကလည်း အပြည့်ပဲ။ မျက်လုံးလေးတွေဆိုရင် မျက်ရည်တွေဝိုင်းလို့ပါပဲ။ 'အနော်(အစ်မ)ရယ် ကျမတို့ရွာကို နအဖစစ်သားတွေမကြာခဏ ရောက်လာပြီး အမြဲသောင်းကျန်းပါတယ်။ ဒါပေမဲ့ တခေါက်မှာတော့ အဖေ့ကို ဖမ်းခေါ်သွားတယ်။ သူတို့အတွက် ရိက္ခာတွေထမ်းခိုင်းဖို့လို့ဆိုပါတယ်။ ကျမနဲ့ အမိုး (အမေ) ရယ် မောင်ညီမလေးတွေရယ် မျက်စိသူငယ်နားသူငယ်နဲ့ကျန်ရစ်ခဲ့ပါတယ်။ အော်လည်း မအော်ရဲဘူးလေ။ အဲဒီတော့ ငိုရုံပဲရှိတော့တယ်။ အပါး (အဖေ) ပြန်လာမယ့်ရက်ကိုပဲ မျှော်နေတာပေါ့။ ယာထဲမှာလည်း စပါးတွေရိတ်သိမ်းဖို့အချိန်ကလည်း ရောက်နေတော့လေ။ အပါး (အဖေ) ပြန်လာမလား၊ ပြန်လာတော့မလားနဲ့ စောင့်နေတာ'။

'စပါးလည်း ရိတ်သိမ်းလို့ပြီးနေပြီ။ အပါး (အဖေ) ပြန်မလာတော့ လိုက်စုံစမ်းရတာပေါ့။ အပါး (အဖေ) နဲ့အတူ ဘယ်သူပါသွားသေးလဲလို့။ ရွာထိပ်က အကျော (အစ်ကို) တယောက်ကပြောပြတယ်။ သူက ကံကောင်းလို့ ပြန်လာနိုင်တာ၊ သူတို့ စခန်းချတုန်း ညခင်းမှာလစ်ပြေးလာတာ။ သူကပြောပြတယ်။ တို့ရွာကပါသွားတဲ့ လူလေးယောက်ထဲမှာ တယောက်အပါအဝင်ဖြစ်တဲ့ ကျမ အပါး (အဖေ) က တောထဲမှာငှက်ဖျားမိပြီး စစ်သားတွေသတ်လို့သေပြီတဲ့။ သူ ကျမကိုပြောပြတာက စစ်သားတွေက ရေမတိုက်တော့ အပါးက စမ်းချောင်းထဲက ရေတွေသောက်ရတယ်။ လူတယောက်လိုတောင် အဆက်ဆံမခံပါရဘူး။ အပါးက ငှက်ဖျားတက်တော့ မထမ်းနိုင်တော့ဘူးပေါ့။ အဲဒီတော့ အပါးကို ဆောင့်ကန်ကြတယ်။ နောက်ဆုံး အပါးကို သူတို့ သတ်လိုက်ကြတယ်တဲ့'။

သူမ (လည်ချောင်းထဲက အက်သံပါသွားလို့ ခဏနားပြီး ရေသောက်တယ်)။ အဲဒီတော့ ဘာဆက်ဖြစ်လည်း ဒေးမူ (ညီမ) လို့ ကျမမေးတဲ့အခါမှာ သူမဆက်ပြောတာက 'နောက်တခေါက် ကျမတို့ရွာကို ဝင်လာတဲ့စစ်သားတွေက အရင်စစ်သားတွေ ဟုတ်မဟုတ်တော့ မသိဘူး။ ရွာထဲမှာ ခါတိုင်းလိုဘဲ ကြက်တွေဘဲတွေကိုတော့ ဖမ်းတယ်။ ဝက်တွေ နွားတွေကိုသေနတ်နဲ့ပစ်ကြတယ်။ ကျမတို့လည်း တအားကြောက်တာပေါ့။ ရွာထိပ်ပိုင်းမှာ ကရင်စစ်သားတွေ လာတယ်မဟုတ်လား၊ မှန်မှန်ပြော မပြောရင်သတ်ပစ်မယ် ဘာမယ် အသံကြားတော့ အမိုးဆို ကြောက်လို့ သေးတောင်ထွက်ကျတယ်။ အဲဒါနဲ့ ကျမတို့လည်း ပုန်းကြတယ်။ သူတို့ အော်ဟစ်ပြီးတာနဲ့ ပြန်သွားကြတယ်။ ခဏကြာတော့ ရွာနဲ့သိပ်မဝေး

တဲ့နေရာလောက်မှာ တိုက်ပွဲဖြစ်သံကြားတယ်။ တနာရီလောက် တိုက်ပွဲဖြစ်ပြီးတာနဲ့ နအဖစစ်သားတွေက ကျမတို့ရွာကို မီးနဲ့စရှို့တာဘဲ။ ကျမတို့လည်း အသင့်လုပ်ထားတဲ့ အထုပ်အပိုးတွေကို ပလိုင်းထဲထည့်၊ မောင်လေး ညီမလေး တွေကိုခေါ်၊ နိုင်သလောက် ပစ္စည်းတွေ ထမ်းခိုင်းပြီး ရွာဘေးက တောထဲဝင်ပြီး ထွက်ပြေးကြရတယ်။ တောထဲမှာ ဆယ်ရက် ကျော်ကျော်လောက်နေပြီး ဒီမယ်လစခန်းကို ရောက်လာခဲ့တာပဲ။ ဒီကို မရောက်ခင် တောထဲမှာ စားစရာ မလောက်လို့ စမ်းချောင်းထဲက ကျောက်ပုစွန်တွေဖမ်း မီးဖုတ်ပြီးစားခဲ့ရသလို စားလို့ရတဲ့အသီးတွေ အပင်တွေဆိုတာ ငှက်ပျော်ပင်တောင် အူနု လေးတွေခွာစားခဲ့ရပါတယ် အနော်ရယ်’တဲ့။

သူ့နေရာက ဝင်ခံစားမိတော့ ကျမရင်ထဲ တော်တော်လေး စိတ်မကောင်းဖြစ်မိ တယ်။ ငါသာဆိုရင်ဆိုတဲ့အသိစိတ်က ဝင်လာမိတယ်။ ဘာပဲဖြစ်ဖြစ် ကျမတို့ နိုင်ငံသား တွေပဲဆိုတော့ သွေးချင်းတွေပဲပေါ့။ မြန်မာနိုင်ငံမှာဖြစ်ရတဲ့ အမျိုးသမီးတွေရဲ့ဘဝကတော့ တကယ့်ကို ဟင်းရွက်ကန်စွန်းလိုပါပဲ။ အားလုံးတော့ မဟုတ်ဘူးပေ့ါလေ။ လူကုံတန်နဲ့ စစ် ဗိုလ်သမီးတွေတော့ ဘယ်ပါပ့ါမလဲ။ မြို့ကြီးတွေမှာဆိုလည်း စားဝတ်နေရေးကြောင့် ဘဝ ပျက်နေရတဲ့ အမျိုးသမီးတွေ ဒုနဲ့ဒေး၊ ကလေးတွေဆိုလည်း ကျောင်းခန်းထဲမှာ ရှိနေရမယ့် အစား လမ်းဘေးမှာ တောင်းစားလိုစားနဲ့ ဘဝကြမ်းကြမ်းမှာ လမ်းကြမ်းကြမ်းနဲ့ ခရီးကြမ်း ကြမ်းကို သွားနေရသလိုပဲ။ ခုလည်း ဒီညီမလေးတွေကိုကြည့်ပါအုံး။ ကိုယ့်နိုင်ငံ ကိုယ့်ရပ် ရွာကိုထားခဲ့ပြီး ထိုင်းနိုင်ငံကိုရောက်လာတယ်။ မကြာခင် ဒီထက်ဝေးတဲ့ အခြားနိုင်ငံကို မွေးရပ်မြေနဲ့ ဝေးသထက်ဝေးပြီး ခရီးမိုင်တွေခြားလေလေ အမိမြေကိုချစ်တဲ့စိတ်က ဒီစစ် အာဏာရှင်ကြောင့် အမုန်းတွေပိုမလား၊ အလွမ်းတွေပိုမလား ကျမ တွေးနေမိတယ်။ ဘယ် လောက်ကြာကြာ ဆက်ဖြစ်နေအုံးမှာလဲ။

ပြည်တွင်းစစ်ရှိနေသရွေ့၊ ပြီးတော့ တရားမျှတမှုရယ် မရှိသရွေ့တော့ ကျမတို့ရဲ့ ဘဝတွေ ဘယ်မှာလုံခြုံမှုရှိမှာလဲ။ ဘယ်သူ့ကို အားကိုးရမှာလည်း တွေးလေလေ ဝေးနေတဲ့ ကျမတို့ အမျိုးသမီးတွေဘဝ၊ အလှတရားတွေကို မခံစားနိုင်ခဲ့တဲ့ဒီဘဝတွေက အမြန်ဆုံး ကုန်ဆုံးပါစေတော့လို့ တွေးနေရင်း၊ အနော် အနော်လို့ခေါ်နေတဲ့ ဒေးမူကို ‘ဟေ’လို့ ပြန်ထူးမိရင်း ‘မိုးချုပ်နေပြီး ပြန်တော့မယ်၊ တော်ကြာ အမိုးဆူအုံးမယ်’ဆိုကာ လက်ပြ နှုတ်ဆက်ပြီးပြန်သွားတဲ့ ဒေးမူကို မှောင်ရီနေတဲ့ မှုန်ပြပြအလင်းရောင်မှာ သူမရဲ့ ကျောပြင် လေးကိုငေးကြည့်ရင်း ကျမလည်း အိပ်ယာဝင်တော့မယ်လို့အတွေးကရောက်သွားတယ်။ ဆောင်းတွင်းအေးအေးမှာ ပူနေမိတဲ့ရင်တခုလုံးကို ဆောင်းရန့်ကြောင့် ရေအေးအေးတခွက် သောက်လိုက်တယ်ဆိုရင်ပဲ ခုနက ခံစားမှုတွေ၊ ပူပင်သောကတွေ၊ ခံပြင်းဒေါသတွေ အနည်း ငယ်လျှော့နည်းသွားသလို ခံစားရပြီး ကျမလေ နဖူးပေါ်လက်တင်ပြီး စဉ်းစားမိတာက ‘ပြန့်ကျဲဖိတ်စင်သွားတဲ့ ဆန်တစေ့ချင်းကို အချိန်ပေးပြီး တစေ့မကျန် ပြန်ကောက်လို့ရပေ မယ့် ပြန့်ကျဲသွားတဲ့ အမိမြေပေါက် မြန်မာနိုင်ငံသား တိုင်းရင်းသားတွေကိုတော့ ပြန်စုစည်း

နိုင်မယ်မထင်မိဘူး’ လို့ပါ။ ဒီလိုနဲ့ အတွေးနယ်ချဲ့ကာ ဘယ်အချိန် အိပ်ပျော်သွားမှန်း မသိရိုးအမှန်ပါ။ ■

ပုံ့နှံ့ နေသော ပြည်သူများ

ခေးဘာလူးမူး

ဒီဇင်ဘာလ ၂၀၀၅ ခုနှစ်မှာ ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာမဟာမင်းကြီးရုံးကနေပြီး ကျမတို့နေထိုင်ရာ မယ်လဉဒုက္ခသည်စခန်းက ဒုက္ခသည်ပြည်သူတွေအတွက် ပြန်လည်နေရာချထားရေးအစီအစဉ်တွေကို စတင်ခဲ့ပါတယ်။ မယ်လာဉဒုက္ခသည်စခန်းဟာ ထိုင်းနဲ့ မြန်မာနယ်စပ်ကြားမှာရှိတဲ့ ဒုက္ခသည်စခန်းတစ်ခုပါ။

'ပြန်လည်နေရာချထားရေးဆိုသည်မှာ ဒုက္ခသည်ပြည်သူများအား ၎င်းတို့လက်ရှိခိုလှုံနေသည့်နိုင်ငံမှတဆင့် ရေရှည်ရပ်တည်နေထိုင်နိုင်သည့်အခွင့်အလမ်းနှင့် နိုင်ငံသားဖြစ်ပိုင်ခွင့် အခွင့်အလမ်းများပေးရန် သဘောတူထားသည့်နိုင်ငံသို့ လွှဲပြောင်းပို့ဆောင်ပေးသည့် အစီအစဉ်ဖြစ်ပါသည်။'[1]

အဲဒီနှစ်ကစပြီး ကျမဆွေမျိုးသားချင်းအပါအဝင် ဒုက္ခသည်တွေ ရာနဲ့ချီပြီး တတိယနိုင်ငံတွေကို ထွက်ခွာသွားခဲ့ကြပါတယ်။ တချို့မိသားစုတွေကျတော့လည်း နိုင်ငံခြားမှာ ဒုက္ခသည်အဖြစ် အခြေချနေထိုင်ဖို့အတွက် ဆက်လက်စောင့်ဆိုင်းနေဆဲပါ။ ဒုက္ခသည်ပြန်လည်နေရာချထားရေးကိစ္စနဲ့ပတ်သက်ပြီး လူတွေတော်တော်များများရဲ့ စိတ်ဆုံးဖြတ်ချက်တွေချတဲ့နေရာမှာ ဒွိဟဖြစ်စေခဲ့ပါတယ်။ တတိယနိုင်ငံရွှေ့ပြောင်းရေးအစီအစဉ်ကနေတဆင့် ကျမ ဆွေမျိုးသားချင်းတွေနဲ့ သူငယ်ချင်းအပေါင်းအဖော်တချို့ ထွက်ခွာသွားတာကိုကြည့်ပြီး ကျမမျက်ရည်တွေ ထိန်းမရနိုင်လောက်အောင်ကို ကျခဲ့ရပါတယ်။ ဒါပေမဲ့ ကျမ သူတို့တွေကို မတားဆီးခဲ့ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့ ဒီထိုင်းနိုင်ငံမှာ ဘဝရပ်တည်ဖို့အတွက်လည်း ကျမဘာမှမကူညီနိုင်လို့ပါဘဲ။

ဇူလိုင် ၂၀၀၇ခုနှစ်၊ တနေ့သော မနက်ခင်းမှာ ကျမဟာ ကျမရဲ့အဒေါ်ရယ် ကျမအရမ်းချစ်ရတဲ့ တစ်ဝမ်းကွဲအစ်မနဲ့ ဖုန်းပြောဖြစ်ခဲ့ပါတယ်။ သူတို့ကျမကိုပြောခဲ့တာက တကယ်လို့ တတိယနိုင်ငံကို မြန်မြန်သွားရရင် သိပ်ကောင်းမှာပဲတဲ့။

သူတို့ရဲ့ကြည်နူးနေတဲ့လေသံလေးနဲ့ပြောတာကို ကြားနေတဲ့အချိန်မှာ ကျမမျက်ရည်မကျမိအောင် မနည်းထိန်းထားခဲ့ရပါတယ်။ ကျမသူတို့နဲ့ဝေးနေဖို့အရေးကိုတွေးကြည့်ပြီး အရမ်းစိတ်မကောင်းဖြစ်မိခဲ့ပေမယ့် ဝမ်းနည်းမှုကိုပြမယ့်အစား သူတို့တွေ ပိုပြီးပျော်ရွှင်အောင်တောင် တခါတလေ ဟာသတွေပြောရင်း နောက်လိုက်ပါသေးတယ်။ အဲဒါကြောင့်

[1] UNHCR, The state of the world's refugees, in search of solutions, Oxford university press 1995, p 90

ကျမနဲ့ဖုန်းပြောတော့ အဒေါ်က ပြောတယ် … "သမီးနဲ့ စကားပြောရတာ ပျော်တယ်၊ အဒေါ်စခန်းထဲကနေ ထွက်လာတုန်းကဆို ညီမရော (ကျမအမေကိုပြောတာပါ)၊ သူငယ်ချင်းတွေရော ငိုကြတာလေ၊ အဒေါ်လည်း သူတို့ငိုတာမြင်ရတော့ မျက်ရည်မထိန်းနိုင်တော့ဘူး"တဲ့။ ဒါပေမဲ့ ကျမစိတ်ထဲမှာ ဘယ်လောက်ဝမ်းနည်းပြီး ခံစားနေရတယ်ဆိုတာ သူတို့ ခမျာမသိရှာဘူး။ ကျမအဒေါ်ကတော့ ကျမအပေါ် အရမ်းကောင်းခဲ့ပါတယ်။ လူတွေပျော်ရွှင်ကြည်နူးအောင်လည်းအရမ်းလုပ်တတ်တယ်။ အဲဒါကြောင့် လူကြီးလူငယ်၊ အိမ်နီးနားချင်းတွေက သူ့ကို ဝိုင်းပြီးချစ်ခင်ကြတယ်။ ဒုက္ခသည်စခန်းမှာနေထိုင်နေတဲ့ ဒုက္ခသည်တွေ တော်တော်များများ ကျမခံစားသလိုမျိုး သူတို့လည်းထပ်တူထပ်မျှခံစားကြမှာ ကျိန်းသေတယ်။ တတိယနိုင်ငံသွားဖို့ကိစ္စနဲ့ပတ်သက်ပြီး ကျမမှာ အတွေးပေါင်းများစွာ၊ မေးခွန်းပေါင်းများစွာရှိနေပါတယ်။ ကျမကိုယ်၌ကလည်း ဘာလုပ်လို့လုပ်ရမလဲ ဘယ်လိုရွေးချယ်ရမလဲ မသိတော့ပါဘူး။ အဲဒီအတွက်လည်း ဘာဆုံးဖြတ်ချက်မှ မထွက်လာခဲ့ပါဘူး။

ကျမနားလည်သဘောပေါက်တာက ဘယ်သူကမှ ကိုယ့်ရဲ့မိသားစုအသိုင်းအဝိုင်း၊ သူငယ်ချင်းအပေါင်းအသင်းနဲ့ ဆွေမျိုးသားချင်းတွေကိုထားခဲ့ပြီး မခွဲခွာချင်ကြပါဘူး။ ဒါပေမဲ့ ဒုက္ခသည်စခန်းမှာနေတယ်ဆိုတာ အနာဂတ်အတွက်စဉ်းစားကြည့်မယ်ဆိုရင် တခြားမျှော်လင့်စရာ ဘဝတိုးတက်ရာတိုးတက်ကြောင်း ဘာမှမရှိခဲ့လို့ပါပဲ။ အထူးသဖြင့် ကလေးငယ်တွေနဲ့ လူငယ်တွေအတွက်ဆို ပိုဆိုးပါတယ်။ ဒုက္ခသည်စခန်းမှာ ကျောင်းဆရာ၊ ဆရာမတွေ၊ ကျန်းမာရေးဆရာ၊ ဆရာမတွေ တဖြည်းဖြည်းနဲ့ နည်းလာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပညာတတ်သူတော်တော်များများက တတိယနိုင်ငံကို ထွက်ခွာသွားခဲ့လို့ပါပဲ။ ထွက်ခွာသွားခဲ့တဲ့ ဆရာ၊ ဆရာမတွေနေရာမှာ အစားထိုးပြန်ထည့်ထားတဲ့ သူတွေကလည်း အရည်အချင်းမပြည့်မှီတဲ့အတွက်ကြောင့် ကျန်ခဲ့တဲ့သူတွေအတွက် အလုပ်လုပ်တဲ့နေရာမှာ အခက်အခဲအများကြီး ကြုံတွေ့ကြရပါတယ်။

ကျမတို့ သူငယ်ချင်းတွေပြောပြချက်အရ သူတို့ရောက်ရှိသွားတဲ့နိုင်ငံမှာ အိမ်အသစ်နဲ့ ပျော်နေကြတယ်ဆိုတာကြားတော့ စခန်းထဲမှာကျန်ရှိနေခဲ့တဲ့လူတွေက တတိယနိုင်ငံကိုလျှောက်ချင်ကြပါတယ်။ ဥပမာပြောရမယ်ဆိုရင် ကျမမောင်လေးက အခုမှ အသက် ၁၆ နှစ်ပဲရှိပါသေးတယ်။ သူက တတိယနိုင်ငံကို အရမ်းသွားချင်တယ်။ သူဒုက္ခသည်စခန်းမှာ ပညာသင်ဖို့လည်းစိတ်မဝင်စားတဲ့အပြင် ဒုက္ခသည်စခန်းမှာလည်း လုံးဝမနေချင်ပါဘူး။ ဒါပေမဲ့ ခက်တာက ကျမတို့မိသားစုထဲက တယောက်ယောက်မသွားရင် သူတစ်ယောက်တည်းသွားလို့မဖြစ်ပါဘူး။ စခန်းထဲမှာ သူ့လိုသွားချင်တဲ့ ကျောင်းသား၊ ကျောင်းသူတွေ အများကြီးပါ။

ကျမအပေါ်မှာပြောခဲ့သလို ကျမချစ်ခင်ရသူတွေ တတိယနိုင်ငံထွက်ကြလို့ စိတ်မကောင်းဖြစ်တယ်ဆိုပေမယ့် သူတို့ရောက်တဲ့နိုင်ငံမှာ အလုပ်ကောင်းကောင်းတွေရှိတယ်၊ အခွင့်အလမ်းတွေများတယ်ဆိုတာကို သူငယ်ချင်းတွေဆီကနေတဆင့်ကြားရတော့လည်း

ကျမဝမ်းသာမိပါတယ်။ ဒုက္ခသည်စခန်းမှာနေရတာ စခန်းအပြင်ထွက်အလုပ်လုပ်ဖို့ မလွယ်ကူသလို စခန်းအတွင်းမှာလည်း အလုပ်အကိုင်မရှိပါဘူး။ ဆယ်တန်းအောင်ပြီး ပညာကို ဆက်လက်သင်ယူနိုင်ဖို့ အခွင့်အလမ်းလည်းမရှိပါဘူး။ အခုကြည့်မယ်ဆိုရင် တတိယနိုင်ငံမှာရောက်ရှိနေတဲ့ ကလေးတွေနဲ့ လူငယ်တွေဟာ ပညာရေးကိုဆက်လက်သင်ယူလေ့လာနိုင်ပြီး အနာဂတ်အတွက်မျှော်လင့်ချက်ကြီးကြီးမားမားရှိကြပါတယ်။ တနေ့ကျရင် သူတို့တွေ ထိုင်း–မြန်မာနယ်စပ်ကိုပြန်လာပြီး မြန်မာပြည်ဒီမိုကရေစီရရှိဖို့အတွက် အတူတကွလက်တွဲလုပ်ဆောင်နိုင်မယ်လို့ယုံကြည်မျှော်လင့်ပါတယ်။

ကျမတို့ မြန်မာပြည်သားတွေဟာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကိုချစ်ကြတယ်။ နောက် ပြီး ကျမတို့ ဆွေးမျိုးသားချင်းတွေကိုချစ်ကြတယ်။ အဲဒါကြောင့် ကျမတို့ သူတို့နဲ့ အဝေးကြီးနေရာကို ထွက်ခွာသွားရက်လားလို့ပါ။ ကျမလေးလေးနက်နက်စဉ်းစားတာက ပြဿနာအရင်းအမြစ်အားလုံးဟာ နအဖ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) ကြောင့်ဖြစ်ပါပဲ။ နေ့စဉ်နဲ့အမျှ အန္တရာယ်ကြားက ပြည်သူတွေထွက်ပြေးရသလို သူတို့တွေဟာ စစ်အစိုးရရဲ့ ညဉ်းပန်းနှိပ်စက်မှုကို ခံစားနေရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မြန်မာနိုင်ငံ စစ်အာဏာရှင်လက်အောက်က လွတ်မြောက်ပြီး ကျမတို့ကိုထွက်ခွာသွားကြတဲ့ တတိယနိုင်ငံရောက် ကျမတို့ မိသားစုတွေ၊ ဆွေမျိုးအသိုင်းအဝိုင်းနဲ့ သူငယ်ချင်းအပေါင်းအသင်းတွေကို ပြန်ဆုံတွေ့ရဖို့ ကျမ အမြဲတမ်း မျှော်လင့်နေပါတယ်။ ■

ဆောင်းပါးရှင်သည် ကရင်အမျိုးသမီးငယ်တစ်ဦးဖြစ်ပြီး သူမတို့နေထိုင်ရာကျေးရွာတွင် နအဖစစ်အစိုးရသည် သူမတို့၏ နေအိမ်နှင့် ကောက်ပဲသီးနှံတွေကိုဖျက်ဆီးခဲ့ခြင်းကြောင့် သူမရွာမှ ထွက်ပြေးလာခဲ့ရပါသည်။ နအဖစစ်အစိုးရသည် နှစ်စဉ် ရွာသူ၊ ရွာသားများကို ရက်ရက်စက်စက်သတ်ဖြတ်ခြင်း၊ အမျိုးသမီးတွေကို မုဒိမ်းကျင့်ခြင်း တို့ပြုလုပ်နေပါသည်။ မယ်လာအု ဒုက္ခသည်စခန်းရောက်ရှိချိန်တွင် သူမသည် အသက် (၈) နှစ်သာ ရှိပါသေးသည်။ သူမသည် ချင်းမိုင်တွင် ဖွင့်လှစ်ထားသည့် ကျောင်းတစ်ခုဖြစ်သည့် Earth Rights School တွင် ကျောင်းပြီးခဲ့သူဖြစ်ပြီး အမျိုးသမီးရေးတက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်ပြီး မြန်မာ့အမျိုးသမီးသမဂ္ဂ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပါသည်။ ဤဆောင်းပါးကို ၂၀၀၇ ခုနှစ်တွင်ရေးသားပေးပို့ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ကွယ်လွန်ခဲ့ပါသည်။ ထို့ကြောင့် သူမ၏နိုင်ငံနှင့် လူမျိုးအတွက် ပေးဆပ်ခဲ့သော စိတ်ဓာတ်နှင့် လုပ်ဆောင်ချက်များအပေါ် အောက်မေ့ဖွယ်ရာအဖြစ် ဖော်ပြထားခြင်းဖြစ်ပါသည်။

အကြွေးနဲ့ စတဲ့ ကိုယ့်ဘဝ = သုံညာ၊ အနုတ်

ကိကိ

နိုင်ငံခြားဆိုတာ ကိုယ့်အမိနိုင်ငံနဲ့ မြေခြားရေခြား နယ်နမိတ်ချင်းခြားနားသွားတဲ့ တခြားနိုင်ငံတခုပါ။ လူတွေက ဘာလို့နိုင်ငံခြားကိုသွားကြတာလဲ။ အကြောင်းအမျိုးမျိုးကြောင့်ပေါ့။ တချို့က ကိုယ့်တိုင်းပြည်ထဲမှာ မနေချင်လို့သွားကြတယ်။ တချို့က ကိုယ့်ပြည်ကိုယ့်ရွာမှာနေချင်ပေမယ့် ဆက်နေဖို့မဖြစ်နိုင်တော့လို့၊ တချို့ကတော့ အလုပ်ရှာဖို့၊ ကျောင်းတက်ဖို့၊ ကြင်ယာရှာဖို့။ ဒီလိုပုံစံအမျိုးမျိုးနဲ့ ထွက်သွားကြသူတွေကြား အခြေအနေချင်း၊ အကျိုးပေးတာချင်းလည်း ဘယ်တူပါ့မလဲ။

ဟိုမှာ ကိုယ့်ဆွေမျိုး၊ မိတ်ဆွေ၊ ကူညီမယ့်သူ ကျောထောက်နောက်ခံရှိပြီးသားသူတွေအတွက်ကတော့ သိပ်ပြီး ခက်ခဲပင်ပန်းစွာ မရုန်းကန်ရပေမယ့် တယောက်တည်း ဘာမှမပါ၊ ဗလာသက်သက် သူများဆီမှာ အကြွေးယူ စရိတ်အကုန်ခံပြီး စွန့်စားထွက်ခွာလာရသူတွေအတွက်တော့ အတော်လေးပင်ပန်းကြရပါတယ်။ အခက်အခဲကိုယ်စီရှိကြတာပါပဲ။ ရေမြေ၊ ဘာသာစကား၊ ဓလေ့မတူတဲ့ သူစိမ်းတွေအကြား တကောင်ကြွက်မျက်နှာငယ်ဘဝနဲ့ မရေရာတဲ့ရှေ့ရေးကို စမ်းတဝါးဝါးလျှောက်ခဲ့ကြရတာတွေကို တွေ့ကြုံဖူးတဲ့သူတွေအချင်းချင်းမှာဘဲ ကိုယ်ချင်းစာနာတတ်ကြမှာပါ။

ဒီတော့လည်း မြန်မာပြည်ကြီးအတွင်းမှာဘဲ ရှိနေကျန်နေခဲ့ကြတဲ့သူတွေက နိုင်ငံခြားသွားပြီး အလုပ်လုပ်နေကြသူတွေကို နိဗ္ဗာန်ရောက်နေတဲ့အတိုင်း အထင်ရှိနေကြတာတွေကို အပြစ်မတင်ရက်ပါဘူးလေ။ ဒီနေရာမှာ ကိုယ့်အကြောင်းကိုဘဲ ပြောပြချင်ပါတယ်။

ကျောင်းပြီးဘွဲ့ရ တိုင်းပြည်ကမောက်ကမဖြစ်တဲ့အချိန်မှာ နိုင်ငံရပ်ခြားကို အစီအစဉ်မရှိဘဲ ထွက်လာခဲ့တယ်။ အိမ်နဲ့ ပထမဦးဆုံးအကြိမ် ခွဲလာခဲ့တာပါ။ ခရီးစရိတ်၊ EC လျော်ဖို့ငွေ (ဝန်ထမ်းအလုပ်ထွက်သဖြင့် အစိုးရကို လျော်ရငွေ)၊ မျက်နှာငယ်စွာကိုင်ရမယ့် ပတ်စ်ပို့စ်နီနီလေးရဖို့ ပွဲစားစရိတ်၊ အားလုံးပေါင်းလိုက်တော့ မာတာပီတုမွေးမိခင်ရဲ့ ရွှေနှစ်ကျပ်သားအကွင်းလေးနှစ်ကွင်း ကုန်သွားခဲ့တယ်။ ဒါက စိတ်ထဲမှာ ဦးစွာကျခဲ့ရတဲ့ မျက်ရည်တစ်စက်ပါ။ ကိုယ့်ဘဝရဲ့ အဦးဆုံးနဲ့ အဝေးဆုံး တကိုယ်တော်ခရီးစထွက်လာချိန်မှာ ဒေါ်လာငွေအနည်းငယ်သာ လက်ထဲပါခဲ့တာပါ။

စဉ်းစားကြည့်နော်။ ဒီလို တရားဝင်လဲလှယ်ပေးလိုက်တဲ့ ငွေကလေး နှစ်ပဲတပြားလောက်နဲ့ ရောက်ရောက်ချင်း အလုပ်မရှိခင် ဘယ်လိုနေ၊ ဘယ်လိုစား၊ ဘယ်လိုသုံးပြီး အသက်ဆက်ကြရမလဲဆိုတာလေ။ စိန်စီသောသည စိန်မှုံကြဲနေကြရတဲ့ လက်တဆုပ်စာ လူတန်းစားတွေ ဘယ်လိုလုပ်သိနိုင်ကြပါ့မလဲ။ ခေါက်ဆွဲခြောက်ပြုတ် တစ်ထုပ်၊ ကြက်ဥတစ်

လုံးနဲ့ တစ်ရက်စာဖြေရှင်းခဲ့ရတဲ့ ရက်ပေါင်းများစွာလည်း ဘယ်သူမှသိကြမယ်မထင်ပါဘူး။ ကိုယ်သင်ထား၊ တတ်ထားတဲ့ ပညာဆိုတာကြီးကို ချောင်ထဲထိုးထားပြီး ဘာမှမဆိုင်တဲ့ သမာအာဇီဝရရာအလုပ်လေးတွေ ပြောင်းလဲလုပ်ပြီး တင်ထားခဲ့တဲ့အကြွေးလေးတွေ ဆပ်ချင်ဇောနဲ့ နေ့မနား၊ ညမအိပ် လုပ်ခဲ့ရတာတွေကိုရော ဘယ်သူသိမလဲ။ စကားမပေါက်လို့ ခိုင်းတာတမျိုး၊ လုပ်တာတခြားနဲ့ အထက်က လူမျိုးခြားတယောက်ရဲ့ ဆူပူကြိမ်းမောင်းခံခဲ့ရတာတွေကိုရော ဘယ်သူမှမသိခဲ့ပေမယ့် ကိုယ့်ရင်ထဲမှာ အခုထိ နာကျည်းနေဆဲပါ။

ဒီရောက်ခါစ မှတ်ပုံတင်မရမှီစပ်ကြား သမုဒ္ဒရာဝမ်းတထွာရဲ့ တဝက်လောက်အတွက် လျှာမြက်ပေါက်ခါနီးဆဲဆဲလေးမှာ ရရာလေး ကျုံးလုပ်ရပါတယ်။ တိုင်းတပါးမှာ ကျွန်အဖြစ်လုပ်ရတဲ့ ပထမဦးဆုံးအလုပ်လေးကတော့ ဖြူတီပါလာတခုမှာပါ။ ဆိုင်ပိုင်ရှင်မကြီးက ဗမာပြန်ဝဝကြီးပေါ့။ အပြောလေးကတော့ ချိုနေတာပဲလေ။ အဲဒီအချိန်က တရုတ်နှစ်သစ်ကူးနီးနေတဲ့အချိန်၊ သိကြတဲ့အတိုင်း ဒီကလူတွေက ကျား၊ မ မရွေးအလှပြင်ကြတာ။ ဆံပင်ကောက်တယ်၊ ဖြောင့်တယ်၊ လျှော်တယ်၊ ဆေးဆိုးတယ်၊ အစုံပါပဲ။ ရောက်ခါစ ကိုယ်နေတဲ့ အခန်းကျဉ်းလေးက သူ့ဆိုင်အပေါ်ထပ်မှာလေ။ ဒီတော့ သူ့ဆိုင်မှာ ဝိုင်းလုပ်ပေးဖို့ပြောတာနဲ့ အဆင်ပြေတာပေ့ါ။ ခိုးစားတာမှမဟုတ်ဘဲ လုပ်မယ်ပေ့ါ။ ခက်တာက တသက်နဲ့တကိုယ် သူများကို ဆံပင်ပြင်ပေးဖို့မပြောနဲ့ ကိုယ့်ခေါင်းတောင်ကိုယ် ဖြောင့်အောင်ဖြီးဖူးတာမဟုတ်။ သူက (သူဒေ့မပေ့ါလေ) သင်ပေးပါတယ်။ ခေါင်းလျှော်ပုံလျှော်နည်း၊ နှိပ်နည်း စတာတွေပေ့ါ။ အစမှာ လက်အချိန်အဆမသိတော့ သူများခေါင်းကို တအား ဖိကုပ်မိတာ၊ နှိပ်မိတာ။ တခါက မိန်းမကြီးတယောက်ကို ခေါင်းလျှော်ပေးတုန်း ရေအပူအအေးမျှအောင် စပ်ပြီးဖွင့်လိုက်တာ ခလုပ်မှားနှိပ်မိလို့ အဲဒီမိန်းမကြီးရဲ့ခေါင်း ရေပူလောင်သွားတော့ သူက လက်ညှိုးငေါက်ငေါက်ထိုးပြီး ဆဲတာခံခဲ့ရတယ်။

အဲဒီအချိန်တုန်းကတော့ အတော်လေးခံရခက်ခဲ့ဖူးပါတယ်။ မနေတော့ဘူးဆိုပြီး အမေ့ဆီပြန်ပြေးတော့မလို့ပါဘဲ။ ဒါပေမဲ့ ဒီထိုင်ဝမ်ကိုလာဖို့လုပ်ပေးရတဲ့ ကြားပွဲစားဆိုသူတွေကိုပေးရမှာနဲ့ ကုန်ကျစရိတ်အတွက် အကြွေးတွေ အများကြီးဆပ်စရာရှိနေလို့ ဒီမုန်းစရာငွေအသပြာမျက်နှာကြီးကို ပြန်မြင်ယောင်ပြီး စိတ်ကို မနည်းတင်းထားခဲ့ရပါတယ်။ မိဘက ကိုယ့်အတွက် ကျွေးမွေးပြုစု၊ ပညာသင်ပေး၊ ဥစ္စာပေးနဲ့ ဆပ်မကုန်တဲ့ကျေးဇူးတွေကို တတ်နိုင်သလောက် ပေးဆပ်ချင်နေတဲ့စိတ်နဲ့လည်း ဖြေသိမ့်ရ၊ အားတင်းခဲ့ရတာပါ။ ညည ဆိုရင်တော့ အခန်းကျဉ်းလေးထဲ လူလေးယောက်စုအိပ်ရတော့ သူများမသိရလေအောင် ကျိတ်ငိုခဲ့ရတဲ့အကြိမ်ပေါင်းလည်း မရေတွက်နိုင်ခဲ့ပါဘူး။ လက်ချောင်းတွေလည်း တနေ့လုံး ရေနဲ့ထိနေရတော့ ပဲကြီးရေစိမ်လို ပွပြီးတွန့်နေတာလေ။ အဲဒီအချိန်က လိမ်းစရာ အသားလိမ်းဆီဝယ်သုံးဖို့တောင် လက်ထဲမှာ အသပြာငွေမရှိလို့ ဟင်းချက်တဲ့ဆီတွေနဲ့ပဲ လိမ်းလိုက်သေးတယ်။

ပြောရဦးမယ်။ ဒီရောက်လို့ ကိုယ့်ပထမဦးဆုံး လုပ်အားခ စရတဲ့နေ့က ရယ်ရမလား၊ ငိုရမလားမသိ၊ ခေါင်းပုံအဖြတ်ခံရတာတော့ သိလိုက်ပါတယ်။ ဒီသူဌေးမကလည်း ဗမာပြည်က ပြန်လာတဲ့သူအချင်းချင်း လုပ်ရက်တာလေ။ တပတ်လုံးလုံး လက်အရေခွံတွန့်အောင်လုပ်လိုက်ရတဲ့ လုပ်အားခက ထိုင်ဝမ်ငွေ **NTD** ငါးရာဆိုတာ အစိမ်းလေး ၁၅ ဒေါ်လာစာဘဲရှိပါတယ်။ ပြီးတော့ ရုပ်ရှင်တပွဲလိုက်ပြတယ်။ ထမင်းကျွေးတယ်ပေါ့။ ဘာဘဲဖြစ်ဖြစ်လေ၊ ချွေးနဲစာလေးမို့ အမှတ်တရတော့ ရှိနေပါသေးတယ်။

ဒုတိယအလုပ်ကတော့ စက်ရုံသေးသေးလေးတခုမှာ အစ်မဝမ်းကွဲတယောက်က အလုပ်သွင်းပေးတယ်။ အင်္ကျီချုပ်တဲ့စက်ရုံလေး။ ဒါလည်း စိတ်ညစ်ပြီးလုပ်ရတာပါပဲ။ တသက်လုံး ကိုယ့်ရဲ့အိတ် ပေါက်လို့ပြဲလို့တောင် ကိုယ့်ဟာကိုယ်မချုပ်၊ အစ်မလတ်က စိတ်ရှည်လက်ရှည်ချုပ်ပေးခဲ့တာ။ ဒီရောက်တော့ စက်ကြီးတွေနဲ့ ဖြတ်၊ ချုပ်ရတာလေ။ မလုပ်တတ်လုပ်တတ်နဲ့ ငိုက်သာသွားလို့ကတော့ လက်အပြတ်ပဲ။ ချုပ်ရိုးကြောင်းကလည်း အမူးသမားနှစ်ယောက် ယိမ်းထိုးနေတဲ့အတိုင်း ဟိုရွဲ့ဒီစောင်းတွေလေ။ ဒီတော့ သူဌေးမက လက်သည်ရှာတာပေ့ါလေ။ တရားခံတွေ့တော့ အပြစ်ပေးတာ။ နင်ဒီနေရာမှာမလုပ်နဲ့တော့တဲ့။ ပိုပြီးပင်ပန်းတဲ့နေရာကို ရွှေ့ပေးလိုက်တယ်။ အဝတ်ပိတ်စအလိပ်ကြီးတွေကို ထမ်းရတာ။ ပြီးရင် စားပွဲပေါ်တင်၊ ဟိုဘက်ဒီဘက် ညီအောင်ဖြန့်၊ ထပ်ပေးပြီးတော့ ညှပ်တဲ့နေရာမှာ အဆင်သင့်စီပေးရတယ်။ စစချင်းလုပ်ရတဲ့တပတ်လုံး တကိုယ်လုံးကိုက်ခဲပြီး ညကျမှ အမေထည့်ပေးလိုက်တဲ့ တေဇောဘမ်းပရုပ်ဆီတွေ လိမ်းအိပ်ရတာ။ တကယ့်ကို ပင်ပန်းခြင်းကြီးစွာနဲ့ ဖြတ်ကျော်ခဲ့ရတဲ့ အချိန်တွေပေ့ါ။

ဒီကြားထဲ ညနေပိုင်းအလုပ်ဆင်းတော့ အိမ်အမြန်ပြေး၊ ရေချိုး၊ ထမင်းစား (များသောအားဖြင့် ခေါက်ဆွဲခြောက်ထုပ်ပြုတ်)၊ ပြီးရင် နေတဲ့ရပ်ကွက်လေးထဲက မြန်မာပြည်ပြန်ဆရာဝန်မတယောက်ဖွင့်ထားတဲ့ ကိုယ်ပိုင်ဆေးခန်းမှာ ကူညီလုပ်ကိုင်ပေးရပါတယ်။ မှတ်မှတ်ရရ တစ်လ ၈၀၀၀ ရတယ်ပေ့ါ။ ဘယ်လောက်မှတော့မရှိပါဘူး။ အဲဒီအချိန်လောက်က အမေရိကန် ၁ ဒေါ်လာကို ထိုင်ဝမ်ငွေ NTD ၄၀ လောက်ပဲရှိတာပါ။ အလုပ်နှစ်ခု အသေအကြေလုပ်တာတောင် ရတာနဲ့စားတာ၊ အိမ်လခ၊ ခရီးစရိတ်၊ ဟိုဟာဒီဟာနဲ့ နောက်ဆုံးလက်ထဲ ဘာမှမစုမိပါဘူး။ ဒီကလူကိုပေးစရာရှိတဲ့ အကြွေးကိုလည်း အရစ်ကျ ဆပ်နေရသေးတာဆိုတော့ ၂ နှစ်နီးပါးလောက်ကြာမှဘဲ နည်းနည်းချင်းစပြီးစုရပါတယ်။ ■

ဆောင်းပါးရှင် ကိကိသည် ထိုင်ဝမ်နိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိပါသည်။ လက်ရှိတွင် အခြေအနေအရသာ တိုင်းတပါးထွက်ပြီး မိသားစုစီးပွားရေးအတွက် ဘဝကို ရုန်းကန်နေရသော်လည်း လူထုအကျိုးပြုလုပ်ငန်းများကို လုပ်ဆောင်လိုစိတ် ပြင်းပြသူတဦးလည်းဖြစ်ပါသည်။

နဂါးမှန်းသိအောင် အမောက်ထောင်ပြ

ကိကိ

မြွေသာမန်မဟုတ်၊ အဆိပ်ပြင်းထန်သော မြွေနဂါးဖြစ်ကြောင်း သိသာစေရန် အမောက်ထောင်ပြသကဲ့သလို့ အရည်အချင်း အရှိန်အဝါညှံ့သူမဟုတ်မှန်း သိသာစေရန် ထုတ်ဖော်ပြသည်။

ကိုယ်တို့လို အကြောင်းအမျိုးမျိုးကြောင့် ကိုယ့်တိုင်းပြည်မှာကိုယ်မနေရဘဲ မိဝေးဖဝေး သူတပါးတိုင်းပြည်လာပြီး ဘဝကိုရင်ဆိုင်ဖြတ်သန်းဖို့ အလုပ်လာလုပ်နေရတဲ့ အဖိနှိပ်ခံလူတန်းစား၊ တနည်းအားဖြင့်ပြောရရင် ကျွန်လူတန်းစားတွေ အမိမြန်မာပြည်ကြီးရဲ့ စည်းဝိုင်း အပြင်ဘက်မှာ အခုချိန်မှာဆို သန်းနဲ့ချီပြီး ရှိနေကြပါပြီ။

ဒီလိုနိုင်ငံရပ်ခြားမှာလာပြီး ရုန်းကန်လှုပ်ရှားနေရတဲ့ လူတွေထဲမှာ လူတိုင်း ရာနှုန်းပြည့် အဆင်ပြေနေကြတာမဟုတ်ပါဘူး။ မသိတဲ့သူတွေကတော့ နိုင်ငံခြားမှာ အလုပ်သွားလုပ်ရင် ပိုက်ဆံတွေအများကြီးရတယ်လို့ပဲ အထင်မှတ်နေကြတာ။ မျက်ရည်တွေ အများကြီးကျခဲ့ရတာတွေတော့ ကိုယ်ကလွဲလို့ တခြားသူတွေ သိကြမယ်မထင်ပါဘူး။

ဒီနိုင်ငံရောက်ခါစကဆို စကားမတတ် စာမတတ်နဲ့ အတော်လေးဒုက္ခရောက်၊ သောကဝေခဲ့ရတာ။ ဘာလို့လဲဆိုတော့ ကြောက်စိတ်ဆိုတာကြီးကြောင့်ပါ။ ကိုယ်တို့ငယ်ငယ်တုန်းကပညာရေးစနစ်ကြီးမှာ တဘက်တည်းသာရှိတဲ့ သင်ကြားမှုစနစ်မျိုးတွေဘဲရှိခဲ့ကြတာ။ ဆရာမက အတန်းထဲရောက်တာနဲ့ သင်ရိုးညွှန်းတမ်းအရပါတဲ့စာတွေကို တရစပ်ရွတ်၊ ကိုယ်တို့ကလည်း ဘုမသိ၊ ဘမသိ အလျင်မှီအောင် မနည်းအမှီလိုက်ရေး၊ အချိန်စေ့လို့ ဆရာမအတန်းအပြင်ရောက်သွားမှ အချင်းချင်း မမှီလို့လွတ်သွားတဲ့ ကွက်လပ်ပေါင်းများစွာလိုက်ဖြည့်ကြနဲ့၊ ပြီးတော့ မှန်တာရော၊ မှားတာရော မသိနားမလည်တာတွေရော နှုတ်တိုက်အလွတ်ကျက်ပြီး အတန်းတွေတက်လာကြရတာလေ။ ကျောင်းသားအချင်းချင်း ဆွေးနွေးမှု၊ ဆရာနဲ့ကျောင်းသားတွေနဲ့ အပြန်အလှန်ဆွေးနွေးဖလှယ်ပြီး ပညာသင်ယူခဲ့ကြရတာမဟုတ်ခဲ့ပါဘူး။ သင်လိုက်တဲ့အရာတခုကို လက်တွေ့ဘဝမှာ ဘယ်လိုမှန်မှန်ကန်ကန် အသုံးချလို့ အသုံးပြုလို့ရတယ်ဆိုတာလည်း သေချာမသိခဲ့ကြပါဘူး။ ဒီတော့ အတွေးအခေါ်ပိုင်းတွေမှာ သူများတွေနဲ့ယှဉ်လိုက်ရင် အနည်းနဲ့အများတော့ နောက်ကျ ကျန်နေခဲ့ကြတာပေါ့။ ပြီးတော့ ဆွေးနွေးမှုအပိုင်းမရှိကြတော့ လူကြားထဲမှာ၊ လူရှေ့မှာထွက်ပြောဖို့ ဆွေးနွေးဖို့ကို ရှက်ကြောက်နေတတ်ကြတာများပါတယ်။ အဲဒီစိတ်က လူတောမတိုးဝံ့တဲ့

စိတ်လိုဖြစ်သွားတတ်ပြီး နောင်အခါ လူအများနဲ့ ပေါင်းသင်းဆက်ဆံအလုပ်လုပ်တဲ့အခါ တပန်းရှုံးနေတတ်တာပေါ့လေ။

ဒီလိုနဲ့ ထိုင်ဝမ်မှာနေပြီး အလုပ်လုပ်တာ ၄– ၅ နှစ်လောက်ကြာတော့ ဒီမှာရှိတဲ့ ကိုယ့်ပတ်ဝန်းကျင်က လူတွေရဲ့ နေပုံ၊ ပြောပုံ၊ လုပ်ကိုင်ကြပုံတွေနဲ့ ရင်းနှီးသလောက်ရှိပြီး သူတို့ရဲ့ အလုပ်လုပ်တာ၊ ဆက်ဆံတာတွေ၊ မှတ်သင့်တာတွေကို လိုက်အတုယူတတ်လာတော့ ရှင်းရှင်းပြောရရင် လူရည်နည်းနည်းလည်လာတာပေ့ါ။ နေရာတကာ လိုက်ကြောက်နေတတ်တဲ့စိတ်က အတော်လေးနည်းပါးသွားပါတယ်။ ကိုယ့်ဘက်ကမှန်နေရင် လုပ်ရဲပြောရဲတဲ့ စိတ်တခုရလိုက်တာ အမြတ်ပါပဲ။

ဒီကအလုပ်သမားတွေဟာလည်း ဒီနိုင်ငံရဲ့ အလုပ်သမားစည်းမျဉ်းဥပဒေအရ သူ့အခွင့်အရေး သူခံစားခွင့်ရှိကြပါတယ်။ တချို့အလုပ်ပိုင်ရှင်သူဌေးကလည်း လူလည်ကျပြီး လက်တလုံးခြား သူ့ဘက်သူယက်တဲ့နေရာလေးတွေလည်း ရှိတတ်တာပေ့ါလေ။ အလုပ်ရှင်နဲ့အလုပ်သမား (ခပ်ရိုင်းရိုင်းပြောရရင်တော့ သခင်နဲ့ကျွန်ပေ့ါလေ)၊ ဒီလိုကြားထဲက ပဋိပက္ခလေးတွေရှိတတ်ကြတာ ဓမ္မတာပါဘဲ။ လူတွေက ကိုယ့်အတွက်ကိုယ် အရင်စဉ်းစားတတ်ကြတာမို့ ကိုယ့်ဘက်ကနာမယ်ထင်ရင် မလုပ်ချင်ကြဘူး။ တဖက်ကလည်း ကိုယ့်အတွက် ပိုပိုသာသာကျန်အောင် လိုချင်နေတတ်ကြတာမဟုတ်လား။ အင်း ဒီတော့ ဒီလိုအဖြစ်မျိုးလေးတွေ ကိုယ်တိုင်ကြုံတွေ့ခဲ့ရတော့တာပါပဲ။ အခုလက်ရှိလုပ်နေတဲ့နေရာလေးကိုမရောက်ခင်က **Yang Mai** လို့ခေါ်တဲ့မြို့လေးမှာ လုပ်နေစဉ်အခါမှာပေ့ါ။ အဲဒီဆေးရုံက ပုဂ္ဂလိကပိုင် အလတ်တန်းစားလေးပါ။ ဒါပေမဲ့ သူက အဝေးပြေးလမ်းမကြီးနဲ့ သိပ်မဝေးဘူး။ အဝေးပြေးလမ်းမကြီးကနေခွဲထွက်ဆင်းလိုက်ရင် တစ်မိနစ်စာတောင်မမောင်းရတဲ့ အကွာအဝေးလေးမှာရှိနေတာဆိုတော့ ယာဉ်တိုက်မှုတွေ၊ အနီးအနားမှာရှိနေတဲ့ စက်မှုဇုံက အလုပ်သမားတွေ ထိခိုက်ဒဏ်ရာတွေရကြရင် အဲဒီဆေးရုံကို ပို့ကြတာများတယ်။ ဒီတော့ လူနာများ၊ အလုပ်များတယ်ပေ့ါ။ ဆေးရုံသူဌေးက ဒီမြို့ငယ်လေးတခုတည်းမှာတင် ဆေးရုံ ၂ ရုံရှိနေပြီးသားလေ။ ဒီတော့ ကိုယ်တို့လည်း လိုရင်လိုသလို ဆေးရုံ ၂ ခုကို ဟိုပြေးဒီပြေး သိမ်ကြီးဈေးလုပ်ရတယ်။ နေ့ဂျူတီ၊ ညဂျူတီဆင်းရတာတွေကတော့ ထုံးစံအတိုင်း လှည့်လုပ်နေရတာပေ့ါနော်။ ပင်ပန်းသလောက် တန်ရာတန်ကြေးရတော့လည်း မငြီးမငြူလုပ်ကြတာပေါ့လေ။ လုပ်ဖော်ကိုင်ဘက်သူငယ်ချင်းတွေ၊ ဆရာမလေးတွေနဲ့ အားတဲ့အချိန်လေးတွေမှာ ဟိုလည်ဒီလည် စားကြသောက်ကြနဲ့ အတော်လေးပျော်စရာကောင်းခဲ့တဲ့ အချိန်လေးတွေပါပဲ။

ဒီလိုနဲ့ အချိန် ၂ နှစ်လောက်ကြာသွားတယ်။ နောက်တော့ ဒီမြို့လေးမှာဘဲ နောက်ထပ် သူ့ထက်ကြီးတဲ့ ဆေးရုံကြီးတရုံကို တခြားသူဌေးတွေက လာဆောက်ကြတယ်။ ဒီတော့ ကိုယ်တို့သူဌေးက သူ့စားခွက်လုမယ့်သူပေါ်လာတော့မယ်ဆိုတာတွေးမိပြီး အပြိုင်အဆိုင်တွေလုပ်ရတော့တာပေ့ါ။ လူနာတွေလာအောင် ဆွယ်ပုံ၊ ဆွယ်နည်းအမျိုးမျိုးအ

ကြောင်းကိုတော့ အသေးစိတ်မပြောချင်တော့ပါဘူး။ စီးပွားရေးဈေးကွက်နားလည်တဲ့သူတွေ သိပြီးသားဖြစ်ကြမှာပါ။ ဒီတော့ သူဌေးအကျိုးအတွက် ကိုယ်တို့အလုပ်သမားတွေက အလုပ်တွေပိုလုပ်ရတော့ စိတ်ဖိစီးမှုတွေ၊ တင်းကြပ်မှုတွေ တဖြည်းဖြည်း ပိုများလာကြတာနဲ့ ပျော်စရာအချိန်လေးတွေ တစစ နည်းပါးလာရတယ်။

ဒါက ဦးစွာပထမဆုံးရှုံးခြင်းတခုပါ။ ဒီလောက်တော့ ခံနိုင်ပါတယ်။ လည်ပတ်ချိန်နည်းပြီး အလုပ်ချိန်များလာတယ်။ ကိစ္စမရှိဘူး။ အချိန်ပိုလုပ်အားခရတာကိုး။ တန်သေးတယ်ပေါ့။ ဒီလိုနဲ့ တစ်နှစ်လောက်ကုန်ခဲ့ပြန်ရော။ ပျော်ပျော်ပါပဲ။ ဒါပေမဲ့ သူဌေးကတော့ မပျော်နိုင်ရှာဘူးထင်ပါရဲ့။ ငွေပိုရှိတဲ့လူတွေဟာ ပိုပြီးတော့ ပူပင်သောကရောက်ကြရတယ်ဆိုတာတကယ်ပါပဲ။ ရလေလိုလေတွေမဟုတ်လား။

ဒီအချိန်မှာဘဲ ဒီထိုင်ဝမ်ကျွန်းနိုင်ငံလေးမှာ အနှစ် ၁၀၀ အတွင်း အကြီးမားဆုံး မြေငလျင်ကြီးတခု ၁၉၉၉ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့မှာ လှုပ်ခဲ့တယ်။ လူပေါင်း ၃၀၀၀ လောက် သေကျေပြီး အပျက်အစီးနဲ့ အိုးအိမ်မဲ့တွေ အများကြီးဖြစ်ခဲ့ရတယ်။ ပြည်တွင်းပြည်ပက အကူအညီတွေ ချက်ချင်းရောက်လာကူညီကြတယ်ပေါ့။ မှတ်မိသလောက်ပြောရရင် ဂျပန်နိုင်ငံက ကယ်ဆယ်ရေးအဖွဲ့ဟာ နောက်တနေ့မှာဘဲ ဦးဆုံးရောက်လာတဲ့ ပြည်ပကယ်ဆယ်ရေးအဖွဲ့ပါ။ နောက်ပိုင်းမှာတော့ အနောက်တိုင်းအတော်များများ လာရောက်ကူညီပေးကြပါတယ်။ အလှူငွေတွေလည်း ပြည်တွင်းထဲမှာ ချက်ချင်း အစိုးရပိုင်းကရော၊ ပုဂ္ဂလိကပိုင်းဆိုင်ရာတွေကရော ပေးပို့ကြတာ၊ ဒါကို အချိန်ပိုင်းနှင့်အမျှ ရုပ်မြင်သံကြားတွေကလည်း ထုတ်လွှင့်ကြေညာပေးနေကြတာ အတော်လေး စိတ်ဝင်စားဖို့ကောင်းပါတယ်။

ဆေးရုံတွေကလည်း ကျန်းမာရေးဝန်ထမ်းတွေကို လုပ်အားပေးကယ်ဆယ်ရေးအဖွဲ့တွေနဲ့အတူ လွှတ်ကြတယ်။ ကိုယ်တောင် သွားချင်လို့စာရင်းသွားပေးတာ အမျိုးသားတွေဘဲသွားရမယ်ဆိုလို့ သွားခွင့်မရလိုက်ဘူး။ ဒီတော့ ကိုယ့်အလုပ်ကိုယ်ဆက်လုပ်ကြရတာပေါ့။ ဒီလိုနဲ့ တတိယမြောက်နေ့ကျတော့ သတင်းထဲကြားလိုက်ရတာ ကိုယ်တို့ဆေးရုံနာမည်နဲ့ ထိုင်ဝမ်ဒေါ်လာ ၃၀၀၀၀၀ အလှူထည့်ဝင်ကြောင်းပေါ့လေ။ တချို့နာမည်ကြီးကုမ္ပဏီကြီးတွေ၊ စက်ရုံကြီးတွေဆိုရင် ဒီထက်မက သောင်းထောင်ပေါင်းများစွာ လှူကြတယ်ပေါ့။ ဒါပေမဲ့ နောက်မှာဆက်ပြောတာက အလုပ်သမားတွေရဲ့ တရက်စာလုပ်ခငွေလို့ ထည့်ပြောတော့ စိတ်ထဲမရှင်းလို့ ဆရာမတစ်ယောက်ကိုမေးကြည့်တော့မှ နားလည်တော့တယ်။ ရှာသားအလှူ သူကြီးကောင်းမှုပါလားလို့။ ရှိသမျှအလုပ်သမားတွေရဲ့ တနေ့စာလုပ်ခငွေကို ကာယကံရှင်က လှူဖို့စိတ်ရှိတယ်၊ မရှိဘူး အရင်မမေးမမြန်းဘဲနဲ့ ငွေနုတ်ပြီး ဖြတ်ပြီးတော့ အဲဒီပိုက်ဆံတွေနဲ့ ပိုင်ရှင်သူဌေးတွေက မျက်နှာလုပ်လှူကြတဲ့ အလှူကြီးပေါ့လေ။ တကယ်ဆိုဖြစ်သင့်တာက ကိုယ်စေတနာရှိသလောက် အလှူငွေထည့်ကြပါဆိုပြီး ကောက်ခံပြီးမှ လှူတယ်လို့ဖြစ်ရမှာပေါ့။

ဒီတော့ မမေးမြန်းမပြောဆိုဘဲ အလုပ်သမားတိုင်းရဲ့ တနေ့တာလုပ်ခငွေကို ဖြတ်တောက်ပြီး မျက်နှာလိုမျက်နှာရလှူတဲ့ အလှူမှန်းသိလိုက်ရတော့ စိတ်ထဲတမျိုးဖြစ်သွားတယ်။ ဒီတစ်ရက်လုပ်ခငွေလေးကို နှမြောလို့လည်း မဟုတ်ပါဘူး။ ဒီထက်မကတာလည်း လှူခဲ့ဖူးတာပဲလေ။ ဒီကသူဌေးတွေ မျက်နှာလုပ်လူလည်ကျတာကို မကျေမနပ်ဖြစ်မိတာပါ။

ဒါကြောင့် နေ့လည် အလုပ်နည်းနည်းပါးတဲ့အချိန် သူဌေးရဲ့ ရုံးခန်းထဲထိသွားပြီး အကျိုးအကြောင်းပြောပြဖြစ်တယ်။ အလှူလုပ်တယ်ဆိုတာ ကိုယ်က စိတ်ထဲက ရက်ရောစွာနဲ့ စေတနာအပြည့်နဲ့ လှူရတဲ့အကြောင်း၊ အခုလို တရက်ခဖြတ်ပြီးလှူတယ်ဆိုတာ နိုင်ထက်စီးနင်းလုပ်တဲ့သဘော သက်ရောက်နေတဲ့အကြောင်း ပြောပြတယ်။ သူက အစပထမတော့ သဘောမပေါက်ဘူး။ ကိုယ်စိတ်ဆိုးလို့ လာရစ်နေတယ်လို့ထင်နေတာ။ ဒါနဲ့ အချေအတင်ပြောကြရင်း စကားသံနည်းနည်းကျယ်လာလို့ သူ့ရဲ့အတွင်းရေးမှူးကလေးကတောင် အနားမှာ ရစ်သီရစ်သီနဲ့လာပြီး အခြေအနေလာကြည့်နေသေးရဲ့။ ဒီတော့မှ သူဌေးငတိက သူ့ကိုကော်ဖီနဲ့ စားစရာယူလာခိုင်းပြီး ကိုယ့်ကိုလည်း စိတ်မဆိုးဖို့၊ သူလည်း ဒီလောက်အထိ ရှည်ရှည်ဝေးဝေးမစဉ်းစားမိလို့ ဒီလိုလုပ်တဲ့အကြောင်း ရှင်းပြပါတယ်။ ဒီတော့မှ ကိုယ်လည်း ငါတို့ဗမာတွေ ဗုဒ္ဓဘာသာကိုးကွယ်တဲ့သူတွေ၊ အလှူအတန်းရက်ရောကြတဲ့အကြောင်း၊ အခုကိစ္စကလည်း မလှူချင်လို့လာပြောတာမဟုတ်ကြောင်း၊ သူတို့ရဲ့ တဖက်သတ်ဆန်တာကိုမကြိုက်လို့ သိစေချင်တဲ့သဘောနဲ့ ပြောရခြင်းဖြစ်တဲ့အကြောင်း ပြောပြပြီး ကိုယ့်အလုပ်ကိုယ်ဆက်လုပ်ဖို့ သူ့ရုံးခန်းကနေ ကျေနပ်စွာထွက်ခွာခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ ဒီသူဌေးငတိ ကိုယ့်ကိုပြန်ပြောလိုက်တဲ့စကားလေးတခွန်းကြောင့်ပါဘဲ။ 'မင်းစိတ်မဆိုးပါနဲ့၊ နောက်နောင်ဆိုရင် ဒီလိုမဖြစ်စေရဘူးလို့ ငါကတိပေးပါတယ်' တဲ့။

ဒါကတော့ ဒီကိုရောက်ပြီး ပထမဦးဆုံးအကြိမ် အလုပ်ရှင်အပေါ် ကိုယ့်ရဲ့ မကျေနပ်မှုကို ဖော်ထုတ်အရေးဆိုမှုတခုပါ။ ကိုယ့်ဘက်ကမှန်တယ်ထင်ရင် ကြောက်မနေဘဲပြောမှ နောက်တကြိမ် ဒီလိုထပ်ပြီး အနိုင်ကျင့်မခံရအောင်၊ နဂါးမှန်းသိအောင် တခါတလေ အမောက်ထောင်ပြရတဲ့ အခြေအနေလေးတွေရှိတယ်ဆိုတဲ့ အကြောင်းလေးပါ။ ■

ဆောင်းပါးရှင် ကိကိသည် ထိုင်ဝမ်နိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိပါသည်။ လက်ရှိတွင် အခြေအနေအရသာ တိုင်းတပါးထွက်ပြီး မိသားစုစီးပွားရေးအတွက် ဘဝကို ရှုန်းကန်နေရသော်လည်း လူထုအကျိုးပြုလုပ်ငန်းများကို လုပ်ဆောင်လိုစိတ် ပြင်းပြသူတဦးလည်းဖြစ်ပါသည်။

အမျိုးသမီးများ၏ မျှော်လင့်ချက်

စိုးမယ်

ငါတို့လွတ်လပ်ရေး ခိုးယူခံရခြင်းအတွက် မျက်ရည်ကျခဲ့
ငါတို့အမျိုးသမီးဖန်တီးတဲ့ဘဝအတွက် ငါတို့ပိုပြီးငိုကြွေးခဲ့လျှင်
ငါတို့ သေရန်သာရှိသည်။

ငါတို့ဖြတ်သန်းလာခဲ့သမျှကို လက်စားချေခြင်းအားဖြင့် တုံ့ပြန်မှုပြခဲ့လျှင်
ငါတို့ဘဝအတွက် တကြိမ်သာဆန္ဒပြင်းပြနိုင်ပြီး
နဂိုဝိညဉ်လမ်းသို့ပြန်ရန် နည်းလမ်းရှာခြင်းသာဖြစ်သွားမည်။

ငါတို့မှာ ဘာမှမရှိပေမယ့်
မျှော်လင့်ချက်ခိုင်မာမှုရှိသည်။

နေ့စဉ်အသက်ရှင်ရေးကို မျှော်လင့်ချက်နဲ့ ဆက်သွားပါ။
အဲဒါမှ ငါတို့လွတ်လပ်ရေးကို ပြန်ရနိုင်ဖို့အကြံပေါ်လာမည်။